www.burmeseclassic.com



လင်းလက်အိမ်
PUBLISHING GROUP

BURMESE CLASSIC .com

(လင်းဇ) စီစဉ်သည်

လုံးချင်းဝတ္ထုသစ်

# လွန်း★တာမို

## လက်ထပ်ရက်လေး နောက်ဆုတ်ပေးပါ

ယောကျ်ားတစ်ယောက်ကို အသည်းတစ်ခါခွဲပြီးတိုင်း
ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်ရှေ့မှာရပ်ပြီး
ဟားတိုက်ရယ်မောအောင်ပွဲခံတတ်တဲ့
လှပလွန်းသောမိန်းမတစ်ယောက်အကြောင်း---

www.burmeseclassic.com

www.burmeseclassic.com

# လက်ထပ်ရက်လေး နောက်ဆုတ်ပေးပါ

လွန်းတာမို



လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

"ဟဲ့... ဟဲ့... ဒါက ဘာဖြစ်လာတာလဲ"

အပေါ်ထပ်မှ ဖိနပ်ကြီးကိုင်ကာ ပြေးဆင်းလာတဲ့ ရဲရဲချစ်တစ်ယောက် မေမေ့အမေးကိုပင် ရုတ်တရက် မဖြေနိုင်။

"ဟို... ဟို"

မေမေ့ကို အီတီတီလေး ပြုံးပြကာ နေရာမှလှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ဟဲ့... နင့်ကို ငါမေးနေတယ်လေ"

စူးစမ်းသော မျက်လုံးများနှင့် မကြည်လင်သလို မျက်မှောင်ကြုတ်ကြည့်ကာ ခပ်ဆောင့်ဆောင့်လေး အော်မေးလေလျှင် သူမသည် အဖြေတစ်ခုကို အလျင်အမြန်ထုတ်လိုက်ပြီး ဒီနေ့ သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲရှိလို့ပါဟု ဖြေလိုက်မယ်ကြံကာရှိသေး။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အမေရေ… အမေ"

အပေါ်ထပ်မှ ကြားလိုက်ရသော ရဲရဲမှုန်းအသံကြောင့် သူမလေးရဲ့ မျက်ဝန်းကလေးတွေ ပြူးဝိုင်းကာ–

"ဟော… ဟို… ဟို… ရဲရဲမှုန်း… ရဲရဲမှုန်း ဆင်းလာပြီ ထင်တယ်၊ သမီးသွားပြီ မေမေ၊ နောက်မှ… နောက်မှ"

လက်ကလေးတကာကာနှင့် ရဲရဲချစ် ပြေးလေပြီ။

"ဟဲ့… ဟဲ့ ဒီကလေးနှယ် အပေါ်မှာ ဘာတွေပြဿနာ ရှာလာပြန်ပြီလဲ မသိဘူး၊ ဒုက္ခပါပဲ… ဒုက္ခပါပဲ"

"ဒုန်း…"

"ဒုန်း…"

"မေမေရေ… မေမေ…"

"ဟဲ့… ဟဲ့"

လှေကားထစ်တွေပေါ်ကနေ တဝုန်းဝုန်းဆင်းလာတာ နောက်တစ်ယောက်။ အဲဒါ သမီးကြီး ရဲရဲမှုန်း။

"သွားပြီ… သွားပြီ၊ ပါသွားပြန်ပြီ၊ ဟင့်… ဟင့်"

"ဟဲ့… မကြီးမငယ်တွေနဲ့ ဘာတွေများ ဒီလောက်တောင် ဖြစ်နေတာလဲ၊ ပြောစမ်း… ပြောစမ်း၊ တကတည်းတော် တိုင်းပြည်ပျက်တာကျနေတာပဲ၊ ဟိုတစ်ယောက်ကလည်း ပြေးပြီ"

"ရဲရဲချစ်… ရဲရဲချစ်"

"ရဲရဲချစ် ဘာလုပ်သွားလို့လဲ"





"သမီးဖိနပ်ကို ခိုးသွားပြီ မေမေရဲ့"

"ဟာ… ဒီကောင်မလေး"

"မနေ့ကမှ အသစ်ဝယ်လာတဲ့ ဖိနပ်ကလေးပေါ့ မေမေရဲ့၊ သမီးတောင် မစီးရက်လို့ ခုတင်အောက်မှာ ဖွက်ထားတာ ဟင့်… ဟင့်… ဘယ်အချိန်ကတည်းက အလစ်ချောင်းနေလဲမသိဘူး၊ စာဖတ်နေရင်း ခြေသံကြားလို့ နောက်ကိုလှည့်ကြည့်လိုက်တော့ သမီးဖိနပ်လေးကိုကိုင်ပြီး တချိုးတည်းဆင်းပြေးတာ မေမေရဲ့ အီး… အီး"

"ဟောတော်"

ထုံးစံအတိုင်း သမီးကြီးရဲရဲမှုန်းက ဝမ်းနည်းပက်လက်ဖြစ်ကာ ဝုအီးအီးနဲ့ ငိုလေပြီ။

"တိတ်… တိတ်ပါ သမီးကြီးရယ်၊ ရဲရဲချစ်က ကိုယ့်ညီမလေးပဲဟာ၊ တစ်ခါတလေယူစီးတာ စီးပါစေ"

"အမေ့သမီးက အရမ်းကို တရားလွန်နေပြီ မေမေရဲ့၊ သူ့မှာလည်း ဖိနပ်တွေ အများကြီးရှိတဲ့ဥစ္စာ"

"သမီးကြီးကလည်း သူ့ဖိနပ်တွေကို ပြန်စီးပေါ့"

"ဟာ… သူ့ဖိနပ်တွေက ကြိုးတွေရော၊ ဒေါက်တွေရော၊ ရှုတ်ရှက်ခတ်နေတဲ့ဥစ္စာ၊ သမီး မစီးတတ်ပါဘူး၊ သမီးက ဖိနပ်ပါးပါးလေးတွေပဲ စီးတတ်တာ၊ ဟင့်… ဟင့်၊ ဒင်းပြန်လာမှသိမယ်၊ ငယ်ထိပ်ကို ခွပ်ခနဲနေအောင်ကို ဆော်ထည့်လိုက်ဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



လာရဲလာကြည့် ဒီတစ်ခါတော့ လုံးဝကို ခွင့်မလွှတ်တော့ဘူး”

ဒေါသတွေနဲ့ ဆူပူနေသော သမီးကြီးကို ဒေါ်မြသွေးချယ် တစ်ယောက် ဘယ်လိုချော့မော့ရမှန်းပင် မသိတော့ပါ။ စိတ်ဆိုးနေတဲ့ သမီးကြီးရဲရဲမုန်းကိုကြည့်ကာ နေရာလေးမှာ တောင့်တောင့်လေး ရပ်နေမိသည်။

ရှိတာမှ ဒီသမီးလေးမှ နှစ်ယောက်တည်းရယ်။

တစ်ယောက်နဲ့တစ်ယောက်လည်း ဘယ်တုန်းကမှ မသင့်မြတ်ခဲ့ပါချေ။

ရဲရဲချစ်နဲ့ ရဲရဲမုန်း။

ဆယ်မိနစ်သာခြားတဲ့ အမြွှာညီအစ်မတွေ။ ရုပ်ချင်းခွဲမရအောင်တူတာ တစ်ခုကလွဲရင် ကျန်တာအားလုံး ဆန့်ကျင်ဘက်တွေချည်းသာ ဖြစ်နေခဲ့တာချည်း။

အငယ်မ ရဲရဲချစ်က ခေတ်ဆန်ပြီး အလှအပကြိုက်သလောက် အကြီးမ ရဲရဲမုန်းက မြန်မာဆန်ဆန် ရိုးရိုးလေးပဲဝတ်တတ်ပြီး သနပ်ခါးရေကြဲကလေးနဲ့ အမြဲနေတတ်သည်။ အငယ်မ ရဲရဲချစ်က ယောက်ျားလေးသူငယ်ချင်းတွေနဲ့ စားလိုက်သွားလိုက်၊ အမြဲတရုန်းရုန်း လုပ်နေတတ်ပေမဲ့ အကြီးမ ရဲရဲမုန်းက အိမ်ထဲက အိမ်ပြင်ကိုတောင် သိပ်ထွက်လေ့ထွက်ထရှိသူ မဟုတ်။ ကိုယ့်အိမ် ကိုယ့်ခြံလေးထဲမှာပဲ ငြိမ်ကုတ်ပြီး တစ်နေကုန် အခွေကြည့်လိုက် စာအုပ်တွေဖတ်လိုက်နဲ့ပဲ တစ်နေကုန်နေတော့တာ။





ချောတာကတော့ နှစ်ယောက်စလုံး ချောကြတာပါ။

မသိရင် နတ်သိကြားတွေက ဖန်ဆင်းပေးလိုက်သလားလို့တောင် ထင်ချင်ထင်ကြမှာလေ။ မှုန်ညက်ဝင်းဝါပြီးတော့ကို ညီအစ်မနှစ်ယောက် အပြိုင်ချောကြတာ။ သမီးလေး ရဲရဲချစ်က အမြဲ သွက်သွက်လက်လက်နေတတ်ပြီး ခေတ်မှီတဲ့ အဝတ်အစားတွေကိုမှ အမြဲဝတ်တတ်သလောက် သူပြင်ဆင်ပြီး ထွက်လာပြီဆိုရင်လည်း အားလုံးက တအံ့တသြနဲ့ကို ချီးမွမ်းခန်းဖွင့်ရတော့တာလေ။ မျက်တောင်ဖျား ကော့ကော့ရှည်ရှည်လေးတွေအောက်က မျက်ဝန်းလေးတွေဆို အရည်လေးတွေ တဖိတ်ဖိတ်တောက်ပြီးတော့ကို ဝင်းလက်နေတော့တာ။ ကိုယ်လုံးကလေးကလည်း ဖူးဖူးတင်းတင်းလေး။ အရပ်ကလေးကလည်း မြင့်မြင့်လေး။ သမီးလေး ရဲရဲချစ်များ လက်တစ်ချောင်းကြိုးကလေးနဲ့ အင်္ကျီကလေး ဝတ်လိုက်ပြီဆိုရင် ဝင်းနှစ်စိုပြေနေတဲ့ လက်မောင်းအိအိလေးတွေက ထင်းရှင်းပြီးတော့ကို ခါးသေးသေးကျစ်ကျစ်ကလေးနဲ့ သိပ်ကိုကြည့်လို့ကောင်းနေတော့တာပါ။ သူက ခပ်တုံးတုံးနေတာကို ငယ်ငယ်လေးကတည်းက မကြိုက်ခဲ့တာလေ။ ဘောင်းဘီအတိုအရှည်တွေ၊ စကာဒ်တွေ၊ ဂါဝန်တွေဆို ဘီရိုကြီးနဲ့တစ်လုံး။ ဟိုက်ဟီးတွေ၊ ဘွတ်တွေ၊ ရှူတ်တွေဆိုလည်း သူ့ဖိနပ်စဉ်နဲ့မဆန့်။ ခေတ်ပေါ်စတိုင်လ် ဦးထုတ်လှလှလေးတွေ၊ ခေတ်ပေါ်နေကာမျက်မှန်အဝိုင်းတွေ၊ အချွန်တွေ၊ လေးထောင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



စုံသလားတော့ မမေးနဲ့။ အဲလို ခေတ်ဆန်ဆန်နေရမှ ကျေနပ်နေတတ်တဲ့ သမီးငယ်လေး ရဲရဲချစ်ပါ။

ဟောကြည့်။

သမီးအကြီးမ ရဲရဲမှန်းကျတော့ရော။

သမီးငယ်လေး ရဲရဲချစ်နဲ့အပြိုင် ချောတာပါပဲ။

ယဉ်ယဉ်လေးနဲ့ချောတာ။ တည်တည်တင်းတင်းနဲ့ သိပ်ကို သိမ်မွေ့တာ။ သမီးကြီးကို ဘယ်လောက်ပဲ စိုက်ကြည့်စိုက်ကြည့် မျက်တောင်မခပ်ဘဲ စိုက်ကြည့်နေရင်းနဲ့ကို မှုန်ညက်ဝင်းထင်းပြီး ရင်ထဲမှာ စွဲနေအောင် အကြည့်ခံပြီး ချောတာပါ။ လူက ရိုးရိုးလေးနဲ့ ယဉ်ယဉ်လေးလှတဲ့ ရောင်စုံပိတ်စလေးတွေကို ဝယ်ပြီး အပ်ချုပ်ဆိုင်လေးမှာ ကိုယ်အထွာလေးနဲ့ အပ်ပြီးတော့မှ သေသေသပ်သပ် တင်းတင်းရင်းရင်းကလေး ချုပ်ဝတ်တတ်တာလေ။ စတိုးဆိုင်တွေမှာရောင်းတဲ့ ရယ်ဒီမိတ်အင်္ကျီတွေဆို လုံးဝလှည့်မကြည့်တတ်တဲ့ ရဲရဲမှန်း။

ဟွန်း...

တစ်နေ့တည်း တစ်ရက်တည်း မွေးလာတဲ့ အမြွှာညီမမို့လို့ပဲ။

အင်းလေ ဘာပဲဖြစ်ဖြစ် ဖအေဆုံးသွားပြီးတဲ့နောက်ပိုင်း ဖအေချန်ထားခဲ့တဲ့ တနိုင်တပိုင် စီးပွားရေးကလေးက အခုထိ အဆင်ပြေနေတာဆိုတော့ သမီးလေးတွေ မပူမပင် မတောင့်မကျ





လေးတော့ နေနိုင်စားနိုင်တော့တာပဲပေါ့။

ကိုယ်ပိုင်နှစ်ထပ်အိမ်ကလေးနဲ့ ကိုယ်ပိုင်ခြံဝန်းကျ
ကလေးပေါ့။ ညီအစ်မနှစ်ယောက်သာ တကျက်ကျက် မဖြစ်ကြ
ဆိုရင် အိမ်ကလေးက တစ်နေကုန် ငြိမ်သက်တိတ်ဆိတ်
အဲ... နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အနိုင်
အရှုံးမပေး ပြိုင်ကြဆိုင်ကြ၊ ငြင်းကြခုန်ကြပြီဆိုရင်တော့ တစ်
လုံး ဆူဆူညံပြီး ငရဲပွက်သလို နားငြီးနေရတော့တာပါပဲ။

"မေမေ"

"ဟဲ့ပလုတ်တုတ်..."

ဒေါ်မြသွေးချယ်တစ်ယောက် ကိုယ့်အတွေးနဲ့ကိုယ်
နေသည်မို့ အနောက်က သမီးကြီးရဲရဲမှန်း ခေါ်သံကြောင့် လ
သွားရသည်။ အနောက်ကို လှည့်ကြည့်လိုက်တော့ ကော်ဖီရေ
ဝမ်းဆက်လေးနဲ့ သိပ်ကိုချောမောနေတဲ့ သမီးကြီး ရဲရဲမှန်

"ဖိနပ်ဖိုးပေး"

"ဟင်... ဘယ်ကဖိနပ်ဖိုးတုန်း"

"မေမေ့သမီး သူခိုးမလေးစီးသွားတဲ့ ဖိနပ်ဖိုးလေ၊ အဲ
အခုချက်ချင်း လမ်းထိပ်က စတိုးဆိုင်မှာ ပြန်သွားဝယ်မလ

"အို... မေမေ ပေးမှာပေါ့"

ညနေရောက်လို့ ရဲရဲချစ် ပြန်လာလျှင် ဖိနပ်ကိ
ညီအစ်မနှစ်ယောက် စကားများကြတာလည်း ဒေါ်မြသွေးချ



www.burmeseclassic.com

www.burmeseclassic.com



စုံသလားတော့ မမေးနဲ့။ အဲလို ခေတ်ဆန်ဆန်နေရမှ ကျေနပ်နေတတ်တဲ့ သမီးငယ်လေး ရဲရဲချစ်ပါ။

ဟောကြည့်။

သမီးအကြီးမ ရဲရဲမှန်းကျတော့ရော။

သမီးငယ်လေး ရဲရဲချစ်နဲ့အပြိုင် ချောတာပါပဲ။

ယဉ်ယဉ်လေးနဲ့ချောတာ။ တည်တည်တင်းတင်းနဲ့ သိပ်ကိုသိမ်မွေ့တာ။ သမီးကြီးကို ဘယ်လောက်ပဲ စိုက်ကြည့်စိုက်ကြည့် မျက်တောင်မခပ်ဘဲ စိုက်ကြည့်နေရင်းနဲ့ကို မှန်ညက်ဝင်းထင်းပြီး ရင်ထဲမှာ စွဲနေအောင် အကြည့်ခံပြီး ချောတာပါ။ လူက ရိုးရိုးလေးနဲ့ ယဉ်ယဉ်လေးလှတဲ့ ရောင်စုံပိတ်စလေးတွေကို ဝယ်ပြီး အပ်ချုပ်ဆိုင်လေးမှာ ကိုယ်အထွာလေးနဲ့ အပ်ပြီးတော့မှ သေသေသပ်သပ် တင်းတင်းရင်းရင်းကလေး ချုပ်ဝတ်တတ်တာလေ။ စတိုးဆိုင်တွေမှာရောင်းတဲ့ ရယ်ဒီမိတ်အင်္ကျီတွေဆို လုံးဝလှည့်မကြည့်တတ်တဲ့ ရဲရဲမှန်း။

ဟွန်း...

တစ်နေ့တည်း တစ်ရက်တည်း မွေးလာတဲ့ အမြွှာညီမမို့လို့ပဲ။

အင်းလေ ဘာပဲဖြစ်ဖြစ် ဖအေဆုံးသွားပြီးတဲ့နောက်ပိုင်း ဖအေချန်ထားခဲ့တဲ့ တနိုင်တပိုင် စီးပွားရေးကလေးက အခုထိ အဆင်ပြေနေတာဆိုတော့ သမီးလေးတွေ မပူမပင် မတောင့်မကျ





လေးတော့ နေနိုင်စားနိုင်တော့တာပဲပေါ့။

ကိုယ်ပိုင်နှစ်ထပ်အိမ်ကလေးနဲ့ ကိုယ်ပိုင်ခြံဝန်းကျယ်ကလေးပေါ့။ ညီအစ်မနှစ်ယောက်သာ တကျက်ကျက် မဖြစ်ကြဘူးဆိုရင် အိမ်ကလေးက တစ်နေကုန် ငြိမ်သက်တိတ်ဆိတ်လို့။ အဲ... နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေး ပြိုင်ကြဆိုင်ကြ၊ ငြင်းကြခုန်ကြပြီဆိုရင်တော့ တစ်အိမ်လုံး ဆူဆူညံညံပြီး ငရဲပွက်သလို နားငြီးနေရတော့တာပါပဲ။

"မေမေ"

"ဟဲ့ပလုတ်တုတ်..."

ဒေါ်မြသွေးချယ်တစ်ယောက် ကိုယ့်အတွေးနဲ့ကိုယ် ငေးနေသည်မို့ အနောက်က သမီးကြီးရဲရဲမှန်း ခေါ်သံကြောင့် လန့်သွားရသည်။ အနောက်ကို လှည့်ကြည့်လိုက်တော့ ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ သိပ်ကိုချောမောနေတဲ့ သမီးကြီး ရဲရဲမှန်း။

"ဖိနပ်ဖိုးပေး"

"ဟင်... ဘယ်ကဖိနပ်ဖိုးတုန်း"

"မေမေ့သမီး သူခိုးမလေးစီးသွားတဲ့ ဖိနပ်ဖိုးလေ၊ အဲဒါအခုချက်ချင်း လမ်းထိပ်က စတိုးဆိုင်မှာ ပြန်သွားဝယ်မလို့"

"အို... မေမေ ပေးမှာပေါ့"

ညနေရောက်လို့ ရဲရဲချစ် ပြန်လာလျှင် ဖိနပ်ကိစ္စနဲ့ ညီအစ်မနှစ်ယောက် စကားများကြတာလည်း ဒေါ်မြသွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



မကြားချင်။ အကြီးမက ပြောလိုက်ရင်လည်း မညှာမတာ။ အငယ်မကလည်း ဆတ်ဆတ်ထိမခံ။ သူလုပ်ချင်တာ လုပ်ရမှ ကျေနပ်နေတတ်တဲ့သူ။ မလုပ်နဲ့လို့ တားရင်လည်းမရ။

ဖတဆိုးလေးတွေမို့ အလိုလိုက်ထားမိတာ သိပ်မှားတာပဲ။

"သမီး"

"ရှင်"

"ရော့… သမီးလိုချင်တဲ့ ဖိနပ်အသစ်ကလေး ပြန်ဝယ်လိုက်နော်"

ငွေစက္ကူတစ်ထပ်ကိုကြည့်ပြီး သမီးကြီးရဲ့ နှုတ်ခမ်းလေး ပြုံးသွားမှ ဒေါ်မြသွေးချယ် သက်ပြင်းချနိုင်သည်။

"ရပါပြီ မေမေရယ်၊ သမီးက ဖိနပ်ကလေးပဲ ပြန်ဝယ်မှာပါ၊ အိမ်ထဲမှာနေပြီး စိတ်တို-ဒေါသဖြစ်နေမဲ့အစား စတိုးဆိုင်လေးကိုသွားပြီး ဖိနပ်ကလေး ပြန်ဝယ်လိုက်တာ စိတ်ချမ်းသာပါတယ်"

"အေးပါကွယ်၊ သမီးကြီးအကြောင်းကို မေမေ သိပါတယ်"

"ဒါဆို အေးအေးကိုပဲ စက်ဘီးကလေးနဲ့ လိုက်ပို့ခိုင်းလိုက်တော့မယ်နော်"

"ပို့ခိုင်း ပို့ခိုင်း၊ အေး ပြန်လာရင်လည်း ဖိနပ်ခိုးစီးသွားတဲ့ ညီမလေးကိုလည်း ပြဿနာရှာမနေနဲ့တော့နော်၊ သူက သူများ





မကြိုက်တာ မကျေနပ်တာကိုလုပ်ရမှ စားဝင်အိပ်ပျော်တဲ့သူ၊ ငါ့သမီးကြီးက. သူများဟာကို ဘယ်တော့မှ ယူမသုံးတတ်တဲ့ မိန်းကလေး"

"ဟွန်း… မေမေ သိရင်လည်း ပြီးတာပါပဲ၊ ကဲ သမီး သွားပြီနော်"

"သမီးကြီးက လိမ္မာပါတယ်ကွယ်၊ ဒီတစ်ခါတော့ ရဲရဲချစ်ကို တင်းတင်းကျပ်ကျပ် မေမေ ပြောပါ့မယ်၊ သမီးပြောရင် မောလည်းမောရ၊ ဒေါသလည်းဖြစ်ရနဲ့ ကိုယ့်လက်ထဲပြန်ရောက်လာမဲ့ ဖိနပ်ကလေးကလည်း ဟောင်းနေတော့မှာလေ"

"ဒါတော့ဒါပေါ့ မေမေရဲ့၊ ဒါပေမဲ့ မေမေ့သမီး အငယ်မက သိပ်အမြင်ကတ်အောင်လုပ်တတ်တာ၊ ပြန်လာမှ ငယ်ထိပ်ကို ခွပ်ခနဲနေအောင် ခေါက်ထည့်လိုက်ဦးမယ်၊ အဲဒါမှ ဒင်းမှတ်သွားမှာ"

ဗုဒ္ဓေါ…။

ဒေါ်မြသွေးချယ် မျက်လုံးပြူးရပြီ။

သမီးကြီးကလည်း ထုံးစံအတိုင်း ပွစိပွစိပြောပြီး ချာခနဲ လှည့်ထွက်သွားပြီ။

ကော်ဖီရောင် ဝမ်းဆက်ကလေးနဲ့ ရိုးရိုးယဉ်ယဉ်ကလေး လှနေတဲ့ ရဲရဲမုန်း။

စတိုးဆိုင်ကြီးကိုရောက်တော့ ဖိနပ်ကောင်တာလေးဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



နုနု့ဖွဲ့ဖွဲ့ကလေးရပ်လို့။

ထိုအချိန်မှာ…။

ရုပ်အင်္ကျီ အပြာနုရောင်ကလေးနဲ့ စတိုင်ပန် နက်ပြာရောင်ကလေးကို တွဲဝတ်ထားတဲ့ ကြယ်စင်သာတစ်ယောက် စတီးဆိုင်ကလေးထဲက ပစ္စည်းတွေကို တစ်ခုစီလိုက်ကြည့်ရင်း စိတ်တွေပေါ့ပါးလွတ်လပ်နေမိ၏။ လူကလည်း ဒီနေ့မှ လန်းဆန်းကြည်လင်နေလို့ပင်။

ထိုစဉ်

သူ့အနားမှာရောက်နေတဲ့ ကော်ဖီရောင် အရိပ်ကလေးကြောင့် အမှတ်တမဲ့လေး လှမ်းအကြည့်။

"အဲ…"

ထူးဆန်းလိုက်တာ။

သူ့မျက်ဝန်းကလေးတွေဟာ အမိန့်တစ်ခုကို နာခံလိုက်ရသလို ချက်ခြင်း ညှို့ဖျော့ရီဝေသွားရ၏။ ရင်တွေဖျတ်ခနဲခုန်သွားပြီး တစ်ကိုယ်လုံးလည်း အေးစက်သွားရသည်။

ကုမ္ပဏီပိုင်ရှင်သူဌေး၊ လူပျိုကြီး ကြယ်စင်သာတစ်ယောက် ဒုက္ခအကြီးအကျယ် ရောက်ရပြီ။ လှလိုက်တဲ့ ကောင်မလေး။

ကော်ဖီရောင်ဝမ်းဆက်ကလေးနှင့် ရွှေဝါရောင်သမ်းနေသော သူမရဲ့ အသားအရည်က လူတစ်ဖက်သားကို အကောင်းဆုံးညှို့ယူထားသည်။ တောင့်တင်းဖြောင့်စင်းနေသော ခန္ဓာကိုယ်





နောက်ပိုင်းလေးကြောင့် ရင်ခုန်သံက ပိုမြန်ချင်နေ၏။ သေးကျဉ်းသော ခါးကလေးက လေတိုးရင်တောင် ကျိုးမှာစိုးရလေသည်။

သူမ မျက်နှာလေးကို သေချာမမြင်လိုက်ရ။ ဘေးတစ်စောင်းလေးပဲ မြင်လိုက်ရတာလေ။ သူမလေးက ဘေးကိုလုံးဝမကြည့်တော့ဘဲ ဖိနပ်ကောင်တာလေးကိုပဲ ငေးနေတော့တာ။ သူမလေးနဲ့ တမင် မျက်နှာချင်းဆိုင်ဖြစ်သွားအောင် လုပ်ယူလိုက်ဖို့ သူ ချက်ချင်းသတိရသွားသည်။

ဒုက္ခပါပဲ။

သူ့ပုံစံက

အခုမှ ဆယ့်ခွန်နှစ်နှစ်၊ ဆယ့်ရှစ်နှစ် ရင်ခုန်တတ်စကောင်လေးတစ်ယောက်လို ပေါ့ပါးလန်းဆန်း သွက်လက်လို့နေပါလား။ ဟွန်း… ကောင်တာဘေးမှာ ရပ်နေတဲ့ ချာတိတ်လေးတစ်ယောက်က သူမလေးကို ငေးကြည့်နေတော့ သူ့စိတ်ထဲကတောင် သဝန်တွေတိုသွားမိ၏။

မလွယ်ပါလား။

သူ့အဖြစ်က

"ဟင်…"

မျက်နှာချင်းဆိုင်လေး ကြည့်လိုက်တော့မှ သူ အသက်ရှူသံတွေ ပိုလို့တောင်မြန်ဆန်သွားခဲ့ရပြီ။ ရိုးရိုးရှင်းရှင်းလေးနဲ့ သိပ်ကိုလှနေတဲ့ ကောင်မလေး။ နှုတ်ခမ်းလေးကလည်း ဖူးဖူးအင်း



www.burmeseclassic.com

www.burmeseclassic.com



တင်းလေး။ ဝင်းနှစ်နေတဲ့ အသားအရည်လေးကို ပိုပြီးလိုက်ဖက်တင့်တယ်သွားအောင် ကော်ဖီရောင်ဝမ်းဆက်လေးက ဖြည့်စွက်ပေးနေသည်။ တကယ်ပါ ဖူးစင်နေတဲ့ သူမလေးရဲ့ မျက်နှာလေးကို ငေးကြည့်ပြီး သူဟာ ကုမ္ပဏီပိုင်ရှင် လူကြီးတစ်ယောက်ဆိုတာကိုတောင် မေ့လျော့သွားရတဲ့အထိ ကလေးဆန်သွားရတော့တာလေ။

ကော့စင်းနေတဲ့ မျက်တောင်လှလှလေးတွေ ဝန်းရံထားတဲ့ မျက်ဝန်း ဝိုင်းဝိုင်းကလေး။ သွယ်လျတဲ့ နှာတံချွန်ချွန်လေးက စင်းကျလို့။ နှုတ်ခမ်းအိအိတင်းတင်းကလေးကလည်း ရင်ခုန်ချင်စရာ။ ဖြောင့်စင်းနေတဲ့ ဆံပင်ရှည်ရှည်လေးတွေ၊ ပခုံးလေးပေါ်ဝဲကျနေတာလေးကလည်း တစ်မျိုးလေး ချစ်ဖို့ကောင်းနေတော့တာပါပဲ။

လှလိုက်တဲ့ ကောင်မလေးရယ်။

ကိုယ် အရမ်းရင်တွေခုန်နေရပြီကွာ သိလား။

ကြယ်စင်သာ တစ်ယောက်တည်း ဘယ်လိုမှ ဟန်မဆောင်နိုင်တော့လောက်အောင် သူမလေးကို ငေးကြည့်ပစ်လိုက်သည်။ သူမလေးကတော့ မသိပါ။ ဖိနပ်ကလေးတွေကိုပဲ တရံပြီးတရံ ထုတ်ကြည့်ပြီးတော့ ရွေးချယ်နေတော့တာလေ။

နေရာလေးပြောင်းပြီး သူမလေးအနားမှာပဲ ကြယ်စင်သာ သွားရပ်နေလိုက်မိသည်။





ဟွန်း

ဘေးတိုက်ကလေးကြည့်တော့လည်း ဖူးစင်တင်းရင်းနေတဲ့ ကိုယ်လုံးအလှကလေးကြောင့် ပိုလို့တောင် ရင်ခုန်လာရပြန်ပြီလေ။

ဒုက္ခရောက်ပြီကွာ။

တစ်သက်နဲ့တကိုယ် ဒီတစ်ခါပဲ ကိုယ့်ရင်ခုန်သံတွေကို ကိုယ်ပြန်ကြားလိုက်ရတာပါ။ ကိုယ် ဘယ်လိုလုပ်ရပါတော့မလဲ မိန်းကလေးရယ်။

သူမက–

လိုချင်သော ဖိနပ်ကလေးကို ရွေးချယ်ပြီး ငွေရှင်းနေ၏။ သူ ဆိုင်ကလေးထဲက မယောင်မလည်ကလေးထွက်ပြီး အပြင်မှာ ရပ်ကြည့်နေလိုက်သည်။ သိပ်မကြာပါ။ သူမကလေးကလည်း ပြန်ထွက်လာ၏။

"ဟောဗျာ"

စတိုးဆိုင်ကလေးရှေ့က သစ်ပင်လေးအောက်မှာ သူမလေးရဲ့ အဖော်တစ်ယောက်က စက်ဘီးလေးနဲ့ရပ်စောင့်နေတာပါလား။ သူမလေးတစ်ယောက်တည်းအထင်နဲ့ သူ နောက်ကလိုက်ကြည့်တော့မလို့ ခြေလှမ်းကလေး ပြင်လိုက်စဉ်မှာ တွေ့လိုက်ရတာပါ။

"မမကြီး ရဲရဲမုန်းရေ ဒီမှာ... ဒီမှာ"

အဖော်ကောင်မလေးက လက်ကလေးပြပြီး သူမလေးကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်တာ ကြားလိုက်ရသည်။ ရဲ... ရဲရဲမှုန်းတဲ့။ သူမလေးရဲ့ နာမည်လေးဟာ ရဲရဲမှုန်းတဲ့လား။

အို... အိုကွာ။

မှုန်းချင်လည်း သူများတွေကို ရဲရဲမှုန်းလိုက်ပါနော်။ ကိုယ့်ကိုတော့ မမှုန်းလိုက်ပါနဲ့။ မင်းကလေး မှုန်းတာကို ကိုယ်မခံယူပါရစေနဲ့ကွာ။

ကော်ဖီရောင်ဝမ်းဆက်ကလေးနဲ့။

သူ့ရင်တွေကို လှုပ်ခါစေခဲ့တဲ့ ကောင်မလေး။

စက်ဘီးကလေးနောက်မှာ အိနေတဲ့တင်ပါးကလေးကို ချိတ်ထိုင်ပြီး လိုက်ပါသွားခဲ့ပြီ။ သူ့ရဲ့စိတ်တွေဟာလည်း စောစောက ကြည်လင်ရွှင်ပြနေခဲ့သလောက် ခုတော့လည်း ရွာတော့မဲ့မိုးလို အုံ့မှိုင်းကာ မည်းမှောင်သွားရပြီ။

သူမနေနိုင်တော့ပါ။

ကားစက်ကလေးကို ပြေးနှိုးပြီး သူမလေးနောက်ကနေ ကားကို ဖြည်းဖြည်းလေးမောင်းပြီး လိုက်ကြည့်လိုက်တော့ လမ်းသွယ်လေးတစ်ခုထဲက ခြံကြီးတစ်ခြံထဲကို စက်ဘီးကလေး ဝင်သွားတာ တွေ့လိုက်ရသည်။

သူမလေး ဝင်သွားတဲ့ ခြံကြီးရှေ့ကနေ ကားကိုဖြတ်မောင်းလိုက်ပြီး ခြံနံပါတ်နဲ့ လမ်းအမည်ကလေးကို သူ အသေအချာ မှတ်ယူလိုက်ပါသည်။





ကောင်မလေးရယ်။

ငါ့ရင်ထဲက နှလုံးသားလေးကို တိတ်တဆိတ်လေးနဲ့ နှိုးထလာအောင် မင်းကလေးက အသာ့အယာ လှုပ်နှိုးသွားခဲ့ပြီလေ။ ငါ ဘယ်လိုမှ ထင်မှတ်မထားတဲ့ အချိန်ကလေးမှာ မင်းကို စွဲလမ်းစွာ မြတ်နိုးခဲ့ပြီးပြီကလေးရယ်။

မင်းများ သူယောင်မယ်လေးတော့ မဟုတ်လောက်ပါဘူးနော်။

ငါ

မင်းနဲ့ နောက်တစ်ကြိမ်ဆုံတွေ့ချင်ပါသေးတယ် ကလေးရယ်။

ကော်ဖီရောင်ဝမ်းဆက်နဲ့ ကောင်မလေးကတော့ နောက်ဆုံးပေါ် ကားသစ်ကြီးနဲ့ လိုက်လာတဲ့ သူ့ကိုတောင်တစ်ချက်ကလေးမှ ဂရုမစိုက်တော့ဘဲ အိမ်ထဲကို ဝင်သွားချေပြီတည်း။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (နှစ်)

နောက်တစ်နေ့ညနေ။

"ဟယ်... ကြည့်စမ်း၊ ငါ့အင်္ကျီလေး နင် ခိုးဝတ်ပြန်ပြီ၊ သူခိုး... သူခိုးမလေး၊ ဒီတစ်ခါမှပဲ လက်ပူးလက်ကြပ်မိတော့တယ်၊ မေမေရေ ဟောဒီမှာ မေမေ့သမီး သူခိုးမကိုမိပြီ မေမေရဲ့"

"ဟာ... ဘာလို့ အသံပြဲကြီးနဲ့ ဇွတ်အော်နေတာလဲ"

"နင် ခိုးတာကိုး၊ ခိုးရင် အော်မှာပဲ"

"နင်နော် စကားပြောတာ လွန်မလာနဲ့"

ရဲရဲချစ်ဆီက ဆတ်ဆတ်ခါနာသွားသည့်အသံလေး ထွက်လာ၏။

"ဘာလွန်မလာနဲ့လဲ၊ နင် အပြောမခံနိုင်ရင် မလုပ်နဲ့ပေါ့၊ ငါက ဘယ်လောက်ပဲပြောပြော နင်ကလည်း လုပ်မြဲလုပ်နေတာကိုး၊ အမှတ်သည်းခြေ နည်းနည်းလေးမှမရှိတဲ့နင့်ကို ဒီထက်တောင်နာအောင် ငါက ပြောရဦးမှာ"





ရဲရဲမှုန်းဆီက ရန်တွေ့သံ ခပ်စူးစူးလေး ထွက်လာပြန်သည်။

"ကိုယ့်ညီအစ်မအချင်းချင်း ခဏလေးယူဝတ်တဲ့ဟာများ တွန့်တိုနေလိုက်တာ ဘာပြဿနာရှိလို့လဲ"

"ရှိတယ်ဟဲ့ ရှိတယ်၊ နင်က ငါ့အဝတ်အစားတွေဝတ်ပြီး နင့်အကောင်တွေနဲ့ သွားသွားချိန်းတွေ့နေတာ၊ နင့်အကောင်တွေရဲ့ ကိုယ်ငွေ့တွေ ကပ်ပါမလာဘူးလို့ နင် အာမခံနိုင်လို့လား"

"ရဲရဲမှုန်းနော် နင်ပြောတဲ့စကားတွေက တအားလွန်လာပြီနော်"

"လွန်တယ်၊ လွန်တော့ဘာဖြစ်လဲ၊ နင်က အေးအေးဆေးဆေး ပြောလို့ရတဲ့လူစားမျိုးမှ မဟုတ်တာ၊ ငါ့အဝတ်အစားတွေ နင် ခိုးခိုးဝတ်နေတာ ဘယ်လောက်တောင်ကြာနေပြီလဲ မသိဘူး၊ အခုမှပဲ လက်ပူး ပက်ကြပ်မိလို့ သိရတာ"

"အောင်မယ် တစ်ခါတည်းယူဝတ်မိတာများ ပြောလို့ကို မဆုံးတော့ဘူး၊ အရောင်လေးကြိုက်လို့ ဝတ်တာသိလား၊ နင် ချုပ်ထားတဲ့ အင်္ကျီဒီဇိုင်းက ပုံတုံးကြီး၊ ခေတ်နောက်ကျနေပြီ၊ တော်ပါပြီ၊ နောက်လည်း ဘယ်တော့မှ ယူမဝတ်တော့ဘူး၊ ရော့ နင့်အင်္ကျီ နင်ပြန်ယူလိုက်တော့"

ဒေါပွပွနဲ့ အင်္ကျီလေးကို ပြန်ချွတ်လိုက်ပြီး ရဲရဲမှုန်းဆီ ပစ်ပေါက်ပေးလိုက်တာ အရှိန်မထိန်းနိုင်ဘဲ အင်္ကျီလေးက ရဲရဲ



www.burmeseclassic.com

www.burmeseclassic.com



မုန်း မျက်နှာဆီ တန်းရောက်သွား၏။ ရဲရဲမုန်း ဒေါသတွေ ငယ်ထိပ်ထိ တက်သွားရတော့သည်။

"နင်… နင် ငါ့ဟာလည်း ခိုးဝတ်သေးတယ်၊ ငါ့ကိုလည်း လုပ်တယ် တွေ့မယ်… တွေ့မယ် ကဲဟာ"

ခေါင်းအုံးတွေ၊ ခွအုံးတွေ အခန်းထဲမှာ ပလူပျံသွားသည်။

"နင် မလုပ်နဲ့နော်၊ ငါ သည်းမခံနိုင်တော့ဘူးနော်၊ ရဲရဲမုန်း ဟာ… အ"

ညီအစ်မနှစ်ယောက် ရန်ပွဲက အထွတ်အထိပ်ရောက်သွား ၏။

"ဝုန်း…"

"ဒုန်း…"

"ဂလွမ်း…"

အပေါ်ထပ်ဆီမှ ဆူညံသောအသံတွေကြောင့် ဒေါ်မြသွေး ချယ်တစ်ယောက် ရင်ဘတ်ကို ဖိထားရ၏။ ဒီအသံတွေက မိမိ နှင့် ဘယ်တုန်းကမှ စိမ်းမနေခဲ့တဲ့ အသံတွေပါပဲ။ သို့သော် ကြားရတိုင်း စိတ်တွေ လေးလံထိုင်းမှိုင်းရမြဲသာတည်း။

"ရန်ဖြစ်ကြပြန်ပြီ၊ သေချင်လိုက်တာ၊ ဟဲ့… ရဲရဲချစ်နဲ့ ရဲရဲမုန်း၊ အမလေး… လူကြားလို့မှမကောင်း နင်တို့ ဘယ်လိုဖြစ် နေကြတာလဲဟင်၊ ပတ်ဝန်းကျင်ကိုလည်း နည်းနည်းပါးပါး အားနာကြပါဦး"





အောက်ထပ်ကနေ အသံကျယ်ကျယ်နှင့် လှမ်းအော်ကာ သတိပေးလိုက်မိသည်။

"နင်တော်တော့နော် ရဲရဲမုန်း၊ ဟိုမှာ မေမေဆူနေပြီ"

"ဘုန်း"

"နင် အရင်တော်ပါလားရဲ့ ရဲရဲချစ်ရဲ့"

"ဝုန်း"

ပါးစပ်ကသာ တော်နေကြတာ။ လက်တွေက မတော်ကြ။ ပစ္စည်းတွေနဲ့ တစ်ယောက်ကိုတစ်ယောက် ပစ်ပေါက်နေကြဆဲပင်။ တစ်ယောက်က ဗီရိုကို အကာအကွယ်ယူထားသလို တစ်ယောက် ကလည်း စောင်ကြီးနဲ့ကွယ်ထားကာ အဝေးကနေ တစ်ယောက်ကို တစ်ယောက် ပစ်ပေါက်နေကြခြင်းဖြစ်သည်။

"မေမေရေ ဒီမှာ သမီးက တော်ပြီပြောနေတာကို မေမေ့ သမီးကြီးက မတော်နိုင်ဘူးဆိုပြီး ဆက်လုပ်နေတာ"

ရဲရဲချစ်က အရင်စတင်ကာ တိုင်လေလျှင်–

"အောင်မယ်၊ နင်ကပဲ ပြောရရှိသေး၊ နင့်လက်ထဲက ခွအုံးကြီး ချလိုက်ပါလား"

ညီမဖြစ်သူ ရဲရဲချစ်ကို မကျေမနပ် လှမ်းအော်နေသည်။ ပြီးတော့လည်း မေမေရှိနေတဲ့ အောက်ထပ်ဖက်သို့လှည့်ကာ–

"မေမေရေ သမီးက အရင်စတော်နေတာနော်၊ မေမေ့ သမီးအငယ်မက ခုထိ မတော်သေးဘူးဖြစ်နေတာ၊ သမီးအကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ခိုးဝတ်သေးတယ်၊ သမီးကိုလည်း အင်္ကျီနဲ့ချွတ်ပေါက်သေးတယ် မေမေရဲ့”

“ဟယ်... ဒါဆို အငယ်မမှာ အင်္ကျီမရှိတော့ဘူးပေါ့”

“မရှိတော့ဘူး”

“ဘုရား... ဘုရား”

တစ်စက်ကလေးမှ အရှက်မရှိလိုက်ကြတဲ့ ဟာမလေးတွေ။ မဖြစ်သေးပါဘူး။ အပေါ်တက်ပြီး နှစ်ယောက်စလုံးကို ဆော်ပလော်တီးပစ်လိုက်မှ နားအေးတော့မယ်။

“ဟွန်း... ဟွန်း”

အပေါ်ထပ်ဆီသို့ ခပ်ကြမ်းကြမ်း နင်းတက်လာတဲ့ ခြေသံတွေကြောင့် နှစ်ယောက်စလုံးတော့ မျက်လုံးကလေးတွေ ပြူးသွားကြသည်။ ခြေသံက နီးလာလေလေ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ငြိမ်သက်သွားလေလေပင်။ သို့သော် လက်ထဲမှာ ကိုင်ထားသော လက်နက်တွေကိုတော့ နှစ်ယောက်စလုံး မစွန့်လွှတ်ကြသေး။

“ကျွီ...”

ဒေါ်မြသွေးချယ် တံခါးကို ဆွဲဖွင့်လိုက်ပြီ။

“အမလေး...”

ပစ္စည်းတွေ ရစရာမရှိအောင် ရှုပ်ပွနေတဲ့ တစ်ခန်းလုံးကို ကြည့်ပြီး ရင်ထဲဆို့တက်သွားရသည်။ ထိုအချိန်မှာ သူတို့ကိုယ်





သူတို့ အပြစ်မရှိတဲ့ မျက်နှာထားကလေးတွေနဲ့ ရဲရဲချစ်ကရော ရဲရဲမုန်းကပါ မျက်လုံးပြူးကလေးတွေနဲ့ ကြောင်ပြီးကြည့်နေကြတာလေ။

“အဲ... အဲဒါ၊ သူလုပ်တာ မေမေ”

ရဲရဲချစ်က စတိုင်၏။

“ဘာ သူလုပ်တာလဲ၊ ဘာသူလုပ်တာလဲ သူအရင်စတာ”

“တိတ်စမ်း”

မာတင်းတဲ့လေသံနှင့် ဒေါသမျက်ဝန်းတွေကြောင့် နှစ်ယောက်သား ငြိမ်ကုတ်သွားသည်။

“အရှက်မရှိတဲ့ဟာတွေ၊ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်လိုက်တာနဲ့ ပြဿနာဖြစ်တဲ့အသံ ကြားရပြီ”

“ဟွန်း”

“ဟင်း”

မေမေ့ရှေ့မှာတောင် မေမေ မမြင်အောင် တစ်ယောက်ကို တစ်ယောက် မျက်စောင်းထိုးနေကြဆဲ။ သို့သော် မေမေ့လက်ထဲမှာ ကိုင်လာတဲ့ ကြိမ်လုံးကို မြင်လိုက်ရသဖြင့် နှစ်ယောက်သား တိုင်ပင်မထားဘဲ အဝတ်အစားတွေ လျှော်တောင်းထဲပြန်ထည့်သူကထည့်၊ အင်္ကျီချိတ်တွေကို နေရာတကျ ပြန်စီတဲ့သူကစီနဲ့၊ မေမေ ကျေနပ်အောင် ပြန်ရှင်းလင်းနေရ၏။ အိပ်ယာခင်းတွေ၊ စောင်တွေ၊ နေရာတကျ ပြန်ထားရ။ ပေါင်ဒါဘူးတွေ၊ ရေမွှေး



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းတွေ၊ မှန်တင်ခုံပေါ် ပြန်တင်ရနဲ့ မေမေ့ မျက်နှာကိုလည်း မော့မကြည့်ရဲကြတော့ပါ။ မေမေက အားရအောင် ဆူပူကြိမ်းမောင်းပြီး အောက်ထပ်ကို ပြန်ဆင်းသွားပြီဆိုတော့မှ။

"ရဲရဲချစ်"

"ဘာလဲ"

"ဟိုစာအုပ်က နင်လုမ်းပစ်တာနော်၊ အဲဒါ နင့်ဟာနင် ပြန်ကောက်"

"အောင်မာ ဘာလို့ကောက်ရမှာလဲ၊ နင်ပစ်တဲ့ မွေးပွရုပ်ကြီးကျတော့ ဘယ်သူကောက်တာလဲ ကဲ ပြော"

"နင့်ဟာနင် ရှည်ပြီးကောက်တာ"

"ငါမရှည်ဘူး၊ နင်ရှည်..."

"ဟဲ့... ဟဲ့၊ ဟိုအိမ်ပေါ်ထပ်ကနှစ်ယောက် ရေမိုးချိုးပြီး မြန်မြန်ဆင်းလာကြ၊ ထမင်းစားဝိုင်းမှာ မေမေစောင့်နေမယ်၊ မကြာစေနဲ့နော်"

အောက်ထပ်က မေမေ့အော်သံ ဖြတ်ဝင်လာတော့မှ လျှာတစ်လစ်ထုတ်ပြီး နှစ်ယောက်သား ငြိမ်သက်သွားတော့သည်။

ဒါတောင် မေမေ့ရှေ့ရောက်တော့ မေမေမမြင်အောင် ထမင်းစားပြီးတဲ့အချိန်မှာ ရဲရဲမုန်းက လက်ဝါးထောင်ပြလို့ ရဲရဲချစ်ကလည်း လက်သီးဆုပ်လေး တရွယ်ရွယ်နဲ့။

"ဟဲ့... ဒါက ဘာဖြစ်နေကြတာလဲ"





"အဟဲ... ဟိုဟို မဟောသဓာဇာတ်ထဲကလို..."

"တော်စမ်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ကိုယ့်အခန်းကို အေးအေးသွားကြ၊ မေမေ ဘုရားရှိခိုး ပုတီးစိပ်တော့မယ်"

"ဟုတ်"

ရဲရဲချစ်က ချက်ချင်းထကာ ထွက်သွားဖို့လုပ်ပြီး လမ်းလျှောက်နေရင်းမှ တံခါးဝသို့အရောက် ခြေထောက်ကလေးတစ်ဖက်ကိုထောက် ကျန်တဲ့ နောက်ခြေထောက်တစ်ချောင်းကို အနည်းငယ်မြှောက်ကာ ရဲရဲမုန်းကို ခြေထောက်နှင့် တာ့တာ့လုပ်ပြပြီး တစ်ချိုးတည်း သူ့မအခန်းပေါ် ပြေးတက်ခဲ့တော့၏။

"ကြည့်စမ်း... ကြည့်စမ်း၊ မေမေ့သမီး အရိုင်းအစိုင်းမလုပ်ပြသွားတာ"

"ဟဲ့... ဘာလုပ်ပြသွားလို့လဲ"

"ခြေထောက်မြှောက်ပြီး တာ့တာလုပ်သွားတယ် မေမေရဲ့"

"ဟဲ့..."

သမီးကြီးစကားကြောင့် ဒေါ်မြသွေးချယ် မျက်လုံးဘလေးဝိုင်းသွားစဉ် သမီးကြီး ရဲရဲမုန်းကတော့ နေရာမှ ဆတ်ခနဲထကာ အိမ်ရှေ့ဧည့်ခန်းထဲ ရောက်သွားလေပြီ။

"ကလင်... ကလင်"

"ကလင်... ကလင်"



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းလေး အသံမြည်လာလို့ ရဲရဲမှန်းက ဖုန်းခွက်ကလေးကို ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ရဲရဲမှန်းလားဟင်"

"ရှင်"

"အခုပြောနေတာ ရဲရဲမှန်း ဟုတ်ပါတယ်နော်"

ပီသပြီး ကြည်မြချိုသာနေတဲ့ အသံလေး။

ရဲရဲမှန်းလားတဲ့။ အခုပြောနေတာ ရဲရဲမှန်း ဟုတ်ပါတယ်နော်တဲ့။ သူမ တစ်ခါမှ မကြားဖူးတဲ့ အသံလေးမို့ ရဲရဲမှန်း အံ့သြပြီး စိတ်ဝင်စားသွားသည်။

"ဘယ်သူလဲဟင်"

အသံတုန်တုန်ကလေးနဲ့ ရဲရဲမှန်း မေးလိုက်မိသည်။

"ကိုယ့်ကို မင်း သိမှာမဟုတ်ပါဘူး ကလေးရယ်၊ ကိုယ်လေ ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ စတိုးဆိုင်မှာ မင်းကိုမြင်လိုက်ရကတည်းက စိတ်ဝင်စားသွားခဲ့ရတဲ့ လူတစ်ယောက်ပါကွာ"

"ဟို… ဟို"

ရင်ထဲမှာ သိမ့်ခနဲလှိုက်တုန်သွားပြီး ရဲရဲမှန်းရဲ့ ဖူးစင်နေတဲ့ မျက်နှာလေးမှာ ပန်းသွေးရောင်ကလေးတွေ ချက်ချင်းကိုပဲ ရဲတက်သွားရတော့၏။ အဲ့သည်အချိန်မှာ အပေါ်ထပ်ဖုန်းကနေ တိတ်တိတ်လေး ခိုးနားထောင်နေတာ ရဲရဲချစ်ရယ်လေ။





ဟား… ဟား ဘယ်ရမလဲ။

တစ်ချက်တည်းနဲ့ကို ကွိခနဲ မိတော့တာပဲ။

"အို…"

"အို…"

အသံမထွက်အောင် ကြိတ်ရယ်လိုက်မိသည်။

"ကိုယ့်နာမည်က ကြယ်စင်သာလို့ ခေါ်ပါတယ်၊ ကိုယ့်မှာလေ ဒီဖုန်းနံပါတ်လေးကို သိချင်လို့ မနည်းစုံစမ်းလိုက်ရတာ"

"ရှင်"

"ကိုယ် အမြဲဆက်ပါရစေနော်"

"အို… မဆက်ပါနဲ့"

ရဲရဲမှန်း ထူပူပြီးတော့ ငြင်းပစ်လိုက်သည်။

ယောကျာ်းလေးဆိုရင် ဘယ်ယောကျာ်းလေးကိုမှ သူမ မပတ်သက်။

ဟွန်း အခုလည်း ကြယ်စင်သာတဲ့။

ရဲရဲမှန်းကို စတိုးဆိုင်မှာ တွေ့သွားတာတဲ့လေ။ ဒီကဖြင့် သူ့ကို မသိပါဘူး။ မသိလို့ နောက်မဆက်နဲ့ဆိုပြီး ပြောပစ်လိုက်တာပေါ့။

"ကလေးရယ်… ကိုယ့်စိတ်တွေကို ကိုယ် ဘယ်လိုမှ မထိမ်းချုပ်နိုင်တော့လို့ ဆက်လိုက်တာပါ၊ အခုလေ မင်းနဲ့ စတွေ့ခဲ့တဲ့ မင်းတို့ရပ်ကွက်ထိပ်က စတိုးဆိုင်လေးရှေ့မှာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကိုရပ်ပြီး ကိုယ့်ရဲ့ဟန်းဖုန်းလေးနဲ့ ဆက်နေမိတာပါ၊ မင်းကို တွေ့ရမလားလို့ ကိုယ်လာစောင့်နေမိတာပါ ကလေးရယ်၊ ဖြစ်နိုင်ရင် စက်ဘီးကလေးနဲ့ ထွက်ခဲ့ပါလားဟင်”

“ဂလု”

အဲဒီအသံဟာ ဖုန်းခိုးနားထောင်နေတဲ့ ရဲရဲချစ်ဆီက တံထွေးမျိုချလိုက်တဲ့အသံပါ။ ရဲရဲမုန်းက ရိုးလွန်းအလွန်းတော့ ဖုန်းခိုးနားထောင်နေတာကို သိမှာမဟုတ်ဘူးလေ။ ပြီးတော့လည်း ကြယ်စင်သာဆိုတဲ့ လူကြီးတစ်ယောက်နဲ့ ဖုန်းပြောနေတဲ့ ရဲရဲမုန်း အသံက ရှက်ပြီးတော့ တုန်နေတဲ့အသံမျိုး။ ဟားဟား ရဲရဲချစ်နဲ့ကတော့ တခြားစီပဲ။

“ကိုယ်... ကိုယ်ပြောတာ ကြားရဲ့လားဟင် ရဲရဲမုန်း၊ မင်းလေးကို ကိုယ် သိပ်ပြီးတော့ တွေ့ချင်နေပြီကွာ၊ စကားမပြောရရင် နေပါစေ မျက်နှာလေးကို တွေ့ရရင် ကိုယ် ကျေနပ်ပါပြီ၊ ကိုယ် အဝေးကပဲ တိတ်တိတ်လေးနဲ့ ကြည့်နေမယ်လေ”

ကြယ်စင်သာတစ်ယောက် ဟန်းဖုန်းကလေးကို နားမှာကပ်ကာပြောရင်း ရင်တွေခုန်နေမိသည်။ ရှက်ပြီးထူပူနေတဲ့ သူမကလေးရဲ့ အသံကို ကြားရတာ ကြည်နူးလိုက်ရတာ။ ပြီးတော့လည်း ရင်ထဲမှာ တသိမ့်သိမ့် တငြိမ့်ငြိမ့်နဲ့ တသက်နဲ့တကိုယ် မခံစားခဲ့ရဖူးတဲ့ ပီတိလှိုင်းကလေးတွေ၊ လက်လက်ဖြာလို့။ သူနဲ့အတူပါလာတဲ့ ကုမ္ပဏီက သူ့ရဲ့တပည့်ကျော်ကလေး မောင်ဇော်





ကတောင် မျက်နှာလေး ရယ်ကြဲကြဲလုပ်ပြီး ဘေးကနေ ဆရာသမားကို စ,နေတော့တာလေ။

ဟွန်း။

ကိုယ့်မျက်နှာလေးတောင် မထားတတ်တော့ဘူး။

“ရဲရဲမုန်း”

“ရှင်”

“ထွက်ခဲ့ပါကွာ”

“တော်ပြီ၊ ဖုန်းချလိုက်တော့မယ်၊ နောက်ဘယ်တော့မှ မဆက်ပါနဲ့၊ ရှင့်တို့လို ဖုန်းသရဲတွေကို ကြောက်တယ်”

“ဟာ... ရဲရဲမုန်း”

“ခွပ်”

ရဲရဲမုန်းကတော့ ဖုန်းချပစ်လိုက်ပြီ။

“ဟာ... ဟာကွာ”

“ဟား... ဟား၊ ကိုယ့်ဆရာ ခံလိုက်ရပြီ၊ ဟိုက ဖုန်းချသွားပြီမို့လား၊ အခြေအနေအားလုံးကို ကျွန်တော် သိပါတယ်၊ ဆရာသမားရယ်၊ တစ်ကြိမ်မရလည်း နောက်တစ်ကြိမ်ထပ်ကြိုးစားကြည့်တာပေါ့နော်၊ ပြန်ဆက် ကိုယ့်ဆရာ ပြန်ဆက်”

“ငါ အဲလောက် သတ္တိမရှိဘူးကွ”

“ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ကွာ၊ သူက ငါ့ကို ဖုန်းသရဲတစ်ယောက်လို ထင်သွားတာ ငါ မဆက်တော့ဘူး"

ကြယ်စင်သာတစ်ယောက် ဝမ်းနည်းစွာ စိတ်ဓာတ်ကလေး တော့ ကျသွားမိ၏။ မောင်ဇော်နဲ့ မျက်လုံးချင်းဆုံရမှာကိုပင် စိတ်ထဲက ရှက်သလိုလိုဖြစ်နေမိသည်။

"ရဲရဲမှုန်းက တော်တော်ချောလို့လားဟင် ကိုယ့်ဆရာ"

"ချောတာပေါ့ကွာ၊ ငါနဲ့တွေ့တဲ့နေ့တုန်းက ကော်ဖီရောင် ဝမ်းဆက်ကလေးကို ရိုးရိုးလေးဝတ်ထားပြီး မှုန်ညက်ဖူးစင်နေ အောင်ကိုချောတာ၊ ပြီးတော့လည်း သူ လှုပ်ရှားနေတဲ့ဟန်ကလေး ကလည်း တည်တည်တင်းတင်းလေးနဲ့ တကယ့်ကို အိန္ဒြေရရ လေးလေ၊ ဘယ်လောက်ထိ မိန်းမကောင်းလေး ပီသသလဲဆိုရင် သူ့ရှေ့တည့်တည့်မှာရပ်နေတဲ့ ငါ့ကိုတောင် မျက်လုံးလေးဝေ့ပြီး တစ်ချက်ကလေးတောင် ပြန်မကြည့်သွားဘူးကွာ အဟွန်း၊ ငါ ကလည်း အဲဒီလိုမိန်းကလေးကိုမှ စွဲလမ်းသွားခဲ့တာကွ၊ ဒုက္ခပါပဲ ကွာ၊ ငါတော့ အသက်သုံးဆယ်နားနီးမှ ကောင်းကောင်းကြီးတော့ ဒုက္ခရောက်ပါပြီ ဟင်း… ဟင်း"

"ဟာ… ဆရာ ဆရာကြိုက်တဲ့ကောင်မလေးက ဟိုရှေ့ မှာ စက်ဘီးကလေးနဲ့လာနေတဲ့ ကောင်မလေးလို ပုံစံမျိုးလေး လား"

"ဟင်"





မောင်ဇော်ကပြတော့ ကြယ်စင်သာကလည်း အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသည်။

အဲဒါ တခြားလူတော့မဟုတ်။

ဖုန်းခိုးနားထောင်ပြီး ရပ်ကွက်ထိပ်က စတိုးဆိုင်ရှေ့ကို စက်ဘီးကလေးနဲ့ မယောင်မလယ်ထွက်လာတဲ့ ရဲရဲချစ်လေ။

သိတယ်မို့လား။

ရဲရဲမှုန်းဆီကို ဖုန်းလှမ်းဆက်ပြီး လမ်းထိပ်ကစတိုးဆိုင် ရှေ့မှာ ကြွနေမဲ့ ဦးကြယ်စင်သာဆိုတဲ့ လူကြီးကို တွေ့ဖူးချင်လို့ အိမ်ကနေ ခိုးထွက်လာခဲ့တာပါ။

နောက်မှ ရဲရဲမှုန်းကို ပြန်ပြောပြီး ဟားရဦးမယ်။

ဟင်း… ရဲရဲမှုန်းလို ဝတ်တာစားတာကအစ ခပ်တုံးတုံး ခပ်အအနေတတ်တာကိုများ၊ ကြွနေရသေးလား ဦးကြယ်စင်သာ ရယ်။

"ဟွန်း… ဟွန်း"

စက်ဘီးလေးပေါ်က ခုန်ပေါက်ပြီး ရဲရဲချစ် ဆင်းလိုက် သည်။ မျက်လုံးလေးကလည်း ရပ်ထားတဲ့ကားလေးဆီကို တစ် ချက်ဝေ့ကြည့်လိုက်သေး၏။

"မောင်ဇော်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံလေးကတော့ ငါ့ရဲ့ ကော်ဖီရောင်မလေးနဲ့ နည်းနည်းလေးဆင်တယ်ကွ၊ ကိုယ်လုံးကိုယ်ပေါက်ကလေးကလည်း တူတယ်၊ ဒါပေမဲ့ကွာ ငါသိပ်ချစ်တဲ့ ကော်ဖီရောင်မလေးက ရိုးရိုးယဉ်ယဉ်လေးပါကွာ၊ အခုလို ရှော့ပင်တွေ လက်တစ်လုံးကြိုးတွေနဲ့ ဟော့ဟော့လေးနေတတ်တဲ့ ကောင်မလေး မဟုတ်ပါဘူး၊ ထားလိုက်ပါတော့ကွာ တို့ ပြန်ကြတာပဲကောင်းပါတယ်"

"ဟင်... ဆရာသမားပြောတော့ ဆရာ့မာမီအတွက် အားဆေးလေး ဝယ်ဦးမယ်ဆို"

"မင်းပဲ စတိုးဆိုင်မှာ ဆင်းဝယ်လိုက်တော့ကွာ၊ ငါ ကားပေါ်ကပဲ စောင့်နေတော့မယ်"

"ဟုတ်... အဲဒါကောင်းတယ်"

မောင်ဇော် ဆင်းသွားချိန်မှာ ကြယ်စင်သာတစ်ယောက်တည်း ကားပေါ်မှာ ငေါင်စင်းစင်းလေး ကျန်နေခဲ့သည်။

ရဲရဲချစ်ကလည်း စတိုးဆိုင်ထဲမှာပစ္စည်းတစ်ခုကို အကြောင်းရှာဝယ်ရင်း အပြင်မှာရပ်ထားတဲ့ ကားလေးဆီကို မသိမသာခိုးကြည့်နေလိုက်၏။ ဟွန်း စပို့ရှပ် အနက်ရောင်အိအိလေးဝတ်ပြီး ကားပေါ်မှာ ထိုင်နေတဲ့လူဟာ ဦးကြယ်စင်သာပဲ ဖြစ်ရမယ်။ မဆိုးဘူး အသားဖြူဖြူလေး။ အသက်ကလည်း သိပ်ကြီးတဲ့ပုံ မရှိသေးပါဘူး ချင်းတဲမန်းပဲ။

ဟော...





ကားပေါ်ကို လူတစ်ယောက် တက်သွားပြီ။

သူတို့ကားလေး စတိုးဆိုင်ရှေ့ကနေ မောင်းထွက်သွားတော့မည်။

ရဲရဲချစ်ကလည်း ပစ္စည်းကို မြန်မြန်ဝယ်၊ မြန်မြန်ရှင်းပေးပြီး စက်ဘီးလေးပေါ် ခပ်သွက်သွက်လေး ခုန်တက်လိုက်သည်။

ပြီးတော့ ကားလေးရှေ့က စက်ဘီးလေးကိုဖြတ်အနင်း

"ကျွီ..."

"ဂျောင်း..."

"ဂျလောင်း..."

"ဟာ... တိုက်မိသွားပြီ"

မျက်နှာလေးရှုံ့မဲ့ပြီး ကားလေးရှေ့မှာ သူမရဲ့စက်ဘီးလေး လဲကျသွားသည်။

"ပြဿနာပဲကွာ"

ကားမောင်းတဲ့ မောင်ဇော် ကားပေါ်က ခပ်သွက်သွက်လေး ဆင်းလာပြီး သူမကိုကြည့်သည်။

"အဟွန့်..."

"ဟွန့်..."

ငိုတော့မဲ့ပုံကလေးနဲ့ နှုတ်ခမ်းလေးကို စူထားလိုက်တာ ရဲရဲချစ်။

"ဘာ... ဘာဖြစ်သွားလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးတစ်စီးလုံးလာနေတာ ရှင် မမြင်ဘူးလားဟင်"

"မမြင်... မမြင်လို့ပေါ့ကွာ"

"လျှော်ပေး... ရှင်တို့လျှော်ပေး"

"ဟာ... ဘာကိုလျှော်ပေးရမှာလဲ၊ တိုက်မိတာ အရှိန်နည်းနည်းလေး ပွတ်ကာသီကာလေး၊ မင်းလည်း ဘာမှမဖြစ်ဘူး၊ စက်ဘီးလည်း ဘာမှမဖြစ်ဘူး၊ အဲဒါ ဘာကိုလျှော်ပေးရမှာလဲ၊ ကဲ ပြောလေ"

ရှက်ရှက်နဲ့ပဲ ရဲရဲချစ် ပြန်ထလိုက်သည်။

တွေ့လား။

ကြယ်စင်သာဆိုတဲ့လူကြီးက ကားပေါ်ကတောင် ဆင်းမလာ။ ရဲရဲချစ်ကိုလည်း နည်းနည်းလေးမှ ဂရုစိုက်ပုံမရ။

စိတ်နာသွားသည်။

ရဲရဲချစ်က ခေတ်မှီလှပတဲ့ ဝတ်စုံလေးနဲ့ ထွက်လာတာလေ။ ဒါကိုအသိအမှတ်ကလေးပြုပြီး ဆင်းလာဖို့တော့ ကောင်းတာပေါ့။ ခုတော့ သူနဲ့ဘာမှမဆိုင်တဲ့အတိုင်း။

"ဒီမှာ ရှင်တို့ကားထဲမှာ ရှင်တို့သူဌေးပါတယ်မို့လား၊ ကျွန်မ စက်ဘီးကို တိုက်မိတဲ့လျော်ကြေးကို ရှင်တို့သူဌေးဆီက တောင်းပေး"

"ပြဿနာပဲကွာ"

"ရှင်တို့သူဌေးကို ကားပေါ်ကဆင်းခိုင်းလေ"





မောင်ဇော်တစ်ယောက် ခေါင်းကလေးကို တဖြည်းဖြည်းကုတ်နေမိသည်။ ဆရာသမားအကြောင်းကို သူက အသိဆုံး။ အဲလို ခေတ်မှီဟော့ရှော့မိန်းကလေးတွေကို ဆရာသမားက ဘယ်တော့မှ ပတ်ပတ်သက်သက်မလုပ်။ အထင်လည်းမကြီး။ ပြီးတော့ ဘာမှလည်း ဖြစ်မသွားတဲ့ကိစ္စတစ်ခုကို အရေးအရာလုပ်ပြီး ဆရာသမားက ကားပေါ်က ဆင်းလာပါ့မလား။

"ခေါ်လေ"

"ဟာ... ဆရာသမားက သူ့ဟာသူ အေးအေးနေတာ၊ မင်းအနားကိုလည်း လာမှာမဟုတ်ဘူး၊ ကဲ ပြော ငါ ဘယ်လောက်လျော်ပေးရမလဲ၊ အရေးထဲ ငွေညှစ်တဲ့လူနဲ့မှ လာတွေ့နေရတယ်လို့ကွာ တောက်..."

"အောင်မယ်... ရှင် ဘာပြောတာလဲ"

မောင်ဇော် ငယ်ထိပ်ကို ဒေါက်ခနဲနေအောင် ခေါက်ထည့်လိုက်ဖို့ သူမက လက်ရွယ်လိုက်သည်။

"ဟာ... ဟာ၊ ကျွန်တော် ဘာမှမပြောပါဘူး"

"မပြောရင် လျှော်ကြေးပေး"

"ဘယ်လောက်လဲ"

"ထောင့်ငါးရာ"

"ဟာ..."

မောင်ဇော် မျက်နှာပြုံးဖြီးဖြီးကြီး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

"ဟာ… ရှင့်ဆီကတောင်းတာ မဟုတ်ဘူး၊ ကားထဲမှာ ကျောက်ရုပ်ကြီးလိုထိုင်နေတဲ့ ရှင့်ဆရာဆီက တောင်းတာ"

"အမလေးဗျာ"

ရဲရဲချစ် တမင်ညှုကြည့်လိုက်တာပါ။

ကားထဲက ဦးကြယ်စင်သာဆိုတဲ့ ခပ်ချောချောလူကြီး တစ်ချက်တည်းကြွေပြီး ဆင်းလာမလားလို့ပါ။

"ဆရာ… ဆရာ့ဆီက လျော်ကြေးတောင်းနေတယ်"

"ရှုတ်လိုက်တာကွာ"

အောင်မယ် ကြည့်စမ်း။

ရဲရဲချစ်ကိုများ ရှုတ်လိုက်တာတဲ့။

ခါးကလေးထောက်ပြီး ရဲရဲချစ် နှုတ်ခမ်းလေးတွေ တအား ကိုပဲ စူတင်းသွားရပြီ။ ရင်ထဲမှာလည်း နာသွားသည်။

"ကြားတယ်ကွာ၊ ပေးလိုက်၊ ရှော့နှစ်ထောင် ပြန်မအမ်းနဲ့လို့ ပြော ကြားလား"

အသံကလည်း မာလိုက်တာ၊ ရဲရဲချစ်ရင်ထဲအောင့်သွား၏။

"ဟုတ်ကဲ့ ဆရာသမား"

ကြားပွဲစား မောင်ဇော် ခေါင်းတွေတောင်မူးသွားသည်။

"ရော့… ပြန်မအမ်းနဲ့၊ ကိုယ့်ဆရာက ပြတ်တယ်"

"ဘာ…"





သိပါပြီ။ ဦးကြယ်စင်သာဟာ ရဲရဲချစ်ကို အထင်ကြီးနေမှာ မဟုတ်ဘူးဆိုတာ။ ရဲရဲချစ် မယူတော့ပါဘူး။

နာကျည်းစွာပဲ နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်သည်။

"ရပါတယ်၊ ကျွန်မ မယူတော့ပါဘူး၊ ဒါပေမဲ့ ရှင့်ဆရာကို တော့ ပြောလိုက်ပါ"

"ဟင်… ဘာပြောရမလဲ"

"အဲ့ဒီလျော်ကြေးကို တစ်နေ့မှာ ကောင်းကောင်းကြီးပြန် ဆပ်ရမယ်လို့"

"ဗျာ…"

ကားလေးရှေ့ကနေ ချာခနဲ လှည့်ထွက်ခဲ့ပါပြီ။

သိပ်ကို ခေတ်မှီသလို ဖူးဥနေအောင်လည်း သိပ်ကိုလုပ်တဲ့ ရဲရဲချစ်တစ်ယောက် ဦးကြယ်စင်သာရဲ့ ဂရုမစိုက်သလို အထင် မကြီးသလိုလုပ်သွားတဲ့ အပြုအမူလေကြောင့် ဝမ်းနည်းမိကာ မျက်ရည်လေးတွေ ဝေ့တက်လာတဲ့အထိတောင် ရင်ထဲမှာ နာကျင် နေရသည်။

ရဲရဲမုန်းကိုကျတော့

ခဏလေးတွေ့လိုက်ရုံနဲ့ ဖွဲလမ်းနေရပါပြီတဲ့။

အမြွာညီအစ်မပဲဟာ ဘာကွာလို့လဲ၊ ရဲရဲမုန်းဟာ ရဲရဲချစ် ထက် ပိုချောနေလို့လား။

သိပ်ကို နာကျင်ဖို့ကောင်းတဲ့လူကြီး။



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်

ရှင့်ကို မုန်းတယ်။

"အဟင့်... ဟင့်"

ဘယ်လိုမှ ဖျောက်ဖျက်လို့မရတော့တဲ့ နာကျည်းကြေကွဲမှုတွေဟာ အိပ်ရာလေးပေါ်ကို ရောက်တဲ့အထိ တနင့်နင့်နဲ့ ခံစားနေရဆဲပါ။ ဦးကြွယ်စင်သာရယ်။

●



## အခန်း (သုံး)

"ဟဲလို ချစ်လား"

"ဟင်... ရှင် ဘယ်သူလဲ"

ဒါ မောင်ဆိုတဲ့ ဝဏ္ဏထွန်းအသံတော့မဟုတ်။

"ချစ်ရာ ကိုယ့်အသံကိုတောင် ချစ် မမှတ်မိတော့ဘူးလား၊ ဖုန်းမဆက်တာကြာလို့များ ကိုယ့်အသံကို ချစ်မေ့သွားပြီလားဟင်"

အသံက ဖုန်းထဲမှာ သိပ်ပြီးရင်းနှီးလွန်းနေ၏။

"ကိုယ် ဘယ်သူလဲဆိုတာ ချစ် စဉ်းစားပါဦးကွာ"

ဒီလူ အလကားနေရင်း ရဲရဲချစ်ကို ဦးနှောက်လာစားနေသည်။

"မသိဘူးနော်၊ လူကို ပဟေဠိလာလုပ်မနေနဲ့၊ ဘယ်သူလဲဆိုတာ မြန်မြန်ပြောရင်ပြော မပြောရင် ဖုန်းချလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဟော့... ဟော့ ဖုန်းမချနဲ့နော်၊ ကိုယ် မစနဲ့ဆို မစတော့ဘူး ကောင်မလေး"

သူမ

ဒီအသံကို ကြားဖူးသလိုပဲ။ ဘယ်မှာကြားဖူးနေပါလိမ့်။

"ကိုယ် အာကာယံလေ"

"ဟင်..."

အာကာယံ။

ဟာ... သိတာပေါ့။ ပြီးခဲ့တဲ့နှစ်က သိခဲ့တာလေ။

သူနဲ့ ရည်းစားတောင် သုံးရက်လောက် ဖြစ်လိုက်သေး။ မကြာပါဘူး။ သူ စက်ာပူကို ထွက်သွားလို့ ဝေးသွားတာ။

"ကိုယ့်ကို မှတ်မိသွားပြီလားဟင်"

"မှတ်မိပြီ၊ အခု ရှင် ဘယ်ကဆက်နေတာလဲ"

"ကိုယ် မြန်မာပြည်ကို ခဏပြန်လာတာလေ"

"သြော်"

စာကြမ်းပိုးကောင်ဟု သူမတို့အုပ်စုက ခပ်ကြိတ်ကြိတ်လေး နာမည်ပေးခံထားရတဲ့ အာကာယံပဲ။ စာကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတတ်တဲ့ အာကာယံကို ထုံးစံအတိုင်း သူငယ်ချင်းတွေနဲ့ အလောင်းအစားလုပ်ကာ ရဲရဲချစ် ချဉ်းကပ်ခဲ့သည်။

အဟွန်း။

အစပိုင်းကတော့ ဟန်ကြီးတခွဲသားနဲ့။ အချစ်ကိုပဲ မယုံ





သလိုလို။ မိန်းကလေးတစ်ယောက်ကိုပဲ စိတ်မဝင်စားသလိုလိုနဲ့။

နောက်ဆုံးတော့လည်း

အာကာယံတစ်ယောက် သူမဆီ ပြုဆင်းလာရတော့တာပဲလေ။ အာကာယံကို သူမ လုံးဝရင်မခုန်ခဲ့တာ အမှန်ပါပဲ။

"ကိုယ် ချစ်နဲ့တွေ့ချင်လို့"

"ကျွန်မ မအားဘူး အာကာယံ"

"ဟင်..."

"ပြောစရာရှိရင် ဖုန်းထဲကပဲပြော၊ နည်းနည်းတော့ ကျွန်မမှာ အချိန်ရသေးတယ်"

"ကိုယ်က ချစ်မျက်နှာလေးကို ငေးကြည့်ပြီးတော့မှ ပြောချင်တာ"

"အာကာယံ"

"ဟင်"

"ရှင် ဘာမှအပိုတွေ ပြောမနေနဲ့၊ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးဟာ အရင်တုန်းကလို ဘာကိုမှ အလေးအနက်မထားတတ်တဲ့ ကောင်မလေး မဟုတ်တော့ဘူး၊ အခု ရင့်ကျက်သွားပြီ၊ ယောက်ျားတွေကိုလည်း မုန်းတတ်သွားပြီ"

သူမ မျက်ဝန်းလေးထဲမှာ ပြေးမြင်လိုက်မိတာ။ ဦးကြွယ်စင်သာဆိုတဲ့လူကြီး။ ခုထိ သူမလေးရင်ထဲမှာ တနုံ့နုံ့ခံစားနေရဆဲပင်။ သူမကို အဖက်မတန်သလို ဆက်ဆံလိုက်လို့။ လူ



www.burmeseclassic.com

www.burmeseclassic.com



တကာက သိပ်ကိုလှပါတယ်လို့ ရဲရဲချစ်ကို ချီးမွမ်းအရောင်လိုချင်နေကြတဲ့အချိန်မှာ ဦးကြယ်စင်သာဆိုတဲ့လူက သူမကို နည်းနည်းလေးမှကို တစ်ချက်ကလေးတောင် လှည့်မကြည့်တော့တာလေ။

"ချစ်"

"ဟင်"

"ကိုယ် ချစ်ကို တကယ်တွေ့ချင်လို့ပါကွာ"

"ကျွန်မ မအားလို့ပါ အာကာယံ"

"ချစ်... စိမ်းတယ်ကွာ"

"မစိမ်းပါဘူး"

"ချစ်ဆီကို ကိုယ် အခုပဲလာခဲ့တော့မယ်"

"ဟာ... မလာနဲ့ အာကာယံ၊ ကျွန်မ သွားစရာရှိတယ်"

သူမ အာကာယံကို မတွေ့ချင်တော့ပါ။

"ချစ်က မလာနဲ့ဆိုလည်း ကိုယ်ကတော့ လာရမှာပဲချစ်၊ ကိုယ်လေ ချစ်နဲ့အတူနေနိုင်အောင်လို့ဆိုပြီး စက်ရုံမှာ ကျောင်းဆက်တက်ရင်း အလုပ်လုပ်နေတာ၊ ကိုယ် ဘယ်လောက် ပင်ပမ်းပြီး ပြန်လာရတယ်ဆိုတာ ချစ် နည်းနည်းလေးမှ မစဉ်းစားတော့ဘူးလား၊ အဲဒါတွေအားလုံးဟာ ချစ်နဲ့နီးရဖို့အတွက်ပဲလေ၊ ပြီးတော့လည်း ရည်းစားဆိုရင် တစ်ခါမှ မထားခဲ့ဖူးတဲ့ ကိုယ်ဟာ ချစ်နဲ့တွေ့မှ အချစ်ကို အရူးအမူးစွဲလမ်းခဲ့ရတာပါ၊





ဒီအကြောင်းကို ကိုယ့်မိဘတွေ၊ ကိုယ့်အသိုင်းအဝိုင်းတွေအားလုံးကလည်းသိတယ်၊ ကိုယ့်ကိုတော့ အလေးအနက်ထားပါချစ်ရယ်"

ဟွန်း... ရှင့်ရုပ်လား ရည်းစားမထားဘူးတဲ့ရုပ်။

"ရှင် ကျွန်မကို မေ့လိုက်ပါ"

"ဟင်... ချစ် ဘယ်လိုပြောလိုက်တာလဲ"

"ကျွန်မဟာ ရှင်အရင်က တွေ့ဖူးထားတဲ့ ရဲရဲချစ်မဟုတ်တော့ဘူး"

"အခု ရဲရဲချစ်က"

"ယောကျ်ားတွေကို အသည်းလိုက်ခွဲနေတဲ့ ရဲရဲချစ်"

"ဘာပြောတယ်"

"ဒီနေ့ကစပြီး ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက် အသည်းလိုက်ခွဲဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပြီ"

"မနောက်... မနောက်ပါနဲ့ ချစ်ရာ"

"ကဲ... ကျွန်မ ဖုန်းချလိုက်တော့မယ်"

"ဟာ... နေပါဦး၊ ချစ်... ချစ်"

ရဲရဲချစ်တစ်ယောက် နှုတ်ခမ်းလေးကို တင်းတင်းလေးစေ့ကာ ဖုန်းခွက်ကလေးကို ချပစ်လိုက်ပါပြီ။

ပြီးတော့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ တစ်ယောက်တည်း သွားရပ်နေလိုက်သည်။ မှန်ချပ်ကြီးထဲမှာ ပေါ်လာတာက ဖူးနှအိစင်နေတဲ့ သူမရဲ့ မျက်နှာလေး။ ကိုယ်လုံးလေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



တင်းရင်းအိစက်နေတဲ့ ကိုယ်လုံးလေး။

"ဟား... ဟား"

"ယောကျ်ားတွေ သိပ်ရယ်ရတယ်"

"ပိုပြီးရယ်ရတာ ဦးကြယ်စင်သာ"

"သိပ်လှတဲ့ ရဲရဲချစ်ကိုများ ရှုတ်လိုက်တာတဲ့"

"မခံချင်ပါဘူး"

"ရဲရဲမုန်းလို ပုံတုံးမကိုကျတော့ ဖွဲလမ်းနေရပြီတဲ့"

"ဟား... ဟား"

အရူမလေးလို တစ်ယောက်တည်း စကားတွေပြောလိုက်၊ တစ်ယောက်တည်းရယ်လိုက်လုပ်နေတဲ့ ရဲရဲချစ်။

အောက်ထပ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ သူမ မသိပါ။

"မင်းက ဘယ်သူလဲဟင်"

"ကျွန်တော်က ဝဏ္ဏထွန်းပါ အန်တီ"

"မင်းကရော"

"ဟဲ... ဟဲ ကျွန်တော်က အာကာယံ၊ မနေ့ကမှ စင်္ကာပူက ပြန်ရောက်လာတာပါ"

ရည်ရည်မွှန်မွှန်နဲ့ စိတ်သဘောထားကောင်းပုံရသော လူငယ်လေးနှစ်ယောက်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ဒေါ်မြသွေးချယ်ရှေ့ကို ရောက်လာကြ၏။

"ကဲ မင်းတို့ရဲ့ လာရင်းကိစ္စလေးတွေကို ပြောစမ်း"





"ဟို... ဟိုလေ ရဲရဲချစ်က"

"ပြောလေ အန်တီ့ကို မကြောက်နဲ့"

"ကျွန်တော့်ရဲ့..."

ဝဏ္ဏထွန်းဆိုတဲ့ ကောင်လေး။

ပြောရမှာ ကြောက်နေပုံပင်။ စကားလေးတွေထစ်ပြီး မျက်နှာလေးက ထူပူနေတဲ့ဟန်ကလေးနဲ့။ အာကာယံဆိုတဲ့ ကောင်လေးကတော့ ဘာမှမပြောဘဲ မျက်လွှာလေးချကာ ထိုင်နေသည်။

"အဟွန်း... ဒီ... ဒီလိုပါအန်တီ၊ ရဲရဲချစ်က... ကျွန်တော့်ရဲ့ ဟိုဥစ္စာလေ... ဟိုဟာဗျာ... ဟိုဒင်း... အင်း... အင်း"

"ရည်းစားလား"

ဒေါ်မြသွေးချယ်က အစဖော်ပေးလိုက်တော့မှ–

"ဟာ... ဟုတ်တယ် အန်တီ၊ အန်တီပြောတာ အမှန်ပဲ၊ အဲဒါ... အဲဒါလေး ကျွန်တော်လည်း ဘာအပြစ်မှမလုပ်ဘဲ ကျွန်တော့်ကို ဖြတ်သွားလို့"

"ဘာ..."

"ကျွန်တော်လည်း သူပြောသလိုပဲ"

"အမလေးနော်..."

နှစ်ယောက်သား ခံစားချက်တွေ တူနေကြသည်။

အရူပ်မ ရဲရဲချစ်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဒင်းရှုပ်ထားတဲ့ အရှုပ်တွေက အိမ်ထဲထိအောင် ရောက်လာကြပြီ။ ဒေါ်မြသွေးချယ် ဘာလုပ်ရပါတော့မလဲ။

"အန်... အန်တီ တောင်းပန်ပါတယ်ကွယ်၊ အန်တီ့သမီး ရဲရဲချစ် ဆိုးတာကို အန်တီသိပါတယ်"

ဧည့်ခန်းလိုက်ကာကြားက ချောင်းပြီးနားထောင်နေတဲ့ ရဲရဲမုန်း၊ ရဲရဲချစ်ရဲ့ အရှုပ်တော်ပုံပြဿနာတွေအကြောင်းကို ကြားလိုက်ရတော့ မျက်နှာလေးရှုံ့မဲ့သွားရသည်။

"ကျွန်တော် အရမ်းပဲခံစားရတယ် အန်တီရာ"

"ကျွန်တော်လည်း ခံစားရတာပဲ အန်တီ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အားကျမခံ တိုင်နေကြသည်။ ရဲရဲချစ်က အပေါ်ထပ်မှာရှိနေပေမဲ့ သူတို့နှစ်ယောက်ကို ပေးတွေ့လို့တော့ မဖြစ်သေးပါ။ နှစ်ယောက်ကြားမှာ ပြဿနာက ရှင်းရခက်သွားမှာလေ။ အငယ်မကြောင့် ဒေါ်မြသွေးချယ် ရှက်လည်းရှက်နေသည်။ မျက်နှာတွေလည်း တစ်ရှိန်လုံး ထူပူနေရ၏။

"ရဲ... ရဲရဲချစ်ပြန်လာရင် အန်တီ ပြောပေးမယ်နော်၊ ဟိုလေ ရဲရဲချစ်က ကလေးစိတ်မကုန်သေးလို့ပါကွယ်၊ အန်တီ တောင်းပန်ပါတယ်၊ ရည်းစားတွေအများကြီးထားတာလည်း အန်တီ မကြိုက်ပါဘူး၊ အန်တီကလေ ဖြစ်နိုင်ရင် ဒင်းကို တစ်





ယောက်ယောက်နဲ့ ပေးစားပစ်လိုက်ချင်တော့တာ သိလား၊ အန်တီ့သမီးက သိပ်ဆိုးတယ်ကွယ်၊ အဟင်း... ဟင်း"

နှစ်သိမ့်ပြီး ပြန်လွှတ်လိုက်ရသည်။

ရဲရဲချစ် ရည်းစားတွေ ပြန်ထွက်သွားတော့မှ စိတ်တိုတိုနဲ့ အပေါ်ထပ်ကို ပြေးတက်လာခဲ့တာ ရဲရဲမုန်း။

"ဟဲ့... ရဲရဲချစ်"

မျက်လုံးကလေးပိတ်ပြီး အိပ်ဖို့ကြိုးစားလိုက်စဉ်မှာ ကြားလိုက်ရသော ရဲရဲမုန်းအသံကြောင့် သူမလေးရဲ့ မျက်ဝန်းလေးတွေ ပွင့်သွားရသည်။

ရဲရဲမုန်း။

နှုတ်ခမ်းကလေးတွေမဲ့လို့။ မျက်လုံးလေးတွေထဲမှာလည်း အထင်သေးနေတဲ့ အရောင်လေးတွေက လက်နေသည်။

"ဟာ... လန့်လိုက်တာ၊ ဒီမှာဖြင့် ငါက အိပ်တော့မလို့"

"ဒီမှာ နင့်အကောင်တွေလာသွားတယ်"

"ဟင်... ဘယ်သူတွေလဲ"

ရဲရဲချစ် လန့်သွားသည်။

"ဘယ်သူတွေကမှာလဲ ဝဏ္ဏထွန်းဆိုတဲ့ ကောင်လေးနဲ့ အာကာယ်ဆိုတဲ့ ကောင်လေးလေ၊ အပြစ်မရှိအပြစ်ရှာပြီး သူတို့ကိုနင်က ဖြတ်သွားလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဒီလိုပဲပြောသလား၊ ကောင်စုတ်တွေ၊ အဲ့ဒါ ဘယ်သူ့ကို ပြောသွားတာလဲ နင့်ကိုလား"

"မေမေ့ကို"

"သေပြီ... သေပါပြီ"

ရဲရဲချစ်။

ခုတင်လေးပေါ်ကနေ ဝုန်းခနဲပြန်ထကာ သူ့နဖူးကိုသူ လက်ဝါးကလေးနဲ့ ပြန်ရိုက်နေသည်။

"နင် သိပ်တရားလွန်နေပြီ ရဲရဲချစ်"

"ဘာလဲဟာ စိတ်ညစ်လိုက်တာ"

"နင့်အကောင်တွေ တစ်ကောင်ပြီးတစ်ကောင် အိမ်အထိ လိုက်လာတာ ကောင်းသလား ရဲရဲချစ်၊ နင် မရှက်ပေမဲ့ ငါတို့ ရှက်တယ်"

"အဲ့ဒါ နင့်အပူပါသလား၊ ငါ့ကိစ္စမှာ နင်ဝင်ပြီး ဝေဖန်ဖို့ မလိုပါဘူး၊ ဟွန်း... နင်က စွံမှ မစွံတာ၊ လူများစွံတာ နင် ဘယ်နာလို့မှာလဲ"

"တော်စမ်းပါ၊ ငါက ငါ့ဟာငါ သီးသန့်ကလေးနေချင်လို့ ဟွန်း... ငါ့ကိုကပ်ချင်နေတဲ့လူတွေ တပုံကြီး"

"ဟာ... ဟ"

ရဲရဲမုန်း မခံချင်အောင် တမင်ဟားတိုက်ပစ်လိုက်သည်။

"ရဲရဲချစ်"





"ဘာလဲဟာ"

"နင့်ကြောင့် ငါတို့မိသားစု ဂုဏ်သိက္ခာကျဆင်းမှာ မလိုလားဘူး"

"ဘာ..."

"နင် မသိမှာစိုးလို့ ပြောပြတာပါ"

"နင်... နင် ငါ့ကို အထင်သေးလှချည်လား ရဲရဲမုန်း၊ နင်သိထားဖို့က ရည်းစားထားတာ ပျော်ပျော်နေတာကလွဲပြီး မိန်းမတစ်ယောက်ရဲ့ ထိန်းချုပ်စောင့်စည်းရမဲ့ ဂုဏ်သိက္ခာကို တလေးတစား စောင့်ထိန်းနေတုန်းပဲ၊ အဲဒါ နင် သိထားစမ်းပါ"

"ဘယ်အချိန်ထိ နင် စောင့်စည်းမှာလဲ"

"ဘာ..."

"ဟိုက ယောကျ်ားတွေဟဲ့၊ အဲဒါ နင်နားလည်လား၊ သူတို့က နင့်အားမှာကပ်ပြီး ဥပုပ်စောင့် တရားထိုင်နေမှာ မဟုတ်ဘူး"

"အဲ့ဒါ ငါ့ကိစ္စပါ၊ အရေးကြီးတာ နင့်ကိုယ်နင် သိပ်ပြီး အထင်ကြီးမနေဖို့ပဲ၊ မြင့်တဲ့အပင်က သူများထက်လေပိုပြီး အတိုက်ခံရတတ်တယ်၊ နင့်အလှည့်ကျမှ ကူပါဦးမလုပ်နဲ့"

"အဟက်... သွားစမ်းပါ၊ နင့်လိုများမှတ်နေသလား၊ ငါက လုံးဝကင်းရှင်းတယ်၊ သန့်သန့်လေး အေးဆေးပဲ"

"ဟွန်း စောင့်ကြည့်ရသေးတာပေါ့၊ နင့်လို ပုံတုံးမကိုလည်း ဘယ်သူကမှ မသုံးဘူး နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"ဟား... ဟား ဒီလောက်ပုံတုံးအကျႌတွေဝတ်ပြီး အပြင်ထွက်တာ နင့်ကို ဘယ်အကောင်က ကြိုက်မှာလဲ၊ အချစ်ဆိုတာကို နင် မသိပါဘူး ရဲရဲမုန်းရာ၊ အချစ်အကြောင်းကို နင် ငါ့လောက် မခံစားတတ်သေးပါဘူး၊ အချစ်ဆိုတာကို နင် ရှာမတွေ့သေးလို့ ခေါင်းမော့နေနိုင်တာပါဟာ၊ တွေ့ရင် နင့်လိုမိန်းမမျိုးက ပိုပြီးတော့တောင် အထိန်းအကွပ်မဲ့ဦးမယ်၊ အချစ်ဆိုတာ တန်ခိုးလည်းကြီးသလို အငြိုးလည်းကြီးတယ်၊ အဲဒါ တစ်နေ့ကြရင် နင် သိလာလိမ့်မယ်"

"တော်စမ်းပါ၊ နင့်အချစ်အကြောင်းကို ငါ လုံးဝစိတ်မဝင်စားဘူး၊ ငါ့နာမည်ကိုက ရဲရဲမုန်းတဲ့၊ အမုန်းအကြောင်းပဲစိတ်ဝင်စားတယ်"

"အမုန်းရဲ့နောက်မှာ အချစ်ရှိတယ်၊ အချစ်နဲ့အမုန်းဟာ အမြဲဒွန်တွဲနေတယ်၊ မကြာခင် နင် အချစ်နဲ့တွေ့လိမ့်မယ်"

"လုံးဝပဲ"

နှာခေါင်းလေးရှုံ့၊ မျက်နှာလေးမဲ့ကာရွဲ့ကာ လက်ကလေးတခါခါနှင့် ငြင်းဆန်လိုက်သော ရဲရဲမုန်းကိုကြည့်ပြီး အဓိပ္ပာယ်ရှိသော အပြုံးလေးနှင့်ပြုံးကာ ရဲရဲချစ် နေရာကနေ လှည့်ထွက်ခဲ့ပါတော့သည်။

"ဟဲ့... ရဲရဲချစ် ခဏနေဦး"





"ဟင်... ဘာလဲ"

"သတိုးဆိုတာ ဘယ်သူလဲ"

"ဘာ..."

"သတိုးထင်တဲ့ စောစောကပဲ ဖုန်းဆက်သွားတယ်"

"တကယ်"

ရဲရဲချစ် မျက်နှာလေး အခုမှ တကယ်ဝင်းလက်သွားသည်။

"နင့်ကို ငါ နောက်ရမလား၊ နင်တို့အဖွဲ့တွေ ပဲခူးဘုရားတွေသွားဖူးကြမလို့ဆို၊ အဲဒါ မနက်ခြောက်နာရီ အိမ်ကိုလာခေါ်လိမ့်မယ်"

"နင်... နင် အမေ့ကို ပြောပေးဦးနော်"

"နင် မလွန်ဘူးလား၊ နင်တို့က ပဲခူးထိတောင်သွားကြဦးမယ်"

"နေ့ချင်းပြန်ခရီးလေးပါဟာ၊ ရန်ကုန်မြို့ထဲမှာချည်းပဲ အမြဲနေရတာ ငြီးငွေ့လာလို့ပါ၊ ပြီးတော့ သတိုးဆိုတာကလည်း"

"ဘာလဲ အဲဒါလည်း နင့်ရဲ့ရည်းစားပဲလား"

"ဟင့်အင်း အီစီကလီပါ"

"ဒါဆို မနက်ဖြန် နေ့လည်ကျရင် နင့်ရဲ့ ဟိုအကောင် နှစ်ကောင် ရောက်လာရင် ဘယ်လိုလုပ်မလဲ"

"နင် ဧည့်ခံထားလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပါလား၊ နင့်အကောင်တွေ တစ်ကောင်မှကို စိတ်မဝင်စားတာ၊ ဂျင်းတဲမန်းစတိုင် တစ်ယောက်မှမရှိဘူး"

"ရဲရဲမုန်း"

"ဘာလဲ"

"နင်နဲ့ငါက ရုပ်ချင်းတထေရာတည်းတူတော့ ငါ့ကောင်လေးတွေက နင့်ကိုတွေ့ရင် ငါနဲ့မှားပြီး ချစ်မှာ နင်ဘယ်လိုလုပ်မလဲ"

"အောင်မယ် ငါ့လာချစ်ကြည့်ပါလား ဆောင့်တောင်ကန်ပစ်လိုက်ဦးမယ်"

"ဟား... ဟား... ဟား"

ဟန်ပန်ကလေးနဲ့ မျက်နှာထားလေးတင်း နှာခေါင်းလေးရှုံ့ကာ လုပ်ပြလိုက်သော ရဲရဲမုန်းရဲ့ အမူအယာလေးကြောင့် စိတ်မထိန်းနိုင်စွာ တဟားဟား အော်ရယ်လိုက်မိသည်။

●



## အခန်း (လေး)

ကြယ်စင်သာတစ်ယောက် မိုးကလေးချုပ်လာတာနဲ့ စိတ်တွေက ကဏှာမငြိမ်ချင်တော့ပါ။ ကော်ဖီရောင်ဝမ်းဆက်နဲ့ ရဲရဲမုန်းဆိုတဲ့ ကောင်မလေးကို သတိရပြီး စတိုးဆိုင်လေးရှိတဲ့ ရပ်ကွက်ကိုပဲ သွားချင်နေမိပြီ။

သူ

အဲဒီကောင်မလေးကို တကယ်ချစ်သွားမိခဲ့တာပါ။

တော်တော်လေးကို မြတ်နိုးစွဲလမ်းချင်စရာကောင်းတဲ့ ရဲရဲမုန်းဆိုတဲ့ ကောင်မလေး။ သူမလေးရဲ့ မျက်ဝန်းကလေးတွေက တည်ငြိမ်လိုက်တာ။ သူမလေး လှုပ်ရှားသွားလာပုံကလေးကရော ကျက်သရေရှိပြီး ယဉ်ကျေးသိမ်မွေ့လိုက်တာ။ အလုပ်လုပ်နေရင်းလည်း သူမလေးကို သတိရနေမိသည်။

မောင်ဇော်ရယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းဆရာငါတော့ ဒုက္ခရောက်နေရပြီကွာ။

အလုပ်လုပ်ရတာလည်း စိတ်မပါတော့ပါဘူး။

"ဆရာ ဘာတွေငိုင်ပြီး ဒီလောက်တောင် စဉ်းစားနေတာလဲ"

"ဟင့်"

ပြောရင်းဆိုရင်း မောင်ဇော် ရောက်လာသည်။ လက်ထဲမှာလည်း ဖိုင်တွဲတွေ၊ အိတ်တွေကိုင်လို့။

"ရုံးဆင်းတော့မယ်လေ ဆရာသမားရဲ့၊ အဆင်သင့်ဖြစ်အောင် ကျွန်တော် တစ်ခါတည်း ပြင်လာတာ"

"အေးကွာ သွားကြတာပေါ့"

ကားပေါ်ရောက်တဲ့အထိ ကြယ်စင်သာ စကားမပြောနိုင်။ သူ့စိတ်တွေက ရဲရဲမုန်းဆီကိုပဲ ရောက်နေရတာ မဟုတ်လား။ ဖုန်းဆက်ချင်ပေမဲ့ ခလုတ်ကလေးတွေ ဖိနှိပ်ရမှာကိုပင် လက်က ကြောက်နေမိသည်။ သူ့လို ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်ကို ဖုန်းသရဲအထင်ခံလိုက်ရတာကိုပဲ တွေးတွေးပြီး ရှက်နေမိခဲ့ရတာပါ။

ရဲရဲမုန်းဆိုတာက အိန္ဒြေရှင်မလေးလေ။

တည်ငြိမ်ပြီး သိပ်ကိုချစ်ဖို့ကောင်းတဲ့ အိန္ဒြေရှင်မလေးမို့ သူ့ဖက်က တန်ဖိုးထားနေမိတာလည်း ပါမှာပေါ့။

"ဆရာ"





"ဟာ... လန့်လိုက်တာကွာ"

"ဆရာ ဒီနေ့ ဘာလုပ်ချင်သလဲပြော၊ ဘယ်ကိုသွားချင်သလဲပြော၊ ဆရာ့ဆန္ဒအတိုင်း အားလုံးဖြစ်စေရမယ်"

"အဟွန်း"

"ကျွန်တော် သိတယ်နော် ဆရာ"

"မင်းက ဘာသိတာလဲ"

"ဆရာ့ရဲ့ ကော်ဖီရောင်ဝမ်းဆက်မလေးလေ"

"မင်း... မင်းကွာ၊ အဲဟင်း... ဟင်း"

"ဟား... ဟား မရှက်ပါနဲ့ဆရာရယ်၊ အချစ်ဆိုတာ ရှက်စရာမဟုတ်ပါဘူး၊ ချိုမြိန်လှပတဲ့ သစ်သီးလေးတစ်လုံးကို တစိမ့်စိမ့်လေး ကြည့်ပြီးတော့မှ နမ်းမွှေးလိုက်ရတဲ့ အရသာလေးပါ"

"တယ်ဟုတ်ပါလား မင်း မဆိုဘူး"

"အဲ့ဒီသစ်သီးလေးကို သွားရှာကြည့်မယ်လေ ဆရာ"

"မင်းသဘော မင်းသဘော"

ရဲရဲမုန်းကိုများ

သစ်သီးလေးတဲ့။

မောင်ဇော်ကတော့ ကားကလေးကို ရဲရဲမုန်းနေတဲ့ ရပ်ကွက်ဖက်ကို ဦးတည်လိုက်ပြီ။ သူမလေးတို့ခြံရှေ့ကနေ ဟွန်းသံလေးပေးပြီး ဖြတ်မောင်းကြည့်သည်။ အရိပ်အယောင်ကလေးတောင်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့။ ဒီလိုနဲ့ သုံးခေါက်ပတ်မောင်းကြည့်သည်။ ဘာမှမထူးခြား။ စတိုးဆိုင်ဘက်ကို သွားကြည့်တော့လည်း လူကရှင်းနေသည်။

"မတွေ့ဘူးနော် ဆရာ"

"အေးကွာ"

ကြယ်စင်သာ စိတ်ဓာတ်ကျမိသည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ရင်ကောင်းမလဲ"

"ထုံးစံအတိုင်းပေါ့ကွာ"

"ဗျာ"

ဒီလောက်ဆို မောင်ဇော် သဘောပေါက်သွားပြီ။

တိတ်ဆိတ်ငြိမ်သက်တဲ့ စားသောက်ဆိုင် တစ်ခုခုဆီကို လိုက်ပို့ရတော့မည်။

ကောင်းပါတယ်ဆရာရယ်။ တစ်ခါတလေတော့လည်း အချစ်ဆိုတာ စကြာဝဠာဟင်းလင်းပြင်ကြီးတစ်ခုထဲကို လွင့်စင်ပေါက်ကွဲရတဲ့ သင်္ကေတတစ်ခုတဲ့ဆရာ။

တိုက်တိုက်ဆိုင်ဆိုင်ပင်။

အဲ့ဒီဆိုင်လေးကို ကြိုရောက်နေတာ သတိုးထင်နဲ့ ရဲရဲချစ်။ ပဲခူးကအပြန်မှာ ရဲရဲချစ်ကို လိုက်မပို့သေးဘဲ နှစ်ယောက်အတူ ညစာဝင်စားရင်း စကားတွေပြောနေကြတာပါ။





ရဲရဲချစ်က ခြေသလုံး ဝင်းဝင်းအိအိကလေးပေါ်နေတဲ့ ကိုယ်ကြပ်ဘောင်းဘီကလေးနဲ့ အပေါ်မှာတော့ လည်ဟိုက်အင်္ကျီလေးမှာ ကြိုးကလေးတစ်ချောင်းနဲ့ လက်မောင်းသား ဝင်းဝင်းအိအိကလေးတွေ ပေါ်နေအောင်ကို ဝတ်ထားတာလေ။ စီးထားတာကလည်း ရှူးအနက်ရောင် ဖိနပ်ကလေးနဲ့ပါ။

သတိုးထင်ရဲ့ ဒီဇိုင်းကလည်း ခေတ်ရှေ့ပြေးနေတဲ့ဒီဇိုင်း။ လည်ပင်းနဲ့ လက်တွေမှာလည်း ဖန်စီကြိုးတွေကို ရှုပ်ယှက်ခတ်နေအောင် ဝတ်ထား၏။

"ချစ်"

"ပြောလေ သတိုးရဲ့"

"ဒီနေ့ ချစ် သိပ်လှတယ်ကွာ"

"အဟွန်း"

"ကိုယ့်ကို အဖြေပေးဖို့တော့ ကောင်းပြီနော်"

"အဖြေ ဟုတ်လားဟင် သတိုး ဘာအဖြေလဲ"

"ချစ်တယ်ဆိုတဲ့ အဖြေလေ"

တကယ်တော့ သတိုးကို သူမ မချစ်ပါ။ ချစ်ကြည့်လို့လည်း မရခဲ့ပါ။ သတိုးက ချောတော့ သတိုးကိုကြိုက်ကြိုက်နေကြတဲ့ မိန်းမတွေကို ကျလိကျလိဖြစ်အောင်ဆိုပြီး သူမက တမင်တွဲခဲ့တာပါ။ သတိုးခေါ်တဲ့ နေရာတိုင်းကိုလည်း သူမ မလိုက်ခဲ့ပါ။ တစ်ခါတစ်ခါ ရဲရဲချစ် ပြန်စဉ်းစားကြည့်မိသည်။ သူမတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဆန်ဆန် ခပ်ပျော့ပျော့နေတတ်တဲ့ မိန်းကလေးတွေကို ချစ်ပါတယ် ကြိုက်ပါတယ်ပြောပြီး ချဉ်းကပ်လာတဲ့ ယောကျ်ားလေးတွေဟာ ဘာဖြစ်လို့ ပန်းခြံတွေ၊ ရုပ်ရှင်ရုံတွေ၊ လူရှင်းတဲ့နေရာတွေကိုမှ ရွေးခေါ်ပြီး စကားပြောချင်နေကြတာလဲ။ တည်ငြိမ်တဲ့ ရင့်ကျက်တဲ့ ဂျင်းတဲမန်းဆန်တဲ့ ယောကျ်ားမျိုးတွေဟာ သူမတို့လို မိန်းကလေးတွေကို ဘာဖြစ်လို့ ရင်ထဲစွဲအောင် မချစ်ကြတာလဲ။

ခုလည်း သတိုးက သူမ မရောက်ဖူးသေးတဲ့ တိတ်ဆိတ်ငြိမ်သက်တဲ့ နယ်မြေသစ်လေးတစ်ခုထဲကို အတင်းခေါ်လာခဲ့တာလေ။ ရင်ကလေးတထိတ်ထိတ်နဲ့ မမှောင့်တမှောင် မီးရောင်လေးအောက်က စားသောက်ဆိုင်ကလေးထဲကို ရဲရဲချစ် လိုက်ခဲ့ရတာပါ။

ပြီးတော့လည်း သတိုးမှာ ရည်းစားတွေအများကြီးနဲ့။

ဝဏ္ဏထွန်းလည်း ဘာထူးလို့လဲ။ အာကာယံလည်း အတူတူပဲ။ အဲဒါ ဘာတွေဖြစ်နေကြတာလဲ။ အချစ်ဆိုတာကို ဈေးပေါတဲ့ ရောင်းကုန်တစ်ခုအနေနဲ့ ခေတ်လူငယ်တွေ ထုတ်ရောင်းနေကြတာလား။ အချစ်စစ်ရဲ့ တန်ဖိုးကိုရော သူတို့ သိကြရဲ့လား။

ဦးကြယ်စင်သာ။

ရဲရဲချစ်ကို တစ်စက်ကလေးမှ ဂရုမစိုက်သွားခဲ့တဲ့ လူကြီးပါ။ ဒီလောက်လှပပြီးတော့ ဖူးတင်းဝင်းမွတ်နေတဲ့ ကောင်မလေးတစ်ယောက်ကို သူ ဘာဖြစ်လို့များ စိတ်မဝင်စားခဲ့ရတာလဲဟင်။





"ချစ် ဘာတွေစဉ်းစားနေတာလဲ"

"ဟင်"

"တစ်ခုခုကိုတွေးပြီး ချစ် ငိုင်နေတယ်"

"ဘုရားရေ..."

"ဟား... ဟား ချစ် ဘယ်သူ့ကိုတွေ့လိုက်လို့လဲ၊ ချစ် ဘယ်သူ့ကို လိုက်ကြည့်နေတာလဲ"

သွားပါပြီ။

ဦးကြယ်စင်သာနဲ့ သူ့တပည့် ဟိုလူ။

ရဲရဲချစ်တို့စားပွဲနဲ့ မလှမ်းမကမ်းက စားပွဲလေးမှာ ငိုင်တိငိုင်တိုင်လေးတွေ လျှောက်လာပြီး ဝင်ထိုင်လိုက်ကြပြီ။

"အို... အို"

သူမရဲ့ရင်ကလေးထဲမှာ ငြိမ့်ခနဲ တစ်ချက်လှုပ်ခတ်သွားသည်။

သူမ ထင်မထားခဲ့ပါ။

ဦးကြယ်စင်သာဟာ အဲဒီလောက်ကြီး ချောမောအိစိ တည်တင်းနေလိမ့်မယ်လို့ မျှော်လင့်မထားခဲ့တာလည်း အမှန်ပဲဖြစ်သည်။

"အဲဒါ ဘယ်သူလဲ ချစ်"

"ကိုယ်နဲ့မဆိုင်တာကို ရှင် မသိချင်နဲ့လေ"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



သတိုး စိတ်ဆိုးရင်လည်း မတတ်နိုင်တော့ပါ။

ဦးကြယ်စင်သာ လမ်းလျှောက်ဝင်လာတဲ့အချိန်မှာ သူ့ကို အနီးကပ်လေး မော့ကြည့်ခွင့်လေး ရလိုက်တဲ့ ရဲရဲချစ်တစ်ယောက် ရင်ထဲမှာ စူးကနဲ နင့်သွားရတဲ့ ခံစားချက်လေးကို သတိုးသိဖို့ လိုအပ်ပါသလား။ ထုံးစံအတိုင်း ဦးကြယ်စင်သာက သူမလေးကို ဂရုမစိုက်ခဲ့ပြန်ပါ။ သူ့တပည့်က ကျောခိုင်းထိုင်နေလို့ထားပါတော့။ ဦးကြယ်စင်သာက ရဲရဲချစ်နဲ့ဆို မျက်နှာချင်းဆိုင် ဖြစ်နေတာလေ။

တစ်ချက်လေးတော့ မော့ကြည့်လိုက်သင့်တာပေါ့။

တကယ်ပါ။

ဦးကြယ်စင်သာဟာ တကယ့်ကို တည်တင်းချောမောတဲ့ လူတစ်ယောက်ပါ။ အသားအရည်လေးက ဝင်းဝင်းစိုစိုကလေး။ နှုတ်ခမ်းလေးတွေက ရဲရဲထူထူကလေး။ နက်ပြာရောင် စတိုင်ပန် အပွကလေးရယ်၊ အပွင့်အစက်သေးသေးလေးတွေပါတဲ့ ရှပ်အင်္ကျီ အဖြူဖွေးဖွေး လက်ရှည်ကလေးကို ကြယ်သီးလေးတွေ စိစိရီရီ ကလေးတပ်ပြီး ဝတ်လိုက်တော့ တကယ့်ကို ခန့်ညားသွားရတော့ တာပါ။

"မင်းလေးကို ကိုယ် သိပ်ပြီးတော့ တွေ့ချင်နေပြီကွာ၊ စကားမပြောရရင် နေပါစေ မျက်နှာလေးကိုတွေ့ရရင် ကိုယ်





ကျေနပ်ပါပြီ၊ ကိုယ်အဝေးကပဲ တိတ်တိတ်လေး ခိုးကြည့်နေမယ် လေ"

"ဟင်း... ဟင်း"

ရဲရဲမုန်းဆီကို ဖုန်းလှမ်းဆက်တုန်းက ဦးကြယ်စင်သာ ပြောသွားခဲ့တဲ့ စကားလေးတွေကို ရဲရဲချစ်နားထဲမှာ ပြန်ကြား ယောင်လာပြီး ရဲရဲမုန်းကို မနာလိုဖြစ်သွားမိသည်။

"ကိုယ်ရှုံးသွားပြီ သိလား ချစ်၊ ကိုယ် မင်းကို အရှုံးပေးလိုက် ပြီ"

"ဟင်"

"အဲဒီလူကို မင်း စိတ်ဝင်စားနေပြီမို့လား၊ ကိုယ်သိတယ်၊ မင်းမျက်ဝန်းလေးတွေကို ကိုယ်ကြည့်လိုက်တာနဲ့ သိနေတယ်၊ သူ့ကို မမျှော်လင့်ဘဲ စတွေ့လိုက်တဲ့အချိန်မှာ မင်းမျက်ဝန်းလေး တွေ လက်ခနဲ အရောင်တစ်ချက်ပြောင်းသွားတယ်၊ မင်းလက် ကလေးတွေ ဆတ်ခနဲ တစ်ချက်တုန်သွားတယ်၊ အဲဒါကို မင်း ဝန်ခံနေစရာမလိုတော့ဘူး"

"ရှင် ထင်တာပါ"

"ထင်တာမဟုတ်ဘူး၊ လုံးဝအတိအကျ ပြောလိုက်တာ"

"ကျွန်မ သူ့ကိုမုန်းတယ်"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲမှာ နင့်နေအောင်နာတယ်"

"ဟား... ဟား"

လှောင်ပြောင်တဲ့ အငွေ့ကလေးတွေပါနေတဲ့ ရယ်သံတစ်ခုနဲ့ သတိုးက ရယ်ချလိုက်သည်။

"ဒီမှာ သတိုးရဲ့"

"ဘာလဲကွာ"

"ကျွန်မတို့ ပြန်မှဖြစ်တော့မယ်"

"ကိုယ် ပြန်လိုက်ပို့မှာပေါ့ကွာ"

နောက်ဆုံးအနေနဲ့တော့ သူ့ကို ရဲရဲချစ် တစ်ချက်ကလေး လှမ်းကြည့်လိုက်ပါသေးသည်။ ပြီးတော့ ချာခနဲလှည့်ထွက်ခဲ့သည်။

အဲဒီနေ့ကစပြီး–

အိမ်ထဲကအိမ်ပြင်ကိုတောင် သူမလေး မထွက်တော့ပါ။

"ရဲရဲချစ်"

"ဟင်"

"နင် ဘာဖြစ်နေတာလဲ"

"မသိပါဘူးဟာ"

"နင် မျက်နှာမကောင်းဘူး"

တစ်နေကုန် အခန်းအောင်းပြီး ငြိမ်ကုတ်နေတဲ့ ရဲရဲချစ်ကို မြင်ရတော့ ရဲရဲမှန်း မနေသာပါ။





သူမကလေးအနားကို မယောင်မလည်သွားကာ မေးနေမိသည်။

တကယ်ဆို

ရဲရဲချစ်က ဝမ်းနည်းပြီး တစ်ယောက်တည်းနေနေမိတာပါ။

"နင် အပြင်မှာ ဘယ်သူတွေနဲ့ ပြဿနာဖြစ်လာသလဲဆိုတာ ငါ့ကိုပြောလေ"

"မဖြစ်ပါဘူး"

"နင် မလိမ်နဲ့ ရဲရဲချစ်၊ နင့်အကြောင်းကို ငါသိတယ်၊ နင် ခုလို တစ်နေကုန် အခန်းအောင်းပြီး ငြိမ်ကုတ်နေတာ အကြောင်းရှိတယ်"

"ရဲရဲမှန်း"

"ဘာလဲ"

"နင့်ကို ငါ တစ်ခုမေးချင်လို့"

"ဟင်"

ရဲရဲချစ်က မျက်နှာထားတည်တည်လေးနဲ့ ပြောနေတော့ ရဲရဲမှန်းကလည်း မျက်တောင်လေးတွေကို ကော့နေအောင်ပင့်ကာ နားစွင့်ထားလိုက်သည်။

"ဟိုလေ... ဟို... အခုအချိန်မှာ နင့်ကိုလေ အရမ်းချောတဲ့ လူကြီးတစ်ယောက်က ဟို... ချောတာမှ အရမ်းချောတဲ့လူကြီး သိလား၊ အင်း... အဲဒီလူကြီးက ချမ်းလည်းချမ်းသာ သူဌေးလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒွေး၊ နောက်ဆုံးပေါ် အိစက်နေတဲ့ ကိုယ်ပိုင်ကားကြီးနဲ့ နင့်နောက်ကိုလိုက်လာရင် နင် ဘယ်လိုလုပ်မလဲ”

“စိတ်ချ ငါ့နောက်ကို ဘယ်သူမှမလိုက်ဘူး”

“ဟာ… လိုက်လာရင်လို့ ပြောတာလေ”

ရဲရဲချစ်က စိတ်မရှည်စွာ ခေါင်းလေးကို တဖြည်းဖြည်းကုတ်လိုက်လေလျှင် ရဲရဲမုန်းကလည်း မျက်နှာလေးကို ရှုံ့မဲ့လိုက်ကာ–

“ဟွန်း… ထွက်ပြေးမှာပေါ့”

“တကယ်”

“တကယ်ပါဆိုမှဟာ ဒါလေးပြောတာများ နင့်မျက်လုံးကြီးက ဘာဖြစ်လို့ အဲလောက်တောင် ပြူးထွက်သွားရတာလဲ”

“ငါ မယုံလို့”

“ငါ တကယ်ထွက်ပြေးမှာပါ၊ ယောကျာ်းတွေ ဘာလုပ်ရမှာလဲ၊ ကိုယ့်ဟာကိုယ် တစ်ယောက်တည်းနေတာ အကောင်းဆုံးပဲ၊ လွတ်လပ်တယ်၊ ကိုယ့်ကို ဆရာလုပ်မဲ့သူလည်း မရှိတော့ဘူး”

“တကယ်နော်”

ရဲရဲချစ် ခုထိ မယုံသေး။

ရဲရဲမုန်းကလည်း လက်ကလေးတခါခါ ခေါင်းကလေးတခါခါနှင့် ရဲရဲချစ်ယုံအောင် ကတိတွေအထပ်ထပ်ပေးနေရသည်။

“နင်မေးတာ ငါ ဖြေပြီးပြီနော် ရဲရဲချစ်၊ ကဲ ငါမေးတာလည်း နင်ပြန်ဖြေဦးလေ”





“ဘာလဲ”

“နင် ဘာဖြစ်လို့ တစ်နေကုန် ငြိမ်ကုတ်နေတာလဲ”

“ငါ စဉ်းစားနေလို့ပါ”

“အောင်မယ် နင့်လိုမိန်းမက စဉ်းစားတယ်ဟုတ်လား၊ ဘယ်သူ့ကို ဒုက္ခပေးရင်ကောင်းမလဲဆိုပြီး နင် စဉ်းစားနေတာမဟုတ်လား”

“မနောက်နဲ့ဟာ ရဲရဲမုန်း”

“ကဲ ပြောစမ်း နင် ဘာတွေစဉ်းစားနေသလဲဆိုတာ”

“ဟဲ… ဟဲ လူတစ်ယောက်အကြောင်း”

“ဘာ…”

“အဲဒီလူကို သိပ်မုန်းလို့”

“အောင်မလေး ရဲရဲချစ်ရယ်၊ ဒီကမ္ဘာကြီးပေါ်မှာ နင်ချစ်တဲ့ကောင်လေးတွေ အများကြီးပဲ ငါတွေ့ဖူးတာပါ၊ ဘယ့်နှယ်လုပ်ပြီး အခုမှ မုန်းတဲ့လူက ကြံကြံဖန်ဖန် ပေါ်လာရတာလဲ၊ သွားပါပြီ သွားပါပြီ၊ လောကကြီးတစ်ခုလုံးတော့ ဖောက်ထိုးမိုးမျှော်တွေဖြစ်ကုန်ပါပြီ ဟင်း… ဟင်း”

“ငါ တကယ်ပြောနေတာ”

“တကယ်”

သည်တစ်ခါ မျက်လုံးပြူးသွားရတာက ရဲရဲမုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း... အဲဒီလူကို ငါ သိပ်မုန်းတာပဲ၊ သူ့ကိုကြည့်လိုက်ရင် အိုက်တင်ကြီး တခွဲသားနဲ့၊ ပဲကလည်း အရမ်းများတယ်"

"ချောလား"

"အင်း မဆိုးပါဘူး"

"ရဲရဲချစ်ရာ နင်ပြောတာကြီးကလည်း ချောရင်လည်းချောတယ်၊ မချောရင်လည်း မချောဘူး၊ အပြတ်ပြောပေါ့ စုတော့ မတင်မကျကြီး"

ရဲရဲမုန်း နားထောင်ရတာ အားမလိုအားမရ ဖြစ်နေသည်။ ရဲရဲချစ်ကိုလည်း သိပ်တော့မယုံရဲပါ။ ခင်းကစိတ်ချရတာမဟုတ်။ ဘယ်ကိုချောက်ပြပြီး ညာကိုလှမ်းသွားမှာ ကြောက်နေရသည်။ စုတောင် ရဲရဲမုန်းဆီက ဘာတွေကြိတ်နိုးထားပြီး တစ်နေကုန် သူတော်ကောင်းယောင်ဆောင်နေသလားမှ မသိတာ။ ဟင်း သတိတော့ထားမှ၊ ခင်းပြောတာကို အကုန်ယုံလိုက်လို့တော့ မဖြစ်သေးဘူး။

ရဲရဲမုန်း စိတ်ထဲက ကြိတ်တွေးပစ်လိုက်သည်။ -

"ရဲရဲမုန်း"

"ဟင်"

"အဲဒီလူကို ငါ အသည်းခွဲမယ်ဆိုရင် နင် သဘောတူရမယ်နော်"





"ဟဲ့"

ရုတ်တရက် ရဲရဲမုန်း လန့်သွားသည်။

"ဟွန်း... ငါကြည့်လို့မရလို့"

"နင်... နင် နင့်ကိုယ်နင် သိပ်လှတဲ့ ကောင်မလေးတစ်ယောက်ဆိုပြီး ယောကျ်ားလေးတွေကို ကြည့်လို့မရတိုင်း အသည်းလိုက်ခွဲမနေနဲ့နော်၊ ယောကျ်ားတွေကို နင် ဘာအောက်မေ့နေလို့လဲ၊ တစ်နေ့ကြ နင်ပဲခံသွားရလိမ့်မယ်"

"ဂရုမစိုက်ဘူးသိလား၊ ငါ့နာမည် ရဲရဲချစ်"

"ငါ သဘောမတူဘူးနော်၊ ဝဏ္ဏထွန်းနဲ့ အာကာယံလည်း တွဲတုန်းက နင်ပဲတွဲခဲ့ပြီးတော့ အခု အလကားနေရင်း ဖြတ်ပစ်လိုက်တယ်၊ နင့်မှာ... နင့်မှာ ချစ်တတ်တဲ့ အသည်းနှလုံးလေးက နည်းနည်းလေးတောင် မရှိတော့ဘူးလားဟင် ရဲရဲချစ်၊ နင် အဲလို တွေလျှောက်လုပ်နေတာ ဘယ်လောက်သိက္ခာကျလဲ၊ နင့်လောက် ယောကျ်ားလေးသူငယ်ချင်းတွေ များတာလည်းနင်ပဲ၊ ကြာရင် နင် နာမည်ပျက်တော့မယ်၊ ဟွန်း အခုလည်း လာပြန်ပြီတစ်ယောက်"

"အဲဒါ နောက်ဆုံးတစ်ယောက်ပါ"

"ဒီတစ်ခါ ရုတ်ရက်ဖြစ်ပြီး အဲဒီလူအိမ်ကိုလာတိုင်ရင်တော့ မေမေနဲ့ပေါင်းပြီး နင့်ကို တစ်ခါတည်း ယောကျ်ားပေးစားပစ်လိုက်မှာနော် ရဲရဲချစ်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး… မလုပ်ပါနဲ့"

"ဘာမလုပ်ရမှာလဲ"

"ဒေါက်…"

"အား…"

လက်သွက်သွက်နဲ့ ရဲရဲမုန်းက ရဲရဲချစ် ငယ်ထိပ်ကလေးကို ဒေါက်ခနဲနေအောင် ခေါက်ထည့်လိုက်ပြီး။

"နာ… နာလိုက်တာဟာ ကျွတ်… ကျွတ်"

ဖိနပ်ခိုးစီးသွားတဲ့ နေ့ကတည်းက ဒင်းရဲ့ငယ်ထိပ်ကို ခပ်ဆတ်ဆတ်လေး ခေါက်ပစ်ချင်နေတာလေ။ ခုတော့ အတော်ပဲ ဖြစ်သွားရသည်။ ရဲရဲချစ်က မျက်နှာလေးမဲ့ပြီး နှုတ်ခမ်းလေးကို တစ်ချက်စူတင်းပစ်လိုက်ကာ။

"နင်… နင် ငါ့ကို ဘယ်အချိန်ကတည်းက မုန်းနေတာလဲ ဟင်၊ တကယ်ဆော်တာသိလား"

"ဆော်မှာပေါ့ နင်က မဟုတ်မဟပ်တာတွေလုပ်ဖို့ အမြဲကြံစည်နေတာကိုး"

"ဟွန်း… နင်သွားတော့ဟာ"

"ငါပြောတာ နင် မှတ်ထားနော် ရဲရဲချစ်၊ နင့်ကိုယ်နင် သိပ်လှတယ်၊ နင့်ကိုတွေ့လိုက်တာနဲ့ သိပ်လှတဲ့ကောင်မလေးဆိုပြီး ယောကျ်ားလေးတွေအားလုံးက နင့်ကို သိပ်ချစ်သွားတယ် ထင်မနေနဲ့၊ နင်က ခေတ်မီဆန်းပြားတဲ့ အဝတ်အစားတွေဝတ်





ပြီး မလုံ့တလုံထွက်လေလေ နင့်ကို ပေါ့ပျက်ပျက်ကောင်မလေးဆိုပြီး ယောကျ်ားလေးတွေက အချောင်ရမလားဆိုတဲ့စိတ်နဲ့ အထင်သေးလေလေပဲ၊ ပြီးတော့ နင့်ကို ချစ်လှပါချည်ရဲ့ဆိုပြီး နင့်နောက်ကို အတင်းလိုက်ကြိုက်ကြတဲ့ ယောကျ်ားလေးတွေထဲမှာ အထက်တန်းကျကျ အဆင့်မြင့်မြင့် ဂုဏ်သိက္ခာရှိပြီး တည်တံ့တဲ့ယောကျ်ားလေးတွေ ဘယ်နှစ်ယောက်ပါလို့လဲ"

"ဘာ… ဘာပြောတယ် ရဲရဲမုန်း၊ နင်… နင် ပြောလိုက်တဲ့ စကားက ငါ့ကို… ငါ့ကို"

"နင်မနာနဲ့ ရဲရဲချစ်၊ နင့်ကို ငါ အထင်သေးလို့ပြောနေတာလဲ မဟုတ်ဘူး၊ တစ်နေ့ကြရင် ဒူးနဲ့မျက်ရည်သုတ်နေရမှာ စိုးလို့ပါ၊ သတိပေးနေတာ နားလည်လား၊ အခု နင့်ကိုကြိုက်နေတဲ့ ယောကျ်ားလေးတွေထဲမှာ အထက်တန်းကျကျ တည်တည်တံ့တံ့ သစ္စာရှိရှိနဲ့ နင့်ကို အရူးအမူးချစ်နေတဲ့ ယောကျ်ားလေးတစ်ယောက်ကို နင် တွဲပြလိုက်စမ်းပါ၊ နင့်ဖက်က ငါ လက်ခုပ်တီးအားပေးနေမယ်၊ မေမေကပြောရင်လည်း နင့်ဖက်က ငါရပ်မယ်ဟာ ဘယ်လိုလဲ"

"နင် စိန်မခေါ်နဲ့နော် ရဲရဲမုန်း"

"စမ်းကြည့်လိုက်လေ"

"တစ်ပတ်အတွင်းမှာ ချောလည်းချော ချမ်းလည်းချမ်းသာ ဂုဏ်သိက္ခာလည်းရှိ တည်တည်တံ့တံ့နဲ့ ဂျန်းတဲမန်းစစ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို ငါတွဲပြမယ်၊ ပြီးတော့ အဲဒီယောကျ်ားဟာ ငါ့ကိုလည်း အသည်းအသန် ချစ်သွားစေရမယ်"

"ဟား... ဟား အဲဒီလိုယောကျ်ားကလား နင့်ကို အသည်းအသန်ချစ်မှာ၊ ချစ်ရင်လည်း နင် ကလိမ်ကလျစ်တွေ ကလီကမာတွေ လျှောက်လုပ်လာလို့ပဲချစ်မှာ၊ နင့်အကြောင်းကို ငါသိတယ် ရဲရဲချစ်"

"နင် ငါ့ကို အဲဒီလိုပြောတယ်"

"ပြောတယ်... ပြောတယ်၊ နင်ဟာ ဟုတ်တာမှန်တာဆို ဘယ်တော့မှ မလုပ်တဲ့မိန်းမ"

"ကဲဟာ... ကဲဟာ"

သွားပြီ။

အပေါ်ထပ် အခန်းကလေးထဲမှာ ဒုတိယကမ္ဘာစစ်ဖြစ်ကြပြီ။

ဖောင်တွေ ခေါင်းဦးတွေ လေထဲမှာ ပလူပျံသွားသည်။

"ဒုန်း"

"အဲဒါ ပြောဦး"

"ဝုန်း"

"အဲဒါ ပြောဦး"

"ဟား... ဟား သူ့ရုပ်ကိုများ အထက်တန်းကျတဲ့ ဂျင်းတဲမန်းစတိုင် သူဌေးကြီးက ကြိုက်မတဲ့"





"ရဲရဲမှန်းနော် နင်သိပ်လွန်လာပြီနော်"

"အဟင်း... ဟင့်"

"ဟား... ဟား"

တဟားဟားအော်ရယ်ရင်း အောက်ထပ်ကို တဝုန်းဝုန်း ပြေးဆင်းလာခဲ့တာ ရဲရဲမှန်း။ ရဲရဲချစ်ကတော့ ငိုမဲ့မဲ့မျက်နှာကလေးနဲ့ အိပ်ခန်းကလေးထဲမှာ တစ်ယောက်တည်းကျန်နေခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ငါး)

မေမေနဲ့ ရဲရဲမုန်း။

ဘုရားခန်းကလေးဝင်နေတဲ့အချိန်။

အောက်ထပ် ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ငေါင်ငေါင်လေးထိုင်နေတဲ့ ရဲရဲချစ်။

"ကလင်… ကလင်"

ဖုန်းခေါ်သံလေးကြားလို့ နှုတ်ခမ်းကလေးကို လက်ဝါးကလေးနဲ့ပိတ်ကာ ဝါးခနဲ တစ်ချက်သမ်းလိုက်ပြီးတော့မှ ဖုန်းခွက်ကလေးကို ကောက်ကိုင်လိုက်သည်။

"ဟဲလို အမိန့်ရှိပါရှင်"

"ရဲ… ရဲရဲမုန်းလားဟင်"

"ရှင်"

ရဲရဲချစ်ရဲ့ မျက်ဝန်းကလေးတွေ အရောင်ကလေးတွေနဲ့လက်ကနဲဖြာကာ ဝိုင်းစက်တောက်ပသွားခဲ့ရပြီ။





"ကိုယ်… ကိုယ်ပါ ကလေးရယ်"

ဟွန်း

"ဖုန်းမချလိုက်ပါနဲ့နော်"

သိပါတယ်။

ရဲရဲမုန်းလားဟင်လို့ မေးလိုက်ကတည်းက ဦးကြည်စင်သာဆိုတဲ့လူကြီး ဆက်နေပြီဆိုတာ။ အသံကလေးကတုန်လို့။ မောပမ်းစွာ ရှူသွင်းလိုက်တဲ့ အသက်ရှူသံမှျင်မှျင်ကလေးကိုလည်း ဖုန်းထဲမှာ သူမလေး အတိုင်းသားကြားနေရသည်။

"ကိုယ်… ကိုယ်လေ မင်းကို သတိရလို့ အခုလို ရင်တထိတ်ထိတ်နဲ့ ဆက်လိုက်မိတာပါ ကလေးရယ်"

"အို"

တည်ငြိမ်ချိုသာပြီး လိုက်ဖြာနေတဲ့အသံလေး။

"ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ သိပ်ကိုလှပနေတဲ့ မင်းရဲ့အရိပ်ကလေးကို ကိုယ်ဘယ်တော့မှ ထပ်ပြီးဆုံတွေ့ရမှာလဲဟင်၊ ရဲရဲမုန်း၊ အဲဒီအင်္ကျီဝမ်းဆက်လေးဝတ်ပြီး ကိုယ့်ဆီကို မင်း ထွက်လာခဲ့ပါလားကွာ"

"ရှင်…"

ကော်ဖီရောင်ဝမ်းဆက်လေးတဲ့။

ဟုတ်သားပဲ။ အဲဒီအင်္ကျီဝမ်းဆက်လေးက ရဲရဲမုန်းရဲ့ဗီရိုအပေါ်ဆုံးအထပ်မှာ မီးပူလေးထိုးပြီး ချပ်ချပ်ယပ်ယပ်လေး



www.burmeseclassic.com

www.burmeseclassic.com



တင်ထားတာပဲ။ အဲ့ဒီအင်္ကျီဝမ်းဆက်ကလေးကို မေ့လောက်ရှိမှ တစ်ခါလောက်ပဲ ရဲရဲမုန်းက ထုတ်ဝတ်တတ်တာပါ။

"မုန်း... ကိုယ် ဒီနေ့ကစပြီး မင်းကို မုန်းလို့ပဲခေါ်တော့မယ်နော်"

"ရှင်... ရှင်"

"ကိုယ့်နာမည်က ကြယ်စင်သာလို့ခေါ်ပါတယ်ကွာ၊ ကိုယ့်ဘဝတစ်သက်လုံးမှာ ဘယ်မိန်းကလေးကိုမှ ကိုယ် စိတ်မဝင်စားခဲ့ပါဘူး၊ မုန်းကိုလေ ကော်ဖီရောင်ဝမ်းဆက်လေး ဝတ်လာတဲ့နေ့မှာ စတွေ့ခဲ့ရပေမဲ့ ဒီနေ့အထိ ကိုယ်ဘယ်လိုမှ မေ့ပျောက်လို့မရတော့ဘူး မုန်းရယ်၊ ကိုယ့်မျက်ဝန်းလေးထဲမှာ မုန်းရဲ့အရိပ်ကလေးတစ်ခုပဲ စွဲထင်နေတော့တာပါ"

"ရှင်... ရှင်က မုန်းကို ဘယ်မှာစတွေ့တာလဲဟင်"

"ဟင်... မုန်း ကိုယ့်ကို စကားပြန်ပြောတယ်ဟုတ်လား၊ ဟိုနေ့ကလို ရှက်ပြီးတော့ အသံကလေးတွေတောင် တုန်မနေတော့ဘူးလားဟင် မုန်း၊ အခုပြောနေတာ မုန်း ဟုတ်ပါတယ်နော်၊ မုန်း အစစ်ပါနော်"

"အို... မုန်းအစစ်ပါရှင့်"

အမလေးနော်။

ဟန်ဆောင်ပြီး ပြောနေပါတယ်ဆိုမှ ရဲရဲချစ်အသံကလေးက တင်းတင်းကလေးနဲ့ မာသွားရပြန်ပြီ။ ဒုက္ခပါပဲ။ ရဲရဲချစ်က ဟို





ပုံတုံးမ ရဲရဲမုန်းလို တုန်နေတဲ့အသံကလေးနဲ့ မပြောတတ်တာ ခက်နေသည်။ ဘုရားခန်းဖက်ကိုလည်း မသိမသာ မော့ကြည့်နေရသေး၏။ သူတို့ အောက်ကိုဆင်းလာရင် ဖုန်းကိုပစ်ချလိုက်ဖို့ အဆင်သင့်ပြင်ထားရတာလေ။ ရဲရဲမုန်း မိသွားလို့ကတော့ အော့ကြောလန်ဖြစ်ကုန်ရတော့မှာ။

"မုန်းရယ် ကိုယ့်ကို စကားလေးပြန်ပြောနေတာလေးနဲ့တင် ကိုယ် အရမ်းပျော်နေရပြီကွာ၊ ကိုယ် မုန်းကလေးကို စတွေ့တာ မုန်းတို့ရပ်ကွက်ထိပ်က စတိုးဆိုင်ကလေးထဲမှာလေ၊ ဟွန်း...မုန်းက ကိုယ့်ကို တစ်ချက်ကလေးတောင် လှည့်မကြည့်သွားခဲ့ပါဘူးကွာ၊ ကိုယ့်မှာသာ မုန်းရဲ့မျက်နှာလေးကို ကောင်တာဗီရိုတွေကြားက ချောင်းကြည့်ရင်း ရင်ကလေးမောပြီး ကျန်နေခဲ့ရတာပါ"

အသံလေးကတော့ ချိုချိုကြည်ကြည်လေးနဲ့ တကယ့်ကို သနားစရာလေးပါ။ သူ့အသံလေးကို ဖုန်းထဲကနေ နားထောင်ပြီး တစ်ချက်တစ်ချက် ငေးငေးငိုင်ငိုင်ကလေး ဖြစ်သွားရတာ ရဲရဲချစ်ရယ်လေ။ ဝဏ္ဏထွန်းတို့ အာကာယံတို့ပြောတဲ့ လေသံနဲ့ တခြားစီဖြစ်နေတဲ့ သူ့ရဲ့စကားပြောပုံလေးက ရင်ထဲက အစစ်အမှန် ခံစားချက်တွေကို လှိုက်လှိုက်ဖြာဖြာ ကြေကြေကွဲကွဲကလေး ပြောနေတဲ့ ခံစားချက်လေးတွေနဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ ကြားရဲ့လားဟင် မုန်း"

"ကြား… ကြားပါတယ်"

"မုန်း… မုန်းမှာ"

"အမလေးနော် အရေးထဲမှာ စကားကလည်း ထစ်နေလိုက်တာ၊ ပြောရင်လည်း မြန်မြန်ပြောပါရှင့်"

"ဟင်… မုန်း"

"ဟာ…"

သွားပြီ။

ရဲရဲချစ်ရဲ့ ခပ်သွက်သွက်စရိုက်လေးက ထိမ်းနေရင်းကြားကနေ ဘူးပေါ်သလို ပေါ်သွားရပြန်ပြီ။

"ဟို… ဟို မေ… မေမေတို့ ဆင်း… ဆင်းလာတော့မှာမို့လို့ပါ၊ မုန်း… ကြောက်… ကြောက်လို့ မြန်… မြန်မြန်ပြောပြောပါနော်"

ဟွန်း

ဘယ်ရမလဲ။

ဒီကလည်း ရဲရဲချစ်ပဲ။

ချက်ချင်းပဲ အသံကလေးကို ထစ်ထစ်ငေါ့ငေါ့ကလေး တမင်လုပ်ကာ ဟန်ဆောင်ပြောပစ်လိုက်သည်။

"ဟို… ဟိုလေ၊ မုန်းမှာ ချစ်သူရှိနေပြီလားဆိုတာ ကိုယ် မေးချင်လို့ပါ မုန်းရယ်၊ မုန်းမှာ ချစ်သူရှိနေပြီလားဟင်"





"ဟင့်အင်း"

"ဟာ… မုန်း မုန်းအသံလေးက မပီကလာပီကလားလေး ဖြစ်သွားပြီကွာ၊ အင်းလား၊ ဟင့်အင်းလား၊ ကိုယ့်ကို သေသေချာချာပြောပါကွာ နော်"

"ဟင့်အင်း… ဟင့်အင်း"

ဝဏ္ဏထွန်းတို့ အာကာယံတို့သာဆိုရင် ရဲရဲချစ် အော်ထည့်ပစ်လိုက်ပြီ။ ခုတော့ စိတ်ထိမ်းနေရတာ တဒုက္ခ။ မလွယ်ပါလား ဦးကြယ်စင်သာရယ်။ ရဲရဲမုန်းကို မခံချင်တဲ့စိတ်နဲ့ ဟန်ဆောင်နေရတာ တယ်လည်းပင်ပမ်းလှပါလားနော်။ တကယ်တော့ ဦးကြယ်စင်သာချစ်တာ ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ ရဲရဲမုန်းကိုချစ်တာပါ။ ရဲရဲချစ်လို ခပ်ဟော့ဟော့ဒီဇိုင်းနဲ့ လက်တစ်ချောင်းကြိုးကလေးဝတ်တတ်တဲ့ ကောင်မလေးတစ်ယောက်ကိုတော့ လုံးဝ စိတ်မဝင်စားခဲ့တာ အသေအချာပါပဲ။

ဒါပေမဲ့

ရဲရဲချစ် ဆက်ပြီးဟန်ဆောင်လိုက်တော့မည်။

ဖြစ်ချင်တာဖြစ်။ ဦးကြယ်စင်သာရဲ့ အသည်းနှလုံးတွေကို မှတ်လောက်သားလောက်လေးဖြစ်အောင် လက်စင်ပေးရတော့မည်။

"မုန်း တကယ်ပြောတာ ဟုတ်လား၊ မုန်းမှာ ရည်းစားမရှိဘူး၊ ဟာ… ဟာကွာ၊ ကိုယ် အရမ်းဝမ်းသာတာပဲကွာ၊ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာ မျှော်လင့်ချက်ကလေး ရှိသွားပြီပေါ့နော်"

မောင်ဇော်တစ်ယောက်။

ဆရာသမား အူမြူးနေတာလေးကိုကြည့်ပြီး ပီတိတွေဖြစ်နေရသည်။ ကိုယ့်ဆရာက ရည်းစားဆိုတာ ဂျိုနဲ့လားလို့မေးရလောက်အောင် မိန်းကလေးကိစ္စတွေမှာ တစ်သက်လုံးကင်းရှင်းလာခဲ့တာပါ။

အခု ရဲရဲမှုန်းဆိုတဲ့ ကောင်မလေးနဲ့ကျမှ ကိုယ့်ဆရာရဲ့နှလုံးသားထဲမှာ အချစ်ပန်းရဲရဲကလေး ပွင့်ခဲ့ရတာလေ။ ဘယ်လောက်များ ကိုယ့်ဆရာ အူမြူးနေလိုက်မလဲ။ ပြီးတော့လည်း ကိုယ့်ဆရာက အသားလေးဝင်းစိုပြီး တည်တည်တင်းတင်းကလေးနဲ့ သိပ်ကိုချောတဲ့ ဆရာဆိုတော့ ရဲရဲမှုန်းဆိုတဲ့ ကောင်မလေးနဲ့အရမ်းကိုပဲ လိုက်ဖက်တင့်တယ်နေတော့မှာကိုတွေးပြီး ပီတိကလေးတွေနဲ့ ဆရာသမားဘေးမှာ ငြိမ်နေခဲ့ရသည်။

ဒီနေ့

ကိုယ့်ဆရာ ဖုန်းပြောတာ အိုကေမှာ စိုပြည်နေကြ၏။

ဆယ်မိနစ်ကျော်သွားတဲ့အထိ ဟန်းဖုန်းကလေးကို လက်က မချနိုင်သေး။

ရဲရဲချစ်ကလည်း

တထိတ်ထိတ်နဲ့ ဖုန်းပြောနေရတာပါ။

"မနက်ဖြန် လာခဲ့ပါနော်"





"အင်း"

"ကိုယ် ဗိုလ်ချုပ်ဈေး မိန်းလမ်းထိပ်မှာ စောင့်နေမယ်နော်"

"အင်း... အင်း"

"ကော်ဖီရောင်ဝမ်းဆက်လေး ဝတ်ခဲ့နော်"

"အင်းပါဆို"

ရဲရဲချစ် ကတိပေးလိုက်ပြီ။

မနက်ဖြန်မနက် ဆယ်နာရီတိတိမှာ။

သူ ဗိုလ်ချုပ်ဈေးကနေ စောင့်နေမယ်တဲ့။ ကော်ဖီရောင်ဝမ်းဆက်ကလေး ဝတ်လာခဲ့ရမယ်တဲ့လေ။

ဖုန်းကလေးကိုချပြီး အိမ်အပေါ်ထပ်ကို ပြေးတက်လာခဲ့တဲ့ ရဲရဲချစ်။ ဘုရားခန်းထဲက ထွက်လာတဲ့ မေမေတို့နဲ့ သူမလေးရဲ့ အခန်းဝမှာ ဆုံမိသွားသည်။

"ဟဲ့... နင် ဘာလုပ်နေတာလဲ"

မသကာတဲ့မျက်လုံးကြီးနဲ့ကြည့်ပြီး မေးနေတာ ရဲရဲမှုန်း။

"ဘာလုပ်လို့လဲ"

"နင် ငါ့အခန်းထဲဝင်မလို့ ချောင်းနေတာမဟုတ်လား"

"ဟာ... မဝင်ပါဘူး"

"ငါ့ပစ္စည်းတွေ နင် ဘာမှလာမစိုးနဲ့နော်"

"တွေ့လားမေမေ၊ မေမေ့သမီးကြီး စွတ်စွဲနေတာ"

"ကဲ... နှစ်ယောက်စလုံး ပါးစပ်ပိတ်ထား၊ အခုပဲ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုလေးလုပ်ပြီး စိတ်ကလေး ကြည်ကြည်လင်လင်နဲ့ ဘုရားခန်းထဲက ထွက်လာတာနော်၊ မေမေ့ကို အကုသိုလ်ဖြစ်အောင် မလုပ်ကြနဲ့၊ သွား... သွား ကိုယ့်အခန်းကိုယ်ဝင်ပြီး တံခါးပိတ် အိပ်ကြတော့၊ နောက်ထပ် ဘာသံမှ မေမေ မကြားချင်တော့ဘူး"

"ဟွန်း"

"ဟာ... မေမေ ဟိုမှာ ရဲရဲချစ် သမီးကို မျက်စောင်းကြီးထိုးနေပြီ"

"ရဲရဲချစ်နော်"

"သူကျတော့ သမီးကို အံကြီးကြိတ်ပြီး မျက်လုံးကြီးပြူးပြနေတာ မေမေ မမြင်လိုက်ဘူးမို့လား"

"ငါ မပြူးဘူးနော်"

"ပြူးတယ်... ပြူးတယ်"

"နင်... နင်နော်"

"ဟဲ့... ဟဲ့ တော်ကြစမ်း"

မေမေက သူမလေးတို့နှစ်ယောက်စလုံးရဲ့ ယယ်ထိပ်လေးတွေကို ဒေါက်ခနဲ ဒေါက်ခနဲနေအောင် နှစ်ချက်ဆင့်ပြီး ဆော်ထည့်လိုက်ပြီ။

"ဒေါက်..."

"ဒေါက်..."





"အား..."

"အင်း..."

ရဲရဲချစ်နဲ့ ရဲရဲမုန်း။

နှစ်ယောက်စလုံး အီစလံဝေသွားသည်။

အဲဒါဟာ သူမတို့နှစ်ယောက်စလုံးကို ငယ်ငယ်လေးကတည်းက လက်သံပြောင်ပြောင်နဲ့ အဲလိုပဲ ဆော်ပလော်တီးရင်း ပြဿနာကို မေမေက အမြဲဖြေရှင်းပေးနေကြလေ။ ဘယ်သူ့ဖက်ကိုမှတော့ မေမေက မလိုက်တတ်ပါ။ ဒါပေမဲ့ အမြဲခံရတာကတော့ ရဲရဲမုန်းပဲဖြစ်သည်။ နေရာတကာ ဉာဏ်နီဉာဏ်နက်အမျိုးမျိုးနဲ့ မျက်စိနောက်လောက်အောင် လှည့်စားတတ်တဲ့ ရဲရဲချစ်ကသာ ရိုးရိုးကြီးနေတတ်တဲ့ ရဲရဲမုန်းကို အမြဲအနိုင်ကျင့်ခဲ့တာလေ။

ခုလည်း

မေမေက ဆင်းသွားပေမဲ့ အပေါ်ထပ် အိပ်ခန်းကလေးထဲမှာ ကျန်ခဲ့ရတဲ့ ညီအစ်မနှစ်ယောက်ကတော့–

"ရဲရဲမုန်း"

"ဒေါက်... ဒေါက်"

"ရဲရဲမုန်း တံခါးဖွင့်ပါ"

"ဘယ်သူလဲ"

အပြင်က တံခါးလေးကို ခေါက်နေမိတဲ့ ရဲရဲချစ်ကို အထဲမှာရောက်နေတဲ့ ရဲရဲမုန်းက ပြန်အော်ပြီးမေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါပါ ရဲရဲချစ်ပါ"

"ရှပ်လိုက်တာဟာ နင် ခုထိ မအိပ်သေးဘူးလား"

"ငါ အိပ်မပျော်လို့"

"ချောက်"

"ကျွိ"

တံခါးလေးပွင့်သွားပြီ။

ညအိပ်အဝတ်အစားလေးနဲ့ လှချင်တိုင်းလှနေတဲ့ ရဲရဲမှုန်းကို သူမလေး တွေ့လိုက်ရပြီ။

"အို... ရဲရဲမှုန်းရယ်"

ရဲရဲမှုန်းရဲ့ ထင်းရှင်းနေတဲ့ အလှကလေးကိုကြည့်ပြီး အသက်မရှူနိုင်အောင် ငေးမောလိုက်မိတာ ရဲရဲချစ်ရယ်ပါ။

"နင်... နင် သိပ်လှတာပဲနော်"

"အောင်မယ်၊ ငါက နင့်လောက်မလှပါဘူး"

အရှက်မျက်နှာကလေးမှာ ကြည်နူးမှုပီတိလေးတွေ၊ ဝေလို့ သွားရတာ ရဲရဲမှုန်း။ သူမ အိပ်တော့မယ်ဆိုပြီး ညဝတ်အင်္ကျီ ကလေးကို ပေါ့ပေါ့ပါးပါးကလေး ဝတ်ထားလိုက်တာပါ။

တင်းကျစ်နေတဲ့ ရဲရဲမှုန်းရဲ့ ကိုယ်လုံးဖူးဖူးအိအိလေးက ညဝတ်အင်္ကျီလေးရဲ့အောက်မှာ ထင်းထင်းကလေးပေါ်လို့။ သူမရဲ့ ဝင်းနှစ်နေတဲ့ အသားစိုင်ကလေးတွေ၊ သူမရဲ့ ရှည်သွယ်တဲ့ ပေါင်တံလှလှလေးတွေ။ ခါးလည်မှာ သေးကျစ်ပြီး ခါးအောက်ပိုင်း





ကလေးမှာ စွင့်ကားမို့တင်းသွားတဲ့ တင်ပါးလှလှလေးတွေ။ အဲဒါ တွေအားလုံးကို စုပေါင်းလိုက်တော့ ရဲရဲမှုန်းရဲ့အလှဟာ ရင်ခုန် စွဲမက်ဖွယ်ရာ အလှပိုင်ရှင်မလေးတစ်ယောက်ဆိုတာ ဘယ်သူမှ ငြင်းလို့မရအောင် ဖြစ်သွားရတော့တာပေါ့။

"နင် မအိပ်သေးဘဲ ဘာလုပ်နေတာလဲဟင် ရဲရဲချစ်"

"ဟဲဟဲ... နင် ဘာလုပ်နေလဲလို့ လာကြည့်တာ"

"နင်နော်၊ အိပ်ခါနီးမှ ပြဿနာရှာဖို့ မကြိုးစားနဲ့"

"ပြဿနာမရှာပါဘူးဟာ"

"ကဲ ဒါဖြင့် ဘာလာလုပ်တာလဲ အမှန်အတိုင်းပြော"

"ဟို... ဟိုလေ"

"တွေ့လား"

ရဲရဲမှုန်း မသက်ာ။

ရဲရဲချစ် မျက်လုံးတွေက တစ်ခန်းလုံးကို ဝေ့ပတ်ပြီး ဟိုလိုလို ဒီလိုလိုနဲ့ လိုက်ကြည့်နေလို့ပါ။

"နင် ဘာခိုးဦးမလို့လဲ"

"ဟင်..."

"သူခိုးမျက်လုံးနဲ့ နင်ကြည့်နေတာ ငါ မသိဘူးများထင် နေလို့လားဟင်၊ မရဘူး၊ ငါက ငါ့ဗီရိုသော့ကို ဆွစ်ဇလန်ဘဏ် ထက်တောင် ပိုပြီးစိတ်ချရတဲ့နေရာမှာ သိမ်းထားတာ"

"နင်ကလည်းဟာ ငါ့ကိုဆိုရင် သိပ်အထင်သေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းတဲ့ မျက်နှာလေးနဲ့ တမင်အိုက်တင်ကလေးလုပ်ပြီး ဟန်ဆောင်နေတဲ့ ရဲရဲချစ်ကို ရဲရဲမှန်းက အလစ်မပေးတာ ရဲရဲမှန်း မလွှမ်းပါဘူး။ အဲလို ပြူးတူးပြဲတဲ အမြဲစောင့်ကြည့်နေမှ တန်ကာကျတာလေ။ ဟွန်း မသိရင်ခက်မယ်။ ရဲရဲချစ်ရယ်။ ဟိုတစ်ခါတုန်းကလည်း အဲလိုစကားရောဖောရောနဲ့ ငင်လာပြီး အလစ်မှာ စလင်းဘတ်အိတ် အသစ်ချပ်ချွတ်တစ်လုံးကို ခပ်တည်တည် အလစ်သုတ်ပြေးတာ မေ့မယ်များထင်နေလို့လား။

ရဲရဲချစ်ကလည်း ရဲရဲချစ်။

မနက်ဖြန်ဆိုရင် ဦးကြွယ်စင်သာ့နဲ့ ချိန်းထားတာလေ။

ကော်ဖီရောင်ဝမ်းဆက်လေး ဝတ်လာရမယ်ဆိုလို့ ရဲရဲချစ် ဒုက္ခရောက်နေသည်။ ရဲရဲမှန်းက သူ့ဗီရိုကို သော့တွေနဲ့ အသေအချာပိတ်ခတ်ထားလေတော့ ရဲရဲချစ် စိတ်ဓာတ်တွေကျနေရသည်။

"ရဲရဲမှန်း"

"ဘာလဲ"

"နင်နဲ့ငါနဲ့မှာ ဝတ်ပုံစားပုံကလွဲရင် ဆံပင်ရှည်တာကအစ အကုန်တူတယ်နော်"

"အဲဒါဆန်းလို့လား၊ တို့နှစ်ယောက် အမြွှာညီအစ်မဆိုတာ လူတိုင်းသိတယ်"





"ဟဲဟဲ... ချောတာချင်းလဲ တူတယ်သိလား"

"နင်နော် ငါ့ကို ပတ်ချွဲနပ်ချွဲလာပြောပြီး အုတ္တုတုလုပ်ဖို့ မကြိုးစားနဲ့နော်၊ နင့်မျက်လုံးတွေက ဟိုဖက်ထောင့်ကပ်လိုက် ဒီဘက်ထောင့်ကပ်လိုက်ဖြစ်နေတာ ငါ နင့်ကို မသင်္ကာတော့ဘူး၊ နင် မြန်မြန်ပြန်ရင်ကောင်းမယ်၊ ငါလည်း အိပ်ချင်နေပြီ"

"ခဏလေးပါဟာ ငါ မအိပ်ချင်သေးလို့ နင်နဲ့ အပြင်းပြေလေး စကားလာပြောတဲ့ဟာကို ဟွန်း ဈေးကလည်း ကိုင်လိုက်တာ တစ်အိမ်လုံးပြေးကြည့်မှ ဒီညီအစ်မလေးနှစ်ယောက်တည်း ရှိတဲ့ဟာကို"

"နင် အကြံအဖန်မလုပ်ရင် ပြီးတာပဲ"

"ငါလေ"

"အင်း ဘာဖြစ်လဲ"

"လူတစ်ယောက်နဲ့"

"ပြော ဆက်ပြော"

"ချိန်းထားတယ်"

"အဲဒါ ဆန်းလို့လား၊ နင့်တစ်သက်လုံး ယောကျ်ားလေးတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ ချိန်းတွေ့နေတာ၊ နင့်လောက်ရှုပ်တာလည်း နင်ပဲ၊ နင်မြန်မြန်ခံလိုက်ရမှ မှတ်သွားမယ်"

ရဲရဲမှန်း စိတ်မရှည်ပါ။

စိတ်တိုတိုနဲ့ပဲ ရဲရဲချစ်ကို ပြန်အော်ပေးလိုက်သည်။ ငင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလို့ မေမေလည်း စိတ်ညစ်ရပေါင်းများပြီ။

"ဒီတစ်ခါ ငါချိန်းတွေ့မဲ့လူက အရမ်းချောတယ်သိလား၊ ချမ်းလည်း ချမ်းသာတယ်၊ ဟဲဟဲ... ကုမ္ပဏီပိုင်ရှင်သူဌေး"

"ဘာ..."

"အဲဒါ နင့်ကို မခံချင်လို့"

"အောင်မယ် ငါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နင်က ငါ့ကိုဆိုရင် အမြဲအထင်သေးနေတာလေ"

"ရဲရဲချစ်နော် နင့်ပြဿနာထဲမှာ ငါ့ကိုလာဆွဲမထည့်နဲ့၊ ငါနဲ့ဘာမှမဆိုင်ဘူး၊ နင် အခုတွဲနေတဲ့အကောင်တွေကိုလည်း ဘယ်အကောင်မှ ငါ အထင်မကြီးဘူး၊ ဘယ်လောက်ချောတဲ့ ယောကျ်ားပဲဖြစ်ဖြစ်၊ ဘယ်လောက်ချမ်းသာတဲ့ ယောကျ်ားပဲဖြစ်ဖြစ်၊ ယောကျ်ားဟာ ယောကျ်ားအကျင့်ပဲ ကျင့်မှာပဲ၊ အေး ဒီနေ့ကစပြီး ယောကျ်ားလေးတွေနဲ့ ဟိုလိုက်သွားဒီလိုက်သွား လုပ်ပြီး မိန်းကလေးဈေးကျအောင်လုပ်နေတဲ့ နင့်ရဲ့အကျင့်တွေကို ဖျောက်ရင်ဖျောက် မဖျောက်ရင်တော့ နင့်ထိုက်နဲ့ နင့်ကံပဲ"

"အဟက်... ဟက်"

ခေါင်းပေါ်က ဆံပင်ကလေးတွေ လေထဲလွင့်ဖွာသွားရတဲ့အထိ ခေါင်းကလေးကိုခါပြီး ရဲရဲချစ် ရယ်လိုက်သည်။

ရယ်ရင်းနဲ့ မွေ့ယာခြေရင်းအောက်မှာ ဖွက်ထားတဲ့ ရဲရဲ





မှန်းရဲ့ ဗီရိုသော့တွဲကလေးကို လက်ကလေးနဲ့ နှိုက်ယူလိုက်တာ ရဲရဲမှန်း မမြင်လိုက်ပါ။

အထာသိနေတဲ့ ရဲရဲချစ်။

လျင်လိုက်တာလည်း သွက်လို့။

အဲဒီသော့တွဲကလေးမှာ အခန်းတံခါးဖွင့်တဲ့ သော့ကလေးလည်း ပါတယ်လေ။

မနက်ငါးနာရီထိုးလို့ မေမေ ဘုရားထရှိခိုးတဲ့အခါတိုင်း မေမေနဲ့အတူ ဘုရားခန်းထဲလိုက်ဝင်ပေးရတာ အစ်မကြီး ရဲရဲမှန်းရဲ့ အလုပ်ပါပဲ။ အဲ့ဒီအချိန်မှာ အခန်းတံခါးသော့ကလေးကို ဂျလောက်ကနဲဖွင့် ဗီရိုသော့ကလေးကို ထပ်ကနဲလှည့်။ ဟားဟား... ကော်ဖီရောင်ဝမ်းဆက်လေးကို သူခိုးကြီးငဂက်ပြား ခိုးသလို ခိုးရတော့မယ်လေ။

ရဲရဲမှန်းဆိုတဲ့ မိန်းမ ဘာတတ်နိုင်မှာလဲ။

အဲဒီ ကော်ဖီရောင်ဝမ်းဆက်လေးကို ရဲရဲချစ်ဝတ်လိုက်ပြီဆိုတာနဲ့ ဦးကြွယ်စင်သာ သုံးမိနစ် သတိလစ်သွားစေရမယ်။

ဟွန်း...,

ကြည့်ကြသေးတာပေါ့။

ရဲရဲချစ်ကို ဂရုမစိုက်ခဲ့တဲ့လူကြီး။

ဒီတစ်ပွဲမှာ ရှင်မှအသည်းမကွဲရင် ဘယ်သူကွဲတော့မှာလဲ။ ချစ်တဲ့ဟန်ဆောင်ပြီး အဖြေပေးပစ်လိုက်မယ်။ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့အထိလည်း အယုံတွေသွင်းပစ်လိုက်မယ်။

ပြီးရင် တာ့တာပဲ။

အဲဒီအခါကြရင် ရဲရဲချစ်က လစ်ပြီ။

ဟား... ဟား

ဗိုလ်ချုပ်ဈေးရှေ့မှာ ရှင် စောင့်နေတော့ ဦးကြယ်စင်သာရေ။

ရဲရဲချစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ကတော့ ကော်ဖီရောင်ဝမ်းဆက်လေးဝတ်ပြီး ရှင့်ဆီကို ရောက်အောင်လာတော့မှာပါ။



## အခန်း (ခြောက်)

"အဟွန်း"

ရဲရဲချစ်တစ်ယောက် ကော်ဖီရောင်ဝမ်းဆက်လေးဝတ်ပြီး သူမကိုယ်သူမ ရှက်ရွံ့ရွံ့လေး ပြန်ငုံ့ကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေမိသည်။ သူမတို့ရပ်ကွက်ထိပ်က ဘတ်စ်ကားမှတ်တိုင်လေးကနေ အဲလ်ကွန်းဘတ်စ်ကလေးစီးပြီး မြို့ထဲကို ရောက်အောင်သွားရမှာလေ။

ရင်ကလေးထိတ်နေမိသလို ခြေဖျားလက်ဖျားကလေးတွေကပါ အေးစက်ချင်နေမိသည်။ ကော်ဖီရောင်ဝမ်းဆက်ကလေးက သူမကိုယ်လေးနဲ့ တိုင်းပြီးချုပ်ထားသလား အောက်မေ့ရတယ်။ တကယ့်ကို တင်းတင်းရင်းရင်းကလေးနဲ့ ခါးကလေး တင်ကလေးကအစ ဖွင့်ပြီး မြင့်သွားရသလို ဝင်းနှစ်တဲ့ လက်မောင်းသားကလေးတွေကအစ ဆင်စွယ်ရောင်လေးသမ်းပြီး သိပ်ကိုလှပသွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဈေးရှေ့ကို သူမလေး ရောက်သွားတော့ ...

"မုန်း"

"ဟင် ..."

တိုင်ကလေးကိုကွယ်ကာ မှီပြီးရပ်နေတဲ့လူတစ်ယောက် ...

"ကိုယ့်ဆီကို မုန်း ဘေးကယ်ရောက်လာတယ်နော်"

"အို ..."

သူ ရဲရဲချစ်ကို ရဲရဲမုန်းလို့ တကယ်ထင်သွားပြီ။

သူက မုန်းလို့တောင် အတိအကျခေါ်ပြီး ရင်းနှီးစွာပြုံးပြနေပြီလေ။

စူးရှထက်မြက်လွန်းတဲ့ ညို့မျက်ဝန်းတစ်စုံရဲ့ အရှိန်အဝါအောက်မှာ သူမ မျက်ဝန်းကလေးတွေ ညှိုးဖျော့သိမ်ငယ်သွားရသည်။ ရင်တွေတထိတ်ထိတ်ခုန်ပြီး ကြီးမားလွန်းသော ကွန်ယက်ဟစ်ခုထဲ ရောက်ရှိသွားသလို ရဲရဲချစ် ထိုလူကြီးရဲ့ ခန့်ညားသော အရှိန်အဝါအောက်က ရုန်းမထွက်နိုင်လောက်အောင် မှောပါသွားရသည်။

ကြည်လင်လတ်ဆတ် ရှင်းသန့်သော အသားအရည်။

နက်မှောင်ထူထဲသော မျက်ဝန်းတစ်စုံအောက်က ညို့မျက်ဝန်းကလေးတွေ၊ နှာတံချွန်ချွန်လေးအောက်က လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းထူထူ တွဲတွဲကလေးက ရဲစိုလို့၊ အနည်းငယ်ပြုံးနေသော်လည်း ထိုအပြုံးလေးက သူမရဲ့ ရင်ခုန်သံတွေကို အရှိန်





အဟုန်မြင့်တက်စေခဲ့သည်။

"ကိုယ်နဲ့အတူ တစ်နေရာသွားဖို့ မင်း လိုက်ခဲ့ပါနော်"

"ရှင်"

"လာပါ ဟိုနားမှာ ကိုယ့်ကားကလေး အဆင်သင့်ရပ်ထားတယ်"

"ဟုတ်"

ဘုရားရေ ...

ထူးဆန်းပါဘိ။

သူမလေး ဘာကြောင့်များ တစ်ချက်တည်းနဲ့ ခေါင်းညိတ်လိုက်မိရတာပါလိမ့်။ နည်းနည်းလေးတော့ မူလိုက်ဖို့ကောင်းသေးတာပေါ့နော်။ ကားလေးထဲကို ဝင်ထိုင်လိုက်မိတဲ့အထိ သူမလေးရဲ့ ရင်ကလေးတွေ လှုပ်ခတ်နေရဆဲ။

ထင်မထားခဲ့ပါဘူး ဦးကြွယ်စင်သာရယ်။

ရှင်ဟာ အဲဒီလောက်ထိ သိမ်မွေ့နူးညံ့ပြီးတော့ စွဲမက်ရင်ခုန်စရာကောင်းနေလိမ့်မယ်လို့ ရဲရဲချစ် ထင်မထားခဲ့ပါဘူး။ ရှင့်ကို တွေ့ခဲ့ရတဲ့ နှစ်ကြိမ်စလုံးဟာ မှောင်နေတဲ့ ညအမှောင်ထုအောက်က မမှိန့်တမှိန် အလင်းဖျော့ဖျော့ကျင်ကျင်လေးတွေအောက်မှာပဲ တွေ့ခဲ့ရတာလေ။ အခုဟာက နေရောင်ကလေးနဲ့ လင်းနေတဲ့ နေ့ဖက်အချိန်ကလေးမှာဆိုတော့ ရှင့်ရဲ့ လည်တိုင်လေးပေါ်က သွေးကြောစိမ်းစိမ်းကလေးတွေ ယှက်သန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အသားအရည်လေး ဝင်းဝါစိုပြည်နေတာလေးကိုပါ အထင်အရှား တွေ့လိုက်ရတာဆိုတော့ ...

“မုန်း ကြောက်နေပြီလား”

“ရှင်”

“ကိုယ် ဘယ်ကိုမှမသွားပါဘူး၊ တိတ်ဆိတ်အေးချမ်းတဲ့ နေရာလေးတစ်ခုမှာ ရှုမျှော်ခင်းလေးတွေကြည့်ရင်း ကော်ဖီပူပူလေးသွားသောက်ရင် ကောင်းမလားလို့နော်”

“ဟုတ်”

“စတိုးဆိုင်လေးထဲမှာ မင်းကိုတွေ့လိုက်ရပြီး အခုတစ်ခါ ဒုတိယမြောက် ပြန်ဆုံခွင့်လေးရတဲ့ အထိမ်းအမှတ်လေးနဲ့လေ၊ ကိုယ် မင်းကို စတွေ့လိုက်ရတဲ့နေ့ကတည်းက မြတ်နိုးစွဲလန်းခဲ့ရတာပါ မုန်းရယ်၊ အခုလည်း အဲ့ဒီနေ့ကလိုပဲ ကော်ဖီရောင်ဝမ်းဆက်လေး ဝတ်လာပြီး မင်းကိုယ့်ကို လာတွေ့တယ်နော် ကိုယ် အရမ်းပျော်တယ်ကွာ”

တကယ်တော့ သူတွေ့ခဲ့တာက ရဲရဲမုန်းပါ။

သူ စွဲလမ်းမြတ်နိုးသွားခဲ့တာ ရဲရဲမုန်းပါ။

“အဟွန်း... ဟွန်း”

သူ့စကားလေးတွေကြောင့် ရင်ထဲစူးခနဲ နာကျင်စွာခံစားလိုက်ရသည်။ သူ့ကြောင့် မမျှော်လင့်ဘဲ ခုန်လှုပ်သွားခဲ့ရတဲ့ နှလုံးသားလေး ရုတ်တရက် ရှိုက်ငိုချင်လာ၏။ သူ တကယ်ချစ်





ခဲ့တာဟာ ရဲရဲချစ်ဆိုတဲ့ ရုပ်ပလာမလေးတစ်ယောက်ကိုမှ မဟုတ်ခဲ့တာပဲ။ သူမရဲ့ ကြေကွဲမှုလေးတွေ အတိုင်းအဆမဲ့စွာ ရင်ထဲတိုးဝင်လာခဲ့သည်။

“ကျွန်မ ပြန်တော့မယ် ဦးကြယ်စင်သာ”

“ဟင်”

“ကျွန်မ ဆက်မလိုက်ချင်တော့ဘူး၊ ကျွန်မ... ကျွန်မ”

“အို... မုန်းရယ်၊ စောစောကပဲ လိုက်ခဲ့မယ်ဆိုပြီး၊ မုန်းကိုယ်တိုင် ကိုယ့်ကို ခေါင်းကလေးငြိမ့်ပြခဲ့တာလေ၊ အခုမှ ဘယ်လိုဖြစ်သွားရတာလဲ၊ ကိုယ့်ကို မယုံလို့လား၊ ယုံပါနော် မုန်း ကိုယ် မုန်းကို တန်ဖိုးလည်းထားတယ်၊ သိပ်လည်းချစ်တယ်၊ ကိုယ် မုန်းမျက်နှာလေးကို ခဏလေး ငေးစိုက်ကြည့်ရရင် ကျေနပ်ပါပြီမုန်းရယ်”

သနားစဖွယ်လေးပြောပြီး မေတ္တာရပ်ခံ တောင်းပန်နေတဲ့ သူ့ရဲ့အသံလေး ရဲရဲချစ်ရင်ထဲကို တသိမ့်သိမ့် တငြိမ့်ငြိမ့်လေး တိုးဝင်နေရသည်။ ရဲရဲချစ် မခံစားနိုင်တော့ပါ။ ရဲရဲမုန်းကိုယ်စား ဝင်လာခဲ့ရတဲ့ သူမလေးရဲ့အဖြစ်ကြောင့်လည်း စိတ်ထဲမလုံမလဲ ဖြစ်ကာ ယောက်ယက်ခတ်နေမိရပြီ။

သွားပြီ။

ဦးကြယ်စင်သာလို လူချောလူခန့်ကြီးက သူမရဲ့စိတ်တွေကို အကြီးအကျယ် စိုးမိုးထားခဲ့ပြီ။ သူမလေးရဲ့ ရင်ခုန်သံတွေက



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့တွေ့မှ စစ်မှန်စွာ နိုးထလာခဲ့ရတာပါ။ အချစ်စစ်ကို သူမ တွေ့ရှိခဲ့ရပါပြီ။

သူမ ဘာလုပ်ရပါတော့မလဲ။

ရင်ထဲမှာ လှုပ်ဟာနေသည်။ သူမ ငတ်မွတ်နေတာ အကြင်နာတရားကြီးတဲ့ ဂုဏ်သိက္ခာရှိတဲ့ ယောက်ျားတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေပဲ။ အခု သူမရခဲ့ဖူးတဲ့ အချစ်တွေဟာ ပေါ့ ပျက်ပျက်လေးနဲ့ ခပ်လွယ်လွယ်လေးတွေးတတ်တဲ့ ရွယ်တူယောက်ျားလေးတွေရဲ့ တပွဲတိုးအချစ်တွေကိုပဲ ရခဲ့တာပါ။

"ဒီတစ်ခါဆို တို့နှစ်ယောက်တွေ့တာ ဒုတိယအကြိမ်နော်"

သူ့အသံလေးက နားထဲတိုးဝင်လာရပြန်တော့လည်း ရဲရဲချစ် ရင်ထဲမှာ မလုံမလဲဖြစ်ရမှုလေးတွေနဲ့ လောင်မြိုက်သွားရပြန်သည်။ ရဲရဲမှုန်းကို မခံချင်တဲ့စိတ်၊ ဦးကြွယ်စင်သာလို ကိန်းခန်းကြီးတဲ့ ယောက်ျားတစ်ယောက်ကို အနိုင်ယူလိုတဲ့စိတ်တွေကြောင့်သာ ရဲရဲမှုန်း ဟန်ဆောင်ပြီး သူမလေး ထွက်လာခဲ့ရသည်။

သူ စိတ်ဝင်စားတာ

ရဲရဲမှုန်းပင်ဖြစ်စေဦးတော့ အခု သူ့နံဘေးမှာ ရင်ကလေးလှိုက်တုန်စွာ ရောက်နေခဲ့တာဟာ ရဲရဲချစ်လေ။

ဝမ်းနည်းစရာကောင်းလိုက်တာ။

မနာလိုစရာကောင်းလိုက်တာ။

ကံကြမ္မာဟာ ဘာကြောင့်များ သူနဲ့ ရဲရဲချစ်ကို စတင်မဆုံ





စည်းစေခဲ့တာလဲ။ သူမ အမြဲခိုးဝတ်နေကြ အဝတ်အစားတွေထဲမှာ သူသိပ်မြတ်နိုးတဲ့ ကော်ဖီရောင်ဝမ်းဆက်လေးကို ဘာကြောင့်များ မခိုးဝတ်မိခဲ့ရတာလဲ။ တွေးမိတော့လည်း ရဲရဲချစ် စိတ်လေးတွေ တိုသွားရသည်။

ခုတော့

သူ့ရှေ့မှာ ဟန်ဆောင်နေရတဲ့အဖြစ်။

ဒါဆို သူမဟာ ရဲရဲမှုန်း မဟုတ်ပါဘူးလို့ အမှန်အတိုင်း ဝန်ခံလိုက်ရင်ရော။ သူ့မျက်လုံးတွေဟာ ချက်ချင်းကိုပဲ နာကျည်းသွားခဲ့ပြီးတော့ ရဲရဲချစ်ကို စိတ်တိုစွာ အော်ဟစ်မောင်းထုတ်လေမလား။

ဟာ...

မဖြစ်သေးပါဘူး။

ဒီလိုသာ ဖြစ်သွားရင် သိပ်ကိုဝမ်းနည်းပြီးတော့ သူ့ရှေ့မှာ ရဲရဲချစ် ငိုလိုက်မိတော့မှာ။ သူ့ကို စတွေ့လိုက်တဲ့အချိန်မှာ သိပ်ချစ်သွားခဲ့ရတာကို ရဲရဲချစ်သာလျှင် အသိဆုံးပဲလေ။

နင့်ကိုငါ အလျှော့မပေးနိုင်တော့ဘူး ရဲရဲမှုန်း။

သူ့ကိုငါ သိပ်ချစ်သွားခဲ့ပြီ။ နင်က ယောက်ျားလေးတွေနဲ့မှ ပတ်သက်ယှက်နွယ်တာလေးတွေ မလုပ်တတ်တာ။ ပြီးတော့လည်း ဦးကြွယ်စင်သာကို နင် ကြိုက်မှာမဟုတ်ပါဘူးဟာ။ ငါပဲ ကြိုက်လိုက်တော့မယ်။ နင် နောက်ဆုတ်လိုက်နော်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အတွေးတွေနဲ့ ချာချာလည်နေခဲ့သည်။

"မုန်း"

ဦးကြယ်စင်သာ ခေါ်နေတာကို ရဲရဲချစ် မကြားပါ။

"မုန်း"

နောက်တစ်ခါ ထပ်ခေါ်တော့မှ သူမလေး ကြားသွားသည်။

"ရှင်"

ကားလေးက လမ်းတစ်နေရာမှာ ငြိမ့်ခနဲထိုးရပ်သွားပြီ။ အို... ကန်တော်ကြီးပန်းခြံထဲကိုတောင် ကားကလေးရောက်နေပြီပဲ။

"ဆင်းလိုက်နော်"

"ကျွန်မ... ကျွန်မ"

အရင်က ယောက်ျားလေးအတွဲတွေနဲ့ ရဲရဲချစ် အမြဲသွားခဲ့ဖူးပေမဲ့ ခြေဖျားလက်ဖျားကလေးတွေ အေးစက်နေခဲ့ရတဲ့ အဖြစ်မျိုးကို မကြုံဖူးခဲ့ပါ။ အခုမှ ဘယ်လိုဖြစ်ပြီး သူမလေးရင်တွေ တုန်နေရတာလဲ။

"ဆင်းပါ မုန်းရယ်"

"အို..."

သူမရဲ့ လက်မောင်းသား အိအိလေးတွေကို ထိတွေ့ဆုပ်ကိုင်လာတဲ့ သူ့ရဲ့လက်ကလေးတွေက နူးညံ့ပြီးတော့ အေးစက်နေသလိုပင်။ ရဲရဲချစ်ပင် ရင်ကလေးနွေးပြီး တစ်ချက်လှိုက်ခုန်





သွားရသည်။

"ဆင်း... ဆင်းပါနော်"

ကားအောက်ကလေးကို ရောက်သွားတော့ ထမီကလေးက နည်းနည်းလေး တုတ်နေသလိုဖြစ်နေရတာမို့ သူ့ရှေ့မှာ ချော်လဲကျမသွားအောင် ထိန်းလျှောက်ရင်း မျက်နှာလေးတွေ ထူပူလာမိသည်။

ရဲရဲမုန်းက စကဒ်ထမီလေး ချုပ်ထားတာမို့ ရဲရဲချစ်က ဝတ်နေမကျဖြစ်နေတော့ ခက်နေသည်။

"အမလေး..."

"ဟာ... မုန်း"

"အို..."

ထိမ်းလျှောက်နေတဲ့ကြားက ချော်လဲတော့မလိုနဲ့ ကိုယ်ကလေး တစ်ချက်ယိုင်သွားတဲ့ ရဲရဲချစ်။

"အဟွန်း... မုန်း လဲမှာကြောက်လို့ ကိုယ် ဆွဲလိုက်မိတာပါနော်"

သူက အားတုံ့အားနာဟန်ကလေးနဲ့ ရဲရဲချစ်ကို ရွှန်းရွှန်းဝေဝေကလေး စူးစိုက်ကြည့်နေသည်။

ပြီးတော့လည်း

ဆုပ်ကိုင်ထားလိုက်တဲ့ သူမရဲ့ လက်ကလေးကိုလည်း ပြန်မလွှတ်တော့။ သူမလေးနဲ့အပြိုင် ရင်တွေခုန်နေမိသူက



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်သာရယ်လေ။

သူ့အာရုံတွေကို ကော်ဖီရောင် အလှနတ်သမီးလေးက အကောင်းဆုံး ညှို့ယူဖမ်းစားထားသည်။ သူမကလေးစီးထားတဲ့ ငွေရောင်ဒေါက်မြင့်ဖိနပ်လေးက သူမနဲ့ ပထမဆုံးတွေ့တဲ့နေ့က စီးထားတဲ့ ဖိနပ်ကလေး။

ဖြူနုနေသော အသားကလေးနှင့် သူမရဲ့ တွဲဖက်ဝတ်ဆင်ထားမှုကလေးက လိုက်ဖက်လွှမ်းလှသည်။ ညတုတုရီဝေဝေ သူမအကြည့်လေးကြောင့် သူ့မျက်ဝန်းလေးတွေက သူမလေးမျက်နှာဆီမှာဝဲလို့။ ဘယ်လိုမှ ရုန်းဖယ်လို့မရ။

"ဟင်... အဲလိုကြီးစိုက်ကြည့်မနေနဲ့လေ၊ ဒီမှာ မနေတတ်တော့ဘူးရှင့်"

ရှက်ရဲရဲ မျက်နှာကလေးနှင့် အလှပဆုံး မျက်စောင်းကလေး ဝေ့လာတော့ သူ့နှလုံးသားတွေ ပိုပြီးငြိမ့်ခနဲဖြစ်သွားရသည်။ အချစ်စမ်းချောင်းကလေး ဖြတ်စီးသွားတယ်ထင်ပါ့။ ရင်တစ်ခုလုံး အေးချမ်းသွားရသည်။

အတွေ့အကြုံ နည်းပါးလွှမ်းတဲ့ သူ့အတွက် ခုလိုတိတ်ဆိတ်တဲ့ သစ်ပင်ရိပ်တွေအောက်က ကော်ဖီဝိုင်းကလေးမှာ ထိုင်နေရတာ သူ့ရင်ကို ပိုပြီးအခုန်မြန်စေခဲ့သည်။

"မုန်းရယ်၊ ကိုယ်လေ မုန်းကို အရမ်းချစ်မိသွားလို့ ခုလို အကြာကြီးစိုက်ကြည့်မိတာပါကွာ၊ မုန်းက အရမ်းချစ်ဖို့ကောင်း





သလို အရမ်းလည်းလှတော့ ကိုယ့်စိတ်တွေကို ဘယ်လိုမှ ထိမ်းချုပ်ထားလို့ မရတော့ဘူးလေ"

"ဟို... ဟို... မုန်း... မုန်းက ရှက်လို့"

"အောင်မလေးဗျာ၊ မုန်း သိပ်ရှက်နေရင်လည်း ကိုယ်မကြည့်တော့ပါဘူး၊ ကိုယ့်မျက်နှာလေးကို ဟိုဖက်လွှဲထားလိုက်တော့မယ်နော်၊ ကိုယ့်ရှေ့မှာ မုန်း လွတ်လွတ်လပ်လပ်ကလေး နေပါနော်၊ ကိုယ်စကားပြောရင်လည်း မုန်းမျက်နှာကလေးကို မကြည့်ဘဲနဲ့ ကိုယ်ပြောမယ်နော်"

ကြင်နာမှုလေးတွေနဲ့ ပြည့်လျှံနေတဲ့ သူ့ရဲ့စကားသံလေး။ သူက ပြောလည်းပြော မျက်နှာလေးကိုလည်း ဖျတ်ခနဲ ငုံ့ချလိုက်ပြီဆိုတော့ သူ့ကို အသေအချာစိုက်ကြည့်ခွင့်လေး ရဲရဲချစ်ရသွားသည်။

တကယ်ပါ။

သူဟာ တကယ်ချောတဲ့ လူတစ်ယောက်ပါ။

သူ့ရဲ့ လက်ချောင်းကလေးတွေကပင် ဝင်းစိုပြီး ရှင်းသန့်နေ၏။ မွေးညှင်းစိမ်းစိမ်းနုနုကလေးတွေက သူ့ရဲ့ လက်ဆစ်သွယ်သွယ်လေးတွေကြားမှာ စုစုညီညီကလေးနဲ့ ရှည်ရှည်သွယ်သွယ်ကလေး စီတန်းပေါက်နေတော့တာလေ။ လက်သည်းရောင်ကလေးကလည်း ဖွေးလို့။ စိန်သေးသေးလေးတစ်လုံးပါတဲ့ လက်စွပ်ကလေးကို ရွှေကလေးနဲ့ကွတ်ပြီး လက်သူကြွယ်ငွေမှာ



www.burmeseclassic.com

www.burmeseclassic.com



သူက ဝတ်ထား၏။

"မုန်း"

"ဟင်"

"ကိုယ်လေ"

"ဟာ... စကားပြောရင် ကောင်းကောင်းပြောလေ၊ သူများ လက်ကို ဘာဖြစ်လို့ ခဏခဏ လာကိုင်နေရတာလဲ"

"ကိုယ် စိတ်မထိန်းနိုင်တော့ဘူးကွာ"

သူဟာ ရဲရဲချစ်ကို ရဲရဲမုန်းလို့ပဲ ထင်နေပြီးတော့ လှိုက်လှိုက် တုန်တုန်ကလေးကိုပဲ ခံစားနေရတော့တာလေ။

သူပြောပြီး ခေါင်းကလေးငိုက်စိုက်ကျသွားသည်။

"ကိုယ့်ဘဝမှာ ကိုယ် ပထမဆုံး ချစ်မိတဲ့သူဟာ မုန်းပါ၊ မုန်းကို တွေ့လိုက်ရတဲ့အချိန်မှာ ကိုယ်ဟာ အိန္ဒြေမဲ့သွားရတဲ့ အထိ မရှက်နိုင်လောက်အောင် ဖြစ်သွားမိခဲ့ရတယ်။ အဲ့ဒီအချိန်မှာ မုန်းဟာ ကိုယ့်ကို တစ်ချက်ကလေးတောင် လှည့်မကြည့်သွားခဲ့ ဖူးလေ၊ အဲ့ဒီအချိန်ကစပြီး ကော်ဖီရောင်အရိပ်ကလေးကိုပဲ ပြန် တွေ့ရနိုးနဲ့ ကိုယ် အမြဲမျှော်လင့်စောင့်စားလာခဲ့ရတာပါ၊ အခု ပြန်တွေ့ရပြီဆိုတော့ ကိုယ်လေ ရင်တွေလည်း အရမ်းခုန်နေမိ တယ်၊ ပျော်လည်းပျော်နေမိတယ်၊ မုန်းကရောဟင် ကိုယ့်လိုပဲလား ကိုယ် သိပ်သိချင်တယ်ကွာ"

"ကျွန်မ... ကျွန်မ... မပြောတတ်ဘူး"





"ဒီနေ့ စတွေ့လိုက်ကတည်းက မုန်း သိပ်ရှက်နေတာ ကိုယ် သိပါတယ်၊ ကိုယ်ကလည်း အဲလိုအရှက်ဏာလေးတွေ သည်းနေတဲ့ ချစ်သူလေးကိုမှ ပိုချစ်ချင်တာ"

"ဒါဆို ရှင် ကျွန်မကို ချစ်တာပေါ့"

"ဟာ... ကျွန်မကိုချစ်တာ မဟုတ်ဘူးလေ၊ မုန်းရဲ့ ရဲရဲ မုန်းဆိုတဲ့ ကောင်မလေးမုန်း အဲ့ဒီမုန်းကိုချစ်တာ ရှင်းပြီလားဟွန်း"

ရဲရဲချစ် ငိုချင်သွားသည်။

သူကတော့ ရဲရဲမုန်းမှ ရဲရဲမုန်းပဲ။ သူစွဲလမ်းခဲ့တာ ကော်ဖီ ရောင်အရိပ်ကလေး ရဲရဲမုန်းကို စွဲလမ်းခဲ့တာဆိုတော့ အခြား တစ်ယောက်ကိုလည်း သူ ဘယ်တော့မှ ပြောင်းလွဲပြီးချစ်လာမှာ လည်း မဟုတ်တော့ပေ။

ရဲရဲချစ် ရင်ထဲမှာ တစစ်စစ်နဲ့ နာကျင်လာသည်။

သူ့အနားကနေ ပြန်ထွက်ပြေးသွားဖို့ကိုလည်း ရင်နာနာနဲ့ တွေးပစ်လိုက်မိ၏။

ကိုယ့်ကို မချစ်တဲ့ လူတစ်ယောက်ကို ကိုယ်ကရော အောက် ကျခံပြီး ဘာဖြစ်လို့ ချစ်နေတော့မှာလဲ။ ဟွန်း သူချစ်မှလား ရဲရဲချစ်မှာ တပုံကြီးပါ။ များလွန်းလို့ လက်ညှိုးကလေးနဲ့တောင် တောက်တောက်ပြီးတော့ ခါချနေရသေးတယ်။ လုပ်မနေနဲ့ ပြန်မယ်။ ရဲရဲချစ် ပြန်တော့မည်။

"မုန်း"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်ပါနဲ့၊ အဲ့ဒီနာမည်ကို ရှင် မခေါ်ပါနဲ့"

"ဟင်..."

"ကျွန်မ ပြန်ပါရစေ"

"ဟာ... မုန်းရယ်၊ ကိုယ် မုန်းကို ဘယ်လိုနားလည်ရတော့မှာလဲကွာ၊ ဟင် ကိုယ်ပြောတဲ့အထဲမှာ မုန်းစိတ်ကို ထိခိုက်စေမဲ့ စကားတွေ ပါသွားလို့လား၊ ကိုယ် မုန်းကို သိပ်ချစ်ခဲ့တယ်လေ၊ ဘယ်အရာနဲ့မှ အစားမထိုးနိုင်အောင် ချစ်ခဲ့တယ်"

"ရှင်... ရှင်ချစ်တာ တစ်သက်မှာ တစ်ယောက်ပဲမို့လား"

"အို... သိပ်သေချာတာပေါ့၊ ရဲရဲမုန်းဆိုတဲ့ မုန်းကလွဲရင် ကိုယ် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ အဲကွာ နောက်ဆုံးကုန်ကုန်ပြောလိုက်မယ်ကွာ အဲဒီကောင်မလေးဟာ မုန်းနဲ့ ဘယ်လိုမှခွဲခြားလို့မရအောင် တထပ်တည်း တပုံစံတည်း တူစေဦးတော့ အဲ့ဒီကောင်မလေးကို ကိုယ် ဘယ်လိုမှ ချစ်လာမှာမဟုတ်တော့ဘူး"

"တော်ပါတော့"

ရဲရဲချစ် နာကျင်စွာ အော်ပစ်လိုက်သည်။

ပြီးတော့လည်း နှုတ်ခမ်းကလေးကို တစ်ချက်တွန့်ကွေးပြီး တော့လည်း ပြုံးပစ်လိုက်၏။

"ကျေးဇူးတင်ပါတယ်"

ရဲရဲချစ် ဆတ်ခနဲထရပ်လိုက်ပြီ။





"ဟင်... မုန်း သွားတော့မလို့လား"

"ကျွန်မမှာ အလုပ်တွေရှိသေးလို့ပါ"

"ကိုယ်..."

"အို... ဖယ်ပါ"

"မုန်းရယ်၊ ဘယ်လိုဖြစ်သွားရတာလဲကွာ၊ ကိုယ့်ကို အရူးဖြစ်အောင်တော့ မလုပ်လိုက်ပါနဲ့နော် မုန်း၊ မုန်းနဲ့ခဏလေး တွေ့ခွင့်ရတဲ့အချိန်ကလေးမှာ ကိုယ့်ရဲ့ အနာဂတ်အတွက် ကြိုတင် မုန်းဆီပြီး ကိုယ် ပျော်ချင်လို့ပါ မုန်း မပြန်ပါနဲ့ကွာ"

သူ တောင်းပန်နေသည်။

သူ့အသံလေးက ကြေကြေကွဲကွဲကလေးနဲ့ တကယ့်ကို ရင်နင့်နင့်လေး။

"ကိုယ်... မုန်းကို သိပ်ချစ်တယ်"

"မုန်းကို လက်ထပ်ပါရစေ"

"မုန်းနဲ့ပဲ ကိုယ် အတူတူနေပါရစေ"

"အို..."

သွားပြီ။

ရဲရဲချစ်ရဲ့ ကိုယ်လုံးအိအိတင်းတင်းလေးကို မျက်နှာချင်းဆိုင်ကနေ သူ တအားသိမ်းကြုံးပွေ့ဖက်လိုက်ပြီ။

"အို..."

"အို..."



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလိုက်ဖို့ ပြင်လိုက်တဲ့ သူမလေးရဲ့ နှုတ်ခမ်းအိအိလေးတွေ ရုတ်တရက် ပိတ်ကျသွားသည်။ ခေါင်းကလေးတခါခါနဲ့ပဲ သူဆွဲခေါ်လာရာ သစ်ပင်အုံကလေးကြားက ခုံတန်းလေးတစ်ခုဆီကို ရဲရဲချစ် ပါသွားခဲ့ရတော့၏။

ဟွန်း

ရည်းစားမထားဘူးပေလို့ပဲ။

လျှင်လိုက်သွက်လိုက်တာ။

"ကိုယ့်ကို စိတ်မဆိုးပါနဲ့ မုန်းရယ်နော်"

"ဒီမှာ အင်္ကျီလေး ကြေကုန်ပြီရှင့်"

"ကိုယ် ပြန်ဆန့်ပေးမှာပေါ့"

သူ့လက်တွေက သူမရဲ့ ကိုယ်လုံးအိအိလေး တစ်နေရာကို ထပ်ပြီးထိတွေ့ဖို့ ရောက်လာသည်။

"ဟာ... မထိနဲ့လေ ဒုက္ခပါပဲ ဟင့်... ဟင့်..."

သွားပါပြီ။

ရဲရဲချစ်ရဲ့ နှလုံးသားတွေကို အထိမ်းအကွပ်မဲ့တဲ့ လွင်ပြင်လေးတစ်ခုဆီကို ရောက်အောင်ခေါ်သွားပြီး တစ်ချက်တည်း အပိုင်သိမ်းပစ်လိုက်ဖို့ သူက ကြိုးစားလိုက်ပြီ။

ဟိုတုန်းကနဲ့မတူတဲ့ ခံစားမှုလေးတစ်ခု။

သူ့ရဲ့ရင်ခွင်ကြီးထဲမှာ သူမရဲ့ကိုယ်လေး နွမ်းလျသွားသည်။

"မုန်းရယ်"





"ကိုယ် မင်းကို သိပ်ချစ်တယ်ကွာ"

"မင်းကို လက်ထပ်ဖို့ ကိုယ် ဆုံးဖြတ်လိုက်ပြီ ဒီကနေပြန်တာနဲ့ မုန်းတို့အိမ်ကို ကိုယ် လိုက်ခဲ့တော့မယ်နော်"

"ဟာ... မလိုက်ပါနဲ့"

ရဲရဲချစ် ကြောက်အားလန့်အား ငြင်းပစ်လိုက်သည်။

သူလိုက်လာရင် ပြဿနာတွေရှုပ်ပြီး သူမလေး ဟန်ဆောင်ခဲ့တာတွေ အကုန်ပေါ်တော့မှာ။ ရဲရဲမုန်းကလည်း သူမငယ်ထိပ်ကလေးကို ခွပ်ခနဲနေအောင် အသေဆော်တော့မှာ။

"ရှင်နော် မုန်းကိုချစ်ရင် အိမ်ကို ဘယ်တော့မှလိုက်မလာပါနဲ့၊ လူကြီးတွေက ရည်းစားမထားရဘူးဆိုပြီး မုန်းကို သေသေချာချာ မှာထားတာ၊ မုန်း သေချင်တယ်၊ ဟင့် ရှင့်ကို လာတွေ့လိုက်မိတာ မုန်း မှားသွားပြီ၊ ဟင့်... ဟင့်... ရှင့်ကိုလည်း မုန်းအရမ်းချစ်သွားပြီ"

"အောင်မလေးဗျာ... "

သူ ထခုန်မိတော့မတတ် ဝမ်းသာသွားသည်။

သူမကလေးက သူ့ကို အရမ်းချစ်သွားပြီတဲ့။ တဟင့်ဟင့်နဲ့လည်း ငိုနေသည်။ နှုတ်ခမ်းလေးတွေကလည်း တတွတ်တွတ်ပြောနေသည်။ သူ့ကိုလည်း မော့မကြည့်တော့ပါ။ သူမလေးက သူ့ရင်ခွင်မှာ မျက်နှာလေးအပ်ပြီး ဝမ်းနည်းစွာ ရှိုက်ငိုနေခဲ့ပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"မုန်း တကယ်ပြောတာနော်၊ ကိုယ့်ကို အရမ်းချစ်သွားပြီ ဆိုတာ တကယ်နော်၊ ဒီမှာ ကိုယ့်ကို ခဏလောက် မော့ကြည့်စမ်း၊ ကိုယ့်စကားကို မုန်း သေသေချာချာနားထောင်၊ ကိုယ် မုန်းကလွဲရင် တခြားဘယ်သူ့ကိုမှ မချစ်တော့ဘူး"

"ဆက်... ဆက်မပြောပါနဲ့"

ရဲရဲချစ် မကြားချင်ဆုံးစကား။

သည်စကားကို ကြားလိုက်တိုင်း ရင်ထဲမှာ နင့်ခနဲ နင့်ခနဲ ဖြစ်ဖြစ်သွားရတာလေ။

ကိုယ့်လိပ်ပြာမှ ကိုယ်မလုံတာ။

ရဲရဲချစ်က ရဲရဲမုန်းဟန်ဆောင်ပြီး ချစ်နေရတာ။ သူ့ကို စတွေ့လိုက်တဲ့အချိန်မှာပဲ။ သူ့ရဲ့ ညို့မျက်ဝန်းကြီးတွေအောက်မှာ အချစ်ဆိုတဲ့အရာလေးကို ထူးဆန်းအံ့သြဖွယ်ရာ ရဲရဲချစ် ရှာတွေ့သွားခဲ့တာပါ။

ခုတော့

ပြန်နောက်ဆုတ်လို့လည်း မရတော့ပြီ။

သူ့ရဲ့ ပြင်းပြစူးနင့်တဲ့ အနမ်းတွေအောက်မှာ ရဲရဲချစ် ဆိုတဲ့ ကောင်မလေးတစ်ယောက် ဒူးထောက်အရှုံးပေးလိုက်ရပြီ။ ဝဏ္ဏထွန်းတို့ အာကာယံတို့နဲ့ ဘာမှမဆိုင်တဲ့ ခံစားမှုတစ်ခု။

ရင်ထဲမှာ တလှိုက်လှိုက်နဲ့။

နွေးခနဲ အေးခနဲ သိမ့်ခနဲ ငြိမ့်ခနဲဖြစ်ဖြစ်သွားရတဲ့ နှလုံး





သားထဲက စောင်းကြိုးခတ်သံလေး။

အဲဒါလေးကို

ဦးကြယ်စင်သာဆိုတဲ့ လူချော့လူခန့်ကြီးကပဲ ပေးစွမ်းနိုင်တာပါ။

ရဲရဲမုန်းရယ်

နင့်ကိုငါ တောင်းပန်ပါတယ်ဟာ။

အသိစိတ်ကလေးနဲ့ ငါ နောက်ဆုတ်ဖို့ ကြိုးစားလိုက်မိပေမဲ့ ဦးကြယ်စင်သာဆိုတဲ့ လူကြီးက သံယောဇဉ်အကြင်နာ အနမ်းကြိုးကလေးနဲ့တားပြီး ငါ့ကို ချုပ်နှောင်ထားလိုက်လို့ပါ။

နင့်အစား

သူ့ကို ငါပဲချစ်လိုက်ပါရစေတော့ ရဲရဲမုန်းရယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခုနစ်)

"ရဲရဲမုန်း"

"ဟင်"

"ငါလေ"

"ဆက်ပြော"

"လူတစ်ယောက်ကို တကယ်ချစ်မိသွားပြီ"

"ဟား... ဟား"

"ဘာလဲ နင်က မယုံလို့လား"

"ရဲရဲချစ်ရယ်၊ အခုမှ အထူးအဆန်းလုပ်လို့ ယောကျ်ားလေးတွေကို နင်ပဲ ခဏခဏချစ်နေတာ မဟုတ်ဘူးလား၊ ဘာ အခုမှ တကယ်ချစ်သွားရပြန်တာလဲ၊ နင့်အချစ်တွေက များလွန်းလို့ မှတ်တောင်လိုက်မမှတ်နိုင်တော့ဘူး ဟား... ဟား"





ညီမဖြစ်သူ ရဲရဲချစ်ရဲ့ ရှုံ့မဲ့မဲ့ မျက်နှာလေးကို စိုက်ကြည့်ကာ အစ်မဖြစ်သူ ရဲရဲမုန်းက တဟားဟား အော်ရယ်ရင်း လှောင်ပစ်လိုက်သည်။ ရဲရဲချစ်အကြောင်း သူမ အသိဆုံးပဲဟာ။

"ငါ တကယ်ပြောနေတာပါ ရဲရဲမုန်းရယ်၊ နင်က တဆိတ်ရှိ ငါ့ကိုပဲ အထင်သေးနေတော့တာပဲ"

အသံလေးက အက်အက်ကလေး။

မျက်ဝန်းလေးတွေကလည်း အရင်ကနဲ့မတူအောင် ရီဝေကြေကွဲလို့။

"သူနဲ့တွေ့လိုက်မှ ငါ့စိတ်တွေ တမျိုးပြောင်းသွားတယ် ရဲရဲမုန်းရယ်၊ ငါ့ရဲ့ မတည်ငြိမ်တဲ့စိတ်တွေကို အဆုံးသတ်သင့်ပြီလို့ထင်တယ်၊ သူနဲ့ ဘဝတစ်ခုကို အတူလက်တွဲပြီး ထူထောင်ချင်တယ်၊ ဒါပေမဲ့ ငါ သိပ်ကြောက်နေတယ်၊ ငါ့ရဲ့ အတိတ်ဆိုးက လုပ်ရပ်တွေကို သူသိပြီး အထင်သေးသွားမှာ သိပ်ကြောက်တာပဲ"

"ဟင်..."

ဒီတစ်ခါတော့ ရဲရဲမုန်း မလှောင်နိုင်တော့ပါ။ ရဲရဲချစ်ပုံစံလေးက နောက်ပြောင်ပြီး ခပ်တည်တည်ဇရတ်ကျပြောနေတဲ့ပုံစံကလေးမှ မဟုတ်တော့တာ။ တကယ့်ကို ခံစားချက်အပြည့်နဲ့ ပြောနေတာပဲ။ သူမလေး ပါးစပ်က အချစ်နဲ့ပတ်သက်ပြီးပြောတာ ဒီတစ်ခါ အလေးနက်ဆုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားများတဲ့ငါ့ကို သူ့ အထင်မကြီးမှာ ကြောက်နေတယ် ရဲရဲမှန်းရယ်၊ ငါ... ငါ ဘာလုပ်ရမလဲဟင်"

"နင် တကယ်ပြောနေတာလား ရဲရဲချစ်"

"ဟာ... လုပ်ပြန်ပြီ၊ နင် ငါ့ကို ခုထိမယုံသေးဘူးလားဟင် ရဲရဲမှန်း၊ ညီမအရင်းကြီးဖြစ်တဲ့ နင်ကတောင် ငါ့ကို အယုံအကြည်မရှိရင် ဘယ်သူကလာပြီး ယုံကြည်တော့မှာလဲ"

"အေးပါဟယ် ငါက အလကားစတာပါ၊ နင်ကလည်း မျက်လုံးပြူးကြီးနဲ့ လန့်တောင်လန့်တယ်"

"ငါ့အသည်းလေးက တကယ့်ကို နသွားတာဟ၊ အထိအနိုက်မခံနိုင်ဘူး"

သေလိုက်။

ရဲရဲချစ်ရေ။

နင် ဒီတစ်ခါတော့ တကယ့်ကို ဝဋ်လည်ပြီပဲ။ အချစ်ကို ဆော့ချင်တိုင်းဆော့၊ ယောကျ်ားလေးတွေကို အသည်းခွဲချင်တိုင်း ခွဲလာတဲ့နင်။ အခု နင့်အလှည့်မှာ ပြန်ခံစားရမှာကျတော့ သေလောက်အောင် ကြောက်နေပြီလားဟဲ့။

"ငါ သူ့ကို တကယ်ချစ်သွားတာဟ၊ သူ့ကို ငါစပြီးတွေ့လိုက်ရတဲ့အချိန်မှာ ငါ့တစ်ကိုယ်လုံး ဒိန်းကနဲတုန်သွားပြီး ဟိုဟာလေဟာ... ဟို... ဟို၊ အဝတ်စလေးတစ ဟိုးကောင်းကင်အမြင့်ကြီးပေါ်ကို လွင့်သွားသလို"





"အမလေးဟာ အရေးထဲမှာ ကဗျာကလည်း ဆန်နေလိုက်တာ"

"သိပ်ချစ်မိသွားတာကို ပြောတာပါဟာ နင်ကလည်း"

"နင်နဲ့ ဘယ်တုန်းကတွေ့ပြီး ဘယ်တုန်းက ချစ်သွားတာလဲ"

"အဟင်း ဒီနေ့"

"ဟင်... ဒါဆို နင် တစ်ခါတည်း အဖြေပေးလိုက်ပြီပေါ့"

"ပေးလိုက်ပြီ"

"ကြည့်စမ်း မိန်းကလေးဖြစ်ပြီး အိုက်တင်လေးဘာလေး တောင် မခံတော့ဘူး၊ နင့်တို့လိုဟာမလေးတွေကြောင့် ငါတို့လို အိန္ဒြေသိက္ခာနဲ့နေတဲ့ မိန်းကလေးတွေ ဈေးပျက်ရတာဟဲ့"

"ကဲ"

"ဒေါက်"

"အားလားလား"

မြန်လိုက်တဲ့လက်။

"နာ... နာလိုက်တာ ရဲရဲမှန်းရယ်၊ ဟင့်... ဟင့်"

"နင်... နင်က တစ်ခါတည်းနဲ့ အဖြေပြန်ပေးလိုက်တာကိုး"

"ဟဲ့... တစ်ခါတည်းနဲ့ အဖြေပေးလိုက်တယ်ဆိုတာ ရင်ကိုထိတဲ့ ထိချက်ကလည်း ပြင်းတာကိုးဟဲ့၊ ဒါ မြန်တယ်လို့မှ



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့မရတာ၊ ခံစားချက်က သိပ်နက်နဲပြီး ပေါက်ကွဲမှုက အရမ်းပြင်းထန်တာ၊ အဲဒါ နင် နားလည်အောင် ပြန်ရှင်းပြဖို့ ခက်နေလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"အမလေး ပြောပြလည်း ငါက သိမှာမဟုတ်ဘူး၊ ငါက နင့်လို ခံမှ မခံစားဘူးတာ"

"နင် တော်တော်တုန်းတာပဲ ရဲရဲမှန်း၊ နင်တော့ အပျိုကြီး ဘဝနဲ့ပဲ အရိုးထုတ်ရမှာ သေချာတယ်"

"အဲဒါပဲ ကောင်းပါတယ်ဟာ"

ရဲရဲမှန်း ပင့်သက်ချလိုက်သည်။

"ရဲရဲမှန်း"

"ဟင်"

"နင်ကျတော့ ယောကျ်ားလေးတွေနဲ့ ဘာဖြစ်လို့ အရော မဝင်ချင်တာလဲ"

"ဟာ...၊ အထူးအဆန်းမေးခွန်းတွေ ပြန်ထုတ်နေပါလား၊ ငါက ယောကျ်ားလေးတွေကို အထင်မှမကြီးတတ်တာ၊ ပြီးတော့ ငါ့ဝါသနာက အေးအေးပဲနေမယ်၊ စာဖတ်မယ်၊ ငါ ဝတ်ချင်တာလေးတွေ့ရင် အထည်ဆိုင်လေးမှာအပ်ပြီး ချုပ်ဝတ်မယ်၊ ငါ စားချင်တာလေးတွေ အိမ်မှာ တစ်ခုပြီးတစ်ခု လုပ်စားမယ်၊ ဒါပဲ စိတ်ညစ်ရမဲ့အလုပ် စိတ်ရှုပ်ရမဲ့အလုပ်ဆိုရင် ဘာမှမလုပ်ချင်ဘူး၊ အချစ်ဆိုရင်လည်း နင့်ကိုကြည့်ပြီးတော့တောင်





ငါ့ အရမ်းစိတ်ကုန်နေပါပြီ၊ ဟိုတလောက ဖုန်းသရဲလား၊ ဖုန်း ဂျပိုး လားမသိပါဘူးဟာ ငါ့ကိုတွေ့ပြီး သိပ်ချစ်သွားလို့တဲ့ ဖုန်းဆက်ပြီးတော့ အူတူတူလာလုပ်နေသေးတယ်"

"ဟင်..."

ရဲရဲချစ် မျက်နှာလေး ချက်ချင်းကိုပဲ ဇီးရွက်လောက်လေး ဖြစ်သွားသည်။

"အဲဒါ တစ်ချက်တည်းနဲ့ အပြတ်ဟောက်ပစ်လိုက်တာ ဟား... ဟား၊ နောက်ထပ် မဆက်တော့ဘူး"

"နင်... နင်... အဲလိုဆက်ရင် ဖုန်းကို ချက်ချင်းချပစ် နော်၊ လုံးဝအရောမဝင်နဲ့သိလား၊ အခုတလော ဖုန်းသရဲတွေ အရမ်းသောင်းကြမ်းနေတယ်၊ ယောကျ်ားလေးအသံကြားတာနဲ့ ချပစ်ဟင်း"

"အေးပါဟယ် ငါ သိပါတယ်"

ရဲရဲချစ် အခုမှ စိတ်ကလေး နည်းနည်းအေးသွားရသည်။

မတော် သူက ရဲရဲမှန်းနဲ့ တွေ့ချင်လို့ပါဆိုပြီး ဆက်နေရင် ဘယ်လိုလုပ်မလဲ။ အဲဒီဖုန်းကိုသာ ရဲရဲမှန်း ကိုင်လိုက်မိရင် အမလေး ရဲရဲချစ် တွေးတောင်မတွေးရဲ။ သူတို့နှစ်ယောက် မဆုံမိအောင်တော့ ရဲရဲချစ် ကြိုးစားရတော့မှာပေါ့လေ။

"နင် ဒီတစ်ခါတော့ ထူးခြားတယ်နော် ရဲရဲချစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"အချစ်နဲ့ စတင်ဆုံခဲ့တာကိုလေ"

"ဟုတ်တယ်ဟာ အချစ်များစွာထဲက အထူးခြားဆုံးအချစ်ကလေးနဲ့ ဆုံခဲ့တာဟ၊ အဟက်... သူ့ကို ငါ တကယ်ချစ်သွားမိတာသိလား၊ အခုဆိုရင် ဝေးသွားရမှာကိုတောင် ကြောက်နေမိပြီ"

"မေ့မေ့ကို သတင်းကောင်းပေးရဦးမှာပေါ့"

"ဘာသတင်းလဲ"

"မေမေ့သမီး အငယ်မမှာ အခုမှပဲ ဖူးစာရှင် အစစ်အမှန်တွေ့နေပြီလို့လေ"

"ဟာ... နင်ကလည်း"

"အောင်မယ်၊ ဒါက ဘာဖြစ်သွားရတာလဲ၊ ရှက်လည်း မရှက်တတ်ဘဲနဲ့များ အိုက်တင်ခံပြီး ရှက်ပြနေရသေးတယ်"

"ဟာ... ရဲရဲမှုန်းနော်"

ခေါင်းဦးကလေးနှင့် ထုဟာန်ပြင်တော့ နေရာက သုတ်ခနဲထပြေးသော ရဲရဲမှုန်းကို သူမ ငေးကြည့်ပြီး မျက်ဝန်းလေးတွေက ပြန်ပြီးရီဝေသွားကြပြန်သည်။

"ရဲရဲချစ်"

"ဟင်"

"နင် သူနဲ့ထပ်ပြီးတွေ့ဖို့ ချိန်းမထားဘူးလား"





"ချိန်းထားတာပေါ့"

"ဘယ်တော့လဲ"

"မနက်ဖြန်ညနေ"

"ဟယ်... တကယ် ဒီတစ်ခါတော့ နင့်ရဲ့စိတ်တွေကို ပြောင်းလဲသွားအောင် သင်ခန်းစာပေးလိုက်တဲ့ ပုဂ္ဂိုလ်ကို ငါကိုယ်တိုင် လိုက်ကြည့်ဦးမယ်"

ဟင်...

ရဲရဲမှုန်းက ငါကိုယ်တိုင်လိုက်ကြည့်ဦးမယ်တဲ့။

ရဲရဲချစ် ပျာယာခတ်သွားသည်။

"ဟင့်အင်း၊ နင် မကြည့်ရဘူး၊ နင် လုံးဝမကြည့်ရဘူး"

"ဟာ... အဲဒါ ဘာဖြစ်တာလဲ"

"မမေးနဲ့ဟာ နင် မကြည့်နဲ့ဆို မကြည့်နဲ့၊ သူနဲ့ငါ လက်ထပ်ဖို့ သေချာသွားပြီ၊ ဖိတ်စာတွေဘာတွေလည်း ရိုက်ပြီးသွားပြီဆိုမှ နင့်ကိုငါပြမယ်"

"အောင်မယ်... ကြီးကျယ်လို့"

"နင်ပဲ ယောကျ်ားလေးတွေနဲ့ မပတ်သက်ချင်ဘူးဆို"

"ဟဲ့... အခုဟာက ပတ်သက်တာမှ မဟုတ်တာ၊ ငါက ကြည့်ရုံပဲကြည့်မှာ၊ အဲဒါကလည်း နင့်ချစ်သူအနေနဲ့ မြင်ဖူးအောင်လို့ ကြည့်ထားချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... ဟင့်အင်း၊ ငါ လုံးဝခွင့်မပြုဘူး၊ အေး ငါ ခွင့်မပြုတဲ့ကြားက ငါ့ချစ်သူကို နင် အတင်းလိုက်ကြည့်ရင်တော့ ငါ့ချစ်သူကို နင် ဖြောင်ဝင်လုချင်လို့ လိုက်ကြည့်တာပဲလို့ ငါ သဘောထားလိုက်မယ်"

"ဟယ်... ကြည့်စမ်း"

ရဲရဲမုန်း မျက်နှာလေး ဝမ်းနည်းရိပ်ကလေးတွေနဲ့ ချက်ချင်းကိုပဲ ပြည့်တက်သွားရပြီ။

"နင်... နင်"

"ဟာ... ဟား၊ ငါက အလကားစတာပါ ရဲရဲမုန်းရာ"

"ဒါ စ,စရာလားဟဲ့၊ သူများချစ်သူကို လုတယ်ဆိုတာ ဘဝဆက်တိုင်းဆက်တိုင်း ဝဋ်လိုက်တတ်တယ် နားလည်လား၊ နင် အခု သူများချစ်သူကို လုကြည့်ပါလား နောက်ဘဝမဟုတ်ဘူး အခုဘဝမှာတင် နင့်ချစ်သူကို သူများက လုသွားလိမ့်မယ်"

"ဟင်..."

"နင့်ချစ်သူဟာ သူများနောက်ကို ပါသွားရုံတင်မဟုတ်တော့ဘူး နင့်ကိုလည်း အမုန်းကြီးမုန်းသွားလိမ့်မယ်၊ နင့်ကိုထားခဲ့ပြီး နောက်တစ်ယောက်ကို အရူးအမူး ချစ်သွားလိမ့်မယ်"

"တကယ်"

"ငါပြောတာ မယုံရင် မေမေ့ကို နင် မေးကြည့်၊ ဟွန်း





ငါကတော့ ဘယ်တော့မှ သူများချစ်သူကို မလုဘူးစိတ်ချ၊ နင် ဘာမှမပူမနေနဲ့"

"ငါ... ငါ နင့်ကို တစ်ခုမေးမယ်နော် ရဲရဲမုန်း၊ တကယ်လို့ပေါ့ဟာ ငါက သူများချစ်သူကို မတော်တဆ အဲ မထင်မှတ်ဘဲ ရုတ်တရက်ဟာ အဲဒီရုတ်တရက်လေးမှာ စိတ်မထိန်းနိုင်ဘဲ လုမိခဲ့တယ်ဆိုရင်ရော"

"လုပ်မနေနဲ့ ရဲရဲချစ်၊ အဲဒါလည်း လုတာပဲ"

"စိတ်ညစ်ပါတယ်ဟာ"

"ဟင်..."

"ငါ မလုဘူးနော်"

"ဟဲ့ ဘာမလုတာလဲ"

"သူက ငါ့ကို အတင်းပွေ့ဖက်ပြီး ချစ်ပစ်လိုက်လို့"

"အမလေး..."

ရဲရဲမုန်း ရင်ကလေးတုန်ရပါပြီ။

အတင်းပွေ့ဖက်ပြီး ချစ်ပစ်လိုက်လို့တဲ့။

ဘုရား... ဘုရား...

ဘယ်လောက်တောင် ချစ်ပစ်လိုက်ပြီလဲ။ နည်းနည်းလေးလား၊ အများကြီးလား၊ ဒုက္ခပါပဲ။ မေမေသိရင် စိတ်ပူနေတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲချစ်"

"ဟင်... ဘာလဲ"

"နင် မမိုက်နဲ့နော်"

"ဟာ... မမိုက်ပါဘူး"

"နင့်ကို မေမေက လှလှလေး၊ အိအိလေး တောင့်တောင့် ဖြောင့်ဖြောင့်လေး မွေးပေးထားတာနော်"

"အဲဒါ ဘာဆိုင်လို့လဲ"

"ယောကျ်ားတွေခေါ်တဲ့ နေရာတိုင်း နင် လျှောက်မလိုက်နဲ့"

"မလိုက်ပါဘူး"

"ဟွန်း ရဲရဲချစ်ရယ်၊ နင်ပြောတဲ့စကားတွေကို နားထောင်ရတာ စိတ်မသက်သာလိုက်တာ"

သူမ ငြိမ်ပြီးနားထောင်နေလိုက်သည်။

မျက်ဝန်းလေးထဲမှာတော့ ချစ်ရသူရဲ့ အရိပ်ကလေးကို တရေးရေးနဲ့ မြင်ယောင်လာမိရပြန်ပြီလေ။ မထင်မှတ်ဘဲနဲ့ သူ့ကို ချစ်သွားမိခဲ့ရတဲ့အဖြစ်။ ဒီနေ့ ဝမ်းနည်းစွာနဲ့ လှည့်ပြန်လာဖို့ ဆုံးဖြတ်လိုက်ပြီးကာမှ ချစ်ဓားပြလေး အတိုက်ခံလိုက်ရလို့ ရင်ထဲမှာရှိသမျှ မေတ္တာတွေ အကြင်နာတွေအားလုံး ထုတ်ပေးလိုက်မိတာပါ။





"ဒါဆို နင် ငါ့ကို တကယ်ပဲ ပေးမတွေ့တော့ဘူးပေါ့ ဟုတ်လား ရဲရဲချစ်"

"ငါ သူ့ကို သိပ်ချစ်တာဟ၊ သူ ဘယ်မိန်းကလေးကိုမှ ငါ့ထက်ပိုပြီး စိတ်ဝင်စားသွားမှာ မလိုလားဘူး"

"အံမယ် နင်က ငါနဲ့တောင် စိတ်မချဘူးပေါ့လေ"

"နင်က ငါနဲ့ ရုပ်ချင်းခွဲမရအောင် တူတယ်လေ၊ အဲဒါကြောင့် လူချင်းမှားမှာ စိုးရိမ်နေတယ်လေ၊ သူက ဘယ်ဟာ ရဲရဲချစ်၊ ဘယ်ဟာရဲရဲမှုန်းဆိုတာ သိသေးတာမှ မဟုတ်တာ"

ရဲရဲမှုန်း ယုံကြည်အောင် သူမလေး ပြောနေမိသည်။

အရေးကြီးတာ ရဲရဲမှုန်းနဲ့ မဆုံတွေ့ရင်ပြီးရော။

"အင်း ဟုတ်တယ်နော်၊ အလကားစတာပါဟာ၊ နင့်အကောင်တွေနဲ့တွေ့လည်း ငါက ဘာမှဧည့်ခံစကားပြောဆိုတတ်တာမှ မဟုတ်တာ၊ မတွေ့တော့တာပဲ ကောင်းပါတယ်လေ"

"အေး ဟုတ်တယ်၊ တော်ကြာ နင့်ကြောင့် အဆင်မပြေဖြစ်ရင် ငါ့အသည်းလေး ကွဲအက်သွားမှာ"

"အောင်မလေး အဖြစ်သည်းနေလိုက်တာဟယ်၊ အမြင်တောင်ကတတ်တယ်"

"ဟဲ... ဟဲ နင်ကမှ မချစ်တတ်သေးတာကိုးဟဲ့၊ ဘယ့်ကိုယ်ချင်းစာတတ်ဦးမလဲ၊ နင် အချစ်နဲ့တွေ့မှ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ တော် ... တော် ... ဘာအချစ်နဲ့မှ မတွေ့ချင်ဘူး၊ ငါ့နာမည်ကိုက ရဲရဲမုန်း၊ ငါ့ရင်ထဲမှာ အမုန်းတွေပဲရှိတယ်"

"အမလေး ဒီစကားကြားရတာ နားဝင်ချိုလိုက်တာနော်"

"ဟွန်း ကောင်စုတ်မလေး"

ဆိုဖာပေါ်တင်ထားသော အသည်းပုံ ခေါင်းဦးအနီရဲရဲကလေးနှင့် ရဲရဲချစ်ထံ ပစ်ပေါက်ကာ ရဲရဲမုန်းတစ်ယောက် အခန်းလေးထဲက ပြန်ထွက်သွားလေတော့သည်။

●



## အခန်း (ရှစ်)

ရဲရဲချစ်တစ်ယောက်။

အခုမှ အကြီးအကျယ် စိတ်ညစ်နေရသည်။

သူမရဲ့ အင်္ကျီအရောင်တွေ ဒီဇိုင်းတွေအားလုံးက ခေတ်ရှေ့ပြေးနေတဲ့ အရောင်တွေ ဒီဇိုင်းတွေချည်းပဲလေ။ သူမ ဘယ်တုန်းကမှ အရောင်နုနုလေးတွေနဲ့ ဒီဇိုင်းရိုးရိုးလေးတွေကို မကြိုက်တတ်ပေ။ သူမလေး အခုမှ ဒုက္ခတွေ့ရပြီ။

သူမ အကြိုက်ဆုံးအရောင်တွေက အနက်၊ နီညိုရောင်၊ ဖေဒါရောင်ရင့်ရင့်၊ ခရမ်းရောင်တောက်တောက်တွေချည်းပဲ။ ဦးကြွယ်စင်သာက ရဲရဲမုန်းအမှတ်နဲ့ သူမလေးကို ကော်ဖီရောင်လေးတွေချည်း အမြဲဝတ်ခိုင်းနေတော့တာလေ။

ရဲရဲမုန်းက

ကော်ဖီရောင်ကို အရူးအမူးကြိုက်တဲ့ မိန်းကလေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဗီရိုထဲမှာဆို ကော်ဖီရောင်လေးတွေက ဒီဇိုင်းမျိုးစုံ။ ဝယ်ချုပ်သမျှ အင်္ကျီတော်တော်များများမှာ ကော်ဖီရောင်လေးတွေ ချည်းသာဖြစ်သည်။

ဒီနေ့ ရဲရဲချစ် သူနဲ့ချိန်းထားသည်။

ညစာကျွေးမည်တဲ့။

သူမ ချောင်းနေမိတာ ရဲရဲမှန်းဆီက နောက်ထပ်ကော်ဖီရောင်အင်္ကျီလေးတစ်ထည် ခိုးဖို့ပဲ။ သူနှစ်သက်တဲ့ အရောင်ကလေးကို ဝတ်ပြမှဖြစ်မည်။ သူစွဲလမ်းနေတာ ရဲရဲမှန်းနဲ့ သူမရဲ့ ကော်ဖီရောင်အင်္ကျီလေးကိုပဲလေ။

ဟော

ကံကောင်းထောက်မစွာ အိမ်ဖော်မလေး အေးအေးလက်ထဲမှာ မီးပူတိုက်ပြီးသား အင်္ကျီလေးတွေ သယ်လာတာတွေ့ရသည်။ စားရက်ကြံ့လို့ မုတ်ဆိတ်ပျားစွဲတယ်ဆိုတာ အဲဒါမျိုးပဲနေမှာပေါ့။

"ဟဲ့… အေးအေး"

"ရှင်"

"လာဦး ဒီကို အမြန်လေးလာခဲ့"

"ဟို… ဟို ခဏလေးနော်၊ ဒီအင်္ကျီလေးတွေ မမကြီး အခန်းထဲ သွားပို့ပေးလိုက်ဦးမယ်"

အရေးထဲမှာနော်။

ဒီငတုံးအမလေး အေးအေးကတမျိုး။





"နင် တော်တော်ရှုပ်ကျောပါလား၊ လာဆိုလာခဲ့ပေါ့ဟဲ့"

ပြောပြောဆိုဆိုနှင့် အေးအေးဆီ လျှောက်သွားပြီး သူ့လက်ထဲက ရဲရဲမှန်းရဲ့ အင်္ကျီအထပ်ကလေးဆီ သူမလက်ကလေးတွေ ခိုးခနဲဖတ်ခနဲ ရောက်သွား၏။

"ဟာ… မမလေး၊ ဒါ မမကြီးအင်္ကျီတွေနော်"

"နင်မရှုပ်နဲ့၊ နင့်ပါးစပ်ကို အခုပိတ်ထား၊ ဒါ ငါအမြဲ ယူဝတ်နေကြ"

"ဟာ… မလုပ်ပါနဲ့၊ မမကြီးက မမလေး ယူမဝတ်စေနဲ့လို့ အေးအေးကို မှာထားတာ၊ ပြီးတော့ အထည်တွေကိုလည်း တစ်ထည်ချင်း ရေပြီးတော့ ပေးခဲ့တာ၊ အေးအေး အဆူခံနေရဦးမယ်၊ မလုပ်ပါနဲ့ မမလေးရယ်"

"ဒီမှာ နင့်ကိုဆူရင် လက်ဖက်ခြောက်ခပ်လိုက်၊ ဂရုစိုက်မနေနဲ့၊ ကဲ… ငါကတော့ ဒီအင်္ကျီလေး ယူလိုက်ပြီ"

"ဟင်"

အေးအေး မျက်နှာမှာ သွေးတစ်စက်မှ မရှိတော့ပါ။

"နင် သွားမပြောနဲ့နော်၊ ဗီရိုထဲက အင်္ကျီထပ်ကလေးမှာ ဒီအတိုင်းလေး ရေပြီးအားလုံးတင်ထားလိုက်"

ပြောလည်းပြော ငွေမှုန်လက်လက်ကလေးများ ပါသော ကိုယ်ကြပ်ကော်ဖီရောင် အသားပျော့ပျော့ အင်္ကျီလေးကို ရွေးချယ်ပြီး ရဲရဲချစ် ယူထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်။

ဒူးဖုံးစကဒ် အနက်ရောင်လေးနှင့် ကော်ဖီရောင်အင်္ကျီလေးကို တွဲဝတ်ကာ အပေါ်က အနီရောင်ရှပ်အင်္ကျီအကွက်ကြီးနဲ့ ဖုံးဝတ်လိုက်ပြီး စလင်းဘတ်အိတ်ကလေးလွယ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ဟဲ့... ဒါက ဘယ်သွားဦးမလို့တုန်း"

ရဲရဲမှုန်းက တစ်ချက်လှမ်းကြည့်သလို မေမေကလည်း မျက်စောင်းကလေး ထိုးကြည့်ကာ လှမ်းမေးသည်။ သူမက အပြုံးဝင့်ဝင့်ကလေးနှင့်–

"ဒီည ညစာစားပွဲ ဖိတ်ထားလို့ပါ မေမေ"

"ဟယ်... ဒီပုံစံကြီးနဲ့သွားမယ် ဟုတ်လား၊ နင့်မှာ ဝတ်စရာအင်္ကျီတွေ ဒီလောက်တောင်ရှားပါးသွားပြီလား သမီးငယ်"

ချည်သားရှပ်အင်္ကျီ အနီရောင်အကွက်ကြီးကိုကြည့်ပြီး နှာခေါင်းလေးရှုံ့ကာ မေးလိုက်ခြင်းဖြစ်သည်။ သို့သော်အတွင်းမှာ ဝတ်ထားတဲ့ အင်္ကျီလေးကို ရဲရဲမှုန်း တွေ့သွားလို့ကတော့ အကြီးအကျယ် မျက်လုံးပြူးသွားမှာ အသေအချာပါပဲ။

"ဒါလည်း လှပါတယ် မေမေရာ၊ ကဲ... သမီးသွားတော့မယ်နော် မေမေ၊ သမီး စောစောပြန်လာမှာပါ"

"ဟဲ့... သမီးငယ်"





လှည့်ထွက်ဟန်ပြင်နေသော သူမကို မေမေက လှမ်းခေါ်နေပြန်ပြီ။ ရဲရဲချစ် လန့်နေတာက သူ့အင်္ကျီဝတ်သွားတာကို သိသွားပြီး အနောက်ကနေ ခွန်နှစ်အိမ်ကြား ရှစ်အိမ်ကြား အော်လိုက်လာမှာကိုပဲ။ ပြီးတော့လည်း နောက်ထပ်တစ်မှုက ရဲရဲမှုန်းနောက်တစ်ခါ ထပ်ဝယ်ထားတဲ့ ဖိနပ်အသစ်လေးကိုခိုးပြီး အပေါ်ထပ်ကနေ အောက်ထပ်ခြံထဲကို ပစ်ချထားပြီးသားလေ။ သူမလက်က ကိုင်တွယ်လာတဲ့ ဖိနပ်လေးက ဗန်းပြရုံသက်သက်ပဲ။

"ပြန်လာရင် ဘာပြဿနာမှ တက်လာတာ မေမေ မကြားချင်ဘူးနော်"

"စိတ်ချပါ မေမေရာ၊ သမီးက ယောကျ်ားလေးတွေအကြောင်းကိုသိလို့ ရှောင်တတ်တိမ်းတတ်ပြီးသားပါ၊ မေမေ့သမီးကြီးပဲ ရိုးရိုးအအနဲ့ ခံရမှာ"

"ဟဲ့"

"သွားပြီ မေမေရေ တာ့တာ"

အံပြင်ရောက်တော့မှ တိုက်ဘေးမြက်ခင်းမှာ ကျနေတဲ့ ဖိနပ်ကလေးကို ကောက်စီးလိုက်သည်။ ကိုင်လာတဲ့ ဖိနပ်ကိုတော့ ပန်းအိုးလေးတွေကြားမှာ ထိုးထည့်ထားလိုက်၏။ ပြီးတော့လည်း အပေါ်က ရှပ်အင်္ကျီကြီးကိုချွတ်ကာ ပန်းစင်လေးပေါ် လှမ်းပြီးတော့ ပစ်တင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ နောက်ကိုမကြည့်တော့ဘဲ ခြံတံခါးဆီ ပြေးထွက်ခဲ့တော့သည်။

"ဟယ်… ကြည့်စမ်း… ကြည့်စမ်း မေမေ့သမီးငယ် လုပ်ချသွားပြန်ပြီတော့"

ပြူတင်းပေါက်မှန်ကလေးကတဆင့် အပြင်ကို စပ်စုပြီး ချောင်းကြည့်မိရာမှ ပြောင်းလွဲသွားသော ရဲရဲချစ်ပုံစံလေးကြောင့် ဒေါ်သတွေထွက်ကာ အသားဟွေက ဆတ်ဆတ်တုန်ပြီး အသည်းအသန် အော်ပစ်လိုက်မိသည်။

ဒါကြောင့်

ဒီမိန်းမပုံစံ တမျိုးထူးဆန်းနေပါတယ်လို့ထင်တာ။

ရုပ်အင်္ကျီအပွကြီးကို ဝတ်ထားလို့လေး ဟောကြည့် ခြံထဲရောက်မှ အပေါ်အင်္ကျီကိုချွတ်ပြီး ပန်းစင်ပေါ်ပစ်တင်လိုက်တော့ အထဲမှာ ဝတ်ထားတဲ့ သူမရဲ့ ကော်ဖီရောင်အင်္ကျီလေးကို တွေ့လိုက်ရခြင်းဖြစ်သည်။ တတ်လည်းတတ်နိုင်တဲ့ ရဲရဲချစ်။

"ဟဲ့… ဒါက ဘာဖြစ်ပြန်ပြီလဲ"

"ဘာဖြစ်ရမလဲ မေမေရဲ့ ဒီကိုလည်း လာကြည့်ပါဦး"

နားမလည်သော မျက်နှာကလေးနှင့် သူမ ရပ်ကြည့်နေသော ပြူတင်းပေါက်မှန်ကလေးရှိရာသို့ မေမေက အပြေးကလေး လှမ်းလာ၏။





"တွေ့လား မေမေ၊ မေမေ့သမီးငယ်က သမီးအင်္ကျီကို အထဲကခိုးဝတ်ပြီး အပြင်က သူ့အင်္ကျီနဲ့ ဟန်ပြပြီးထွက်သွားတာ၊ တွေ့မယ် တွေ့မယ် ပြန်လာပစေဦး၊ ပြဿနာကို ရှာပစ်လိုက်မယ်"

"ဟင်း… ဟင်း"

ဒေါသတွေ ဆူဝေနေသော သူမကိုကြည့်ပြီး ရဲရဲချစ်လုပ်ရပ်ကို မေမေက သဘောအကျကြီးကျကာ ခပ်ပြုံးပြုံးပဲ လုပ်နေလိုက်သည်။

"ဟယ် ကြည့်စမ်း၊ ဖိနပ်ကလည်း သမီးဖိနပ်ပဲ မေမေ၊ ဟိုမှာ… ဟိုမှာ ခြံထဲက မြက်ခင်းမှာ လွှင့်ကျနေတာ သမီးရဲ့ ဖိနပ်အိတ်ကလေး၊ ဟင့်… ဟင့်… ကုန်ပါပြီ၊ ကုန်ပါပြီ၊ သမီးပစ္စည်းတွေတော့ မေမေ့သမီးငယ်လုပ်တာနဲ့ ကုန်ပါပြီ မေမေရယ်"

"သမီးကြီးရယ် ဒါ ထုံးစံပဲဟာ"

"ဟာ… ထုံးစံမလုပ်ပါနဲ့မေမေ၊ သမီးက သူများပစ္စည်းလည်း ယူမသုံးတတ်ဘူး၊ သမီးပစ္စည်းတွေ သူများယူသုံးရင်လည်း လုံးဝမကြိုက်ဘူး"

"ဟုတ်ပါတယ်၊ သမီးကြီးရဲ့ စိတ်ဓာတ်ကို မေမေလည်း သိပါတယ်"

"မေမေ့သမီးငယ်ကလေ သမီးဟာမှန်သမျှ သူလုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သလို လုပ်လို့ရတယ်လို့ ထင်နေသလားမသိဘူး၊ မေမေပြောထား၊ နောက်ဆို သမီး လုံးဝသည်းမခံတော့ဘူး"

"အေးပါဟယ် အေးပါ ငါ ပြောထားပါ့မယ်"

"မေမေက ပြောမယ်ဆိုပြီး မေမေ့သမီးငယ်ကို တစ်ခါမှ မပြောဘူး၊ ဒါကြောင့် မေမေ့သမီးငယ်က မကောင်းတဲ့သူ့စိတ်ဓာတ်ကို မပြင်တာပေါ့၊ သူမျှားဟာကိုမှ မေမေ့သမီးက လိုချင်မျက်စေ့ရှိလွန်းတယ်"

"သမီးကြီးရယ် ဟိုကဖြင့်သွားပြီ၊ ဒီမှာ သမီးကြီးက မပြီးနိုင်မစီးနိုင် ပြောနေတော့ရော ဟိုက ကြားဦးမှာလား၊ အလကား နားညည်းအောင်ပြောနေရသေးတယ်ကွယ်"

"မေမေကတော့လုပ်ပြီ၊ ဒီလိုချည်းပဲ၊ သမီး အမြဲတမ်း အလျှော့ပေးရပါများတော့ လူလည်း လုံးပါးပါးတော့မယ်"

"အသစ်ထပ်ဝယ်ပေါ့ သမီးကြီးရယ်"

"မေမေကလည်း လွယ်လိုက်တာ၊ အဲဒီလိုဝယ်ဖို့ အခုဝင်တဲ့ အင်္ကျီဒီဇိုင်းတွေက အရင်ကလောက် လှတော့တာ မဟုတ်ဘူး မေမေရဲ့၊ ဝတ်ရင်လည်း မေမေ့သမီးက ခေါင်မှရွေးဝတ်တာ"

"နောက်တစ်ခါ ညည်းအခန်းတံခါးကို သေသေချာချာ သော့ခတ်ထား"

"ခတ်တာပဲ မေမေရဲ့"





"ဒုက္ခပါပဲအေ၊ ညည်းတို့နှစ်ယောက်ကြားမှာနေရတာ မေမေဖြင့် သေတောင်သေချင်လာပြီ"

မေမေက ညည်းရင်းနဲ့ ဆိုဖာခုံကလေးပေါ် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်တော့ တဗျစ်တောက်တောက်ပြောနေတဲ့ ရဲရဲမုန်း အသံလေးက အလိုလိုရပ်သွားရ၏။

မေမေ့ကိုလည်း စိတ်မဆင်းရဲစေချင်။ ပြီးတော့လည်း ရဲရဲချစ် အနိုင်ကျင့်နေတာကိုလည်း မခံစားနိုင်ဖြစ်နေရတာဆိုတော့ ရဲရဲမုန်းတစ်ယောက် ရင်ထဲကပဲ ကြိတ်ပြီးဒေါသတွေဖြစ်နေရတော့သည်။

နောက်ဆုံးတော့ ပြဿနာက အေးအေးဆီရောက်သွား၏။

"အေးအေး"

"ရှင် မမကြီး"

"ရဲရဲချစ် ဝတ်သွားတဲ့အင်္ကျီလေးကို နင် ပေးလိုက်တာလား"

"ဟို... ဟို မမလေးက အတင်းလု... လုသွားတာ"

"ဘာ"

"အမလေး..."

အေးအေးရဲ့ အမလေးအော်သံကြီးက မိုးချိမ်းသံအလား တကယ့်ကို ကျယ်လောင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် သိတဲ့ဟာကို ဘာဖြစ်လို့ ငါ့ကို စောစောစီးစီး လာမပြောတာလဲ"

"ဟို... ဟို... မမလေးက"

"တော်စမ်း နင့်ကိုယုံကြည်လို့ နင့်လက်ထဲထည့်လိုက်တဲ့ ဟာကို နင်က အလွဲသုံးစားလုပ်ပစ်တယ်၊ တော်ပြီ ဒီအိမ်မှာ နောက်ဆို ဘယ်သူမှ မယုံတော့ဘူး၊ ဒီနေ့ကစပြီး ငါ့အကျီတွေ ကို ငါကိုယ်တိုင်လျှော်ပြီး ငါကိုယ်တိုင် မီးပူထိုးတော့မယ်၊ နင် လည်း မလုပ်နဲ့တော့"

"ကောင်းတယ်"

"ဘာ"

"ဟာ... မမကြီးကလည်း မမကြီးရဲ့အကြံအစည် ကောင်း တယ်လို့ အေးအေးက ပြောတာပါ၊ မမကြီး အော်လိုက်တာ အေးအေးဖြင့် လန့်တောင်သွားတယ် မမကြီးရယ်"

"ရဲရဲချစ်တစ်ကောင်ကြောင့်တော့ ငါလည်း စိတ်ညစ်ပါ တယ်ဟာ"

"မမကြီး"

"ဟင်"

"မမကြီးကိုလေ အေးအေး ပြောစရာတစ်ခုရှိလို့"

"ဟဲ့ ဘာလဲ၊ နင့်ဟာက ထူးထူးဆန်းဆန်း"





"အရမ်းချောတဲ့ လူကြီးတစ်ယောက်ကလေ နောက်ဆုံးပေါ် ကားသစ်ကြီးစီးပြီး လွန်ခဲ့တဲ့ တစ်ပတ်လောက်က မမကြီးကို လာမေးသေးတယ်"

"အမလေး... အေးအေးရယ်၊ ဘယ်က အရမ်းချောတဲ့ လူကြီးက ငါ့ကို လာမေးတာလဲ"

"ဟင်... မမကြီး မမှတ်မိဘူးလား၊ မမကြီးနဲ့ အေးအေး လမ်းထိပ်က စတိုးဆိုင်မှာ ဖိနပ်ကလေးတွေ သွားဝယ်တဲ့နေ့ တုန်းက စတိုးဆိုင်ကအပြန်မှာ အေးအေးတို့နောက်ကိုတောင် အဲ့ဒီကားကြီး လိုက်လာသေးတယ်လေ"

ရဲရဲမုန်းက အဲဒါတွေကို သိပ်အလေးအနက်မထားသူ ဆိုတော့ အေးအေး ပြန်ပြောမှ အပြေးအလွှား စဉ်းစားကြည့်လိုက် ရသည်။

"အေး ဟုတ်တယ်နော်၊ အဲဒီနေ့က ငါတို့စက်ဘီးနောက်က ကားတစ်စီး ဖြည်းဖြည်းမောင်းပြီး လိုက်လာနေတယ်လို့ ငါက ပြောတော့ နင်က စက်ဘီးနင်းရင်းနဲ့တောင် နောက်ကိုလှည့် ကြည့်လိုက်သေးတယ်လေ"

"ဟုတ်တယ် မမကြီး၊ အဲဒီကား၊ အဲဒီကား၊ အေးအေးတို့ ခြံဝမှာ မယောင်မလည်လေး ဝင်ရပ်ပြီး အေးအေးကို ရဲရဲမုန်း အထဲမှာရှိလားဆိုပြီး ဝင်မေးတာ၊ ဟာ... ကားမောင်းလာတဲ့ အစ်ကိုကြီးက အရမ်းချောတာပဲ မမကြီးရာ၊ အသားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်းညက်နေတာပဲ၊ သူက စတိုးဆိုင်လေးမှာ တစ်ခါပဲမြင်ဖူးလိုက်ရုံနဲ့ သူ့စိတ်ထဲမှာ မမကြီးကို အရမ်းစွဲလမ်းသွားတာတဲ့"

"ဟယ်... ငါသိပြီ၊ အေးအေး ဟိုတစ်ခါက ငါ့ဆီကို သူ... သူ ဖုန်းဆက်သွားတာ၊ ငါက ဖုန်းသူရဲမှတ်လို့ သူ့ကို ဟောက်ပစ်လိုက်မိတယ်လေ၊ ဒါ... ဒါဆို သူဟာ ဖုန်းသရဲ မဟုတ်ဘူးပေါ့၊ အပြင်မှာ တကယ်ရှိတာပေါ့"

"ဟာ... ရှိတာပေါ့ မမကြီးရဲ့၊ သူ့ပုံစံလေးက မျက်နှာ ငယ်ငယ်လေးနဲ့ တကယ်လည်း သနားဖို့ကောင်းတဲ့ပုံစံလေး၊ သူ မမမကြီးကို တော်တော်လေး စွဲလမ်းနေရှာတယ်နဲ့တူပါတယ် မမကြီးရယ်"

"နင် အဲ့ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောနဲ့နော် အေးအေး"

"စိတ်ချပါ မမကြီးရဲ့၊ အေးအေးက နှုတ်လုံပါတယ်၊ လူမစုံရင် ဘယ်သူ့ကိုမှ အေးအေး မပြောဘူး"

"ဟား... ဟား"

အစမှပဲ ရဲရဲမှန်း ရယ်နိုင်တော့သည်။

စိတ်ထဲမှာတော့ အေးအေးပြောတဲ့ အကြောင်းအရာလေးကို မှတ်မှတ်ရရလေးတော့ ဖြစ်သွားမိရပြီ။

အရမ်းချောတဲ့လူကြီးတဲ့။

ရဲရဲမှန်းကို လာမေးတယ်တဲ့။





ဟွန်း

အထင်မကြီးပါဘူး။ ယောက်ျားတွေ အလကား ကိုယ့်အိမ်မှာကိုယ် ဆားနဲ့စားတာပဲကောင်းတယ်။

ဘာလုပ်မှာလဲ။

သူ့ဟာသူ ချောရင်ချော မချောရင်နေ။

ရဲရဲမှန်းတို့ကတော့ အေးဆေးပဲ။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ကိုး)

"ဆရာ"

"ဟင်... ဘာလဲ မောင်ဇော်"

"ဆရာ့ကောင်မလေးက ဆရာ့ကို အဖြေပေးလိုက်ပြီနော်"

"အေးလေ အဲဒါ ဘာဖြစ်လို့လဲ"

"စတွေ့တဲ့နေ့မှာပဲ အဖြေပေးတာဆိုတော့ နည်းနည်းလေးများ မြန်နေသလားလို့"

"ဟာ... မြန်တာဘာဖြစ်လဲ"

"နည်းနည်းတော့ စဉ်းစားသင့်သေးတာပေါ့ဆရာ၊ အခုဟာက ဂြိုဟ်တုတွေ ဒုံးပျံတွေထက်တောင် ဆရာ့ကောင်မလေးက မြန်နေသေးတယ် ကျွန်တော့်စိတ်ထဲမှာ တမျိုးပဲ"

"ဟင်"





မောင်ဇော် ပြောတာလည်း ဟုတ်တာပဲ။

ဒါဟာ မိန်းကလေးတစ်ယောက်အနေနဲ့ မဖြစ်သင့်တဲ့ကိစ္စ။ မောင်ဇော်ပြောမှ ကြယ်စင်သာ ဦးနှောက်စားသွားရသည်။

"ဆရာက အရမ်းကို တည်ငြိမ်ပြီး အရမ်းကို အိန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးကိုမှ ချစ်ချင်တာနော်"

"အေးလေ အဲဒါ အမှန်ပဲဥစ္စာ"

"အခုတွေ့ပြီး အခုချက်ချင်း အဖြေပေးသွားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရိုးသားမှုနဲ့ ဂုဏ်သိက္ခာကို ဆရာ ဘယ်လောက်ထိ အမှတ်ပေးနိုင်မလဲ"

ဒါလည်း ဟုတ်တာပဲ။

"ဆရာကပြောတော့ ဆရာတွေ့ခဲ့တဲ့ ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ ကောင်မလေးတစ်ယောက်ဟာ အရမ်းကိုပဲ တည်ငြိမ်ပြီးတော့ မျက်နှာလေးကလည်း တည်တည်တင်းတင်းနဲ့ ချစ်စရာလေးဆို၊ ကျွန်တော်ကတောင် စဉ်းစားနေတာ ဆရာပြောတဲ့ ကောင်မလေးရဲ့ အချစ်ကိုရဖို့ဆိုရင် သုံးနှစ်သုံးမိုး ကြာတဲ့အထိတောင် ကိုယ့်ဆရာ လိုက်ချင်လိုက်နေရမှာလို့ ကြိုတွေးထားခဲ့တာလေ၊ ခုတော့ ဆရာ့ကောင်မလေးက ဂျက်အင်ဂျင်တပ်ထားသလားတောင် အောက်မေ့ရတယ် ဟား... ဟား"

"မင်း... မင်း ဘယ်လိုထင်ထားလို့လဲ မောင်ဇော်၊ ငါကတော့ မိန်းကလေးတွေအကြောင်းကို သိပ်နားမလည်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်သာ အမှန်အတိုင်းပဲ ဝန်ခံလိုက်သည်။

တစ်သက်နဲ့တကိုယ် သူ့ရင်ခွင်ထဲအထိ ဝင်ခဲ့ဖူးတဲ့ မိန်းကကလေးဆိုတာ ရဲရဲမှုန်းတစ်ယောက်ပဲ ရှိခဲ့တာပါ။

"ကျွန်တော် ထင်တာကတော့ ဆရာ့ကောင်မလေးဟာ နည်းနည်းလေးများ သွက်နေသလားလို့"

"ဘာ..."

"အတွေ့အကြုံလည်း ရှိပုံရတယ်နော်"

"ဟာ... ဟာကွာ၊ အဲဒီလောက်ထိတော့ မှုန်းကို မပြောပါနဲ့ကွာ၊ မှုန်းက ငါ့ကို တကယ်ချစ်တာပါ၊ ပြီးတော့ သူချစ်တာကိုလည်း ငါ ယုံတယ်၊ မင်း စဉ်းစားကြည့်ကွာ၊ အဲဒီနေ့က ငါ့ရင်ခွင်ထဲမှာတောင် မှုန်းက ငိုသွားသေးတယ်၊ မျက်ရည်စမ်းစမ်းလေးနဲ့၊ ဟင်း... ဟင်း၊ ငါ့ကိုလည်း မှုန်းက တအားပြန်ဖက်ထားသေးတယ်ကွာ၊ အဲဒီနေ့က ငါ ဘယ်လောက်ခံစားလိုက်ရမလဲဆိုတာ မင်း စဉ်းစားကြည့်စမ်း"

"ကိုယ့်ဆရာ ကြွေသွားတယ်ပေါ့"

"ဒါပေါ့ကွာ ငါက တခုခုဆိုရင် သနားတတ်တာ မင်းလည်းသိနေတာပဲဥစ္စာ၊ အိမ်မှာတောင် မာမ့်ကို ငါပြောပြလိုက်သေးတယ်၊ ကျွန်တော် သိပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့နေရပြီလို့၊ မာမီကတော့ ငါ့သဘော၊ ငါ့ဆန္ဒပဲလေကွာ၊ ငါ့ဘက်က အဆင်ပြေရင် ဘယ်ဟိုတယ်မှာပဲ မင်္ဂလာပွဲလုပ်





လုပ် မာမီက အကုန်စီစဉ်ပေးမှာ၊ ဟွန်း... အရမ်းပျော်ဖို့တော့ ကောင်းမှာပဲကွာ"

"ဒါဆို ကိုယ့်ဆရာက ရဲရဲမှုန်းဆိုတဲ့ ကောင်မလေးတစ်ယောက်ကို လက်ထပ်ယူဖို့အထိ ဆုံးဖြတ်လိုက်ပြီပေါ့"

"တစ်ယောက်ကိုပဲချစ်ပြီး ကိုယ်ချစ်တဲ့တစ်ယောက်ကိုပဲ လက်ထပ်တာ အကောင်းဆုံးမဟုတ်ဘူးလားကွာ"

"ဆရာပြောတာကို ကျွန်တော် သဘောတူပါတယ်ဆရာ၊ အရေးကြီးတာ ဆရာလိုချင်တဲ့ ပုံစံကလေးနဲ့ မိန်းကလေးတစ်ယောက်ကို ရဖို့ပါ၊ အခုဟာက ဆရာ့ကောင်မလေးက နည်းနည်းများ အညှာလွယ်နေသလားလို့"

"ချစ်တာကိုးကွ"

မှုန်းကို အထင်သေးတာတော့ ကြယ်စင်သာ လက်မခံနိုင်ပါ။ မှုန်းက ရိုးသားပြီး ပွင့်လင်းတဲ့ မိန်းကလေး။ ဝတ်ပုံစားပုံကလေးကိုပဲကြည့်လေ။ ဒီလောက် ရယ်ဒီမိတ်တွေ ခေတ်စားနေတဲ့အချိန်မှာ စက်ချုပ်အင်္ကျီကလေးဝတ်ပြီး ရိုးရိုးတည်တည်လေး မှုန်းက နေခဲ့တာပါ။ ဘယ်သူတွေဘာပဲပြောပြော သူ မှုန်းကို သိပ်ချစ်ခဲ့တာကိုတော့ ဘယ်လိုမှ ပြောင်းလွဲစရာအကြောင်းမရှိတော့ပေ။ မာမ့်ကိုလည်း မှုန်းအကြောင်းတွေ ဖွင့်ပြောပြီးသား။ မာမီက ဘယ်နေ့လိုက်တောင်းပေးရမလဲဆိုပြီးတော့တောင် စ,နေသေးတဲ့ဟာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော… ဟိုမှာ မုန်းလာပြီ"

"ကဲ ကျွန်တော် ကားပေါ်ကပဲ ထိုင်စောင့်နေတော့မယ် ဆရာ၊ ဆရာတို့နှစ်ယောက်ပဲ အေးအေးဆေးဆေး စားသောက်ရင်း စကားပြောကြနော်"

"လစ်… လစ် မင်း အမြန်ဆုံးလစ်တော့"

လှလိုက်တဲ့ မုန်းရယ်။

ဒီနေ့လည်း ကိုယ်သိပ်ချစ်တဲ့ ကော်ဖီရောင်အင်္ကျီကလေးကို မင်း ဝတ်လာခဲ့ပြန်ပြီလေ။ တို့နှစ်ယောက်ရဲ့ အမှတ်တရ ညစာစားပွဲလေးဟာ သိပ်ကို လှပသွားခဲ့ပြီကွာ။

"မုန်း"

တစ်လှမ်းခြင်းလျှောက်ပြီး ဝင်လာတဲ့ မုန်းကို လက်ကလေးကမ်းပြီး အပြုံးကလေးနဲ့ ကြယ်စင်သာ နှုတ်ဆက်ကြိုဆိုလိုက်သည်။

"မုန်း လာမှလာပါ့မလားလို့ ကိုယ် စိတ်ပူနေတာ"

"လာမှာပေါ့ ကို"

"ဟင်… မုန်း ကိုယ့်ကို ဘယ်လိုခေါ်လိုက်တာလဲ"

'ကို' ဆိုတဲ့ အသုံးအနှုန်းအသစ်ကလေးကြောင့် ကြယ်စင်သာတစ်ယောက် ကြည်နူးဝမ်းသာသွားမိသည်။

"ချစ်သူကို ဘယ်လိုခေါ်ရကောင်းမလဲလို့ တစ်ညလုံး စဉ်းစားပြီးတော့မှ ခေါ်လိုက်တာလေ၊ ရှင်မကြိုက်ရင်လည်း





ကျွန်မ ပြန်ပြင်လိုက်မယ် ကို"

"ဟာ… မပြင်ပါနဲ့၊ အဲ့ဒီအသုံးအနှုန်းကလေးကို ကိုယ်လည်း သဘောကျပါတယ်"

နှစ်ယောက်သား။

ပျော်ရွှင်စွာနဲ့ပဲ ညစာစားပွဲလေးကို ကျင်းပလိုက်ကြသည်။

"ဒါက နံပါတ်စဉ် ဘယ်လောက်လဲ"

ကြည်နူးစွာထိုင်နေသော မားပွဲဝိုင်းကလေးရှေ့တွင် ရပ်လာပြီး မေးလာသောလူတစ်ယောက်ကြောင့် သူ့ကို ရဲရဲချစ် မော့ကြည့်မိသွားသည်။

"ဟင်…"

ရဲရဲချစ် အသက်ရှူမှားသွားရပြီ။

ရပ်လာသူသည် တခြားလူတော့မဟုတ်။ သူမရဲ့အဆက်ဟောင်းကြီး ဝဏ္ဏထွန်းရယ်လေ။ ဒေါသတွေနဲ့ ဆူဝေပြီး နီရဲနေတဲ့ မျက်လုံးတွေနဲ့ မနာလိုစွာ စိုက်ကြည့်ရင်း ဝဏ္ဏထွန်းက မေးလိုက်တာပါ။ အကြီးအကျယ် မျက်နှာပျက်သွားရသူက ဘယ်သူဖြစ်ရတော့မှာလဲ။

အဲဒါ ရဲရဲချစ်ပဲပေါ့။

'ကို့' ရှေ့မှာမို့ သူမကို အထင်သေးပြီး အလိမ်တွေပေါ်သွားမှာ အကြောက်ကြီးကြောက်သွားမိသည်။

"ခင်ဗျားလေးကိုတော့ အရမ်းပဲ လေးစားသွားရပြီဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေကို တချစ်ပြီးတချစ် အသစ်ရှာပြီး မျက်နှာပြောင်တိုက် ရဲလိမ့်မယ်လို့ ထင်တောင်မထင်မိဘူး"

"ရှင်... ရှင်"

"ဟား... ဟား ငါ့ကိုမြင်လိုက်တော့ မင်း သိပ်ကြောက်သွားပြီလား အသည်းစားဘီလူးမလေးရယ်၊ ငါ့အသည်းတွေကို မင်း ခွဲလိုက်လို့ အချစ်အကျဉ်းထောင်လေးထဲမှာ ငါ့ဘဝတွေ ပျက်ခဲ့ရပြီလေကွာ"

"ဝဏ္ဏထွန်း မဆိုင်တဲ့စကားတွေကို ရှင် ဒီမှာလာပြီး မပြောပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ် ဒီနေရာက ရှင် အမြန်ဆုံး ထွက်သွားပေးပါ"

"ဟား... ဟား"

ရယ်သံက အကျယ်ကြီးမို့ ကို့ရှေ့မှာ သူမမျက်နှာလေး ဖြန်းခနဲ ထုပုသွားရသည်။

"ဒီ... ဒီနေရာလေးကနေ မောင်က ထွက်သွားပေးရမယ် တဲ့လားကွာ၊ မင်း မောင့်ကို အခုအချိန်မှာ မလိုအပ်တော့ဘူးပေါ့၊ ယောကျ်ားလေးတွေကို တကယ်မချစ်ဘဲနဲ့ အပြေတွေပေး၊ ရိုးအိသွားရင် အသည်းတွေခွဲ၊ ဟော... အခုလည်း နောက်တစ်ယောက် ပြောင်းသွားပြန်ပြီ၊ နောက်တစ်ယောက်ကို အသည်းတွေစားဖို့ စာရင်းဇယားတွေ ပြုစုနေပြန်ပြီ၊ ဟား... ဟား၊ မင်းဟာ တတ်လည်းတတ်နိုင်တဲ့ မိန်းမပဲကွာ၊ သိပ်လှတဲ့ မင်းရဲ့မျက်နှာလေး





သိပ်ကိုစွဲမက်ဖို့ကောင်းတဲ့ မင်းရဲ့ ကိုယ်လုံးလှလှလေးနဲ့ နောက်ထပ် ယောကျ်ားဘယ်နှစ်ယောက်ကို အသည်းခွဲဖို့ မင်း ကြံစည်နေတာလဲဟင်၊ မောင့်ကိုပြောစမ်းပါ အချစ်ကလေးရယ်၊ မင်း မောင့်ကို ပြောစမ်းပါကွာ ဟား... ဟား"

"ဟော့ကောင် ဝဏ္ဏထွန်း"

အဖော်ပါလာတဲ့ ရွယ်တူကောင်လေးက အရက်တွေမူးနေတဲ့ ဝဏ္ဏထွန်းလက်ကို လှမ်းဆွဲလိုက်ပြီး။

"လာစမ်းပါကွာ၊ သူများအတွဲကို သွားမရစ်စမ်းပါနဲ့ ဟဲ... ဟဲ ဆောရီးနော်၊ ကျွန်တော့်ကောင်က မူးရင် သွေးဆိုးတတ်လို့ပါ၊ တောင်းပန်ပါတယ်ဗျာ"

တော်ပါသေးရဲ့။

ဝဏ္ဏထွန်းကို ဆိုင်အပြင်ရောက်အောင် တစ်ခါတည်းဆွဲထုတ်သွားဖို့ သူက ကြိုးစားနေ၏။

"သွားမယ် ဝဏ္ဏထွန်း"

"ဟာ... နနေ၊ ဟော့ကောင်၊ ဒီမှာ မင်း ဘယ်သူလဲဆိုတာ သိရအောင် မင်း မျက်နှာလေးကိုလည်း သေသေချာချာ ပြလိုက်ဦးလေကွာ နနေရဲ့၊ မင်းကို မှတ်မိသေးရဲ့လားလို့၊ မင်းက ငါ့ထက်စောပြီး အသည်းကွဲခဲ့ရဖူးတဲ့ကောင်လေကွာ၊ သူ မင်းကို မှတ်မိမှာပါ၊ ဟားဟား... မေ့နေရင်လည်း မင်းကပဲ အစပြန်ဖော်ပေးလိုက်ပေါ့ကွာ ဟား... ဟား... ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏထွန်း မူးပြီးရစ်နေပြီ။

နန္ဒတစ်ယောက်ကလည်း ဝဏ္ဏထွန်းစကားကြောင့် မျက်နှာတစ်ချက်ပျက်သွားပြီးမှ သံယောဇဉ်မကုန်သေးသော မျက်ဝန်းကလေးများဖြင့် သူမကို လှမ်းကြည့်ပါသည်။

"ဒီမှာ ကိုယ့်လူ ခင်ဗျားကိုတော့ ကျွန်တော်တို့နှစ်ယောက်စလုံးက အားနာပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့ရင်ထဲမှာ ခံစားရလွန်းလို့ပါ၊ တစ်နေ့မှာ ခင်ဗျားလည်း ကျွန်တော်တို့လို ဖြစ်နေပါဦးမယ်၊ ဒီကောင်မလေးက အရမ်းလှသလောက် အရမ်းကြောက်စရာကောင်းတဲ့ ကောင်မလေး၊ ခင်ဗျား သိထားပါဗျာ၊ သူ့ကို အသည်းတွေအူတွေ ကလီဇာတွေ ကျောက်ကပ်တွေပါမချန် ပုံပြီးတော့ မချစ်လိုက်မိပါစေနဲ့ဗျာ၊ ကဲ ကျွန်တော်တို့လည်း သွားတော့မယ်"

"လာ ဟေ့ကောင် သွားမယ်"

ဝဏ္ဏထွန်းနဲ့ နန္ဒ။

ဒယီးဒယိုင် ခြေလှမ်းတွေနဲ့ တစ်ယောက်ပခုံးကို တစ်ယောက်ဖက်ပြီး သူမတို့အနားကနေ ထွက်သွားကြပြီ။

ဟင်...

သူမလေးရဲ့ ပါးပြင်ထက်မှာ တလက်လက်စီးကျလာနေတဲ့ မျက်ရည်စီးချောင်းကြီးတွေနဲ့ရယ်ပါလား။

"ကိုရယ် ဟင့်... ဟင့်၊ မုန်း... မုန်း အရမ်းဝမ်းနည်းတယ်





သိလား၊ မုန်း အရမ်းမှားတယ်၊ မုန်း အရမ်းပဲမှားခဲ့တယ်၊ မုန်းကို မုန်းကို အထင်သေးသွားပြီလားဟင်"

"ကိုယ် မင်းကို ခွင့်လွှတ်ပါတယ် မုန်းရယ်၊ ဒါပေမဲ့ ဒါပေမဲ့ကွာ"

"ဟင်"

ခေါင်းကလေး ငိုက်စိုက်ကျနေတဲ့ ကြယ်စင်သာ။

ရင်ထဲမှာ ဘယ်လိုမှ ဖြေလို့မရတော့ပါ။ စောစောကပဲ မုန်းနဲ့ပတ်သက်ပြီး မောင်ဖော်က ဝေဖန်နေလို့ မုန်းဘက်က သူကိုယ်တိုင် ကာကွယ်ခဲ့ရတာလေ။ ခုတော့ သွားပါပြီ။ မျှော်လင့်ချက်ကြီးစွာ ဆောက်တည်ခဲ့ရတဲ့ သူ့ရဲ့ အချစ်အိမ်ကလေး တစ်ချက်တည်းနဲ့ ပျက်စီးရပါပြီ။

ကိုယ် ဝမ်းနည်းတယ်ကွာ။

ကိုယ်ကတော့ မင်းကို အထင်ကြီးလိုက်ရတာ ရဲရဲမုန်းရယ်။

"ကို"

"ဟင် ပြောလေ မုန်း"

သူကတော့ သူမကို ရဲရဲမုန်းလို့ပဲ ထင်နေဆဲလေ။ ဝဏ္ဏထွန်းတို့နဲ့ မမျှော်လင့်ဘဲ ဆုံတွေ့လိုက်ပေမဲ့ ရဲရဲချစ်ဆိုတဲ့ နာမည်လေးကို သုံးမသွားတာ သူမ နည်းနည်းတော့ ကံကောင်းသွားခဲ့သည်။

"မုန်းကို အထင်သေး စိတ်နာတော့မယ်ဆိုတာ မုန်း



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်၊ ကို စိတ်နာချင်လည်းနာပါ၊ မုန်းကို လမ်းခွဲချင်လည်း ခွဲလိုက်ပါ၊ တကယ်ပြောရမယ်ဆိုရင် မုန်းဟာ ယောကျ်ားလေးတွေကို ခပ်လွယ်လွယ်ခပ်ပေါ့ပေါ့ကလေးပဲ သဘောထားခဲ့မိတယ်၊ အချစ်ကိုလည်း ကစားစရာ အရုပ်ကလေးတစ်ရုပ်လို ထင်မြင်ယူဆထားခဲ့ပြီးတော့ စိတ်ထဲရှိတာ အကုန်လုပ်ခဲ့မိတယ်၊ အခု မုန်း တကယ်ချစ်ရတဲ့ ကို့ကိုလည်းတွေ့ရော ရိုးရိုးသားသားလေးပဲ နေတော့မယ်ဆိုပြီး မုန်း ဆုံးဖြတ်ထားခဲ့တာပါကို၊ ဒါပေမဲ့ကိုရယ် မုန်းက ကံမကောင်းခဲ့ပါဘူး"

အတတ်နိုင်ဆုံးတော့ ကို နားလည်အောင် ရှင်းပြဖို့ သူမ ကြိုးစားချင်သေးသည်။ အင်းလေ ရှင်းပြလို့မှ ကိုက လက်မခံဘူးဆိုလည်း ရဲရဲချစ် နောက်ဆုတ်ရတော့မှာပေါ့။ အရာရာဟာ ကံစီမံရာပါပဲ။ ကံကြမ္မာက ဆုံးဖြတ်ပေးတဲ့ စီရင်ချက်တွေကို လူတွေအားလုံး လိုက်နာနေကြရတာပဲ မဟုတ်လား။

သူမဟာ ရဲရဲမုန်း မဟုတ်ပါဘူး။ ရဲရဲချစ်ပါ။

ရဲရဲမုန်းဟန်ဆောင်ပြီး ကို့ဆီက အချစ်တွေကို မခံချင်စိတ်နဲ့ ရအောင်တောင်းဖို့ သူယောင်မယ်မလေးဟန်ဆောင်ပြီး ကိုနဲ့ အနီးဆုံးကိုရောက်အောင် တိုးဝင်လာခဲ့မိသူရယ်ပါ။

"မုန်းရယ် ဘယ်သူတွေဘာပဲပြောပြော ကိုယ် မုန်းကို ခွင့်လွှတ်နားလည်ပေးနိုင်ပါတယ်"

"ဟင်... အဲဒါ ကို တကယ်ပြောတာ"





"မုန်း ကိုယ့်ကို တကယ်ချစ်သလားဟင်"

"ချစ်တာပေါ့ ကို၊ ရင်ထဲမှာ နင့်နေအောင် တကယ်ချစ်ခဲ့မိတာ၊ ကိုယုံအောင် မုန်း ဘယ်လိုသက်သေပြရမလဲဟင်၊ အခုချက်ချင်း တရားရုံးတက်ပြီး လက်ထပ်ပြရမလား"

ရဲရဲချစ် ခေါင်းကလေးမော့ပြီး ပြောလိုက်မိသည်။ ကိုက ကြည်နူးပြုံးကလေးနှင့် ခေါင်းကလေးညိတ်ပြပြီး သူ့မျက်နှာလေးကို တစိမ့်စိမ့် စိုက်ကြည့်နေတော့၏။

"မုန်းရယ် ကိုယ်ကမှ မုန်းကို မခွဲချင်တော့တာ၊ မုန်းရဲ့ အမှားတွေကို ကိုယ် နားလည်ပေးနိုင်ပါတယ်၊ အင်းလေ သူများတွေပြောသလို ကိုယ့်ကိုပါ အသည်းခွဲသွားရင်လည်း ကိုယ် ခံလိုက်ပါတော့မယ်"

"ဟာ... ကိုရယ် မုန်းကို အဲလိုမပြောပါနဲ့၊ အချစ်ဆိုတာ ကိုနဲ့တွေ့မှ မုန်းနှလုံးသားလေးထဲကို စမ်းရေစီးသံလေးတစ်ခု စီးဆင်းလာခဲ့ရတာပါ၊ မုန်းလည်း ကို့ကို ဘယ်တော့မှခွဲမသွားဘူးလို့ ကတိပေးပါတယ်"

"မုန်းရယ်"

ချစ်ရတဲ့သူလေး မုန်းက ကတိတွေပေးနေပြီဆိုတော့လည်း ကြယ်စင်သာ ဘာတတ်နိုင်တော့မှာလဲ။ မလွှဲသာလို့သာ ခွင့်လွှတ်လိုက်ရပေမဲ့ ရင်ထဲမှာတော့ တနုံ့နုံ့လေးနဲ့ ဖြေလို့မရအောင် ခံစားနေရဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်လေးကအပြင်မှာ–

အင်းလျားကန်ဘောင်ရိုးလေးမှာ နှစ်ယောက်အတူထိုင်ပြီး အချစ်သဲသဲ အချစ်ကဲကဲကလေးတွေနဲ့ ကြည်နူးဖို့ ဝင်ထိုင်မိပေမဲ့ ကြယ်စင်သာ စိတ်မပါတော့။

"ကို"

"ဟင်"

"မုန်းကို ချစ်ပါနော်"

"အင်း"

"ချစ်ရင် မုန်းကို ဖက်ထားလေ၊ ဘာဖြစ်လို့ ကျောက်ရုပ်ကြီးလို လုပ်နေရတာလဲ၊ မုန်း... မုန်း ငိုလိုက်မှာနော် အဟင့်"

"စောစောကပြဿနာကို ကိုယ် ပွေးနေမိလို့ပါကွာ"

"ဟင်... ကိုက မုန်း ရှင်းပြတာကို ခုထိ လက်မခံသေးဘူးလား၊ မုန်းကို အထင်သေးသွားပြီလား၊ အဟင့်... ဟင့် မုန်းငိုချင်လာပြီနော်၊ မုန်း တကယ်ငိုလိုက်တော့မှာနော်"

"ကိုယ်က ပြစ်မျိုးမဲ့မထင် အရမ်းသန့်စင်တဲ့ ချစ်သူလေးတစ်ယောက်ကိုပဲ လိုချင်ခဲ့တာပါကွာ၊ မုန်းကိုလေ စ,တွေ့ကာစကရည်းစားရှိမယ်လို့ဝေအောင် ကိုယ် မထင်ထားခဲ့ဘူး၊ ခုတော့ ကိုယ်အရမ်းအံ့သြရသလို အရမ်းလည်း တုန်လှုပ်မိတယ်၊ မုန်းဟာ ကိုယ်တွေ့ခဲ့တဲ့ ကော်ဖီရောင်ဝမ်းဆက်လေးမှ ဟုတ်ရဲ့လားဟင်၊





ကိုယ်ပဲ မှားနေတာလား၊ လောကကြီးကပဲ ဆန်းပြားတဲ့ မှော်အတတ်တွေနဲ့ ကိုယ့်ကို လှည့်စားနေတာလား မုန်းရယ်"

"ဟင်"

ရဲရဲချစ်တစ်ယောက် အသက်မရှူရဲဘဲအထိ တစ်ကိုယ်လုံးအေးစက်တုန်ရင်လို့ သွားခဲ့ရပါပြီ။ သူဟာ ပြစ်မျိုးမဲ့မထင်ချစ်သူလေးတစ်ယောက်ကိုပဲ လိုချင်ခဲ့တာပါတဲ့။ မုန်းဟာ သူစတွေ့ခဲ့တဲ့ ကော်ဖီရောင်ဝမ်းဆက်ကလေးမှ ဟုတ်ရဲ့လားတဲ့။ ရဲရဲချစ် ဘယ်လိုဖြေရတော့မလဲ။ ဝဏ္ဏထွန်းနဲ့ နန္ဒ သူမကိုကောင်းကောင်း ပညာပေးသွားခဲ့ပြီ။ ဒုက္ခပါပဲ။ သူမ ရှက်လည်းရှက်နေသည်။ တစ်ကိုယ်လုံးလည်း ထူပူနေသည်။ မထူးတော့ပြီမို့ ရဲရဲချစ် သူ့ကို ခပ်ပြတ်ပြတ်ပဲ ပြောပစ်လိုက်မိတော့၏။

"ဒီမှာ ကို"

"ဟင် ဘာလဲ"

"သူများသားသမီးကို ကို ချစ်ခဲ့ပြီးမှ အုတ္တုဘ္ဘူလုပ်ဖို့မကြိုးစားနဲ့နော်၊ ပွန်း ဒီခေတ်ကြီးမှာ ရည်းစားလေးနှစ်ယောက်ထားမိတာ ဘာဖြစ်လို့လဲ၊ အရေးကြီးတာ ကိုနဲ့ချစ်နေတဲ့အချိန်မှာ နောက်တစ်ယောက်မရှိဖို့ပဲ အရေးကြီးတာ မဟုတ်ဘူးလား"

"ဒါတော့ ဒါပေါ့ကွာ"

"မုန်း ကို့ကို အရမ်းချစ်တယ်၊ ကိုပေးခဲ့တဲ့ အယုအယတွေအကြင်နာတွေကို မုန်း မေ့ပစ်လို့မရတော့ဘူး၊ မုန်း အရမ်းစွဲနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ကို၊ မုန်းရင်ထဲမှာ ဒဏ်ရာလေးတစ်ခု ရထားပါပြီ ကိုရဲ့၊ အဲ့ဒီ ဒဏ်ရာလေးဟာ ဘယ်သူနဲ့မှမတူတဲ့ ကို့ရဲ့ အကြင်နာလေးတွေနဲ့ ကုပေးမှ ပျောက်ကင်းရတော့မှာပါ၊ အဲဒါကို ကို သိထားရင် မုန်းကို ခွဲခွာဖို့ ကို ဘယ်တော့မှမတွေးနဲ့တော့၊ မုန်းကတော့ ရှင်းရှင်းပဲ၊ မုန်းဆီကို ကိုမလာရင် ကိုရှိတဲ့ ကုမ္ပဏီကို မုန်း လိုက်လာမှာပဲ၊ မုန်းဟာ ကို့ရဲ့ချစ်သူပါဆိုပြီး ကုမ္ပဏီတစ်ခုလုံးကို ကြေညာမောင်းခတ်ပစ်လိုက်မယ် ဘာမှတ်နေလဲ ဟွန်း"

အဲဒါ ရဲရဲချစ် တကယ်လုပ်မှာ။

မခံချင်ဘူးလေ။

ချိန်းတွေ့တုန်းက သူမပဲ ချိန်းတွေ့၊ ချစ်တုန်းကလည်း သူပဲ။ အတင်းချစ် အရမ်းချစ်။ ဟော ရဲရဲချစ်လည်း စက္ကူဖျော့ ဖတ်လေးလို ဖြစ်သွားရော ရည်းစားနှစ်ယောက်ရှိခဲ့ဖူးလို့ဆိုပြီး ဟိုလိုလို ဒီလိုလိုလုပ်ချင်နေပြီလေ။ ယောကျ်ားတွေများပြောပါ တယ်။ အဲဒါကြောင့်မို့လည်း ယောကျ်ားတွေကို ရဲရဲချစ် မုန်းတာ သိလား။ ဒီလောက်မုန်းနေတဲ့ကြားကမှ ရဲရဲချစ်ကလည်း ကံဆိုး လိုက်တာနော်။ သူ့ကို ဘယ်လိုဘယ်လို ချစ်သွားမိမှန်းတောင် မသိလိုက်တော့ဘူး။ အင်း အချစ်ဆိုတာ ဒါပဲထင်ပါရဲ့နော်။ ရင်ထဲမှာ တသိမ့်သိမ့် တငြိမ့်ငြိမ့်လေးနဲ့ ဆန်းပြားတဲ့ခံစားမှုလေး တွေ ပေးစွမ်းနိုင်တာလေ။





"ကိုယ် နားလည်ပါတယ် မုန်းရယ်၊ ကိုယ်က ကိုယ်ယုံ ကြည်တာလေးကိုပဲ ပြောတာပါ၊ ကိုယ်လိုချင်တဲ့ ချစ်သူမျိုးလေး မရခဲ့တာကို ဝမ်းနည်းမိတာပါ"

"ရည်းစားထားဖူးတာ အပြစ်လား ကိုရဲ့"

"ကိုယ်က အချစ်ဦးမဟုတ်တော့ဘူးပေါ့"

"ဟွန်း စိတ်ညစ်တယ်၊ စိတ်ညစ်တယ်၊ ဒီလိုမှန်းသိရင် အစကတည်းက ဘယ်ရည်းစားမှ မထားခဲ့ပါဘူး၊ သူ့ကိုပဲ စောင့်ပါတယ်၊ ခုတော့... ခုတော့"

"ပြန်ကြမယ်နော် မုန်း"

"မပြန်ဘူး"

"ဟင်"

"ကိုက မုန်းကို အထင်သေးနေတဲ့ဟာ မုန်းကို နားမလည် မချင်း မုန်းကို ခွင့်မလွှတ်မချင်း မုန်း ဒီနေရာကနေ မပြန်တော့ ဘူး"

"မုန်း အိမ်အပြန်နောက်ကျနေမှာစိုးလို့ပါ"

"မုန်းကို ခွင့်လွှတ်လား၊ အခုတစ်ခါတည်းပြော"

"ခွင့်လွှတ်ပါတယ်"

"တကယ်နော်"

"တကယ်ပါ မုန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မပြန်ချင် ပြန်ချင်နဲ့ ပြန်လာခဲ့ရပေမဲ့ ရဲရဲချစ် မပျော်တော့ပါ။ စိတ်ထဲမှာလည်း ဝမ်းနည်းနေမိသည်။ ကိုက လမ်းထိပ်နားမှာ ကားလေးကို ရပ်ပေးပါသည်။

အိပ်ယာပေါ်ရောက်တော့

ရဲရဲချစ် တသိမ့်သိမ့်နဲ့ ရှိုက်ငိုပစ်လိုက်သည်။

ရဲရဲမှန်းရယ်

ငါ ဟန်ဆောင်ပြီး ချစ်လိုက်မိတာ မှားပြီထင်တယ်နော်။

ငါ ပြန်ပြင်ဖို့ဆိုတာ အချိန်တွေ အရမ်းနောက်ကျခဲ့ပါပြီဟာ။



## အခန်း (တစ်ဆယ်)

"ရဲရဲချစ်"

"ဟင်"

"နင် မျက်နှာလည်းမကောင်းဘူး ဘာဖြစ်နေတာလဲ"

"ငါ စိတ်ညစ်နေလို့ပါ ရဲရဲမှန်းရာ၊ ငါ့အနားကို နင် မလာစမ်းပါနဲ့ ငါ့ဟာငါတစ်ယောက်တည်း နေချင်လို့"

"အောင်မယ်၊ နင်ကများ ကြီးကြီးကျယ်ကျယ်"

"နင် မသိပါဘူးဟာ"

"အို... ဘာလို့မသိရမှာလဲ၊ နင့်ရည်းစားနဲ့ အဆင်မပြေဘူးဖြစ်လာတယ်မို့လား၊ မနက်ကတည်းက ထမင်းလာမစားဘူး၊ တစ်မနက်လုံးလည်း ကက်ဆက်ဖွင့်တဲ့အသံ မကြားရဘူး၊ ဟောအခုလည်း အခန်းထောင့်မှာ မျောက်မှိုင်မှိုင်လို့"

"စိတ်ညစ်တယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငိုတယ်... ငိုတယ်၊ ကိုယ့်ဘာသာကိုယ်ငိုတာ ဘာဖြစ်လဲ ဟင့်... ဟင့်"

ရဲရဲချစ် တကယ်ငိုနေတာတွေ့တော့ ရဲရဲမုန်း စိတ်မကောင်းဖြစ်သွားသည်။ ရဲရဲချစ်ဟာ သူမရဲ့ တစ်ဦးတည်းသော ညီမလေးပါ။

သူ့မှာ အခက်အခဲရှိရင် အစ်မကြီးလုပ်တဲ့ ရဲရဲမုန်းကပဲ အကူအညီပေးရတော့မှာပေါ့။

"ရဲရဲချစ်"

"ဘာလဲဟာ"

"နင် ဘာဖြစ်နေတာလဲ ငါ့ကိုပြောစမ်း"

"ဟိုနှစ်ကောင်ပေါ့"

"ဟဲ့ ဘယ်နှစ်ကောင်လဲ"

"ဝဏ္ဏထွန်းနဲ့ အာကာယံ"

"ဟင်"

"ကိုနဲ့ စားသောက်ဆိုင်မှာ စားနေတန်း လာထောင်သွားလို့ ငါ့အကြောင်းတွေ ကိုက သိသွားပြီလေ"

အမလေးနော်။

တကိုတည်းကိုတောင် ဖြစ်နေပါရောလား။

ဒုက္ခ... ဒုက္ခ။

"ဟဲ့ နင်က မဟုတ်ပါဘူးလို့ မငြင်းလိုက်ဘူးလား"





"ဟာ... ရဲရဲမုန်းရယ်၊ နင့်လောက်တုံးတာလည်း နင်ပဲ၊ ဟိုနှစ်ကောင်က ငါ အသည်းခွဲလိုက်လို့ သူတို့အသည်းတွေ ဟက်တက်ကွဲနေရပါပြီဗျာလို့ ငါ့အရှေ့မှာ နတ်သံနောပြီး ပြောသွားတာ၊ ငါ ဘယ်မျက်နှာနဲ့ ငြင်းတော့မလဲ၊ ကို့ရှေ့မှာ ငါ မျက်နှာတွေပူပြီး အရှက်တွေကွဲကုန်ရော၊ အခု ကိုက ငါ့ကို အချစ်ပေါ့သွားပြီ၊ ငါ့ကိုလည်း ရည်းစားများတဲ့ ကောင်မလေးဆိုပြီး အထင်သေးသွားပြီ ဟင့်... ဟင့်"

"ဒါလေးများ ရဲရဲချစ်ရယ်၊ နင့်ကိုကို ငါကိုယ်တိုင်လိုက်တွေ့ပြီး ဖြေရှင်းပေးပါ့မယ်"

"ဟာ... ရှုတ်ကုန်တော့မှာပဲ ကျေးဇူးရှင်ရယ်၊ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ထိုင်ကန်တော့ဆိုလည်း ကန်တော့ပါတယ်ဟွန်း"

"ဟဲ့ ငါက နင့်အစ်မလေ"

"အစ်မမို့လို့ ရှုပ်ကုန်မှာကို ပြောတာပေါ့ဟဲ့"

"ဟာ နင်ပြောမှ ရှုပ်ကုန်ပြီဟာ"

နှစ်ယောက်တည်းနဲ့ ရှုပ်နေကြတဲ့ ညီအစ်မနှစ်ယောက်။

ပြုံးလည်း မပြုံးနိုင်ကြ။ ရယ်လည်း မရယ်နိုင်ကြ။ ရဲရဲချစ်က ငိုရင်းနဲ့ ထွက်လာတဲ့နှပ်တွေကို နံရံမှာသုတ်နေသလို ရဲရဲမုန်းကလည်း ရဲရဲချစ်လုပ်သမျှကို မျက်ဝန်းအပြုံးသားကလေးနှင့် ငုတ်တုတ်ကလေး ထိုင်ကြည့်နေသည်။

"ရဲရဲမုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကို့ကို ငါ သိပ်ချစ်တယ် သိလား"

"ချစ်... ချစ်"

"အခု ငါငိုတာ သိပ်ချစ်လို့"

"အင်း ဖြစ်နိုင်တယ်... ဖြစ်နိုင်တယ်"

"ကိုက သိပ်ချောတာ ရဲရဲမှုန်းရဲ့"

"အမလေးနော် ငါတောင် တွေ့ချင်လာပြီ"

"ဟင်း... ဟင်း"

"ရဲရဲမှုန်း"

"ဘာလဲဟာ"

"တကယ်လို့ ကို အိမ်ကိုလာလည်ရင် နင် လုံးဝထွက်မကြည့်ရဘူးနော်"

"ဟင် ဘာဖြစ်လို့လဲ"

ရဲရဲမှုန်း မကျေမနပ်ကလေးတော့ ဖြစ်သွားမိသည်။

"ဟိုလေ... ဟင်း၊ ငါက တစ်ဦးတည်းသောသမီးလို့ ကို့ကို လိမ်ထားတာ"

"ဟဲ့... မဟုတ်တာနဲ့ ဘာလို့လျှောက်လိမ်နေရတာလဲ"

"ဟို... ဟို၊ နင် မသိပါဘူးဟာ"

"နင် တော်တော် ရုပ်တယ်သိလား ရဲရဲချစ်၊ ကိုယ့်ဘဝကိုယ်လည်း အမှန်အတိုင်းမပြောဘူး၊ တစ်နေ့သိမှာပဲ၊ ဟော အခုပဲ





ကြည့် နင့်ရည်းစားတွေအကြောင်း အကုန်ပေါ်ကုန်ပြီလေ၊ ဘယ်လောက်ရှက်ဖို့ကောင်းလဲ၊ နင့်နေရာမှာ ငါသာဆိုရင် ရှက်တာနဲ့ သေမှာပဲ ဟွန်း"

"ဒီအကြောင်းတွေ မေမေ မသိစေနဲ့နော်"

ရဲရဲချစ်က မျက်လုံးဝိုင်းဝိုင်းကလေးနဲ့ ပြောလေလျှင် ရဲရဲမှုန်းကလည်း နှုတ်ခမ်းလေးစူတင်းကာ–

"နင်လည်း မဟုတ်တာ မလုပ်နဲ့ပေါ့ဟ"

"မလုပ်ပါဘူးဟာ"

"ကဲ... ငါ အခုလာတာ မေမေက ရွှေတိဂုံဘုရားသွားမလို့ တဲ့ နင့်ကို ခေါ်ခိုင်းလိုက်လို့လာတာ"

"ဟင်"

"သွား ရေမြန်မြန်ချိုးပြီး အဝတ်အစားလဲလိုက်"

အတော်ပါပဲ။

ရဲရဲချစ်ကလည်း ကံဆိုးနေတဲ့ သူမဘဝလေးကို ကံကောင်းလာအောင် ဂြိုဟ်တိုင်မှာ ရေသက်စေ့လောင်းပြီး ဆုတောင်းချင်နေတာနဲ့။

ဒီလိုနဲ့ပဲ။

မေမေရယ်၊ ရဲရဲမှုန်းရယ်၊ ရဲရဲချစ်ရယ် သားအမိသုံးယောက် ရွှေတိဂုံဘုရားပေါ် ရောက်သွားကြသည်။

မေမေနဲ့ရဲရဲချစ်က ဂြိုဟ်တိုင်လေးမှာ ရေလောင်းနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲမှုန်းက အောင်မြေလေးနားမှာသွားပြီး တစ်ယောက်တည်း ပုတီးစိတ်နေသည်။

"ဟာ... ဆရာသမား"

"ဟင်"

"ဟိုမှာ တစ်ယောက်တည်း မျက်လုံးလေးမှိတ်ပြီး ပုတီးလေးစိတ်နေတာ ဘယ်သူလဲဆိုတာ ကြည့်လိုက်စမ်းပါဦး"

"ဟာ... မောင်ဇော် အဲဒါ ရဲရဲမှုန်း"

ကြယ်စင်သာတစ်ယောက် ရဲရဲမှုန်းကို တွေ့လိုက်ရတာနဲ့ တင် အံ့သြပြီး မျက်လုံးကလေးတွေ ပြူးဝိုင်းသွားရပြီ။

တကယ်လည်း ရဲရဲမှုန်းပါ။

ရဲရဲချစ် မဟုတ်တဲ့ ရဲရဲမှုန်းအစစ်ဆိုတာ ကြယ်စင်သာ ဘယ်လိုလုပ် သိနိုင်မှာလဲ။

"ဆရာ့ကျောင်းမလေးက ရည်းစားများပေမဲ့ ဘာသာတရားတော့ ကိုင်းရှိုင်းပုံရတယ်နော်"

"ဟော့ကောင် လာ အတော်ပဲ သူပုတီးစိပ်ပြီးတာနဲ့ သူ့ကိုခေါ်ပြီး ဘုရားတစ်ပတ် ပတ်ပစ်မယ်"

"ဟင်... ဆရာက သူပုတီးစိပ်တဲ့နားကို ဘာသွားလုပ်မှာလဲ"

"ဟဲဟဲ... ဘေးကနေ ထိုင်စောင့်မှာပေါ့ကွ"

"ဆရာပြောတော့ ကောင်မလေးက သိပ်မမိုက်ဘူး၊ ရည်း



BURMESE CLASSIC .com



စားတွေအများကြီး ထားခဲ့ဖူးလို့ စိတ်တောင်ကုန်သွားတယ်ဆို"

"အေးပါကွာ၊ အဲဒါ ဟိုနေ့ကကိစ္စကြောင့်ပါ၊ ခုတော့ ကြည့်စမ်းပါဦး ဟိုနေ့ကနဲ့မတူအောင် ပြောင်းလွဲသွားလိုက်တာကွာ၊ ငါ... ငါချစ်တာ အဲဒီလိုပုံစံလေးနဲ့ ရဲရဲမှုန်းကို ချစ်တာပါကွာ၊ မျက်နှာလေးကို အေးချမ်းနေတာပဲ"

"ဟွန်း... ဟွန်း"

တကယ်လည်း သူ့စိတ်ထဲမှာ မျက်လုံးကလေးမှိတ်ပြီး ပုတီးကလေးစိတ်နေတဲ့ ရဲရဲမှုန်းကို မြင်လိုက်ရတော့ ကြည်နူးအေးချမ်းမှုကလေးတွေက ရင်ထဲကို ချက်ချင်းတိုးဝင်သွားခဲ့သလိုပင်။ မယုံဘူးကွာ ရဲရဲမှုန်းရယ် ဒီပုံစံကလေးနဲ့ ရဲရဲမှုန်းဟာ ရည်းစားတွေအများကြီးထားခဲ့တယ်ဆိုတာ ကိုယ် ဘယ်လိုမှ မယုံနိုင်ဘူးကွာ၊ ဝဏ္ဏထွန်းနဲ့ နန္ဒဆိုတဲ့ ချစ်သူဟောင်း ကောင်လေးနှစ်ယောက်က အတိအကျ ဖွင့်ပြောလိုက်လို့သာ ကိုယ် ယုံလိုက်ရတာပါ။

ခုတော့ ကြည့်စမ်းပါဦး။

ဆံပင်ကလေးကို အလယ်ကလေးကနေ တည့်တည့်ကလေးခွဲပြီး ဘေးကို ဖြန့်ချထားတာလေ။ ဝင်းနှစ်နေတဲ့ လည်တိုင်လေးနဲ့ ဘေးနှစ်ဖက်မှာရှိတဲ့ လက်မောင်းသား အိအိတင်းတင်းလေးတွေပေါ်မှာ ကပိုကရိုလေးဖုံးလို့။ ဝတ်ထားတဲ့ အင်္ကျီလေးကလည်း ကော်ပံပြတ်အတိုကလေး။ ငွေဖလားရောင်လေး။ ခါးလေးက တင်းကြပ်ပြီးတော့ ကိုယ်လုံးကလေးက တင်းတင်းကျစ်ကျစ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ ဖူးဖူးအိအိကလေးမို့ သူမလေးကိုကြည့်ပြီး ကြယ်စင်သာ အားမလိုအားမရတောင်ဖြစ်နေမိသည်။

ဒါကို

ရဲရဲမုန်းကလည်း မသိပါ။

မျက်လုံးကလေးကို ပိတ်ထားပြီးတော့ ဂုဏ်တော်ကိုးပါးကို တစ်ရာ့ရှစ်ပတ်တိတိ စိပ်နေတာလေ။

"လာပါ ဆရာသမားရယ်၊ ပုတီးစိပ်နေတဲ့ ကောင်မလေး နားမှာ ယောင်လည်လည်လုပ်နေတာ မကောင်းပါဘူး၊ ဟိုဖက်နား လေးကို ခဏလောက်သွားကြည့်ရအောင်"

"ပြီးရင် ဒီလိုပဲပြန်လာမှာနော်"

"စိတ်ချပါ ဆရာသမားရယ်၊ လာပါ၊ ဟိုဖက်အနောက် ထဲမှာ ရွှေသမင်ဘုရားဆိုတာရှိတယ်၊ ဆုတောင်းရင်လည်း ပြည့်တယ်"

"ရွှေသမင်ဘုရား ဟုတ်လား၊ မင်းပြောမှ ငါလည်းကြား ဖူးတော့တယ်ကွာ"

"ဟဲဟဲ... ဘုရားရှေ့က သစ်ပင်က ရွှေသမင်ပုံစံမျိုးလေး ဘုရားကို ဦးခိုက်နေလို့လေ ကျွန်တော်တို့ကတော့ ရွှေသမင်ဘုရား လို့ပဲခေါ်တယ်"

**ထိုအချိန်မှာ–**

မေမေနဲ့ ရဲရဲချစ်က ရေသပ္ပါယ်ပြီးလို့ ဘုရားကို တစ်ပတ်





ပတ်နေကြပြီ။ ကံကောင်းချင်တော့ ရဲရဲချစ်နဲ့ ရဲရဲမုန်းက ဒီနေ့မှ အင်္ကျီဝမ်းဆက် ဆင်တူလေးတွေ ဝတ်လာကြတာလေ။

"ဆရာ... ဟိုမှာ ဆရာ့ကောင်မလေး ထွက်သွားပြီ"

"ဟင်"

ရဲရဲမုန်းကလည်း ပုတီးစိပ်ပြီးလို့အထ။

ကြယ်စင်သာတို့ ဆရာတပည့်နှစ်ယောက်ကလည်း ခပ် လှမ်းလှမ်းကနေ ရဲရဲမုန်း ထသွားတာကို တွေ့ပြီးအလိုက်။

"ဟာ... ပျောက်သွားပြီ ဆရာ"

"ဟောဟဲ... ဟောဟဲ"

ကြယ်စင်သာလည်း မောသွားသည်။

အနှံ့လိုက်ရှာတော့လည်း မတွေ့တော့ပါ။

"ဒီ... ဒီနားလေးမှာ ပျောက်သွားတာကွ"

"လာဆရာ တွေ့အောင်ရှာမယ်"

မောင်ဇော်ကလည်း မတွေ့တော့လို့ မကျေနပ်။

ကြယ်စင်သာကလည်း မတွေ့တော့ မောနေသည်။

"ဟာ... တွေ့ပြီဆရာ ဟိုမှာ... ဟိုမှာ"

"ဟင်"

ရဲရဲမုန်း။

သူမလေးတစ်ယောက်တည်း။

စိတ်ပုတီးလေးကိုင်လို့။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်သာ ရင်ကလေးခုန်သွားသည်။

"မုန်း"

"မုန်း"

တွေ့ပြီ။

ချစ်သူလေးမုန်းကို ကြယ်စင်သာ တွေ့ရပြီ။

"သမီး... မေမေ ဒီမှာ"

"မေမေတို့ကို လိုက်ရှာနေတာ မေမေရဲ့ ရဲရဲချစ်ရော"

"ဂေါပကရုံးမှာ ငွေသွားလှူနေတယ် သမီးရဲ့"

ကြယ်စင်သာတောင် ရဲရဲမုန်းအနားကို မရောက်လိုက်ပါ သူမလေး မေမေနဲ့တူတဲ့ အန်တီကြီးတစ်ယောက်က မုန်းရဲ့ လက်ကလေးကိုဆွဲပြီး ခေါ်သွားပြီလေ။

"ပြဿနာပဲကွာ၊ အရေးထဲကျမှ အဘွားကြီးက ပါလာရ တယ်လို့ ဟင်းဟင်း"

သူမလေးတို့နှစ်ယောက် စကားတပြောပြောနဲ့ လျှောက် သွားတာပဲ တွေ့လိုက်ပါသည်။ အနားကပ်ခွင့်လေးကိုတော့ဖြင့် ကြယ်စင်သာတစ်ယောက် မရလိုက်ရှာပါ။

"အမလေး သေပါပြီ"

ဂေါပရုံးကနေ အလှူငွေဖြတ်ပိုင်းလေးကိုင်ပြီး ပြန်ထွက် လာတဲ့ ရဲရဲချစ်။ မမျှော်လင့်ဘဲ ကို့ကို မြင်လိုက်တော့ မျက်လုံး လေးပြူးပြီး ရှေ့ဆက်မသွားရဲအောင် လန့်တုန်သွားရတော့၏။





ရှေ့မှာ မေမေနဲ့ ရဲရဲမုန်းက သွားနေကြပြီလေ။

ကိုက ရဲရဲမုန်းတို့အနောက်မှာ–

"သွားပြီ... သွားပြီ ရဲရဲမုန်း အစစ်နဲ့မှ သွားတိုးနေပြီ"

"အဟင့်... ဟင့်"

ရဲရဲချစ် ငိုချင်စိတ်ပေါက်သွားသည်။

ရဲရဲမုန်းကို သွားနှုတ်ဆက်လိုက်လို့ကတော့ အလိမ်တွေပေါ် ပြီး အရှက်တွေကွဲကုန်ရတော့မှာ။

ဒုက္ခပါပဲ။

ရဲရဲချစ် ဘယ်လိုလုပ်ရတော့မလဲ။

ဘုရား... ဘုရား။

ကြယ်စင်သာလည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေ သည်။ နောက်ဆုံးတော့ မတတ်နိုင်။

ရဲရဲမုန်းတို့ သားအမိနှစ်ယောက်ကိုကျော်ပြီး သူ့ကိုမမြင် မြင်အောင် ပြရတော့မှာပဲ။ အဲဒါမှ မုန်းက ဘုရားပေါ်မှာ သူ ရောက်နေတာကို သိမှာ။

"အဟမ်း... ဟမ်း"

ခြေလှမ်းခပ်သွက်သွက်လှမ်းပြီး မုန်းဘေးကနေ ကပ် လျှောက်လိုက်သည်။ ပြီးတော့ ချောင်းကလေးတစ်ချက်ကိုလည်း ဟန်ပြလိုက်၏။

ထိုအချိန်မှာ ရဲရဲမုန်းကလည်း ဘေးကလေးကို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကလေးဝေ့ပြီး ငဲ့အကြည့်။

"အပွန်း"

"ဟင်"

သူမကို ရင်းနှီးစွာပြုံးပြနေတဲ့ လူတစ်ယောက်။

သူမလေးကတော့ ကိုယ်နဲ့မသိသူမို့ နှုတ်ခမ်းလေးတွေကိုပဲ တင်းတင်းလေး စေ့ပစ်လိုက်ပြီးတော့ မျက်ဝန်းအကြည့်လေးတွေကို လွှဲပစ်လိုက်သည်။ သို့သော် ထူးထူးခြားခြားလေးတော့ ရင်ထဲမှာ ထိတ်ခနဲခုန်သွားလိုက်ရသေး၏။ ပြုံးပြနေသူရဲ့ ရီဝေရွှန်းလဲ့နေတဲ့ ညို့မျက်ဝန်းကြီးအောက်က လှိုက်လှဲတဲ့အပြုံးလေးအတွက် ရင်ထဲမှာ အေးချမ်းသွားရသလိုပင်။ ပြီးတော့လည်း လှိုက်ခနဲခုန်သွားတဲ့ ရင်ခုန်သံလေးတွေက သူမလေးရဲ့ အရှက်မျက်နှာလေးကို ပန်းသွေးရောင်လေးတွေနဲ့ ပိုပြီးရဲစိုသွားစေခဲ့တာတော့ အမှန်ပဲဖြစ်သည်။

"မုန်းရယ် ကိုယ့်ကို ဘာဖြစ်လို့ မသိချင်ဟန်ဆောင်ပြီး မျက်နှာလေးလွှဲပစ်လိုက်ရတာလဲကွာ၊ ကိုယ့်မှာတော့ မင်းနောက်ကို အပြေးကလေး လိုက်လာလိုက်ရတာ"

ကြယ်စင်သာ မကျေနပ်ပါ။

မုန်းက နှုတ်ခမ်းလေးတင်းတင်းစေ့ပြီး သူက ပြုံးပြနေတာတောင် သူ့ကို မသိချင်ဟန်ဆောင်သွားတာလေ။ ပြီးတော့ ဒီနေ့မှ မုန်းရဲ့မျက်နှာကလေးဟာ တည်တည်တင်းတင်းကလေး။





မျက်ဝန်းကလေးတွေကလည်း မိန်းကလေးတစ်ယောက်မှာ ရှိရမဲ့ မာနကလေးတွေနဲ့။ ကိုယ်သိပ်ချစ်တာ အဲ့ဒီမျက်နှာကလေးကိုပါ မုန်းရယ်။ ခုတော့ အဲ့ဒီမျက်နှာလေးဟာ ရည်းစားတွေအများကြီး ထားခဲ့ဖူးတဲ့ မျက်နှာကလေး ဖြစ်နေခဲ့ရပြီလေ။ ကိုယ်သိပ်အံ့သြရပါတယ် မုန်းရယ်။

အဲ့ဒီအတွက်။

ကိုယ်မခံစားနိုင်တော့လို့ ဘုရားရှင်ရှေ့ကို ကိုယ်ရောက်လာခဲ့ရတာပါ။ ကိုယ်နဲ့မုန်းကြားမှာ ဘယ်လိုအမှားအယွင်းမျိုးမှ မရှိပါစေနဲ့လို့ပဲ ကိုယ် ဆုတောင်းလိုက်ချင်ပါတယ်မုန်း။ ကောင်းသောကံကြမ္မာတစ်ခုဟာ ကိုယ်တို့နှစ်ယောက်ကြားမှာ ထာဝရတည်ရှိနိုင်ပါစေ။

ကြယ်စင်သာတစ်ယောက်

ရင်ထဲကနေပဲ ဆုတောင်းနေမိတော့၏။

ထိုအချိန်မှာ–

ကို မမြင်အောင် ပုန်းနေရတဲ့ ရဲရဲချစ်တစ်ယောက်ကတော့ မျက်နှာလေးပျက်ပြီး ထိတ်လန့်တုန်လှုပ်နေရပြီလေ။ ညီအစ်မနှစ်ယောက်ကို အတူတွဲပြီး တွေ့လိုက်တာနဲ့ ကိုယ်ဟာ ရဲရဲချစ်ကို ပိုပြီးအထင်သေးသွားတော့မှာပါ။ ကံကောင်းသွားတာက ဝမ်းနည်းပြီး ပြန်ဆင်းသွားတဲ့ကို့ကြောင့် ရဲရဲချစ် စိတ်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ရာရသွားခြင်းပဲဖြစ်သည်။

"ဟဲ့… အခုမှ နင် ဘယ်ချောင်ထဲက ထွက်လာတာလဲ"

"ဟဲ… ဟဲ၊ အခိဋ္ဌာန်ပုတီးစိပ်နေတာလေ၊ ဘာဖြစ်လို့လဲ"

"နင်ပျောက်နေလို့ ငါတို့မှာ စိတ်ပူပြီး ရှာလိုက်ရတာ"

ရဲရဲမုန်းနဲ့ မေမေက စိတ်ပူနေသည်။

ရဲရဲချစ်ကတော့ ကိုယ့်အကြောင်းကိုယ် သိနေသူမို့ ပြုံးလိုက်၏။

"ကဲ အရှေ့မုဒ်ကပဲ ဆင်းကြမယ်"

"အမလေး မလုပ်ပါနဲ့၊ လာပါ အနောက်မုဒ်ကပဲဆင်းမယ်"

ကို ပြန်ဆင်းသွားတာ အရှေ့မုဒ်လေ။

လမ်းမှာ ပြန်တွေ့နေရင် ဘယ်လိုလုပ်ရမလဲ။

"ရဲရဲချစ်ရယ် နင်ဟာလေ ဘယ်တော့မှ ဂဏှာမငြိမ်ဘူးသိလား၊ နင့်မျက်လုံးတွေဟာ အမြဲပဲ ဟိုထောင့်ကပ်လိုက် ဒီထောင့်ကပ်လိုက်နဲ့၊ ဘုရားပေါ်မှာလည်း နင် အကြံအဖန်လုပ်ဖို့ စဉ်းစားနေသလားဟင်၊ ဟဲ့ နင့်ကို ငါမေးနေတယ်လေ၊ ဘယ်ကို လျှောက်ကြည့်နေတာလဲ"

"မကြည့်ပါဘူး"

"မကြည့်ရင် သွားမယ် မြန်မြန်လုပ်"





"ဟွန်း အနောက်ဖက်မုဒ်နော်"

"အေးပါဟာ ငါ သိပါတယ်"

ရဲရဲချစ် လျှာလေးကို တစ်လစ်ထုတ်ပြီး ခုမှ စိတ်ချလက်ချ ပြုံးမိသွားသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်တစ်)

ကို့ဆီက ဖုန်းခေါ်သံလေးကို မျှော်နေမိပေမဲ့ ကိုက ဖုန်းကလေးကိုတောင် မဆက်တော့ပါ။

ရဲရဲချစ် စိတ်တွေပူသထက်ပူလာရပြီ။ ကို စိတ်ပျက်လက်ပျက် ဖြစ်သွားတာ အရမ်းကိုပဲ သေချာနေခဲ့ပြီမဟုတ်လား။

"ဟွန်း… ရမလား၊ မိန်းကလေးတစ်ယောက်ကို အဲဒီလို လုပ်လို့ရမလား၊ လိုက်သွားမယ်၊ သူ့ကုမ္ပဏီကို လိုက်ကိုသွားရမယ်"

တွေးရင်းနဲ့ ရဲရဲချစ် သွေးတွေဆူပွက်လာရသည်။

မခံချင်ဘူးလေ။

ချစ်တုန်းက သူပဲချစ်ခဲ့ပြီးတော့ အခုမှ ကို့စိတ်တွေတမျိုးပြောင်းနေတာ။ ကို့ရုံးလိပ်စာကဒ်ကလေးကို တွေ့အောင်ရှာပြီး ရဲရဲချစ်တစ်ယောက်တည်း ထွက်လာခဲ့တော့၏။

စိတ်ကိုကိုနဲ့ ထွက်လာတာမို့ ကော်ဖီရောင်ဝမ်းဆက်





စိတ်တိုတိုနဲ့ ထွက်လာတာမို့ ကော်ဖီရောင်ဝမ်းဆက်ကလေးကိုလည်း မဝတ်ခဲ့ရတော့ပါ။

ဒီနေ့ …

သူမလေးရဲ့ ပုံစံလေးက ထူးခြားနေသည်။

လက်တစ်ချောင်းကြိုး အနီရောင်ပွပွကလေးနဲ့ဖြစ်သည်။ အောက်မှာက ချော့ကလက်ရောင် စတိုင်ပန်လေးနဲ့ဆိုတော့ ကိုယ်လုံးလေးက ဖူးတင်းပြီး အရပ်မြင့်မြင့်ကလေးနဲ့ လိုက်ဖက်သွားရတာတော့ အမှန်ပါပဲ။ ပြီးတော့ စီးလာတဲ့ ဒေါက်ကလေးကလည်း ငွေရောင်အိအိ ကြိုးသိုင်းဒေါက်ကလေးနဲ့လေ။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲဟင်"

ကုမ္ပဏီအောက်ထပ် ဧည့်ခန်းမှာ တအံ့တဩလေးကြည့်ပြီး မေးလာတဲ့ ရွယ်တူကောင်မလေးတစ်ယောက်ကို ပြုံးပြုံးလေး ပြန်မော့ကြည့်ကာ–

"အဟွန်း… ကိုနဲ့တွေ့ချင်လို့"

"ရှင်… ဘယ်ကကိုလဲ"

"ဦးကြယ်စင်သာလေ"

"ရှင်…"

သူမ မျက်လုံးကလေး ဝိုင်းသွားတာကိုကြည့်ပြီး ရဲရဲချစ် ပျော်လိုက်တာ။

"ဟို… ဟို… ရှင်… ရှင်က"



www.burmeseclassic.com

www.burmeseclassic.com



"ကို့ရဲ့ ချစ်သူပါ"

"အို"

"ကို... ရှိတယ်မလား"

အပြတ်ပဲ။

ရဲရဲချစ်ကတော့ ခပ်တည်တည်ပဲ။

အဲဒါ ကို့ရဲ့ တရုံးလုံးကလူတွေ သိသွားအောင် မောင်း အကျယ်ကြီးထုပေးလိုက်တာ။ ဝိုင်းကြည့်ပြီး စပ်စုနေတဲ့သူတွေ အံ့သြသွားအောင်လို့။

"ရှိ... ရှိပါတယ်၊ အမ်ဒီက ဟိုးဖက်ထောင့်ဆုံးအခန်းလေး ထဲမှာပါ"

"ကျေးဇူးနော်"

ခေါင်းကလေးကို ဆတ်ခနဲမော့လိုက်ပြီး ကိုယ်ကလေးကို နွဲ့နွဲ့လေးလှည့်လိုက်ကာ ဧည့်ခန်းလေးထဲက ထွက်လိုက်စဉ်မှာ တော့–

"ဟင်... မင်း... မင်း"

ကို့ရဲ့တပြည့် မောင်ဇော်လေ။

ရဲရဲချစ်ကိုတွေ့ပြီး မျက်လုံးတွေ ပြူးထွက်သွားရပြီ။

"အဟွန်း... တွေ့ချင်လို့ လိုက်လာတာ"

"ရှိ... ရှိပါတယ်"

မောင်ဇော် မျက်လုံးပြူးရတာက ဆရာ့ချစ်သူရဲ့ ဝတ်ပုံ





စားပုံလေ။ ဒီနေ့ သိပ်ကို ထူးခြားနေလို့ပါ။ အရင်လို ကော်ဖီရောင် ရိုးရိုးယဉ်ယဉ် ဝမ်းဆက်လေးနဲ့ မဟုတ်တော့။ မျက်လုံးထဲမှာ ခပ်ဟောဟော့လေးဖြစ်ပြီး အရမ်းကို ခေတ်မီနေတဲ့ပုံစံကလေး ပေါက်သွားလို့ပါ။

"ဒီတည့်တည့်နော်"

"ဟုတ်... ဟုတ်တယ်"

မောင်ဇော် ခေါင်းကလေးကုတ်ရင်း ကျန်ရစ်ခဲ့သည်။

"ဒေါက်"

"ဂျလောက်"

"ကို ရှိလားဟင်"

"ဟာ... မုန်း"

မထင်မှတ်ဘဲ ရောက်လာတဲ့ မုန်းကိုကြည့်ပြီး ဝမ်းနည်း ဝမ်းသာလေး ဖြစ်သွားရတာက ကြယ်စင်သာ။

"ကို့ကို သတိရလို့ လိုက်လာတာ၊ ပြီးတော့ ဒီနေ့ကိုနဲ့ အတူတူ ရုပ်ရှင်သွားကြည့်ချင်လို့"

"ဒီနေ့ ကိုယ် မအားဘူးမုန်းရဲ့"

"ဟင်..."

သူမရဲ့ ဆန္ဒလေးကို ငြင်းပယ်ခဲ့လိုက်ရတာမို့ ရဲရဲချစ် နှုတ်ခမ်းလေးတွေ ချက်ချင်းကိုပဲ စူတင်းသွားရသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်တဲ့ မျက်ဝန်းကလေးတွေနဲ့လည်း ကိုကို စိုက်ကြည့်ပစ်လိုက်၏။

"မအားလည်း အားတဲ့အချိန်ထိ ကျွန်မ စောင့်မယ်၊ ကိုကို ပြောစရာစကားတွေလည်း ရင်ထဲမှာ အများကြီးပဲ"

"မုန်း ဒီနေ့ ဘယ်လိုပုံစံတွေ ဝတ်လာတာလဲ၊ မနေ့က ဘုရားပေါ်မှာ ကိုယ်တွေ့ခဲ့တဲ့မုန်းနဲ့ တခြားစီပဲ"

"ဟားဟား... ဘုရားပေါ်လေ ကိုရဲ့၊ ကို အနားက ဖြတ်လျှောက်ပြီး ပြုံးပြုတာတွေ့သားပဲ၊ ဟင်း အောမှာ မေ့မေ့ ပါနေလို့"

ရဲရဲချစ်က ဘုရားစောင်းတန်းကြားက ခိုးကြည့်ပြီး အခြေအနေအားလုံးကို မြင်တွေ့ထားတာဆိုတော့ ကိုကို ကောင်းကောင်းကြီး လိမ်ပစ်လိုက်လို့ ရသွားတာပေါ့။

ကိုက မယုံကြည်နိုင်တဲ့ မျက်ဝန်းကလေးတွေနဲ့ သူမကို စိုက်ကြည့်ပြီး

"မင်းနဲ့ ကိုယ်နဲ့ကြားမှာ တစ်ခုခုတော့ မှားနေပြီထင်တယ်မုန်း၊ ကံကြမ္မာလား၊ ကိုယ့်ရဲ့ မပြတ်သားတဲ့ တွေဝေမှုလား၊ တစ်ခုခုတော့ တစ်ခုခုပဲကွာ ဟင်း"

"ဒီမှာ ဦးကြယ်စင်သာ"

"ဟင်"

"ရှင် ကျွန်မကို ချစ်ခဲ့ပြီးမှ ကံကြမ္မာတွေ၊ တွေဝေတာတွေ





လျှောက်ပြောမနေနဲ့ မချစ်တတ်တဲ့ ကျွန်မကို ချစ်တတ်လာအောင် အစွဲကြီးစွဲလာအောင် လုပ်ခဲ့တာရှင်ပဲ၊ ရှင့်ကြောင့် အိမ်မှာ ကျွန်မ ငိုရတယ်၊ ရှင် အထင်လွဲသွားမှာကြောက်လို့ ဘုရားက ဘုရားရဲ့ ဂြိုဟ်တိုင်မှာ ရေသက်စေ့လောင်းပြီး ဆုတောင်းရတယ်၊ ကျွန်မ ကျွန်မ ရှင်နဲ့တွေ့မှ အချစ်ဆိုတာကို ခံစားတတ်သွားတာ၊ ခုတော့ ရှင်က ကျွန်မကိုတောင် အဆက်အသွယ်မလုပ်တော့ဘဲ ရှောင်ချင်နေပြီပေါ့လေ၊ ကျွန်မဆီကို ဖုန်းကလေးတောင် ရှင်မဆက်တော့ဘူး၊ ကျွန်မမှာတော့ ရှင် ဖုန်းဆက်လာမဲ့အသံလေးကို မျှော်လိုက်ရတာ၊ အံဟင့်... ဟင့် ရှင် မရက်စက်ပါနဲ့၊ မိန်းကလေးတစ်ယောက်ကို အဟင်းပွေ့အတင်းနမ်း အဖြေကိုအတင်းတောင်းပြီးတော့မှ ရှင့်မသိချင်ဟန်ဆောင်နေတာလား ကိုရယ်"

"ဟာ... မငိုနဲ့လေ မုန်း၊ ကိုယ်အလုပ်မအားလို့ မုန်းနဲ့ မတွေ့နိုင်ဖြစ်ရတာပါ"

"အဟင့်... ဟင့်"

"ပြဿနာပဲကွာ"

ကြယ်စင်သာတစ်ယောက် ခပ်ဟော့ဟော့လေးဝတ်ထားပြီး မျက်ခုန်းတန်းလေးတွေမှာ အိုင်းလိုင်နာလေးဆိုးထားတဲ့ ချစ်သူလေးရဲ့ ဆန်းပြားတဲ့ပုံစံလေးကြောင့် စိတ်ဆင်းရဲသွားခဲ့ရတာ အမှန်ပါပဲ။ မုန်းရယ် မင်းဟာ ဘာကြောင့်များ အခုလိုပုံစံမျိုးလေး ဖြစ်နေတာလဲကွာ၊ ကိုယ်ချစ်ခဲ့တဲ့မုန်းဟာ ကော်ဖီရောင်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဆက်လေးနဲ့ သိပ်ကိုယဉ်ကျေးသိမ်မွေ့တဲ့ မုန်းဆိုတာ ကိုယ်သိနေပါတယ်၊ ခုတော့ ကုမ္ပဏီက လူတွေအားလုံးကိုယ့်ကို ပြုံးစေ့စေ့နဲ့ ဝိုင်းကြည့်ကြတော့မယ်လေ။

ကိုယ့်ချစ်သူရဲ့ ပုံစံကလေးကြောင့် သိမ်ငယ်ရတာမျိုး ကိုယ် မဖြစ်ချင်ခဲ့တာလည်း အမှန်ပါပဲ။ ဒါပေမဲ့ မတတ်နိုင်တော့ပါ။ ကံကြမ္မာကပေးတဲ့ ဆုလဒ်တစ်ခုကို သူ အကောင်းဆုံးသိမ်းဆည်း ထွေးပိုက်ရတော့မှာပဲပေါ့။

"ရှင့်ကို ကျွန်မ တစ်ခုမေးမယ်"

ကြည့်စမ်း

အခေါ်အဝေါ် အပြောအဆိုလေးတွေကအစ သိသာစွာ ပြောင်းလွဲသွားခဲ့တဲ့ မုန်း။

"မေးလေ"

"ရှင် ကျွန်မကို တကယ်ချစ်ခဲ့တာလား"

"ဟာကွာ"

"ဖြေနော် ဦးကြယ်စင်သာ"

ရဲရဲချစ် ပြတ်ပြတ်သားသား သိချင်နေပြီ။

တကယ်ဆိုရင် သူမဟာ ရဲရဲမုန်းဟန်ဆောင်ပြီး မခံချင်တဲ့ စိတ်ကလေးနဲ့ ဝင်လာခဲ့ရပေမဲ့ သူမကိုလည်း ဦးကြယ်စင်သာဟာ မြတ်မြတ်နိုးနိုးနဲ့ ချစ်သွားလိမ့်မယ်လို့ ယုံကြည်ထားခဲ့တာပါ။ ဒါဟာလည်း ခွဲမရအောင် တထေရာတည်း ရုပ်ချင်းတူတဲ့





အမြွှာညီအစ်မဆိုတဲ့ အားကိုးမှုလေးတစ်ခုနဲ့လေ။ ခုတော့ သူချစ်တာဟာ ရဲရဲချစ် မဟုတ်တာ သေချာနေခဲ့ပါပြီ။

"ရှင် ဖြေလေ၊ ကျွန်မမေးတာကို ရှင် အခုချက်ချင်းဖြေနော်"

"ကိုယ်ချစ်ခဲ့တာ ကော်ဖီရောင်ဝမ်းဆက်လေးဝတ်ထားတဲ့ ရဲရဲမုန်းကို ချစ်ခဲ့တာပါ"

"ဒါဆို အခု ဒီပုံစံလေးဝတ်ထားတဲ့ ကျွန်မကို ရှင် လုံးဝမချစ်ဘူးပေါ့"

"ဝမ်းနည်းပါတယ် ကိုယ် အဲဒီလောက်ထိ ခေတ်မီမီလေး မခံစားတတ်တာ၊ ကိုယ်ညံ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့နော်"

စိတ်ပျက်နေတဲ့ အသံလေးနဲ့ပဲ ကြယ်စင်သာ ပြန်ဖြေလိုက်မိသည်။ တကယ်လည်း ခံစားလို့မရခဲ့တာ အမှန်ပဲဖြစ်သည်။ သူသိပ်ချစ်ခဲ့တဲ့ ကော်ဖီရောင်ဝမ်းဆက်ကလေးနဲ့ ကောင်မလေးတစ်ယောက်ရဲ့ မျက်ဝန်းကလေးတွေဟာ တည်ကြည်တဲ့ မာန်ကလေးနဲ့ တင်းတင်းလေးဖြစ်နေတဲ့ မျက်ဝန်းကလေးတွေနဲ့ပါ၊ ပြီးတော့ သူမလေးရဲ့ နှုတ်ခမ်းဖူးဖူး အိအိလေးတွေကလည်း မွှတ်သိပ်တောင့်တမှုလေးတွေနဲ့ကင်းတဲ့ တည်တင်းသော နှုတ်ခမ်းလေးတွေရယ်လေ။

ဒါပေမဲ့

ခုချိန်မှာတော့ သူ ဘာမှမတတ်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မာမီကလည်း သူ့ချွေးမလောင်းကလေးနဲ့ တွေ့ဖူးချင်တယ်ဆိုပြီး အိမ်ကိုတောင် နေ့လယ်စာအတူစားဖို့ ဖိတ်ခိုင်းနေပြီလေ။ သမီးမရှိတဲ့ မာမီဟာ ချွေးမလေးကိုပဲ သမီးအဖြစ်နဲ့ ချစ်ဖို့အမြဲ တောင့်တနေခဲ့တဲ့ မာမီပါ။

"ရှင်… ရှင် ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ ရဲရဲမှန်းကိုပဲ ချစ်တယ် ဟုတ်လား၊ ဟား…ဒါ ကျွန်မပဲလေ၊ ဦးကြယ်စင်သာရဲ့၊ ရှင် ဘာကြောင်နေတာလဲ၊ ဟော့ဒီကမ္ဘာကြီးမှာ ရဲရဲမှန်းနှစ်ယောက်ရှိတယ်လို့ ရှင် ထင်နေလို့လား၊ လုပ်မနေနဲ့၊ ရဲရဲမှန်းဆိုတာ ကျွန်မပဲ၊ ရှင်ကိုယ်တိုင် အနမ်းလေးတွေပေးပြီး ကျွန်မအသည်းနှလုံးထဲမှာ အချစ်ပန်းချီကားလေးတစ်ချပ် ရေးဆွဲခဲ့လိုက်တာ အခု ရှင့်ရှေ့မှာရောက်နေတဲ့ ကျွန်မပဲလေ ဦးကြယ်စင်သာရဲ့"

ခပ်တည်တည်နဲ့ ပြောင်ညာပစ်လိုက်သည်။

အရှုံးမပေးနိုင်ပါ။ ယောကျ်ားတစ်ယောက်ရှေ့ကနေ သိမ်ငယ်စွာနဲ့ နောက်ဆုတ်အရှုံးပေးရဖို့ ရဲရဲချစ် လုံးဝတွေးမထားခဲ့တာ အမှန်ပဲဖြစ်သည်။

"ကိုယ်… ကိုယ် ဘာပြောမိလို့လဲမှန်းရယ်၊ ကော်ဖီရောင်ဝမ်းဆက်ကလေးနဲ့ ရဲရဲမှန်းကိုပဲ ကိုယ်ချစ်ခဲ့တယ်ဆိုတဲ့စကားဟာ ကိုယ့်အတွက်တော့ အမှန်ပဲလေ၊ ဒါပေမဲ့ကွာ ရည်းစားများတဲ့ ရဲရဲမှန်းကိုတော့ ကိုယ် စိတ်ပျက်သွားမိတာ မငြင်းလိုတော့ပါဘူး"

"ရှင် စကားတတ်တိုင်း မပြောပါနဲ့"





ကြယ်စင်သာတစ်ယောက် ရှေ့မှာရောက်နေတဲ့ သူမလေးကိုကြည့်ပြီး မျက်နှာလေးလွှဲကာ ပြန်ပြောလိုက်မိသည်။

"မင်း သိပ်လှတယ်ဆိုတာ ကိုယ် သိပါတယ် မှန်း၊ ဒါပေမဲ့ မင်းရဲ့အလှဆုံးလေးတွေထဲမှာ ကိုယ်သိပ်မြတ်နိုးခဲ့ရတဲ့ အလှဆုံးလေးတစ်ခု ပျောက်ဆုံးနေတာကိုပဲ ကိုယ် အံ့ဩနေမိတာပါ"

"အမလေးနော် အရေးထဲမှာ ဘယ်အလှက ပျောက်ဆုံးနေလို့လဲရှင့်"

"ကိုယ်တွေ့ခဲ့တဲ့ ကော်ဖီရောင်မလေးရဲ့ မျက်ဝန်းလေးထဲက ကိုယ်သိပ်ချစ်ခဲ့တဲ့ မာနလေးတွေ ပျောက်ဆုံးနေတာကို ကိုယ် ပြောမိတာပါ"

"ရှင်"

"မင်းကို အခုလောက်ထိ လွယ်လွယ်နဲ့ရလိမ့်မယ်လို့ ကိုယ် ဘယ်တုန်းကမှ ကြိုမတွက်ထားမိခဲ့ဘူး"

"ဘာ…ရှင် ဘယ်လိုပြောလိုက်တယ်၊ လွယ်… လွယ်လွယ်နဲ့ ဟုတ်လား၊ ကျွန်မကို ရှင် လွယ်လွယ်နဲ့ရလိုက်တယ်"

သည်တစ်ခါ ဝုန်းခနဲ ထရပ်ပစ်လိုက်တာ ရဲရဲချစ်ရယ်ပါ။

သည်စကားဟာ…

ဘယ်လောက်စော်ကားခံလိုက်ရတဲ့ စကားလဲ။ သည်စကားကြောင့် မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးဟာ ဘယ်လောက်ထိ ကျဆင်းသွားခဲ့ရပြီလဲ။ ထင်မထားခဲ့ပါ။ မျှော်လည်း မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ပါ။ လေးနက်မှုမပါဘဲ ယောက်ျားလေးတွေကို အမြဲလိုလို လွယ်လွယ်လေး အဖြေပေး လွယ်လွယ်လေး လမ်းခွဲလာခဲ့တဲ့ ရဲရဲချစ်။ သူနဲ့ကျမှ အသည်းနှလုံးကို တအားဖိညှစ်ပစ်လိုက်သလို ဆတ်ဆတ်ခါ နာကျင်သွားခဲ့ရပြီ။ သူမဟာ ဦးကြယ်စင်သာနဲ့ တွေ့မှ အချစ်ကို ခံစားတတ်ခဲ့ရတာကို သူ့ရဲ့ မယုံကြည်နိုင်ဖွယ်ရာ ဆန်းပြားအံ့သြဖွယ်ရာ ညို့မျက်ဝန်းကြီးတွေရဲ့အောက်မှာ ရိုးသားစွာ ကျဆုံးခဲ့ရတာကို အထင်သေးစော်ကားရက်လိုက်တာ ဦးကြယ်စင်သာရယ်။

"ကျွန်မ... ကျွန်မ"

"ဟာ... မုန်း မငိုနဲ့လေ"

"ရှင်... ဖယ် ကျွန်မကို မထိနဲ့"

သွားပြီ။

သူမ မျက်ဝန်းလေးတွေထဲက မျက်ရည်စက်ကြီးတွေ တစ်ပေါက်ချင်း ဖြည်းဖြည်းချင်း သူမရဲ့ပါးပြင်လေးပေါ်ကို စီးလိမ့်ကျလာခဲ့ရပြီ။ ပြီးတော့ တဆတ်ဆတ်တုန်လာနေတဲ့ သူမရဲ့ နှုတ်ခမ်းကလေးတွေ။

"ရှင်... ရှင် ကျွန်မကို စော်ကားလိုက်ပြီ ဦးကြယ်စင်သာ"

"ကိုယ်... ကိုယ် တောင်းပန်ပါတယ် မုန်းရယ်၊ မုန်းကို နစ်နာစေလိုတဲ့စိတ်နဲ့ ကိုယ်ပြောလိုက်တာ မဟုတ်ပါဘူး၊ ကိုယ် လေ... ကိုယ်"





"ဖယ်နော် ရှင် ကျွန်မကို မထိနဲ့နော်"

သူမလေးကို ထွေးဖက်ချော့မြှူဖို့ ကြိုးစားလိုက်တဲ့ သူ့လက်တွေကို နာကျင်စွာ ပုတ်ထုတ်ခံလိုက်ရပြီးတဲ့နောက်မှာတော့ ကြယ်စင်သာတစ်ယောက် နေရာလေးမှာတင် ကျောက်ရုပ်လေး တစ်ရုပ်လို ငြိမ်သက်စွာ ရပ်နေလိုက်မိသည်။

မတတ်နိုင်တော့ပါ။

သူကလည်း ရင်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်မိခဲ့ပြီကို။

ရဲရဲချစ်။

သူမရဲ့ နှုတ်ခမ်းလေးတွေကို တဆတ်ဆတ်တုန်နေသည့်ကြားမှ အတင်းဖိကိုက်ထားလိုက်သည်။ စီးကျလာတဲ့ မျက်ရည်စက်ကလေးတွေကိုတော့ သူမ မတားဆည်းနိုင်တော့ပါ။ ဦးကြယ်စင်သာရဲ့ ရီဝေနေတဲ့ မျက်လုံးတွေကို ခေါင်းကလေး ဖျတ်ခနဲ မော့ပြီး ကြည့်လိုက်ချိန်တွင် သူမရင်ထဲက နာကျင်မှုတွေအားလုံး သူမမျက်ဝန်းလေးထဲမှာ ထင်ဟပ်သွားခဲ့ရပြီ။

ပြီးတော့မှ

အင့်ကနဲငိုချလိုက်ကာ သူ့ရှေ့မှ ရဲရဲချစ် ချာခနဲလှည့်ထွက်ခဲ့တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်နှစ်)

"သမီးကြီးရေ အောက်ကပ်မှာ ညှော်သည်"

ဟာ...

မနက်စောစောစီးစီး ဘယ်ကညှော်သည်က လာရတာလဲ။ သူမ အိပ်ယာထဲက မထနိုင်သေး။ ညကရွှေတိဂုံဘုရားပေါ်မှာ သူမကို ပြုံးပြခဲ့တဲ့ လူတစ်ယောက်အကြောင်းတွေကို စဉ်းစားမိနေတော့ ညနက်မှ ရဲရဲမှုန်း အိပ်ပျော်သွားခဲ့တာပါ။

"ဟဲ့... သမီးကြီး... ဒေါက်... ဒေါက်"

ကျွတ်

အမေကတော့ လုပ်ပြီ။

အိပ်နေတယ်ဆိုပြီး ညှော်သည်ကို ပြန်လွှတ်လိုက်တာ မဟုတ်ဘူး။ ဒီမှာ အိပ်ရေးလုံးဝ မဝသေးပေ။





"သမီးငယ် ထတော့လေ၊ အောက်မှာ သမီးရဲ့ညှော်သည် မောင်ကြယ်စင်သာ ရောက်နေတယ်"

ဟင်... မြတ်စွာဘုရား။

မောင်ကြယ်စင်သာ ရောက်နေတာတဲ့။

ဘယ်က မောင်ကြယ်စင်သာလဲ။

အိပ်ရာကနေ ဝုန်းခနဲထလိုက်မိသည်။

စောစောက ဖွင့်မရခဲ့တဲ့ မျက်လုံးတွေက ခုတော့လည်း ဇီးကွက်မျက်လုံးလို ပြူးကျယ်ဝိုင်းစက်လို့။ မောင်ကြယ်စင်သာ ဘယ်က မောင်ကြယ်စင်သာလဲ။ ဒုက္ခပါပဲ။ သူ့ကို ရဲရဲမှုန်း မသိပါ။ အဲ့ဒီနာမည်ကို ကြားလည်းမကြားဖူးခဲ့ပါ။

"ဝုန်း"

"ဒုန်း"

"ဟဲ့... ဟဲ့ ဘာဖြစ်တာလဲ သမီးငယ်"

"မေမေ... မေမေ"

နာမယ်ကိုကြားပြီး နောက်ထပ်အိပ်ရာပေါ်က ဝုန်းခနဲပြေးထွက်လာသူတစ်ယောက် ရှိပါသည်။ တခြားသူဟုတ်ရိုးလား။ ရဲရဲချစ်လေ။ ကြယ်စင်သာဆိုတဲ့ နာမည်ကို ကြားလိုက်ရပြီး သရဲခြောက်ခံလိုက်ရသလို တစ်ကိုယ်လုံး ဆတ်ခနဲတုန်ကာ ထမိမနိုင် ပုဝါမနိုင်နဲ့ ခုတင်ပေါ်က ဝုန်းခနဲထပြီး ဘေးချင်းကပ် အခန်းတံခါးကို ခေါက်နေတဲ့ မေမေ့ဆီကို ပြေးထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ရဲရဲချစ် အမလေးနော်၊ မျက်လုံးကလည်းပြူးလို့၊ ပြောစမ်း ဘာဖြစ်လို့လဲ"

"ဟို… ဟို… အဲဒါ… အဲဒါ ရဲရဲမုန်းဧည့်သည် မဟုတ်ဘူး၊ ဟဲဟဲ… သမီး… ဧည့်သည်၊ ရဲရဲမုန်းကို မရှိုးနဲ့တော့"

"ဟဲ့… ဟိုက ရဲရဲမုန်းနဲ့ တွေ့ချင်လို့ပါဆိုပြီး ရောက်လာတာဟဲ့"

"ဟာ… အဲဒါ မေမေ မသိပါဘူး၊ မရှိုးနဲ့ ရှိုးလာရင်လည်း သူ့ကို မထွက်ခိုင်းနဲ့"

"ဘုရားရေ…"

ဒေါ်မြသွေးချယ် ရင်ဘတ်ကလေးကိုသာ လက်ကလေးနဲ့ ဖိထားမိသည်။

ရှုပ်ပြီ။

ဟိုကတွေ့ချင်တာ သမီးကြီးရဲရဲမုန်း။ ထွက်တွေ့တာ သမီးငယ် ရဲရဲချစ်။ ဘာတွေလဲ။ ဒင်းတို့နှစ်ယောက်ပေါင်းပြီး ဘာအရှုပ်ထုတ်တွေ လုပ်ထားကြပြန်ပြီလဲ။

"ဂျလောက်"

"ဟော"

ရဲရဲမုန်းကည်း အိပ်ချင်မူးတူးပုံစံကလေးဖြင့် ထွက်လာပြီ။

"ဟင်"

ပျာယာခတ်သွားတာ ရဲရဲချစ်။





"ဒါ နင့်ဧည့်သည် မဟုတ်ဘူးနော်၊ ငါ့ဆီကိုလာတဲ့ဧည့်သည်၊ နင် မထွက်နဲ့ မေမေ သူ့ကို တံခါးပိတ်ထား"

"ဘာတွေလဲ ရဲရဲချစ်ရာ"

ရဲရဲမုန်းက ခေါင်းကလေးကုတ်ပြီး နားမလည်နိုင်သလို မျက်နှာကလေးနဲ့ ရဲရဲချစ်ကို လှမ်းကြည့်နေသည်။

"အဟဲ"

"မေမေ"

"ဘာလဲဟဲ့"

"သူ့ကို ကောင်းကောင်းမွန်မွန် ဧည့်ခံထားလိုက်ပါနော်၊ သမီး… သမီး ရေချိုးပြီး မျက်နှာကလေး နည်းနည်းပြင်လိုက်ချင်လို့"

ပျာယာခတ်နေတဲ့ သမီးငယ်ရဲ့ အမူအရာကြောင့် ဒေါ်မြသွေးချယ်စိတ်ထဲ နည်းနည်းတော့ သဘောပေါက်လိုက်သည်။

"ဩော်… မေမေ"

"ဟဲ့ ဘာလဲ"

"သမီးတို့မှာ ညီအစ်မနှစ်ယောက်ရှိတာ သူ မသိစေနဲ့နော် မေမေ၊ ဟဲဟဲ သမီးက တစ်ဦးတည်းသောသမီးဆိုပြီး သူ့ကို ညာလိုက်မိလို့၊ သမီးနာမည်ကိုလည်း ရဲရဲမုန်းလို့ မေ့ပြီးပြောခဲ့မိတာလေ၊ ဟာ… မေမေ ခဏနေပါဦး"

လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်နေတဲ့ မေမေ့ကို မပြီးနိုင်



www.burmeseclassic.com

www.burmeseclassic.com



မစီးနိုင် လှမ်းအော်နေတာ ရဲရဲချစ်။

"သူ့ကို သမီးမကောင်းကြောင်းတွေလည်း ပြောမိနေဦးမယ်နော်"

"အမလေး ငါသိပါတယ်ဟဲ့၊ ဘယ်နှယ် ဒီတစ်ယောက်ကျမှ အထူးအဆန်းတွေ ဖြစ်နေရတာလဲ"

"မတူဘူးဇလေ"

"ဘာ"

"မေမေ"

"လုပ်ပြန်ပြီ"

"မေမေ့ သမက်လောင်းကို လေ့လာထားဦး"

"ဘာရယ်"

"သူ့ကို သမီး လက်ထပ်မှာ"

"အမ်"

"မနေ့က သမီး သူ့ကို စိတ်ဆိုးပြီး ထွက်လာခဲ့လို့ သူ သမီးကို လာချော့တာပဲနေမှာ၊ သမီး အခုပဲလာခဲ့မယ်လို့ ပြောပေးထားပါနော်၊ မေမေ နော်"

"ဟော... အေးအေး"

ဂျိန်းခနဲ တံခါးလေးပိတ်ကာ သူ့အခန်းထဲ သူပြန်ဝင်သွားသော သမီးငယ်လေး ရဲရဲချစ်ရဲ့ ပုံစံလေးကိုကြည့်ပြီး အံ့သြသွားရသည်။ ဒီကောင်မလေးပုံစံ တယ်ပြီးထူးဆန်းနေပါလား။ အရင်





ကောင်လေးတွေနဲ့တုန်းက ပုံစံမျိုးလည်း မဟုတ်တော့။

သမီးသူ့ကို လက်ထပ်မှာတဲ့။

ရည်းစားထားတာပဲ ဝါသနာပါတာ။ အိမ်ထောင်ပြုဖို့စိတ်မကူးသေးဘူးလို့ အခိုင်အမာ ငြင်းဆန်ခဲ့တဲ့ ရဲရဲချစ်က လွတ်လပ်ပေါ့ပါးတဲ့ ဘဝလေးကို လူတစ်ယောက်ရဲ့ဘဝထဲမှာ ချုပ်နှောင်ခံဖို့ ဆုံးဖြတ်လိုက်တာ ထင်ရက်စရာတောင်မရှိ။

ဒေါ်မြသွေးချယ် ရင်တွေ့လိုက်ခါအောင် ပီတိဖြစ်သွားရသည်။

သမီးငယ်လေးကို

အခုလို တည်ငြိမ်မှုမျိုးလေးရဖို့ သူမ တစ်ချိန်လုံးမျှော်လင့်ထားခဲ့တာပဲလေ။

နှုတ်ခမ်းလေးတွင် ကျေနပ်အပြုံးလေးက ခိုတွယ်လို့။

အောက်ထပ်ကို ပြန်ဆင်းလာခဲ့တဲ့ ခြေလှမ်းကလေးတွေထဲမှာ အင်အားတွေ ပြည့်ဝလာသလို ခံစားလိုက်ရသည်။

အခန်းလေးထဲမှာတော့

ရဲရဲချစ်ယောက်တည်း ပျာယာခတ်နေ၏။

ညဝတ်အင်္ကျီလေးကို အပုံလိုက်လေး ချထားခဲ့ပြီး ရေချိုးခန်းထဲ အပြေးဝင်ခဲ့၏။ ထို့နောက် ရေပန်းဖွားလေးတွေအောက်ကို ထိုးဝင်လိုက်သည်။

ရေချိုးရတာ အရမ်းဝါသနာပါသော သူမ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ရေကြာကြာစိမ်မချိုးနိုင်တော့ဘဲ မွှေးပွတံ ဘက်လေးပတ်ကာ ရေချိုးခန်းထဲက ပြန်ထွက်လာခဲ့သည်။

အလှကို

ခပ်မြန်မြန်ပြင်လိုက်ပြီ။

အနက်ရောင် လက်ပြတ်အင်္ကျီ အဟိုက်ကလေးကို ဂျင်း အပြာအဖျော့ကလေးနဲ့ တွဲဝတ်ကာ ကြောပေါ်ဝဲကျနေသော ဆံပင်ဖြောင့်ဖြောင့်စင်းစင်းလေးတွေအပေါ် ဆီမွှေးလေးပွတ်သပ် တင်ပြီး ပြေးဆင်းမိခဲ့တော့သည်။

"ဟော... သမီးလေး လာပြီ"

"ဟုတ်ကဲ့"

မေမေရဲ့ အသိပေးသံကြောင့် သူက ခေါင်းကလေး စောင်း ငဲ့ကာကြည့်ပြီး နှုတ်ခမ်းစွာပြုံးပြ၏။ နီထွေးနေသော သူ့နှုတ်ခမ်း လေးပေါ်က အပြုံးကြောင့် သူမရင်ကလေး ဆတ်ခနဲခုန်သွားရ သည်။ စူးရှတဲ့ မျက်ဝန်းအကြည့်လေးအောက်တွင် အလွှမ်းရဲတင်း သွက်လက်ပါတယ်ဆိုတဲ့ သူမလေးရဲ့ ဟန်လေးက ငြိမ်သက်နေ ခဲ့၏။

"စောင့်နေတာ ကြာသွားလားဟင်"

ကြည့်စမ်း

မျက်လွှာကလေးချပြီး မေးလိုက်တဲ့အသံကလေးက ညင် သာစွာ တုန်အက်အက်ကလေး။ သူ ခေါင်းကလေးယမ်းပြီး





သူမကလေးကိုမြင်တော့ ပျာပျာသလဲပင်။

"မကြာသေးပါဘူး၊ ဟိုလေ ခွင့်မတောင်းဘဲလာလိုက်လို့ စိတ်များဆိုးနေမလားလို့၊ ကိုယ် မနေ့ကကိစ္စအတွက် တောင်းပန်ဖို့ လာခဲ့တာပါ"

မေမေ့အရှေ့မှာမို့

သူ တမင်ဟန်လုပ်ပြီး ရှင်းပြနေခြင်းမဟုတ်ပါ။

မချိန်းထားပါပဲ လာခဲ့မိတဲ့သူ့ကို သူမလေး အပြစ်မြင်မှာ ကြောက်ပြီး သူမကို တွေ့တွေ့ချင်း ပျာပျာသလဲ ဖြေရှင်းချက် ထုတ်တာပဲဖြစ်သည်။

ဒါကို

ရဲရဲချစ် နားလည်တာပေါ့။

"ရပါတယ်၊ ဧည့်သည်ဆိုတော့လည်း ဧည့်ခံရမှာ အိမ်ရှင် ရဲ့တာဝန်ပဲလေ၊ ဘယ်အချိန်ပဲလာလာ ဘယ်အိမ်ရှင်ကမှ နှင် မထုတ်ပါဘူး နော် မေမေ"

"အဟင်း မောင်ကြယ်စင်သာက အန်တီတို့ကို အားနာ နေတာလား၊ မဟုတ်တာပဲကွယ်၊ သားက သမီးလေးရဲ့မိတ်ဆွေ ပဲဟာ လာလည်တာ အပြစ်မရှိပါဘူး၊ ပြီးတော့ အန်တီမှာက သမီး"

"မေမေ"

သူမ ကြားဖြတ်ကာ ခေါ်လိုက်တော့ ပြောလက်စပြတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



မေမေပင် လန့်သွားလေ၏။ သူမ မေမေ့ရဲ့စကားလမ်းကြောင်းကို ကြိုသိနေ၍ တားဆီးလိုက်ခြင်းပင်။

"ဟို... ဟို ကိုက စောင့်နေတာကြာပြီ၊ မေမေက စကားပြောဖော်ရှာနေတာ၊ အဟဲ... နောက်မှ ဆက်ပြောမယ်နော် မေမေ၊ ကဲ... ကို ထထ"

သူမ ဇွတ်အတင်းပဲ စကားဝိုင်းကို သိမ်းပစ်လိုက်သည်။ ကြာရင် အလိမ်တွေက ပေါ်ကုန်တော့မယ်လေ။

"အမေလေးဟဲ့ အခုမှပဲ အံဖြစ်သည်းနေလိုက်တာ မပြောလိုက်ချင်ဘူး"

မေမေက မျက်စောင်းကလေးလှမ်းထိုးတော့-

အလွန်အားနာတတ်တဲ့သူက ရယ်ကျဲကျဲလေးနှင့် နေရာက မထရဲပြန်ပါ။ ဆွဲခေါ်နေသော သူမလက်ကလေးကိုသာ ဖြစ်ညှစ်ကာ သတိပေးနေရ၏။

"မေမေကြီး ဟင်းအိုးက ရေခမ်းနေပြီ ချလိုက်ရတော့မလား"

မီးဖိုခန်းထဲမှာ အလုပ်လုပ်နေတဲ့ အေးအေးက လာမေးလျှင်-

"ဟဲ့... နေဦး... နေဦး ငါလာခဲ့မယ်"

ဒရောသောပါး နေရာကထကာ မေမေက မီးဖိုချောင်သို့ ခပ်သွက်သွက်ပြေးလေမှ သူမ အသက်ကို ရဲရဲရှူရဲတော့သည်။





မဆီမဆိုင် မေမေနှင့်စကားတွေထိုင်ပြောနေတာကို သူမ စိတ်ခုချင်နေမိ၏။ မေမေက သမီးအမြွှာနှစ်ယောက်ရှိတဲ့အကြောင်း သူ့ကို ပြောလိုက်မှာ ရဲရဲချစ် သေလောက်အောင် ထိတ်လန့်နေမိသည်။

"ဟောဗျာ... မျက်စောင်းကြီးက ဘာကြောင့်ထိုးရပြန်တာလဲ"

"ရှင်နော် မချိန်းဘဲနဲ့ အိမ်ကို ဘာလာလုပ်တာလဲ"

"ကိုယ် မနေ့က စိတ်မကောင်းဖြစ်သွားလို့ လိုက်လာတာပါ၊ အဲ့ဒီအကြောင်း ကိုယ့်မာမီကိုပြောတော့ ကိုယ့်မာမီက ကိုယ့်ကို ဆူတယ်လေ"

"ဟာ... ဘာလို့ လူကြီးတွေကို လျှောက်ပြောရတာလဲ"

"ကိုယ် မခံစားနိုင်တော့လို့ မာမီ့ကို ပြောလိုက်မိတာပါ မုန်းရယ်၊ အခုတောင် ကိုယ့်မာမီက သမီးလေးရဲရဲမုန်းကို တွေ့ချင်တယ်ဆိုပြီး ခေါ်ခိုင်းနေလို့"

"အမလေးနော်..."

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပေမဲ့ ကြည်နူးမှုလေးတစ်စတော့ ရလိုက်သည်။ သူ့ကို မျက်စောင်းလေးထိုးကာ နှုတ်ခမ်းကလေးစူသွားသော ချစ်သူမျက်နှာ လှလှလေးကိုကြည့်ပြီး သူ အသည်းယားသွားမိသည်။

ဘယ်အချိန်ကြည့်ကြည့် သူမလေးရဲ့အလှက နပျိုကာလနှ



www.burmeseclassic.com

www.burmeseclassic.com



ဆန်းနေတော့တာပဲ။ မနေ့ကတော့ မျက်ရည်ကလေးဝဲပြီး နှုတ်ခမ်းတင်းတင်းလေးနဲ့ ပြန်သွားခဲ့ရတာ မာမီကလည်း သူ့ကို ဆူလိုက်တာလေ။ မိန်းကလေးတစ်ယောက်ကို မညှာမတာ ပြောရပါ့မလားဆိုပြီး စိတ်မကောင်းတာနဲ့ မနက်စောစောပဲထပြီး ချစ်သူလေးကို ပြန်ချော့ဖို့ သူ ထွက်လာခဲ့တာပါ။

"ဘာကြည့်တာလဲ"

"မုန်းက လှပြီးသားပါဗျာ ပြင်စရာတောင် မလိုဘူး"

"တော်ပါ မနေ့ကတော့ မယုံမကြည်နဲ့ သူများကို ပြောလိုက်တာ ရစရာတောင် မကျန်တော့ဘူး"

"ကိုယ် တောင်းပန်ပါတယ်ကွာ"

"သွား လာမတောင်းပန်နဲ့"

လက်မောင်းကလေးကို လှမ်းထုဟန်ပြင်တော့ သူက ဖျတ်လတ်စွာ လက်နုနုလေးကို လှမ်းဆွဲလိုက်ရာ သူမလေးသည် အရှိန်မထိန်းနိုင်တော့ဘဲ သူ့ရင်ခွင်လေးထဲသို့ ယိုင်နဲ့ကာပြုတ်ကျလာတော့၏။

"အို... ကို"

သူက သူမရဲ့ ကိုယ်လုံးဖူးဖူးလေးကို ခပ်တင်းတင်းလေး ပွေ့ကာ ထိန်းလိုက်၏။ သူထိုင်နေတာ တစ်ယောက်ထိုင်ခုံလေးမို့ သူမလေးက သူ့ပေါင်ပေါ်မှာ ထိုင်မိလျက်သား။

ပါးပြင်လေးကို ရုတ်တရက် ညင်သာစွာ နမ်းရှိုက်တော့-





"ဖယ်ကွာ၊ တော်တော်ကြာ မေမေ မြင်သွားလိမ့်မယ်"

"မြင်တော့ ပိုကောင်းတာပေါ့၊ ဒါမှ နားဖောက်ပြီးသား ဖြစ်သွားမှာ အဟွန်း"

"အောင်မယ် အကြံကလည်း ကြီးလိုက်တာ ရှင့်ကို ဘယ်သူက ယူမယ်ပြောသေးလို့လဲ"

"ဟင်... မုန်းက ကိုယ့်ကို မယူချင်ဘူးလား"

"မယူပါဘူး"

"ဟာကွာ... အဲဒါ မယူချင်ဦး"

"အို..."

သူမကိုယ်လေး သူ့ရင်ခွင်ထဲမှာ ဒုတိယအကြိမ် နစ်မြုပ်ခြင်းခံလိုက်ရပြန်ပြီ။ ရှည်ကြာသော အနမ်းလေးက သူမရဲ့ နှုတ်ခမ်းဖူးဖူးလေးဆီသို့။

သူမ

ဘယ်လိုမှ တားဆီးချိန်မရလိုက်ပါ။

ရင်ကလေးတစ်ခုန်ခုန်နဲ့ပဲ သူ့ရဲ့အချစ်တွေကြားမှာ ယစ်မူးယိုင်နဲ့ကာ သွားရတော့သည်။

"ကို... ဖယ်တော့ကွယ် အသက်ရှူကြပ်တယ်"

"ချစ်တယ် မုန်းရယ်၊ သေသေချာချာ ပြန်တွေးမိတော့လည်း ကိုယ်ရဲ့ ကော်ဖီရောင်လေးကို ချစ်ရတော့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ရှင့်အချစ်တွေကို မယူရဲလောက်အောင် ကြောက်နေပြီ"

မျက်စောင်းကလေးခဲကာပြောတော့ သူ့မျက်နှာချောချောပေါ်မှာ အပြုံးလေးတစ်ပွင့် ပေါ်လာကာ ...

"ဘာဖြစ်လို့လဲ မုန်းရဲ့"

"ကြမ်းလို့"

"ဟာ..."

"နောက်တစ်ခါ လာမတွေ့နဲ့တော့"

"ဟိုက်... လုပ်ပြန်ပြီ"

"ကျွန်မ ကြောက်နေပြီ"

"ဘယ်သူ့ကိုလဲ"

"ရှင့်ကိုပေါ့"

"ကိုယ့်ကို"

"အင်း"

"ဘာကိုကြောက်တာလဲမုန်းရဲ့၊ ကိုယ်က မုန်းကို ကိုက်စားနေလို့လား"

"အမလေး... ကိုက်စားတာကမှ သက်သာဦးမယ်နော်"

"ဒါဆို"

"ဟာ... မလုပ်နဲ့လေ"

"ဟား... ဟား"





"အို... ဘာရယ်တာလဲ၊ ရက်စရာကြီး"

"မုန်း"

"ဟင်"

"သိပ်ချစ်ဖို့ကောင်းတာပဲကွာ"

"အဲဒါမျိုး ဘယ်နှစ်ယောက်လောက် ပြောပြီးပြီလဲ"

"အမလေးဗျာ လူကို မယုံသင်္ကာ မဖြစ်လိုက်ပါနဲ့၊ ဒီတစ်ယောက်တည်းပါဗျာ၊ မြင်မြင်ချင်းကို အရူးအမူးဖြစ်ရတာကျိန်ဆိုကျိန်ဝံ့ပါတယ်"

"အဟင်း... ဟင်း"

"ဘာလဲ ကိုယ့်ကို လှောင်တာလား"

"မဟုတ်ပါဘူး"

"ကောင်မလေးနော် လူကို အသည်းယားလာအောင် မလုပ်နဲ့"

"လုပ်တော့ ဘာဖြစ်လဲ"

"လုပ်တော့ ဒီက ချစ်မိသွားမှာပေါ့"

"ချစ်မိတော့ ဘာဖြစ်လဲ"

"ချစ်မိတော့ ဟောဒီလို... ဟောဒီလို"

"ဟာ... ဟာ ဟော့ တော်ပြီနော်၊ သူများအပြင်ကိုထွက်မှာနော်၊ ဒီမှာ အင်္ကျီတွေ ကြေကုန်တော့မယ်"

"တော်တော်ဆိုးတဲ့ ကောင်မလေး၊ မနေ့ကလည်း ရုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



လာပြီးတော့ တစ်ရုံးလုံးသိအောင် ဖွသွားလိုက်တာ၊ မျက်နှာတောင် ပူတယ်၊ သတင်းက ဖုံးမရအောင် မာမို့ဆီကို တန်းရောက်ရော၊ ဟင်း မုန်းကို သိပ်လှပြီး သိပ်ကိုချစ်ဖို့ကောင်းလို့တဲ့ဗျာ၊ တစ်ရုံးလုံးက ချီးမွမ်းကုန်ကြပြီ”

“တော်ပါ အခုမှ လူကို လာမြှောက်မနေနဲ့ ဟွန်း”

သူမရဲ့ ကလေးဆန်ဆန် အမူအရာကလေးကြောင့် သူ တဟားဟားရယ်ကာ သူမနောက်ကနေ ခြေလှမ်းကြဲကြဲလေးနဲ့ လိုက်သွားမိတော့သည်။ အန်တီ့ကိုတောင် နှုတ်ဆက်ချိန်မရ လိုက်တော့ဘူးလေ။

မုန်းရယ်

ကိုယ် မုန်းကို သိပ်ချစ်ပါတယ်ကွာ။

ဒါပေမဲ့ မုန်းထားခဲ့တဲ့ ရည်းစားတွေအကြောင်းကို ပြန်တွေးမိရင်တော့ သဝန်တိုစိတ်ကလေးနဲ့ ကိုယ် ဒေါပွမိရတာလည်း အမှန်ပဲပေါ့။

သူတို့ အပြင်ကို ထွက်သွားချိန်တွင်–

အပေါ်ထပ် အခန်းကလေးထဲမှာ ကျန်နေခဲ့ရတဲ့ ရဲရဲမုန်းကတော့ဖြင့်–

ရင်တွေဒိန်းခနဲ ဆောင့်ခုန်တက်သွားရသည်။

မြတ်စွာဘုရား။

ထူးဆန်းလိုက်တာ။





ဘုရားပေါ်မှာ သူမလေးကို ပြုံးပြသွားခဲ့တဲ့လူ။

မြင့်မားတဲ့အရပ်။ ကျစ်လစ်တောင့်တင်းသော ကိုယ်ခန္ဓာ၊ ဖြူစိုနေသော အသားနှင့် ရှင်းသန့်နေသော ယောကျ်ားတစ်ယောက်။ မျက်ခုံးထူထူအောက်က အပြုံးညှို့မျက်ဝန်းနှင့် တစ်ဖက်သားရဲ့ အာရုံတွေကို အကောင်းဆုံး ဖမ်းစားသွားခဲ့တာလေ။ ဘုရားကပြန်လာတာ ဘယ်နှစ်ရက်တောင်မှ ရှိနေပြီလဲ။

ခုထိ ...

အဲ့ဒီအပြုံးလေးကို ရဲရဲမုန်း မေ့လို့မရခဲ့ပါ။

ရဲရဲမုန်းရဲ့ ခြေလှမ်းကလေးတွေ ရှေ့ပဲဆက်ရမလို နောက်ပဲဆုတ်ရမလိုနဲ့။ လှေခါးထိပ်ကလေးမှာ ချီတုံချတုံ ဖြစ်နေရတာလေ။

အခု မမျှော်လင့်ဘဲ နှုတ်ခမ်းစိုစိုလေးပေါ်က အဲဒီအပြုံးလေးကို တိတ်တိတ်ကလေးခိုးကြည့်ပြီး မြင်လိုက်ရပြီဆိုတော့ ရင်ထဲမှာ နုံးခွေလို့သွားခဲ့ရသည်။

သူ

သူဟာ ရဲရဲချစ်ရဲ့ ချစ်သူ ကြယ်စင်သာတဲ့။

သွားပြီ။

သူမရဲ့ ကိုယ်ကလေး ယိုင်ခွေလို့သွားရပြီ။ သူမရဲ့စိတ်တွေ တဝုန်းဝုန်းနဲ့ ပြိုလဲယိမ်းယိုင်သွားရသည်။ သူက မတွက်နဲ့လို့ မှာသွားခဲ့ပေမဲ့ ရဲရဲချစ် ချစ်သူကို မြင်ဖူးချင်တာမို့ ချောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်းကနေ ကြယ်စင်သာဆိုတဲ့သူ့ကို ရဲရဲမှုန်း တွေ့လိုက်ရတာပါ။

ပထမတော့ ရဲရဲမှုန်း သူမှန်းမသိသေးပါ။

ရဲရဲချစ်နှင့် ယောကျ်ားတစ်ယောက် ချစ်နေလိုက်ကြတာ မျက်စိတောင်ရှက်သွားရ၏။ ရဲရဲချစ်ကတော့ ထုံးစံအတိုင်း အမူအနွဲ့ပိုကာ နွဲ့လို့။

ဆံပင်ကို ယောကျ်ားပီသစွာ တိုတိုကလေး ညှပ်ထားသော သူ့ကို နောက်ကြောလေးကိုပဲ ရဲရဲမှုန်း တွေ့နေရ၏။

ချစ်တတ်လွန်းတဲ့ ရဲရဲချစ်ရဲ့ရည်းစား ကိုကြယ်စင်သာကြောင့် အတွေ့အထိမရှိခဲ့ဖူးသော သူမပင် သူတို့နှစ်ယောက်ရဲ့ အချစ်ကဲပုံကလေးကိုကြည့်ကာ ရင်တွေပန်းတွေတုန်ပြီး တစ်ကိုယ်လုံး အေးစက်သွားရ၏။

ကဲနေလိုက်ကြတာ။

သည်းနေလိုက်ကြတာ။

ဒီတစ်အိမ်လုံး သူတို့နှစ်ယောက်ပဲရှိတယ်များ ထင်နေသလားမသိပါဘူး။ နှာခေါင်းလေးရှုံ့ကာ စိတ်ထဲက တီးတိုးဝေဖန်လိုက်မိ၏။ သို့သော် ထိုယောကျ်ား၏ မျက်နှာကိုမူ ဘေးတစ်စောင်းအနေနဲ့သာ မြင်နေရပြီး သေသေချာချာလည်း မကွဲပြားပြန်။

မမြင်ရလေ ပိုမြင်ချင်လေပဲ။

သူမ ပိုပြီး စပ်စုချင်လေပဲ။





အရင်ကောင်လေးတွေတုန်းကလည်း သူမ အခုလို မသိမသာ ချောင်းကြည့်တတ်တာပါပဲ။ သို့သော် အခုလို သိပ်ပြီး မခက်ခဲလှ။ လာသမျှလူတိုင်းက ဘေးခုံမှာထိုင်တော့ အိမ်အတွင်းခန်းကလေးထဲက လှမ်းကြည့်လျှင် မျက်နှာကို အသေအချာမြင်ရပြီလေ။

ဒီလူကျမှ

ထူးထူးဆန်းဆန်း နောက်ကျောပေးကာ ထိုင်နေ၏။ ရဲရဲမှုန်းစိတ်တွေက သူ့ဆီ ပိုပြီးစူးစိုက်ကျသွားရတာပေါ့။ ခေါင်းဘီအနက်ရောင်ကို ဆင်စွယ်ရောင်အစင်းပါသော စပို့ရှပ်ကော်လံတိုကလေးနှင့် တွဲဝတ်ထားသော သူ့ပုံစံကလေးက အနောက်ကနေ မြင်ရတာတောင် စိတ်ဝင်စားစရာပါ။

လည်ကုပ်အဖြူလေးကို ကော်လံတိုလေးအောက်မှာ သူမ တွေ့တွေ့နေရသည်။ မျက်နှာက လုံးဝလှည့်မလာသေး။

သူမ စိတ်ရှည်ရှည်ပဲ စောင့်လိုက်၏။

အပေါ်ကဆင်းလာပြီး မီးဖိုခန်းဖက်သွားလျှင် သူတို့မြင်မှာ သေချာ၏။ သူမ မဆင်းချင်။ သူမ သိချင်နေတာ ရည်းစားများတဲ့ ရဲရဲချစ်လို ကောင်မလေးတစ်ယောက်ကို တစ်ခါတည်းငြိမ်သက်သွားအောင် လုပ်ပစ်နိုင်တဲ့သူ့ကို မြင်ဖူးချင်မိတာပါ။ ရဲရဲချစ်ကလည်း သူမကို ထွက်မလာဖို့ အသည်းအသန်မှာထားတော့ ခက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့

ရဲရဲချစ်က ရှေ့ကနေ အပေါက်ဝဆီ ထွက်ပြေးသွားတော့မှ သူက နေရာကထရပ်ကာ မေမေ့ကို နှုတ်ဆက်ဖို့ အပြုံးကလေးနဲ့ ပြန်လှည့်အကြည့် အဲဒီတော့မှ ဗြုန်းခနဲဆို သူ့မျက်နှာကို မြင်လိုက်ရတာ။ မြင်လိုက်လိုက်ခြင်းမှာပဲ ရဲရဲမှုန်းရဲ့ အတွေးစိတ်ကူးလေးတွေ တစ်ခါတည်းရပ်တန့်သွားရ၏။

ရုတ်တရက်

အသက်မဲ့သွားရပြီ။

ဘုရားပေါ်မှာ သူမကို ပြုံးပြသွားတဲ့ ညို့မျက်ဝန်းပိုင်ရှင်လေ။

သူ...

ကြယ်စင်သာတဲ့။

ရဲရဲချစ်တဲ့ ချစ်သူ။

သွားပြီ ပျော်ရွှင်စွာနဲ့ သူတို့ ထွက်သွားကုန်ကြပြီ။

သူမ ...

ရင်ထဲဆို့နင့်စွာ ခံစားလိုက်ရသည်။

ဘုရားကပြန်လာကတည်းက တိတ်တိတ်လေး ပြုံးပြသွားတဲ့ အပြုံးပိုင်ရှင်လေး သူ့ကို သတိရနေမိတာ အချိန်တိုင်းမှာပဲလေ။ ခုတော့ ငိုချင်လိုက်တာ။

နှလုံးသားလေးကလည်း မထင်မှတ်စွာ တဆစ်ဆစ်နဲ့





နာကျင်နေပါလား။

တစ်ခါမှ မစဉ်းစားမိခဲ့တဲ့။

ခံစားမှုတွေက အရှိန်ပြင်းစွာ သူမကို ရိုက်ခတ်နေကြသည်။

ဘယ်လိုလုပ်ရမလဲ။

ဒါ

ရဲရဲချစ်ရဲ့ ချစ်သူတဲ့။

သူမ မြတ်နိုးသောအရာတစ်ခုကို လက်လွှတ်ဆုံးရှုံးခံလိုက်ရသလို နင့်သည်းမှုတွေက ရင်ထဲမှာ အတိုင်းအဆမရှိ ပြည့်သိပ်နေ၏။

စိတ်ကိုရအောင် ဖြေသိမ့်သော်လည်း သူမခန္ဓာကိုယ်လေး တစ်ခုလုံးက ခွေယိုင်ကာချည့်နဲ့နေသည်။

မွတ်သိပ်တဲ့ အနမ်းလေးတွေ ချွေချနေတဲ့သူ။

ရဲရဲမှုန်းရင်တွေ တဆတ်ဆတ်ခုန်နေခဲ့၏။

သူ့ရုပ်သွင်က သူမအတွေးထဲမှာ တဝဲဝဲလည်နေသည်။

"ဟင်... မမကြီး၊ မျက်နှာလည်း မကောင်းပါလား မမကြီး ဘာဖြစ်နေတာလဲ"

အပေါ်ကို တက်လာတဲ့ အေးအေး။

ငူငူငိုင်ငိုင်ကလေးဖြစ်နေတဲ့ ရဲရဲမှုန်းကိုကြည့်ပြီး အေးအေးက မေးလိုက်ခြင်းဖြစ်သည်။

"ဟင့်အင်း၊ ငါ ဘာမှမဖြစ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



အေးအေးအမေးကြောင့် ဝိုချင်ရက်လက်တို့ဖြစ်နေတဲ့ သူမ မျက်ဝန်းလေးထဲ မျက်ရည်ကြည်ကလေးက ဝေ့ခနဲဝဲတက်လာ၏။ အောက်နှုတ်ခမ်းသားလေးကို သွားလေးနဲ့ဖိကိုက်ကာ မနည်းကို ထိန်းချုပ်ထားလိုက်ရသည်။

"မမကြီး"

"ဟင်"

"ဒီမှာလေ မမကြီးရဲ့ အင်္ကျီလေး"

"ဘာဖြစ်လို့လဲ"

အေးအေးလက်ထဲမှာ ကိုင်ထားတာ သူမရဲ့ ကော်ဖီရောင် အင်္ကျီလေးပါ။ သူမက ပြန်မေးလိုက်တော့ အေးအေးက–

"အို... ဘာဖြစ်ရမှာလဲ မမလေးပေါ့၊ ဒီအင်္ကျီက သူ့ရဲ့ အမှတ်တရတဲ့ အဲဒီအင်္ကျီလေးမှာ သူသိပ်ချစ်ရတဲ့ ချစ်သူရဲ့ ကိုယ်ငွေ့ကလေးက ကပ်နေတာတဲ့၊ အဲဒီနေ့က ပြန်လာပြီးနောက် ပိုင်း လုံးဝမလျှော်ရဘူး၊ ဒီအတိုင်းပဲထားရမယ်ဆိုလို့ သူ့အိပ်ရာ ပေါ်မှာ ဒီအတိုင်းသိမ်းထားတာလေ၊ ဒီမနက်လျှော်ရမဲ့အဝတ် တွေထဲမှာ ပါလာလို့ နေရာမှာ ပြန်သွားထားရမှာ"

"ဟဲ့... ဟိုက ထွက်သွားပြီ"

ရဲရဲချစ် အခန်းတံခါးက သော့ခတ်သွားပြီလေ။

သော့ပိုတွေက မေမေ့ဆီမှာပဲရှိတာ။





ရဲရဲချစ်က အဆူအငေါက်ခံရမှာစိုး၍ အေးအေးက လန့် နေခြင်းဖြစ်သည်။

"ဟုတ်လား ဒုက္ခပါပဲ၊ ဘယ့်လိုလုပ်ရမလဲတောင် မသိ တော့ပါဘူး မမကြီးရယ် အဟင့်... ဟင့်"

အရေးထဲ အေးအေးက ငိုတော့မလို လုပ်နေသေးသည်။

"ဟဲ့... ဟဲ့ နေဦး၊ ကာလာ ဒီမှာပဲထားခဲ့၊ ဘာဖြစ်ဖြစ် ဒါ ငါ့အင်္ကျီသိလား၊ ဒီအင်္ကျီလေးကို ငါမသိအောင် သူက ခိုး ထားတာ"

"ဟုတ်တယ်နော် မမကြီး၊ သူက မမကြီးပိုင်တဲ့ ပစ္စည်းတွေ ကို ဘာဖြစ်လို့များ ဒီလောက်တောင် ခိုးချင်နေရတာလဲ မသိဘူး နော်"

"အဟင့် ငါကမှ ကံကောင်းတာ အေးအေးရယ်"

"ဟာ... မမကြီး မငိုနဲ့လေ"

အေးအေး ပျာယာခတ်သွား၏။

"ရော့... ရော့၊ မမကြီး ကိုယ့်ပစ္စည်းပဲ ကိုယ်ယူထား လိုက်၊ ဘာအငွေ့ပဲရှိရှိ ဖုဂျီနဲ့လျှော်လိုက်ရင် ဘာမှမခံနိုင်ဘူး၊ လွင့်ထွက်သွားမှာပဲ၊ ဟဲဟဲ... ဥစ္စာရှင်းမှန်ရင် ပြန်ရတယ်ဆို တာ ဒါမျိုးပေါ့"

အဲ...

ပြောင်စပ်စပ်ကလေးနှင့် အေးအေးက မြှောက်ထိုးပင့်ကော်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ပြောနေပြီ။ သူမ ဘာကြောင့်မှန်းမသိ စဉ်းစားမနေတော့ဘဲ ပြန်ကိုယူထားလိုက်မိတော့တာ။

လက်ထဲမှာ–

ကော်ဖီရောင်လေးပေါ် ငွေမှုန်လက်လက်ကလေးတွေပါတဲ့ အင်္ကျီကလေးက သူမစိတ်တွေကို ညှို့ယူနေသည်။

သူမ

အင်္ကျီကလေးကို ရင်ခွင်ထဲ ပိုက်ထားမိတော့ နွေးထွေးလှိုက်လှဲတဲ့ အရသာလေးကို ခံစားလိုက်ရ၏။ ရဲရဲချစ်ပြောတဲ့ သူ့ရဲ့ ကိုယ်သင်းနံ့ မွှေးမွှေးလေးက ဒီအင်္ကျီလေးထဲမှာ ရှိနေတာလေ။

ဒုက္ခပါပဲ။

သူ့ကို အာရုံထဲမှာ တွေ့လိုက်ရပြန်ပြီ။

အပြုံးမျက်နှာလေးကို မြင်လိုက်ရတိုင်း သူမရင်ထဲမှာ တထိတ်ထိတ်နဲ့ ခုန်လာရစမြဲပင်။ သူမ ဘယ်လိုမှ နေလို့မပျော်တော့ပါ။ သူမရင်ထဲမှာ သူ့ကို ပြင်းပြင်းကလေး တောင့်တလာမိသည်။

ရဲရဲချစ် နေရာလေးမှာ ငါသာဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ ဟင်း… ဟင်း။

အင်္ကျီလေးကို အခန်းထဲပြန်ယူလာပြီး သူမ ဝတ်ကြည့်လိုက်သည်။





သူ့ကိုယ်ငွေ့ကလေးကို ရှူရှိုက်လိုက်ရသလို ခံစားလိုက်ရ၏။ မှန်ထဲမှာ သူမ မျက်နှာလေးက နုသစ်စွာ ပြုံးနေပါလား။ သူမရဲ့ ရင်ခုန်သံလေးတွေကိုလည်း ကြည်နူးစွာ ပြန်လည်ကြားယောင်မိပါရဲ့။

သေချာသွားပြီ။

ရဲရဲမှန်းဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲမှာ ပွင့်လင်းခွင့်မရတဲ့ အချစ်သစ်ပင်လေး စတင်ရှင်သန်လာခဲ့ရပြီ။

ရဲရဲချစ်ရဲ့ 'ကို'လို့ ခေါ်လိုက်တဲ့ အသံလေးက နားထဲကမထွက်။ ငါ သူ့ကို "တကယ်ချစ်သွားတာဆိုတဲ့ ရဲရဲချစ်ရဲ့ စကားသံလေးက နားထဲမှာ ဝေ့ဝဲလို့။'

သည်တော့

ပါးပြင်လေးပေါ် မျက်ရည်ဥလေးတွေက အလိုလိုလိမ့်ဆင်းလာခဲ့သည်။

"ဟင်…"

မှန်ထဲကနေ သူမမျက်နှာလေးကို ကြည့်မိတော့ ထိတ်လန့်တုန်ယင်ကာ နောက်သို့ပင် ဆုတ်လိုက်မိသည်။

"ငါ… ငါ ငိုမိနေတာလား၊ ကြည့်စမ်း ငါ့မျက်လုံးထဲကနေ မျက်ရည်တွေ စီးကျနေတာပါလား၊ ဘုရားရေ… ငါ ဘာတွေဖြစ်နေပြီလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲချစ်ရယ် သူ့ကို ငါ့အာရုံထဲက ဖျောက်လို့မရတော့ဘူး၊ နင်နဲ့ငါက အမြွှာညီအစ်မမို့ စိတ်ချင်းပါ ဆက်နေကြတာလားဟင်၊ ဒါ… ဒါပေမဲ့ သူချစ်တာက နင့်ကိုလေ၊ သူက ငါ့ကို သိတောင် မသိပါဘူးဟာ"

ဆို့နင့်ကြေကွဲရမှုတွေက အတိုင်းမသိတော့။

နွမ်းလျစွာ

အိပ်ရာလေးထက် လဲပြိုကာကျသွားရသည်။

●



## အခန်း (တစ်ဆယ့်သုံး)

"မခွဲချင်ဘူးကွာ"

သေးသိမ်ကျဉ်းမြောင်းသော သူမရဲ့ ခါးကလေးကို ခပ်တင်းတင်းဆွဲဖက်ကာ ရင်ခြင်းအပ်ထားလိုက်မိသည်။ ပြီးနောက် နူးညံ့ညင်သာသော အနမ်းလေးတွေ ချစ်သူရဲ့ မျက်နှာကလေးပေါ် တစ်ပွင့်ခြင်း ချွေချနေမိသည်။

"ကို"

"ဟင်"

သူ့ခါးလေးကို ပြန်လည်သိုင်းဖက်ရင်းက ခပ်တိုးတိုးခေါ်တော့ အနမ်းလေးချွေနေရင်းမှ ခပ်တိုးတိုး ပြန်ထူးလေ၏။

"ကျွန်မကို သိပ်ချစ်သလားဟင်"

"ချစ်တာပေါ့မုန်းရယ်၊ ကိုယ်က ရဲရဲမုန်းဆိုတဲ့ ဒီကောင်မလေးကိုပဲ သိပ်ချစ်ခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကို"

"ပြောလေ မုန်းရဲ့"

"ဒီနေ့ကစပြီး ကျွန်မကို မုန်းလို့မခေါ်ပါနဲ့နော် ချစ်လို့ ပြောင်းခေါ်ပေးပါနော်ကို"

"ဟာ... ဘယ်လိုဖြစ်လို့ ပြောင်းခေါ်ရမှာလဲမုန်းရဲ့၊ ကိုယ်ချစ်ခဲ့တာ ရဲရဲမုန်းဆိုတဲ့ ကော်ဖီရောင်မလေးမုန်းကို ချစ်ခဲ့တာလေ၊ ချစ်ဆိုတာကြီးကို ကိုယ် မကြိုက်ပါဘူး၊ နည်းနည်းလေးနွဲ့ပြီး ကလက်တက်တက်ဖြစ်နေသလားလို့"

"ဟင်"

သူမလေးရင်ထဲ ဆို့နင့်သွားရပြီ။

ချစ်ဆိုတဲ့ နာမည်ဟာ နည်းနည်းလေးနွဲ့ပြီး ကလက်တက်တက်ဖြစ်နေလို့။ သူက မကြိုက်ဘူးတဲ့။ သူမက ချစ်ဆိုတဲ့ နာမည်လေးပါတဲ့ ရဲရဲချစ်ကိုပဲ ချစ်စေချင်တာလေ။ ပြီးတော့ အဲဒီလို ပြောင်းခေါ်လိုက်မှ ရဲရဲမုန်းနဲ့ ရဲရဲချစ် ကွဲပြားသွားပြီး ဘယ်သူမှ သူမလေး ဟန်ဆောင်ခဲ့တာကို မသိကြတော့မှာလေ။

"ဟင့်အင်းကိုရာ ချစ်ကို တကယ်ချစ်ရင် ချစ်လို့ပဲခေါ်ရမယ် မရဘူး၊ မုန်းဆိုတာကြီးက နမိတ်လည်းမကောင်းဘူး၊ တစ်နေ့ကျရင် အဲ့ဒီနာမည်ကြောင့် မုန်းသွားရမှာကိုလည်း ချစ်မလိုလားဘူး၊ ခေါ်နော် ချစ်လို့ပဲခေါ်နော်"

"ဟင့်အင်း ကိုယ်ကတော့ မုန်းလို့ပဲခေါ်မယ်၊ မုန်းဆိုတာ





ကိုယ့်ချစ်သူရဲ့နာမည်၊ ပြီးတော့ နှုတ်လည်းကျိုးနေပြီ၊ ပါးစပ်ထဲမှာလည်း စွဲနေပြီ"

သူမလေး ဘာမှမတတ်နိုင်တော့ပါ။

သူချစ်တာ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးကိုမှ မဟုတ်ခဲ့တာပဲ။ သူချစ်ခဲ့တာ ရဲရဲမုန်း။ သူ့စိတ်ဝိညာဉ်လေးထဲမှာ ခိုဝင်တွယ်ငြိနေတာ ကော်ဖီရောင်မလေး ရဲရဲမုန်း။ အမှန်အတိုင်း ဖွင့်ပြောလိုက်ချင်ပေမဲ့ သူ မပြောရဲပါ။

ကြောက်နေမိသည်။

ကို့အချစ်တွေ ပြောင်းလွဲသွားမှာ သူမ အတုန်လှုပ်ကြီး တုန်လှုပ်နေမိသည်။ လုံးဝကို ရင်မဆိုင်ရဲတာ။ ကိုရယ် ကျွန်မတော့ ရှုံးတော့မှာပဲ။ ကို့ကို ကျွန်မ အရမ်းချစ်နေမိပြီ။ ကို့ရဲ့ အေးချမ်းလုံခြုံစွာ အုပ်မိုးပေးလာမဲ့ အကြင်နာရိပ်ကလေးမှာ အချစ်တွေနဲ့ ပူလောင်နေတဲ့ကျွန်မ ပျော်ရွှင်စွာ ခိုနားပါရစေလားကိုရယ်။

"မုန်း"

"ဟင် ကို"

"ဘာလို့ မှိုင်သွားရတာလဲကွာ"

"ကို"

"ဟင်"

"ကျွန်မလေ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကို့ကို သိပ်ချစ်တယ်၊ ကို လာမချော့ခင်ကတည်းက ကျွန်မ စိတ်ပြေနေပါပြီကိုရယ်"

"ဟာကွာ... ဒါများ မျက်နှာကြီးက မှိုင်ကျသွားလိုက်တာ၊ ဘာများဖြစ်သလဲလို့ စိတ်ပူသွားတာပဲ၊ သိပ်အလန့်တကြားလုပ်တဲ့ ကောင်မလေး"

"အို... ကို"

သူမကိုယ်လေးကို ဆတ်ခနဲဆွဲဖက်ကာ အချစ်ကြမ်းကြမ်းလေးနဲ့ ကိုက ဒဏ်ပေးလေသည်။ ကို့ရင်ခွင်လေးထဲမှာ သူမ ရုန်းဖယ်ခြင်းမရှိ။ ငြိမ်သက်နေမိသည်။ ကို့ဆီကရတဲ့ အဲ့ဒီအကြင်နာလေးကိုပဲ သူမ မက်မောနေမိတာလေ။

ကိုရယ်

ရဲရဲချစ်ဆိုတဲ့ ကောင်မလေးကိုပဲ ချစ်ပါနော်။

ကော်ဖီရောင်မလေးကို စိတ်ထဲစွဲမနေပါနဲ့ကွယ်၊ ချစ်နည်းနည်းလေးမှ မခံစားနိုင်လို့ပါ ကိုရယ်၊ ကျွန်မဆိုတဲ့ချစ်ကို ကိုနားလည်ပေးနော်။

တဖြည်းဖြည်း

ကို့အချစ်တွေက ပြင်းထန်လာသည်။

မွန်းကြပ်မှုတွေကြောင့် သူမခန္ဓာကိုယ်လေး ပျော့ခွေလုဆဲဆဲ။

"ဟာ... ဆောရီး ဆောရီး မုန်းရယ်"





သူသည် အချစ်တွေကြားမှာ ယစ်မူးနေရာမှ အသိဝင်လာသူတစ်ယောက်လို ထိန်းချုပ်ကာ သူမကိုယ်လေးကနေ ခွာသွား၏။

သူမ

အဲဒါကြောင့် ကို့ကို လေးစားတာ။

ကိုက

ချစ်တတ်တာကလွဲပြီး စောင့်ထိန်းသင့်သော စည်းကမ်းကိုတော့ ဘယ်တော့မှ ဖောက်ဖျက်ကျူးလွန်ဖို့ မစဉ်းစားချေ။ ရဲရဲချစ်နှင့် နှစ်ယောက်တူည်း ဘယ်လိုပဲတွေ့တွေ့ ကိုက ထိန်းချုပ်၏။

"မုန်း"

"ဟင်"

"ကိုယ်တို့ လက်ထပ်ကြမယ်နော်"

"အို"

သူမ မျက်လုံးလေးတွေ ပြူးကျယ်သွားရသည်။

ကိုယ့်နားပင် ကိုယ်မယုံတော့။

"ဟိတ် မျက်လုံးပြူးကြီးနဲ့ ဘာကြောင့်ကြည့်နေတာလဲ"

"ကို... ကို စောစောက ဘာပြောတာလဲ"

"မုန်းရယ်၊ မုန်းနဲ့ကို မခွဲနိုင်တော့ဘူးလေ၊ အဲဒါကြောင့် ကိုယ်တို့ လက်ထပ်ကြရအောင်လို့ ပြောတာလေ၊ ဘာလဲမုန်းက ခေါင်းခါချင်သေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



အို

ဟင့်အင်း

ကျွန်မ ခေါင်းခါမှာ မဟုတ်ဘူး ကိုရဲ့။

ပုတ်သင်ညိုကလေးလို ခေါင်းကလေးငြိမ့်ပြလိုက်မှာရှင့်၊ ဒီအခွင့်အရေးရဖို့ ဘယ်လောက်ထိ အရှုံးအမူး မျှော်လင့်ခဲ့ရသလဲ ဆိုတာ ရှင်မှမသိတာ။

"မုန်း"

"ဟင်"

"ဟာကွာ အခုတလော မုန်းက စိတ်နဲ့ကိုယ် မကပ်ဘူးကွာ၊ ဘာလဲ ကိုယ့်ကို စိတ်ကုန်ချင်နေပြီလားဟင်"

မျက်နှာငယ်ငယ်လေးနဲ့ စိတ်ပူစွာမေးတဲ့ ကို့ပုံစံကလေး ကို ခပ်ပြုံးပြုံးလေး ငေးစိုက်ကြည့်ပြီး သူ့လည်ပင်းကလေးကို သူမ သိုင်းဖက်ကာ တစ်ချက်မျှ ခပ်ဖွဖွလေးနမ်းလိုက်သည်။ ဒီစကားမျိုးကို မိန်းကလေးဖြစ်တဲ့ ကျွန်မကပဲ စိတ်ပူစွာမေးရ မှာနော်။

"အခုမှ အဲ့ဒီစကားပြောရလား ကိုရဲ့၊ ဒီကဖြင့် ကြားချင် နေတာ ဘယ်လောက်ထိ ရှိနေပြီလဲ သိရဲ့လား၊ တော်တော်ဆိုးတဲ့ ကို၊ အခုမှပြောတဲ့အတွက် အပြစ်ဒဏ်ပေးရမယ် ကဲ"

"ဟာ... ဟာကွာ မုန်း"

လှိုက်ခါနေတဲ့ အသံလေးက ခဏလေးမှာပဲ ပြန်လည်





ငြိမ်သက်သွားရသည်။ ခပ်တင်းတင်းလေး ပွေ့ထားသော သူ့လက် ကလေးထဲမှာ သူမကိုယ်လေး ဘယ်လိုမှ မလွတ်နိုင်တော့ပါ။ ထို့နည်းတူ ကို့လိုပဲ လွတ်ထွက်မသွားဖို့ သူမကလည်း ခွင့်မပြု နိုင်တော့ပါ။

ချစ်သူရယ်

ရှင့်ကို သိပ်ချစ်တယ်။

ကန်ရေပြင်ကို ဖြတ်ကာ တိုက်ခတ်လာသော လေနုအေး လေးက ချစ်သူနှစ်ဦးကြားသို့ တိုးဝင်နိုင်အောင် ကြိုးစားရင်း နောက်ဆုံး အရှုံးပေးကာ လက်မှိုင်ကလေးချပြီး ရှောင်ပြေးသွား လေတော့၏။

ရင်ခုန်သံလေးတွေသာ

အလုအယက်ကလေး တိုးဝှေ့လို့။

"ချစ်တယ် မုန်းရယ်"

"ကျွန်မလည်း ရှင့်ကို ချစ်တာပါပဲကိုရယ်"

"ကိုယ့်မာမီကို ဖုန်းဆက်ပြီး မာမှီချွေးမလောင်းလေးကို ရှော့လိုက်ပြီဆိုတာ အသိပေးလိုက်တော့မယ်လေ၊ တော်ကြာ ကိုယ့်ကို ထပ်ဆူနေဦးမှာဗျ သိရဲ့လား၊ ပြီးတော့ မာမီက ကိုယ့်ကို အသက်လောက်ချစ်တယ်၊ ကိုယ်ချစ်ရင်ပြီးရောတဲ့ မာမီ သဘော တူတယ်တဲ့"

"ကို တကယ်ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဝမ်းအသာကြီး သာသွားမိသည်။

"မုန်း"

"ဟင်"

"တစ်ဦးတည်းသောသားနဲ့ တစ်ဦးတည်းသောသမီးလေးရဲ့ မင်္ဂလာပွဲက သိပ်ပြီးခမ်းနားမှာပဲနော်"

အို

တစ်ဦးတည်းသော သမီးတဲ့။

သူမမှာ။

ရဲရဲမုန်းဆိုတဲ့ ရှင်းသိပ်ချစ်တဲ့ ကော်ဖီရောင်မလေးရှိသေးတယ်ရှင့်။ ဒါကို ထုတ်ဖော်ပြောဖို့ သူမ ဝန်လေးနေမိတယ်လေ။ နှုတ်ခမ်းလေးတွေက ဆွံ့အနေ၏။

"မုန်း"

"ဟင်"

သူကလည်း တမုန်းတည်း မုန်းနေတော့တာပါပဲ။

"ကိုယ်တို့ မင်္ဂလာပွဲကို ဒီလထဲမှာ ကျင်းပနိုင်အောင် ကြိုးစားကြမယ်နော်"

"ဟင်... မြန်လိုက်တာ"

"ဘာလဲ မုန်းက စိတ်မဝင်စားလို့လား"

သူ့မျက်နှာကလေးပျက်ကာ မျက်မှောင်ကလေးကုတ်သွားတော့





"အဟင်း... ဟင်း ကြည့် စိတ်လည်းမကောက်တတ်ဘဲနဲ့များ ဟန်ဆောင်ပြီး ကောက်ပြဦးမယ်၊ စိတ်မဝင်စားလို့မဟုတ်ပါဘူး၊ စီစဉ်ရတာ အချိန်နည်းနေမှာစိုးလို့ပါ"

"အဟွန့် ဒီလိုလုပ်စမ်းပါ မုန်းရာ၊ ကိုယ်က လက်ထပ်ပြီးတာနဲ့ မုန်းရဲ့မျက်နှာလေးကို အရိပ်လိုကြည့်နေချင်တာဗျ၊ သိပ်ပြီး ဟန်မဆောင်ပါနဲ့ကွာ၊ ကြာရင် စိတ်ပူရတာနဲ့တင် ကိုယ်သေလိမ့်မယ်၊ ကိုယ့်အသည်းက နုတယ်နော်"

"အမလေး သူကပဲ ပြောရတယ်ရှိသေး"

"အဟက်"

မျက်စောင်းကလေးထိုးကာ ရန်ကလေးတွေ့တော့ သူက သဘောကျစွာ ရယ်လေသည်။ သူမကိုယ်လေးကို ပွေ့ဖက်ထားနေရင်းမှ ဆံနွယ်ကလေးတွေကို သူ့မေးဖျားကလေးနှင့်ပွတ်သပ်ကာ ဆော့ကစားနေတော့၏။

သူမ

ချောမွေ့သော သူ့မျက်နှာကလေးကို မော့ကြည့်ပြီး သက်ပြင်းကလေး ခိုးချမိသည်။

အိမ်ကလေးကို ပြန်ရောက်ပြီး

ရဲရဲမုန်းနဲ့ နှစ်ယောက်တည်း ဆုံမိတော့

"သူ ငါ့ကို ဒီနေ့ပဲ လက်ထပ်ခွင့်တောင်းလိုက်ပြီ ရဲရဲမုန်းရဲ့" အို။



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူသံတွေ မှားယွင်းသွားရပြီ။

တစ်ခန်းလုံး အမှောင်ချကာ စာကြည့်မီးလုံးကလေးသာ ဖွင့်ထားတာမို့ ရုတ်တရက် ရဲရဲမှုန်းရဲ့ မျက်နှာကလေး ငိုင်ကျသွားတာကို ရဲရဲချစ် မမြင်လိုက်ပါ။

"နင်ကလည်းဟာ အစောကြီးရှိသေးတာ အိပ်ချင်နေပြီလား"

"မအိပ်ချင်သေးပါဘူး"

"စောစောက ငါပြောလိုက်တာကို နင်ကြားရဲ့လားဟင်၊ ရဲရဲမှုန်း နင့်ကိုကြည့်ရတာ ကျောက်ဆစ်ရုပ်ကြီး ငုတ်တုတ်ထိုင်နေသလိုပဲဟာ အသက်မပါလိုက်တာ"

"အဟင်း"

ရင်နာစွာနဲ့ပဲ ရဲရဲမှုန်း ရယ်လိုက်မိသည်။

"သူ... သူက ငါ့ကို လက်ထပ်ခွင့်တောင်းတော့လေ ငါ ငါ ထခုန်မိမတတ်ကို ဝမ်းသာသွားတာဟ သိရဲ့လား၊ အိပ်မက်မက်နေသလိုပဲဟာ ပျော်လိုက်ရတာလည်း အရမ်းပဲ ဟင်းဟင်း"

ပျော်ရွှင်နေတဲ့ ရဲရဲချစ်ရဲ့ မျက်နှာလေးကို သူမလေး ငေးစိုက်ကာကြည့်နေမိ၏။ ဒီစကားတွေကိုကြားပြီး ဒီည ငါအိပ်မပျော်ဖြစ်ရမှာကိုတော့ နင် နည်းနည်းလေးမှ မစဉ်းစားတော့ဘူးလားဟင် ရဲရဲချစ်။ ငါ့ရင်ထဲမှာ ဘယ်လောက်ထိ ခံစားရတော့မယ်ဆိုတာ နင် ဘယ်လိုမှ မရိပ်မိတော့ဘူးလား ရဲရဲချစ်ရယ်။





ငါလေ

သူ့ကို ချစ်နေမိပြီ။

ငါ တိတ်တိတ်လေးရခဲ့ဖူးတဲ့ အပြုံးလေးတစ်ခုကို ခုထိ ငါ စွဲလမ်းနေရတုန်းပဲ။ အဲဒါကြောင့် ငါ့နှလုံးသားတွေ တစစီကွဲအက်နေရတာ၊ ငါလေ ဘယ်သူ့ကိုမှလည်း မပြောရဲဘူး။ ဘာကိုမှလည်း ရင်မဆိုင်ချင်ဘူး။ အခုအချိန်မှာ ငါအဖြစ်ချင်ဆုံးက ငါ့ခန္ဓာကိုယ်လေး အငွေ့အဖြစ်နဲ့ ဟိုးမိုးကောင်းကင်ကြီးပေါ်ကို လွင့်ပါပြီး တက်သွားရင် ဘယ်လောက်ကောင်းလိုက်မလဲ။

"သူက ငါ့ကို သိပ်ချစ်တာပဲဟာ"

ရဲရဲချစ် အသံလေးက သူမနားလေးထဲသို့ မဝင်တစ်ချက်ဝင်တစ်ချက်။

"သူ့မာမီက သူ့ကို သိပ်ချစ်တာတဲ့လေ၊ အရာအားလုံး သူ့သဘော သူ့ဆန္ဒပဲတဲ့"

"နင်က ဘယ်လိုပြောလိုက်ပြီလဲ"

"ဟာ... ချက်ချင်း ခေါင်းညိမ့်ပစ်လိုက်တာပေါ့"

"ဟင်"

ရဲရဲချစ်ရယ်။

အခုတော့ ငါ နားလည်ပါပြီ။

ငါ သူ့ကို မထင်မှတ်ဘဲ ချစ်သွားမိခဲ့ပေမဲ့ ငါ့ရဲ့အချစ်တွေကို ဘယ်သူမှမသိအောင် တိတ်တိတ်လေး မြှုပ်နှံခဲ့ပြီဟ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့မှာပေါ့ဟာ။

"ရဲရဲမှန်း"

ရဲရဲချစ် ခေါ်နေတာကို သူမ မကြားပါ။

"ဟာ… ရဲရဲမှန်းရယ်၊ နင် ဘာတွေစဉ်းစားနေတာလဲ၊ နင့်ကို ငါ ခေါ်နေတယ်လေ"

"ဟင်"

"သေပါတော့ဟာ၊ ငါပြောနေတဲ့ ရင်ထဲက စကားတွေ တောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး၊ ဒီမှာပြောရတာ အမြုပ်တောင်ထွက်ချင်နေပြီ၊ သူက ငူငူငိုင်ငိုင်ကြီးနဲ့၊ အိပ်ငိုက် နေတယ်တော့၊ သွားပါပြီ၊ သွားပါပြီ၊ စာက်နေတဲ့ဖီလင်လေး တော့ ရေစုန်မျောရပါပြီ"

"ငါ မငိုက်ပါဘူးဟာ"

"ဟင် မငိုက်ဘူးသာဆိုတယ် နင့်မျက်လုံးလေးတွေက မှေးစင်းနေပြီ၊ ဟွန်း ဒီအပျိုကြီးဖြစ်မဲ့မိန်းမကတော့ စံပါပဲ၊ သွားပါပြီ၊ မခံစားတတ်တဲ့ နှလုံးသားပိုင်ရှင်ကြီးကိုမှ ဒီက အချစ်အကြောင်းတွေ ပြောနေလိုက်မိတာကိုး၊ မှားပါတယ် ကျေးဇူးရှင်ရယ် မှားပါတယ် ဟွန်း… ဟွန်း"

ရဲရဲချစ်ကတော့–

ပစ်ပစ်နှစ်နှစ်ကို ဝေဖန်နေတော့တာပါပဲ။

မခံစားတတ်တဲ့ နှလုံးသားပိုင်ရှင်ကြီးတဲ့လေ။





နင် မသိသေးပါဘူးဟာ။

ငါ့ရင်ထဲ နင် ဝင်ကြည့်ဖို့ နင်ကိုယ်တိုင် စဉ်းစားမိဖူး ရဲ့လား ရဲရဲချစ်။ ငါ အရင်ကလို ယောက်ျားတွေကို အထင်သေးပြီး လှည့်မကြည့်တတ်တဲ့ ရဲရဲမှန်း မဟုတ်တော့ပါဘူးဟာ။

ဘယ်လိုမှ မရနိုင်တော့တဲ့ အချစ်ကလေးတစ်ခုကို တိတ် တိတ်လေး မျှော်လင့်စောင့်စားနေခဲ့ရတဲ့ ရဲရဲမှန်း ဖြစ်နေပါပြီ။

"ရဲရဲချစ်"

"ဟင်… ရဲရဲမှန်း၊ နင် ဘာမေးချင်လို့လဲ မေးလေ"

"အချစ်ဆိုတာ ဘာလဲဟင်"

"ဘုရားရေ… နင်… နင်"

ရဲရဲချစ် မျက်လုံးကလေးတွေ ပြူးသွားရပြီ။

ဘုရား… ဘုရား

အဲဒါ ရဲရဲမှန်းမှ ဟုတ်ပါလေစ။ ပြီးတော့လည်း ရဲရဲမှန်းရဲ့ မျက်ဝန်းတွေက အရင်လိုမဟုတ်တော့ဘဲ ရီဝေနေလိုက်တာ။

သူက

အရမ်းကို တုန်လှုပ်ချောက်ချားသွားရသည်။

"ငါ… ငါ အချစ်အကြောင်းကို သိချင်တယ်၊ ပြီး… ပြီးတော့ အချစ်ဆိုတာ နှလုံးသားတစ်ခုရဲ့ ဟိုးအနက်ရှိုင်းဆုံး နေရာလေးတစ်ခုက လာတာလား၊ သူ့ကို ဘယ်တော့မှ မလာနိုင် အောင် ထိန်းချုပ်နိုင်တဲ့ စွမ်းအားတွေ လူတွေမှာ မရှိကြတော့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားအရိပ်ကလေးအောက်မှာ ရင်တခုန်ခုန်နဲ့ အမြဲနေသွားချင်လို့ပါ ရဲရဲမှုန်းရယ်။

"ရဲရဲမှုန်း"

"ဟင်"

"အချစ်ကို နင် ခံစားမနေပါနဲ့တော့ဟာ၊ ကိုယ့်ဘဝအတွက် အသင့်တော်ဆုံးနဲ့ ဂုဏ်သိက္ခာအရှိဆုံးဆိုရင်တော့ နင် အပျိုကြီးဘဝနဲ့ တစ်သက်လုံး အရိုးထုတ်လိုက်တာ အကောင်းဆုံးပဲ"

"အဟက်... ဟက်"

ခြောက်ကပ်စွာ ရဲရဲမှုန်း ရယ်မိပါသည်။

"နင် ဘာရယ်တာလဲ"

"နင်ပြောတာ သဘောကျလို့ပါ"

"ငါက နင့်အတွက် အကောင်းဆုံးကို ရွေးချယ်ပေးတာလေ"

ဟွန်း

ရဲရဲချစ်ပဲဟာ။

အလှပဆုံးစကားလေးတွေနဲ့ ရဲရဲမှုန်းကို စည်းသုံးတန်တားပစ်လိုက်တာ။ ရဲရဲမှုန်းကတော့ ဘာမှမသိချေ။ ဘာကိုမှလည်း ဆက်မပြောတော့ဘူးလေ။

"ကဲ ငါသွားတော့မယ်နော်၊ အဟင်း ကိုနဲ့လက်ထပ်ရမဲ့ ရက်ကလေးကို ကြိုတွေးပြီး အခုကတည်း ရင်ကလေးတထိတ်





ထိတ်ခုန်နေရတဲ့အထိ ခံစားလိုက်ဦးမယ်"

ရဲရဲချစ် တမင်အကဲပိုကာ ပြောခဲ့မိခြင်းကို ရဲရဲမှ...
ရှိဝေနေတဲ့ မျက်ဝန်းကလေးနဲ့ ငေးစိုက်ကြည့်လို့။ ရဲရဲ... ...တာလဲ၊
ကော်ဖီရောင် ညအိပ်ဂါဝန်ရှည်လေးနဲ့ လှချင်... ...င်းပြီး နင့်ကို
ရဲရဲမှုန်းကို မနာလိုဖွ... ဘစ်ချက်စိုက်ကြည့်... ...ရတာ ရဲရဲမှုန်းရယ်၊
ချာခနဲ လှည့်ထွက်ခဲ့တော့သည်။ ... ဟား"

...သး ဖိကိုက်ထားလိုက်မိ

"ဩော် ရဲရဲချစ်"

...ယ်လေ။ ညနေပိုင်းလေး

တံခါးဝရောက်မှ ခေါ်သံလေး... ...းမှာပဲ သူ့ကို သိပ်ချစ်

ကြည့်လိုက်တော့ ရဲရဲမှုန်းလက်ထဲမှာ ကော်... ...ယ်တိုင် အိမ်ကိုဖုန်း

"ရော့"

"ဟင်... အဲဒါ ဘာလုပ်တာလဲ"

"ဒီကော်ဖီရောင်အင်္ကျီလေးကို နင်ပဲ အပိုင်ယူလိုက်တော့"

"ဘာ... ဘာပြောတယ် ရဲရဲမှုန်း"

ရဲရဲချစ် အံ့သြစွာ မျက်ဝန်းကလေးတွေ ပြူးဝိုင်းသွားခဲ့ရပါပြီ။

"ငါပိုင်တဲ့ပစ္စည်းလေးတွေကို နင် ဘယ်တော့မှ မနိုးပါနဲ့ ရဲရဲချစ်ရယ်၊ ငါ နင့်ကို အပိုင်ပေးပါတယ်နော်၊ ဒီ... ဒီကော်ဖီရောင်အင်္ကျီလေးက နင့်ဘဝမှာ အသည်းအသန်လိုအပ်နေလို့ နင် အမြဲနိုးဝတ်ဖို့ ကြိုးစားနေတာ အခုတော့ ငါ နားလည်နိုင်ခဲ့ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာပြောလိုက်တာလဲ"

"ငါပြောတာ ရှင်းရှင်းလေးပါ ရဲရဲချစ်၊ နင် သဘောပေါက် ...ငါ့ကို ဘာဖြစ်လို့ မသိချင်ဟန်ဆောင်ပြီး ပြန်မေးနေရ

"ဟင်" သူက ဒီအကျႌလေးဝတ်ထားတဲ့ နင့်ကို အမြဲတွေ့

"အချစ်ကိုနိုင်ာ အမြဲခိုးဝတ်နေရတာ မဟုတ်လား၊ အဲဒါကို အသင့်တော်ဆုံးနဲ့ ဂုဏ်လိုက်လေ...ရဲချစ်၊ နင့်ချစ်သူက ကော်ဖီ ဘဝနဲ့ တစ်သက်လုံး ...းတဲ့ နင့်ကို ချစ်ခဲ့တာအမှန်ဆိုရင်

"အဟက်... ပလုံးတွေနဲ့ ပြန်မကြည့်ဘဲ ရိုးသားစွာ နင် ခြောက်ကပ်စွာ စမ်းပါ ရဲရဲချစ်ရာ"

"နင် ဘာဟား"

"နင်မထိန်းနိုင်စွာ ရယ်ချလိုက်တဲ့ ရဲရဲချစ်။ အရူးမလေး ...သာက်လို ဆောက်တည်ရာမဲ့သွားခဲ့ရတဲ့ ရဲရဲချစ်။ အဲ့ဒီ စကားတွေကို သူမ မခံစားနိုင်ပါ။ ပြီးတော့လည်း ခေါင်းငြိမ့် ဝန်ခံလိုက်ရမယ်တဲ့။ မဖြစ်နိုင်လိုက်တာ။ လုံးဝပဲ။ အဲဒါကို ငါ ဘယ်တော့မှ ဝန်မခံဘူး ရဲရဲမှုန်း။ နင်သိထားဖို့က နင့်ရဲ့ကော်ဖီ ရောင်အကျႌလေးကြောင့် သူဟာ ငါ့ကို ချစ်ခဲ့တာမဟုတ်ဘူးဆို တဲ့အချက်ကို ငါ သက်သေပြနိုင်ဖို့ နင့်အကျႌတွေကို ဘယ်တော့မှ ယူမဝတ်တော့ဘူးလို့ ငါ ဆုံးဖြတ်လိုက်ပြီ။

"နင်... နင်ဘာရယ်တာလဲ ရဲရဲချစ်၊ ရိုးသားစွာဝန်မခံ တတ်တဲ့ နင့်ရဲ့ သိမ်ပြာကို နင်မရှက်ပေမဲ့ ငါရှက်တယ်"





"သွားပြီ ရဲရဲမှုန်းရေ၊ နင်လည်း နင့်ကိုယ်နင် အရမ်းအထင် ကြီးသွားပြီ၊ ဟား... ဟား။ ကော်ဖီရောင်အကျႌလေးကြောင့် ကိုက ငါ့ကို စွဲလမ်းခဲ့တာတဲ့၊ အဲဒါ နင့်ကို ဘယ်သူပြောတာလဲ၊ မိုးပေါ်က သိကြားမင်းကြီး နားကင်းကြီးနဲ့ဆင်းပြီး နင့်ကို ပြောသွားတာလား၊ ဟား... ဟား၊ ရယ်လိုက်ရတာ ရဲရဲမှုန်းရယ်၊ အူတွေတောင် အရမ်းနာသွားပြီ၊ ဟား... ဟား"

နှုတ်ခမ်းလေးကို ခပ်တင်းတင်းလေး ဖိကိုက်ထားလိုက်မိ တာ ကြေကွဲစွာ ခံစားနေရတဲ့ ရဲရဲမှုန်းရယ်လေ။ ညနေပိုင်းလေး ရဲရဲချစ် ပြန်ရောက်မလာခင် အချိန်ကလေးမှာပဲ သူ့ကို သိပ်ချစ် ပါတယ်ဆိုတဲ့ ကြယ်စင်သာဆိုတဲ့ လူကိုယ်တိုင် အိမ်ကိုဖုန်း ဆက်သွားခဲ့တာလေ။

"ဟဲလို... ရဲရဲမှုန်းနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ကျွန်မ ရဲရဲမှုန်းပါ"

အမှတ်တမဲ့ ဖြေလိုက်မိပြီးကာမှ မှားသွားပြီဆိုတာ သူမ သိလိုက်ရသည်။

"မှုန်း"

"ဟာ... ဟင်... ဟင့်အင်း"

ထိတ်လန့်စွာ ပြန်ငြင်းဖို့ကြိုးစားလိုက်မိပေမဲ့ သူမက နောက်ကျသွားခဲ့ရပါပြီ။

"မှုန်း ဘာဖြစ်နေတာလဲ၊ အခုပြောနေတာ ကိုယ်လေ



www.burmeseclassic.com

www.burmeseclassic.com



မုန်းရဲ့ ကြယ်စင်သာလေ”

“ကျွန်မ… ကျွန်မ”

လက်ထဲကဖုန်းလေး လွတ်ကျမတတ် တုန်လှုပ်နေတဲ့ သူမအဖြစ်ကို သူ ဘယ်လိုမှ မသိနိုင်ခဲ့တာ အမှန်ပါပဲ။

“မုန်းရာ ကိုယ်မုန်းကို ပြောစရာလေးတစ်ခု မေ့ကျန်ခဲ့လို့ ဖုန်းပြန်ဆက်လိုက်တာပါ၊ မနက်ဖြန်မနက် မာမီနဲ့တွေ့ဖို့ မုန်း ထွက်လာရင် ဟို… ဟိုလေ ကိုနဲ့ စတိုးဆိုင်မှာစတွေ့တဲ့နေ့က မုန်းဝတ်ထားတဲ့ ကော်ဖီရောင်အင်္ကျီဝမ်းဆက်လေး ပြန်ဝတ်ခဲ့ ပေးနော် မုန်း”

“ရှင်…”

“ဟာ… မုန်း ဘာဖြစ်နေတာလဲ၊ မုန်းနဲ့ ကိုနဲ့ မုန်းတို့ လမ်းထိပ်က စတိုးဆိုင်လေးမှာ စတွေ့တဲ့ညက မုန်းဝတ်ထားတဲ့ ကော်ဖီရောင်ဝမ်းဆက်ကလေးကို ပြောနေတာလေ၊ အဲ့ဒီညက ဒေါက်ဖိနပ်အဖြူရောင်လေးတစ်ရံကိုတောင် မုန်း ဝယ်သွားသေး တယ်လေ၊ မမှတ်မိတော့ဘူးလားမုန်းရာ၊ မုန်းတို့ စက်ဘီးကလေး စီးပြီး ပြန်သွားတဲ့ညက မုန်းဝတ်ခဲ့တဲ့ ကော်ဖီရောင်အင်္ကျီလေး ကွာ ကိုယ်တောင် မှတ်မိသေးတယ်”

ဘုရား… ဘုရား။

သူမလေး ဘယ်လိုမှ ဆက်ပြီးနားမထောင်နိုင်တော့ပါ။ သူမဆီကိုတောင် အဲဒီတုန်းက ဖုန်းဆက်ခဲ့သေးတာလေ။ ဖုန်း





သရဲထင်ပြီး သူမလေး ဟောက်ထုတ်လိုက်မိတာလေ အခုတော့… အခုတော့။

“အဟင့်… ဟင့်”

“ဟာ… မုန်း ငိုသံကြားတယ်၊ ဘယ်သူငိုနေတာလဲ၊ မုန်း ငိုနေတာတော့ မဟုတ်ပါဘူးနော်၊ မုန်း… မုန်း ကိုယ်ပြော နေတာကြားရဲ့လားဟင် ဒုက္ခပါပဲကွာ၊ ဟင်း ကိုယ်သိပါပြီမုန်း ရယ်၊ ကိုယ်က အဲ့ဒီကော်ဖီရောင်အင်္ကျီလေးကိုပဲ စွဲလမ်းနေလို့ မုန်း စိတ်ညစ်နေပြီလားကွာ၊ ကိုယ့်မာမီကို ကိုယ်က မုန်းဆိုတဲ့ ကျွန်တော့်ချစ်သူဟာ ကော်ဖီရောင်အင်္ကျီလေးနဲ့ မြန်မာဆန်ပြီး သိပ်လှတဲ့ ကောင်မလေးလို့ ကြွားလိုက်မိလို့ပါ မုန်းရယ်၊ ပြီးတော့ မာမီက မြန်မာဆန်ပြီး ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေး ကိုမှ ပိုပြီး သဘောတူချင်တာလေ”

ရဲရဲမုန်း ပြန်မဖြေနိုင်ပါ။

ရှိုက်သံလေးတွေ နောက်ထပ်ပေါ်ထွက်မလာအောင်ထိန်း ရင်း ဟန်ဆောင်ပြောလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

“ကို”

“ဟင်… မုန်း”

“မနက်ဖြန် မုန်း… မုန်း အဲဒီအင်္ကျီလေးကို ဝတ်ခဲ့ပါ့မယ်”

“ဝမ်းသာလိုက်တာ မုန်းရာ”



www.burmeseclassic.com

www.burmeseclassic.com



သူမ နောက်ဆုံးစကားတစ်ခွန်းကို မထင်မှတ်စွာဘဲ ပြောပြီး ဖုန်းကလေးကို ထိတ်လန့်တကြား ချပစ်လိုက်မိပြီ။

အဲဒီစကားလေးက–

“ကျွန်မ ရှင့်ကို သိပ်ချစ်နေပြီကို”

“ဟာ... မုန်း”

“ဂျလောက်”

သူမတစ်ကိုယ်လုံး လေထဲကို လွင့်မြောက်သွားခဲ့ရပြီလား။ သူမ ရပ်တည်နေတဲ့ ကမ္ဘာမြေတစ်ခုလုံး ချာချာလည်ထွက်သွားခဲ့ရပြီလား။ ရှက်တဲ့စိတ်၊ နာကျင်နေတဲ့စိတ်၊ ရူးသွပ်မိတဲ့စိတ်၊ မထိန်းနိုင်မသိမ်းနိုင်စွာ ရင်ပွင့်ပေါက်ကွဲမိခဲ့လေတဲ့ စိတ်တွေနဲ့ သူမ အခန်းလေးထဲပြေးဝင်ပြီး ရှိုက်ကြီးတငင် ငိုချခဲ့ရတာတွေ အားလုံးကို ရဲရဲချစ်ကမှ မသိနိုင်ခဲ့တာပဲ။ ဖွင့်ပြောဖို့လည်း လိုမှာ မဟုတ်ဘူးလေ။

ခုတော့

ကြည့်စမ်းပါဦး။

ရဲရဲချစ်က သူမကိုယ်သူမ ပိုင်နိုင်စွာ ဟားတိုက်ရယ်မောနေပြီလေ။ ဟန်ဆောင်ကောင်းလိုက်တာ ရဲရဲချစ်ရယ်။ နင့်ကို ဒီလောက်ထိ ရူးရူးသွပ်သွပ် ခံစားနေရလိမ့်မယ်လို့ ငါမထင်ခဲ့ပါဘူး။ ဒါကြောင့် မနက်ဖြန်မှာ နင်သွားရမဲ့ နင့်ရဲ့ယောက္ခမ လောင်းကြီးနဲ့ အဆင်ပြေပြီး နင့်ချစ်သူနဲ့လည်း ပျော်ရွှင်ကြည်နူး





စေချင်လို့ ငါ့ရဲ့ ကော်ဖီရောင်အင်္ကျီလေးကို ငါ အပြတ်ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တာပါဟာ။ နင်လည်း ငါမသိအောင် ခိုးဝတ်နေစရာ မလိုတော့ဘူးပေါ့။ ငါ့ရဲ့စေတနာပါ။ ငါ့ရဲ့အသည်းနှလုံးတွေ အကြေကွဲခံပြီးတော့ ရင်နာနာနဲ့ ငါ ပေးလိုက်တာပါ။

“ရော့ ရဲရဲချစ် နင် ငါ့ကို အပိုတွေဘာမှလျှောက်ပြောမနေနဲ့တော့၊ ဒီအင်္ကျီလေးကို နင် ယူလိုက်တော့နော်”

“မလိုပါဘူး ရဲရဲမုန်း”

“ဟင်”

“ငါနဲ့ကိုနဲ့ကြားမှာ နင့်ရဲ့ ကော်ဖီရောင်အင်္ကျီဟာ အခုအချိန်ကစပြီး မလိုအပ်တော့ပါဘူး”

“ဒါဆို နင်... နင်”

“ဟား... ဟား၊ ကိုက ငါ့ကိုချစ်တာလေ ရဲရဲမုန်းရဲ့ နင် ဘာတွေကြောင့်ပြီး ဒီအင်္ကျီအစုတ်ပလုတ်ကို လာပေးနေတာလဲ၊ ငါ့မှာ နင့်ထက်ကောင်းတဲ့ ခေတ်မီအဝတ်အစားတွေ တပုံကြီး၊ အဲဒါတွေထဲက အကောင်းဆုံးကို ရွေးပြီးငါဝတ်သွားမယ်၊ ဒီကမ္ဘာပေါ်မှာ ရဲရဲချစ်ဟာ အလှဆုံးကောင်မလေးအဖြစ် လူတွေအားလုံး မြင်တွေ့သွားစေရမယ်၊ ရတယ် နင့်အင်္ကျီကို ငါ ဘယ်တော့မှ မဝတ်တော့ဘူး”

“ရဲရဲချစ်”

“ပြောလေ”



www.burmeseclassic.com

www.burmeseclassic.com



"နင် မာနမကြီးပါနဲ့ဟာ"

"မာနဆိုတာ ထားသင့်ရင်တော့ ထားရမှာပဲ ရဲရဲမုန်း၊ အရေးကြီးတာ ကိုဟာ ငါ့ကိုပဲချစ်တယ်ဆိုတာ ငါ သက်သေပြရလိမ့်မယ်"

"နင့်မာနကိုလျှော့ပြီး ဒီအင်္ကျီလေးကို နင်ဝတ်သွားပါ ရဲရဲချစ်ရယ်"

"တော်ပြီ ရဲရဲမုန်း၊ နင် ငါ့ကို ဘာမှဆရာလာမလုပ်နဲ့တော့၊ မနက်ဖြန်မနက် ငါ ဘယ်လိုသွားမလဲဆိုတာ နင် စောင့်ကြည့်လိုက်"

ရဲရဲချစ် အပြတ်ပြောပစ်လိုက်သည်။

ဟုတ်တယ်လေ

ဒီကော်ဖီရောင်လေးကို အချိန်မီ ရှင်းလင်းပစ်ရမဲ့တာဝန်က ရဲရဲချစ်ရဲ့ တာဝန်ပဲ။

ဘာလို့ဝတ်နေတော့မှာလဲ။

ရှုပ်တယ်။

ကို...

ရဲရဲချစ်ဆိုတဲ့ ကောင်မလေးကိုပဲ ကို ချစ်နေစေရမယ်။

ရဲရဲချစ်ကလွဲရင် တခြားဘယ်သူ့ကိုမှ ကို မချစ်စေရဘူး။ ကော်ဖီရောင်လေးကို မေ့ပစ်လိုက်စမ်းပါ ကိုရယ်။





"ကဲ ငါသွားတော့မယ် ရဲရဲမုန်း၊ နင်လည်း အိပ်ပျော်အောင်အိပ်လိုက်ပါတော့ဟာ"

"အဟင့်... ဟင့်"

ကော်ဖီရောင်အင်္ကျီလေးကို လက်ထဲမှာကိုင်ရင်း ရှိုက်ငိုလိုက်မိသူက ရဲရဲမုန်းရယ်ပါ။

ရဲရဲချစ်ကတော့ ဝင့်ကြွားဂုဏ်ယူနေတဲ့ အပြုံးကလေးတွေနဲ့ သူမကို ပြုံးပြပြီး သွက်လက်နေတဲ့ ခြေလှမ်းကလေးတွေနဲ့ ထွက်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်လေး)

ကိုနဲ့ချိန်းထားလို့။

အလှဆုံးလေးဖြစ်အောင် ပြင်ဆင်ပြီး ခြံဝလေးကနေ ထိုင်စောင့်နေတဲ့ ရဲရဲချစ်။

"ဟင်"

မထင်မှတ်ဘဲ ရောက်လာတာ ဝဏ္ဏထွန်းရယ်ပါ။

"နင်... နင် ဘာလာလုပ်တာလဲ"

"မောင် သတိရလို့"

"ဘာ..."

"ချစ် သိပ်ကိုလှနေပါလားကွာ"

"ဟွန်း နင် ဘာမှလာပြောမနေနဲ့၊ ငါ နင့်အသံလည်း မကြားချင်ဘူး၊ နင့်မျက်နှာလည်း မမြင်ချင်ဘူး"





"ခုတော့ ချစ်က ပြောပြီပေါ့"

"ငါ အခု ကိုနဲ့ချိန်းထားတာနော်၊ ခဏနေရင် ကို ရောက်လာတော့မယ်၊ နင် အခုချက်ချင်း ပြန်ထွက်သွားတာ အကောင်းဆုံးပဲ ဝဏ္ဏထွန်း"

"ဟား... ဟား"

ဝဏ္ဏထွန်းက တဟားဟားရယ်ရင်း သူ့ကို ဂရုမစိုက်သလို လာလုပ်နေသည်။

"ဝဏ္ဏထွန်းနော် အခု နင်နဲ့ငါနဲ့ ဘာမှဆိုင်တော့ဘူးနော်၊ နင် ပြဿနာရှာပြီး ကို့ကို ထောင်သွားတာ ငါ မနည်းရှင်းလိုက် ရတယ် နားလည်လား"

"အေး မောင် အခုလာတာလဲ၊ အဲ့ဒီကိစ္စ ပြောမလို့လာတာ၊ အာကာယံလေ ချစ်ကို အခဲမကျေဘူးဖြစ်နေတယ်၊ သိလား၊ ချစ်ရဲ့အကြောင်းတွေကို ကိုကြယ်စင်သာဆိုတဲ့လူရဲ့ အမေသိ အောင် ဖွင့်ပြောတော့မယ်တဲ့လေ"

"ဘာ... ဘာပြောတယ်"

"အဲဒါ မောင်က ချစ် ဒုက္ခရောက်မှာစိုးလို့ လာပြောတာ၊ အာကာယံ ဟိုဖက်လမ်းထိပ်က အအေးဆိုင်မှာ ချစ်ကိုစောင့် နေတယ်၊ ချစ် မလိုက်လာရင် ဖုန်းဆက်ပြီး လှမ်းတိုင်တော့မှာ၊ ဒီကောင်က ချစ်ကို အသည်းနာနာနဲ့ တကယ်လုပ်မှာနော်၊ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ချစ် ဒုက္ခမရောက်ချင်ရင် လိုက်ခဲ့ ဒီကောင့်ဆီကို မောင် လိုက်ပို့ပေးမယ်"

"ဝဏ္ဏထွန်း"

"ဟင်"

"ငါ... ငါ ကိုနဲ့ ချိန်းထားတယ်ဟ"

"ခဏလေးပါဟာ၊ ဒီကောင်ကို ချစ် ချော့လိုက်ရင် ဒီကောင် ပျော့သွားမှာပါ"

"နင်ပါလိုက်ခဲ့နော်"

"ဟာ... လိုက်မှာပေါ့"

အာကာယံနဲ့ ဝဏ္ဏထွန်းတို့နှစ်ယောက်ကိုတော့ ရဲရဲချစ်ကြောက်နေတာ အမှန်ပါပဲ။ သူမနဲ့ကို ဘယ်လောက်ထိ ချစ်နေကြတယ်ဆိုတာကို သူတို့က သိနေကြပြီလေ။ နောင့်ယှက်တော့မှာပေါ့။

မလိုက်ချင်ပေမဲ့

နောက်ဆံလေးတင်းပြီး သူမ လိုက်သွားခဲ့ရသည်။

ခဏလေးဆိုလို့ပါ။

"ဟဲလို ဆရာလား"

"ဟင်... ဘာလဲ မောင်ဇော်"

"ဆရာ့ဟမ်းဖုန်းကို ကျွန်တော် လှမ်းခေါ်နေတာကြာပြီ"





"ဘာကိစ္စရှိလို့ ဆက်တာလဲကွ"

မောင်ဇော် ဖုန်းထဲမှာ တော်တော်မောနေပုံရသည်။ အသက်ရှူသံကလည်း ပြင်းနေ၏။

"ဆရာ့ကောင်မလေးလေ"

"ဟင်... မုန်း... မုန်း ဘာဖြစ်လို့လဲ"

"ကောင်လေးနှစ်ယောက်နဲ့"

"ဘာကွ"

"လိုက်သွားတာ မြင်လိုက်လို့ ကျွန်တော် လှမ်းဆက်တာဆရာ"

"ဟင်... ကောင်လေးနှစ်ယောက်နဲ့ လိုက်သွားတယ်ဟုတ်လား"

"ဆရာ့ကောင်မလေးက ကျွန်တော့်ကို မမြင်လိုက်ပေမဲ့ ကျွန်တော်က မြင်လိုက်တယ်ဆရာ၊ ခပ်ဟော့ဟော့ လူငယ်လေးနှစ်ယောက်ပဲ"

"ဒီနေ့ ငါနဲ့ချိန်းထားတာကွ"

"အဲဒါတော့ ကျွန်တော်လည်းမသိဘူးလေ ဆရာ၊ ကျွန်တော်က ကျွန်တော်မြင်တာကိုပဲ ဖုန်းဆက်ပြောတာပါ၊ ကျန်တာက ဆရာ့ကိစ္စ"

"မနောက်နဲ့နော် မောင်ဇော်၊ နောက်ရင် မင်း အထိုးခံရမှာ



www.burmeseclassic.com

www.burmeseclassic.com



နော်”

“ဟာ… ဆရာရယ်၊ ဆရာ့ကို ကျွန်တော် ဘယ်တုန်းက နောက်ဖူးလို့လဲ၊ အဲဒါပဲနော် ဆရာ ကျွန်တော် ဖုန်းချလိုက်တော့မယ်”

“တောက်…”

ဘာစ်ကိုယ်လုံးထုပ္ပြီး သွေးတွေဆူသွားရတာ ကြယ်စင်သာ။

သေသေချာချာ ချိန်းထားပြီးမှ အခုလိုလုပ်သွားတာ ကောင်းသလား။

အိမ်ကို ချက်ချင်းလိုက်သွားဖို့ သူ ဆုံးဖြတ်လိုက်သည်။ သူ့ကွယ်ရာမှာ မုန်းကို လွှတ်ပေးထားလို့မရတာလည်း သိလိုက်သည်။ သူ ကပျာကယာပဲ ကားလေးကို မုန်းတို့အိမ်ရောက်အောင် မောင်းခဲ့လိုက်ပြီ။

ထိုအချိန်မှာ

အိမ်ကလေးထဲမှာ တစ်ယောက်တည်းကျန်နေခဲ့တာ ရဲရဲမုန်း၊ မမေနဲ့ အေးအေးက မြို့ထဲမှာဈေးလျှောက်ဝယ်ဖို့ ထွက်သွားကြပြီလေ။ ရဲရဲချစ်ကလည်း ဝဏ္ဏထွန်းနဲ့ ပါသွားတာ ခုထိရောက်မလာသေး။ သည်တော့ သူမလေးတစ်ယောက်တည်း တွေးချင်ရာတွေးပြီး အဆွေးကံလေးတွေနဲ့ သူ့ကိုပဲ သတိရနေ





မိတော့တာပေါ့။

သူ့ကို ခိုးခိုးကြည့်ပြီး

ရင်တွေကြိတ်ပြီး ခုန်ရသည့် အကြိမ်ပေါင်းက မရေတွက်နိုင်တော့။ အချိန်ကလေးတွေ ကြာလာသည်နှင့်အမျှ ရဲရဲမုန်းရင်ထဲက သူ့အပေါ် တဖက်သတ် တွယ်တာမိသော ခံစားချက်များကလည်း တဖြည်းဖြည်း ပို၍ပင် အခိုင်အမာ ငြိတွယ်လာခဲ့ရသည်။

သို့သော်

ကတိစကားအတိုင်း မတွေ့မိအောင်တော့ ရှောင်နေမိပါ၏။

ရဲရဲချစ်ရဲ့ ကံကောင်းမှုကို ကြိတ်ပြီးလိုချင်မိပေမဲ့ လုယူပြီးတော့ မလိုချင်ခဲ့ပါ။ တစ်ချိန်လုံး အခန်းချည်းပဲ အောင်းနေမိသည်။ အပြင်ထွက်ပြီး ဈေးဝယ်တာတွေလည်း မလုပ်ချင်တော့။ ပစ္စည်းအသုံးဆောင်တွေအပေါ် အရှုးအမူး လိုချင်စိတ်လည်း မရှိတော့ပါ။

ဒါ

ဘာကြောင့်လဲ။

တိတ်ဆိတ်နေတဲ့ အခန်းလေးထဲမှာ ပျင်းရိမှုကင်းစွာပဲ အတွေးကလေးတွေနဲ့ သူမ နေနိုင်ခဲ့သည်။ သူမရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာ သူက တိတ်တဆိတ် ရောက်ရောက်လာတတ်တဲ့ မင်းသားလေးပေါ့။ သူက သူမရဲ့ လက်ကလေးကို ကြင်ကြင်



www.burmeseclassic.com

www.burmeseclassic.com



စွာဆွဲပြီး အချစ်မိုးကောင်းကင်ကြီးအောက်မှာ လျှောက်လည်ဖို့ ကမ်းလှမ်းနေလို့လေ။ အို ကြည်နူးစရာကောင်းပါဘိကွယ်။

သူ့ရဲ့ ကြင်နာတဲ့ မျက်ဝန်းလေးတွေထဲမှာ သူမက ငြင်းဆန်မှုအင်အားတွေ ကင်းမဲ့နေတယ်လေ။

"မုန်းရေ"

"မုန်း"

"မုန်းရှိလားဟင်"

"ဟာ..."

ကားရပ်သွားတဲ့ စက်သံလေးကိုတောင် မကြားလိုက်မိပဲ တွေးချင်ရာတွေး ငေးချင်ရာငေး နေမိတဲ့ ရဲရဲမုန်းတစ်ယောက် မုန်းဆိုတဲ့ ခေါ်သံလေးကို ကြားလိုက်ရတော့မှ ဖျတ်ခနဲ နောက်ကို လှည့်အကြည့်။

"ဟင်... ရှင်... ရှင်"

"ဟာ... မုန်း မပြေးနဲ့လေ"

"ဟင့်အင်း"

မမျှော်လင့်ဘဲ မြင်လိုက်ရတာ သူရယ်လေ။

ကော်ဖီရောင်ဝမ်းဆက်လေး ဝတ်ထားတဲ့ ရဲရဲမုန်းကို အံ့ဩနေတဲ့ မျက်ဝန်းကြီးတွေနဲ့ စိုက်ကြည့်ပြီးတော့ကို သူနောက်မှာ ကျန်နေခဲ့တော့တာ။





သူမလေးကတော့

ကြောက်အားလန့်အားနဲ့ အပေါ်ထပ်ကလေးဆီကို ပြေးတက်ခဲ့မိပြီ။ လှည့်ထွက်ပြေးသွားတဲ့ သူမလေးရဲ့နောက်ကို ခြေလှမ်းကြဲကြဲကြီးတွေနဲ့ သူပြေးလိုက်လာပြီး ...

"မုန်း... မုန်း"

"အို"

သူမလေး ဘယ်လိုမှ ရှောင်လို့မရတော့ပါ။

သူက သန်မာသော လက်ကြီးတွေနဲ့ သူမရဲ့ ကိုယ်လုံး ဖူးဖူးတင်းတင်းလေးကို နောက်ကနေ တအားသိုင်းဖက်ထား လိုက်ပြီလေ။

ဟင့်အင်း ...

ကျွန်မ ရဲရဲချစ် မဟုတ်ဘူး။

ရှင် လူမှားနေပြီ။

ရင်ထဲက အော်လိုက်မိတဲ့အသံကလေးက သူမနှုတ်ခမ်းက ထွက်ကျမလာတော့ပါ။ သူမရင်တွေ တဒိန်းဒိန်းနဲ့ ဆောင့်ခုန်နေသည်။ အသားလေးတွေ တဆတ်ဆတ်တုန်ပြီး လက်ဖျားကလေးတွေ အေးစက်ထုံကျင်လို့သွား၏ ။

"မုန်း... မုန်းရယ်၊ မုန်းကိုလေ ကိုယ့်တပည့်တစ်ယောက်က ကောင်လေးနှစ်ယောက်နဲ့ ထွက်သွားတယ်ဆိုလို့ ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူပြီး အသည်းအသန် လိုက်လာရတာကွာ၊ ခုတော့…ခုတော့ မုန်းက အိမ်မှာရှိနေတာပဲနော်”

“အို…”

သူ သူမနဲ့ မျက်နှာချင်းဆိုင်လေး ဖြစ်သွားအောင် သူမရဲ့ ကိုယ်လုံးလေးကို ခပ်ကြမ်းကြမ်းလေး ဆွဲယူပစ်လိုက်ပြီ။

“ကိုယ် စိတ်ပူလိုက်ရတာ ကော်ဖီရောင်မလေးရယ်”

“ရှင် …”

သူမကိုယ်လေးကို ပြန်ငုံ့ကြည့်မိတော့ စိတ်ကူးယဉ်ဆန်မှုနဲ့ သူမတစ်ယောက်တည်း အရှူးထပြီး ကော်ဖီရောင်လေးကို ဝတ်ထားလိုက်မိတာလေ။

“ဘာဖြစ်နေတာလဲ မုန်းရယ်၊ ကိုယ့်ကို ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေရတာလဲ၊ ကြည့်စမ်း နှုတ်ခမ်းကလေးမှာတောင် သွေးမရှိတော့ဘူး၊ တစ်ကိုယ်လုံးလည်း အေးစက်နေပြီကွာ”

“ရှင်… ရှင် …”

“ကြည့်စမ်း ခုချိန်ထိ တရှင်ရှင်နဲ့ ကိုယ်လာတာ နောက်ကျသွားလို့ ကိုယ့်ကို စိတ်ကောက်နေပြီလားကွာ”

သူမေးနေပြီ။

ညို့မျက်ဝန်းကြီးတွေနဲ့ စူးလဲ့စွာ စိုက်ကြည့်ပြီးတော့ကို





သူ မေးနေပြီလေ။ မြင့်မားတဲ့အရပ်၊ ကားစွင့်တဲ့ ရင်အုပ်ကျယ်ကြီးကို ငေးကြည့်ပြီး ယောကျ်ားပီသစွာ ချောမောနုံ့ညားလွန်းသော သူ့ကို ပထမဆုံးအကြိမ် အနီးကပ်မြင်ရခြင်းကြောင့် သူမ မျက်တောင်ကလေးကိုပင် မခတ်မိတော့ဘဲ သတိလက်လွတ်ဖြစ်ကာ ငေးကြည့်မိသွားသည်။

“မုန်းရယ် …”

“အို…”

ရုတ်တရက် သူမကိုယ်လေး သူ့ရင်ခွင်ကျယ်ကြီးထဲ ရောက်သွား၏။ ရင်ခုန်သံလေးကို နားထောင်လိုက်ရပြီးနောက် သူမကိုယ်လေး မွှန်းကြပ်လို့သွားရသည်။ နူးညံ့ညင်သာလွန်းတဲ့ အနမ်းတွေက သူမလေး မတားဆည်းလိုက်နိုင်ခင်မှာကိုပဲ တဖြုတ်ဖြုတ်နဲ့ တရကြမ်း ကြွေကျလာခဲ့ရပြီလေ။

အို… ရင်ခုန်စရာ ကောင်းလိုက်ပါဘိတော့။

ညို့ယူမှုတွေနဲ့ သူက သူမကို ရုန်းမထွက်ချင်အောင် ချော့မြူနေခဲ့သည်။ သူမရဲ့ အသိတရားတွေ အဝေးကိုလွင့်သွားကြသည်။

“မုန်းရယ်၊ ကိုယ့်ကို စိတ်မကောက်ပါနဲ့ကွာ၊ ကိုယ် မခံစားနိုင်တော့လို့ပါ”

မွှတ်သိပ်တဲ့ အနမ်းလေးတွေက သူမရဲ့ နှုတ်ခမ်းလေးဆီ



www.burmeseclassic.com

www.burmeseclassic.com



အထိ ကျလာ၏။ သူမ ဘာကြောင့် မငြင်းပယ်ချင်ရတာလဲ။ ကောင်လေးနှစ်ယောက်နဲ့ ထွက်သွားပါတယ်လို့ စွပ်စွဲခံနေရတဲ့ ညီမလေး ရဲရဲချစ်အတွက် သူမ ဟန်ဆောင်ပေးနေခဲ့မိတာလား။ ညီမလေးကို အထင်လွဲသွားမှာ၊ သူမ သိပ်ကြောက်နေမိတယ်လေ။ ခုတော့ သူကတောင် စိတ်ပြေပြီး ချော့မြူလို့တောင်နေပါပြီ။ အဲ့ဒီအတွက် ရဲရဲချစ် မဟုတ်ပါဘူးလို့ သူမ မငြင်းလိုက်မိတော့တာပါ။

"အို... လွှတ်... လွှတ်ပါ"

သူ့အနမ်းတွေက ကြမ်းလာသလို သူ့အချစ်ကလည်း အရှိန်တက်လာတော့ ရဲရဲမှုန်း လန့်သွားရသည်။ အသက်ရှူသံလေးကပင် တဖြည်းဖြည်းနဲ့ ပြင်းထန်လာရပြီ။

ဘယ်လိုကဘယ်လို။

အခန်းကလေးထဲ ရောက်သွားမှန်း သူမလေး မသိလိုက်တော့ပါ။ တစ်အိမ်လုံးမှာလည်း အိမ်သားတွေမရှိကြသဖြင့် ငြိမ်သက်တိတ်ဆိတ်နေ၏။

အခန်းလေးထဲမှာ–

သူနဲ့ သူမနှစ်ယောက်တည်းဆိုတဲ့ အသိအပြင် သူဟာ ရဲရဲချစ်ရဲ့ ချစ်သူပါလားဆိုတဲ့ အသိကြောင့် သူမ ဖွတ်အတင်း ရုန်းထွက်လိုက်တော့–





"ကော်ဖီရောင်မလေးနော်၊ ဘာလို့ အတင်းရုန်းနေတာလဲ၊ ကိုယ် အရမ်းစိတ်တိုလာပြီ၊ ကိုယ့်စိတ်တွေကို မထိန်းချုပ်တော့ဘဲ လွှတ်ပေးလိုက်တော့မှာနော်"

"အို... ရှင်နော် လွှတ်ပေးပါဆို"

သူ့ရင်ခွင်ထဲက ဖွတ်အတင်း ရုန်းထွက်လေ သူက ဖွတ်အတင်း တိုးဖက်ထားလေပဲ။ ကြာတော့ ရုန်းရတာ ပင်ပမ်းလာသည်။ အင်အားက မရှိတော့။

ကိုရယ်...

ကျွန်မ ရှင့်ကို သိပ်ချစ်တာပဲ။

ရှင့်ကို စတွေ့မိတဲ့ အချိန်ကစပြီး အစွဲလမ်းကြီးမားစွာနဲ့ တိတ်တိတ်လေး ကြိတ်ချစ်နေခဲ့ရတဲ့ အချစ်ရူးမလေးဖြစ်နေခဲ့ရတာလေ။ အခုအချိန်မှာ ဘယ်လိုအင်အားတွေနဲ့ ရှင့်ရင်ခွင်ထဲက ရုန်းထွက်လို့ရတော့မလဲကွယ်။ အသိစိတ်တွေက ဘယ်လောက်ပဲ ထိန်းချုပ်လေလေ မသိစိတ်တွေက ဖုံးလွှမ်းသွားလေလေပါပဲ။

"မှုန်း..."

"ဟင်..."

သူက တအားတိုးလို့ သိမ်းကြုံးပွေ့ဖက်နေပြန်ပါပြီ။

ရဲရဲချစ်ရယ်...

နင် ငါ့ရင်ထဲက ခံစားချက်ကို နားလည်ပေးပါ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူဟာ ကော်ဖီရောင်မလေးအစစ်ဖြစ်တဲ့ ငါ့ကိုပဲ သူ သိပ်ချစ်ခဲ့တာပါ။ သူ့ကို ငါ မပိုင်ဆိုင်ရပေမဲ့ တစ်သက်တာလုံး ဖြေသိမ့်နေနိုင်ဖို့ ခဏလေးပဲ သူ့ရင်ခွင်လေးထဲမှာ သူ့ချစ်သူဘ၀လေးနဲ့ ငါ့ကို နေခွင့်ပေးပါဟာ။

"ကိုယ်လေ မုန်းလေးကို အရမ်းပဲချစ်တယ်ကွာ၊ မုန်းကရော ကိုယ့်ကို ချစ်တယ်မို့လားဟင်"

ရဲရဲမုန်း မဖြေချင်ပါ။ မဖြေရဲပါ။

"မုန်း ကိုယ်မေးတာ ဖြေလေ၊ ကိုယ် မုန်းကို မေးနေတယ်လေ"

"ဟို ... အင်း ..."

"ဟာ ... ကိုယ် စိတ်တိုလာပြီနော်"

"ဘာ... ဘာကိုလဲဟင်"

"မုန်း ပြန်မဖြေလို့ စိတ်တိုတာပေါ့ကွ"

သူ

ရင်ခွင်လေးထဲကနေ သူ့ကို စိုးရိမ်ထိတ်လန့်စွာ ပြန်မော့ကြည့်နေတဲ့ မျက်နှာလေး။ သူ့ရင်တွေ ထိန်းချုပ်လို့မရအောင် အခုန်မြန်နေရတာ အံ့သြစရာပဲ။

မုန်းတို့ အမြဲဆုံတွေ့ပြီး လစ်တာနဲ့ အနမ်းလေးတွေ ခြွေပေးနေကြလေ။ ဒီနေ့ သူ့စိတ်ထဲမှာ ထူးခြားသလို ခံစားနေရ





၏။ ကြည်စင်နေသော မျက်ဝန်းကလေးတွေနဲ့ ရင်ခွင်ထဲကနေ စိုးရိမ်တကြီး မော့မော့ကြည့်နေတဲ့ သူမလေးကို လက်လွတ်ဆုံးရှုံးသွားမှာ သူ သေမလောက် ကြောက်နေမိသည်။

"ကဲ ... ဒီလောက်တောင် မေးလို့မဖြေတာ"

"အို ..."

သူမနှုတ်ခမ်းလေး ဆတ်ခနဲတစ်ချက်စုန်သွားပြီး မျက်တောင်လေးတွေ ပိတ်ကျသွားသည်။

"ကဲ သိပြီလား"

"ဟင်... ကို"

"နောက်တစ်ခါ ဒဏ်ပေးရင် ဒီ့ထက်ဆိုးမှာနော်"

"ကျွန်မ... ကျွန်မ ..."

"ဟော... ကြောက်နေပြန်ပြီ၊ မုန်း ဒီနေ့ ဘာဖြစ်နေတာလဲ"

"ဟို... ဟို... အင်း... အဲ ..."

မုန်း ရှက်ရှက်နဲ့ပဲ မျက်နှာလေးကို ဖွက်ထားလိုက်မိသည်။ ကို့မျက်လုံးတွေကို ရင်ဆိုင်ရမှာ အတွေ့အကြုံမရှိတဲ့ မိန်းကလေးတစ်ယောက်အတွက် တစ်ချိန်လုံး ထူပူနေရတာလေ။

"မုန်း ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ကော်ဖီရောင်မလေးလို့ခေါ်တာ မကြိုက်တဲ့မုန်းက ကော်ဖီရောင်လေးကို ဝတ်ထားတယ်ကွာ၊ ဒီအင်္ကျီလေး မုန်းကို စတိုးဆိုင်လေးမှာ စ,တွေ့တဲ့ညက မုန်းဝတ်ထားတာလေ၊ သိပ်လှပြီး သိပ်ကိုကျက်သရေရှိတဲ့ မျက်နှာလေးကို ကိုယ့်တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးခဲ့ရတာပါ မုန်းရယ်၊ အဲဒီနေ့ကတည်းက မုန်းကို အရမ်းချစ်မိသွားခဲ့ရတာပါ"

"အိုကွယ် ..."

"ချစ်တယ် မုန်းရယ်၊ ကိုယ်တို့ ဘယ်တော့မှ မခွဲတော့ဘူးနော်"

"ရှင် ..."

"ကိုယ့်ကို မင်း ထားခဲ့မှာစိုးတယ်"

"အို ...မဟုတ်တာ"

"ကိုယ် မုန်းကို မယုံဘူး၊ ခုတောင် ကောင်လေးနှစ်ယောက်နဲ့ ထွက်သွားတယ်ဆိုလို့"

"မုန်း... မုန်း ကို့ကို အိမ်မှာပဲစောင့်နေတာလေ"

"ဟုတ်ပါတယ်ဗျာ၊ အဲဒါကြောင့်မို့ ကိုယ် ရင်အေးသွားရတာပေါ့၊ ဘာပဲပြောပြော အရင်က စိတ်ချပေမဲ့ အခုစိတ်မချတော့ဘူး၊ မုန်းကို ပိုင်ဆိုင်ရမှ ဖြစ်တော့မယ်"

"အို..."





ပွေ့ချီလိုက်တဲ့ သူ့လက်ထဲမှာ မုန်းကိုယ်ကလေး ဇွေ့ခနဲပါသွားပြီး ရင်ခုန်သံတွေက ဖားမရအောင် မြန်ဆန်သွားရသည်။

သူ့အသက်ရှူသံတွေက မြန်နေသည်။

တစ်စုံတစ်ခုကို သူမ သတိထားလိုက်မိသော်လည်း ထားဆီးဖို့ မစွမ်းသာခဲ့။ မိုက်ရူးရဲဆန်စွာပင် မျက်လုံးလေးကိုပိတ်ပြီး ငြိမ်သက်နေလိုက်မိသည်။

"ချစ်တယ် မုန်းရယ်"

"ကိုရယ် ကျွန်မလည်း ရှင့်ကိုလေ ..."

မုန်းကို စကားပြောခွင့်လေးတောင် ကိုက မပေးတော့ပါ။ သူ့ရဲ့ ခေါ်ဆောင်ရာကို ရင်ကလေးတခုန်ခုန်နဲ့ လိုက်သွားမိသည်။ ချစ်သူရဲ့ ကိုယ်လေးကို လွတ်ထွက်သွားမှာစိုးသည့်အလား သူက ခပ်တင်းတင်းလေး ဖက်ထား၏။ သူ့အနမ်းတွေရဲ့ ညို့ယူမှုအောက်မှာ ရင်ခုန်သံလေးတွေက ရပ်လိုက်ပျောက်သွားလိုက်ဖြစ်နေရပြီလေ။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်ငါး)

“ရဲရဲမှုန်းရေ… ”

“ရဲရဲမှုန်း… ”

“ဟဲ့…ဟဲ့…ဒီအငယ်မ ဘာဖြစ်လာတာလဲ၊ ရေးကြီးသုတ်ပြာနဲ့ အိမ်အပေါ်ထပ်ကို ပြေးတက်သွားလိုက်တာ၊ ကြည့်စမ်း… လူကလည်းမြူးလို့”

“ရဲရဲမှုန်းရေ… ”

“တံခါးဖွင့်ပါဟဲ့”

“ဒုန်း… ”

“ဒုန်း… ”

ဒေါ်မြသွေးချယ်တစ်ယောက် သမီးငယ်လေးကိုကြည့်ပြီး ပင့်သက်ကလေးကို ချလိုက်မိသည်။ အင်းလေ… ဒင်းပျော်နေတာပဲ ကောင်းပါတယ်။ မောင်ကြယ်စင်သာနဲ့တွေ့မှ ခြေငြိမ်





သွားတဲ့ သမီးငယ်လေး။ ကြည့်လိုက်ရင် အမြဲလိုလို ရွှင်လန်းတက်ကြွလို့။

“ဟဲ့… ဘာဖြစ်လာတာလဲ”

ရဲရဲချစ်။

ဂုဏ်ယူဝင့်ကြွားနေတဲ့ အပြုံးကလေးနှင့်။

မျက်နှာကလေးပေါ်မှာလည်း ပီတိကလေးတွေဝေလို့။

“ဒီမှာကြည့်စမ်း ရဲရဲမှုန်း”

“ဟင်… ”

“ဘယ်လောက်လှတဲ့ စိန်လက်စွပ်လေးလည်းဆိုတာ”

“နင်… နင် ဘယ်ကရတာလဲ”

“ဒါ စေ့စပ်လက်စွပ်လေ”

“ဘာ… ”

“မကြာခင် ကိုနဲ့ငါ စေ့စပ်တော့မယ်လေ”

“အို… ”

“ကိုက စေ့စပ်တဲ့နေ့မှာဝတ်ဖို့ ဒီနေ့ပဲ ငါ့ကို ဝယ်ပေးလိုက်တာ”

အူမြူးနေတဲ့ လေသံကလေးနဲ့ ရဲရဲချစ်ကပြောတော့ သူမခေါင်းကလေးကိုပင် မဖော်နိုင်တော့ပါ။ အရောင်ကလေးတွေ တဖိတ်ဖိတ်လက်နေတဲ့ စေ့စပ်လက်စွပ်ကလေးကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဝမ်းနည်းသွားရသလို သူမရဲ့ နှုတ်ခမ်းလေးတွေကပါ သွေးရောင်ကလေးမဲ့ပြီး ဖြူဆုတ်သွားရသည်။

"မလှဘူးလားဟင် ရဲရဲမှုန်း"

"လှ... လှပါတယ်"

"ကိုက ငါ့ကို သိပ်ချစ်တာ ရဲရဲမှုန်းရဲ့"

"ဩော်... အင်း... "

"သူ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီတဲ့လေ၊ အဲဒါနောက်ဆုံး အနမ်းလေးတစ်ခုကြောင့် သူအမြန်ဆုံး လက်ထပ်ချင်သွားတာ တဲ့ဟာ၊ ဟင်း... ဟင်း... ဘယ်နေ့က အနမ်းမှန်းတော့ ငါ့ကို ပြောမသွားဘူး၊ ရတနာဆိုင်ကို လက်ဆွဲခေါ်သွားပြီး ဒီစေ့စပ်လက်စွပ်လေးကို တစ်ခါတည်း ဝယ်ပစ်လိုက်တော့တာလေ၊ နင်... နင် ခဏဝတ်ကြည့်စမ်း ရဲရဲမှုန်း၊ နင်နဲ့တော်လားလို့"

"ဟာ... ငါ မဝတ်ချင်ပါဘူး"

"အောင်မယ်...ခဏလေး ဝတ်ကြည့်ခိုင်းတာကိုများ နင်က ဈေးကိုင်နေရသေးတယ်၊ မဝတ်ချင်လည်းနေပေါ့"

ရဲရဲချစ်က နှုတ်ခမ်းလေးကို စူတင်းပစ်လိုက်ရင်း သူမရဲ့ အခန်းထဲကို မျက်လုံးလေး ဝေ့ကြည့်လိုက်တော့ –

"ဟာ... ရဲရဲမှုန်း နင်... နင်... "

"ဘာလဲ၊ ဘာဖြစ်လို့လဲဟင်"





"ကြည့်စမ်း... နင်တစ်ခန်းလုံး ကော်ဖီရောင်တွေ ဆင်ထားလိုက်တာ၊ အမလေး... အိပ်ရာခင်းလည်း ကော်ဖီရောင်၊ ခေါင်းအုံးစွပ်ကလေးတွေလည်း ကော်ဖီရောင်၊ ဟာ... လိုက်ကာတွေကအစ၊ ကော်ဖီရောင်လိုက်ကာလေးတွေ ဖြစ်ကုန်ပြီ၊ ဒါ... ဒါ နင်တစ်ယောက်တည်း ကြိတ်ပြီး ကော်ဖီရောင် အရူးထနေတာပေါ့နော်"

"ငါ... ငါ... "

"အရူးမ"

"ဟင်... "

"ဟား... ဟား... နင်တော့သွားပြီ ရဲရဲမှုန်းရေ၊ နင်ကို ဆေးရုံ ပို့ပေးရတော့မယ်၊ သွားပါပြီ၊ သွားပါပြီ ဟား... ဟား... "

ဖူးတင်းပြီး လှပနေတဲ့ ကိုယ်လုံးကလေးကိုလှုပ်ကာ ပခုံးပေါ်က ဆံပင်လေးတွေ လေထဲကို ဖျတ်ခနဲ ဖျတ်ခနဲ ဝဲသွားရလေတဲ့အထိ လှောင်ပြောင်ရယ်မောနေတဲ့ ရဲရဲချစ်။

"နင်... နင် ငါ့ကို မလှောင်ပါနဲ့ ရဲရဲချစ်ရယ်၊ ဒီ... ဒီအရောင်လေးကို ငါသိပ်ကြိုက်လို့"

"ဘာ... "

"မနက်ကမှ ငါပြင်ဆင်ထားလိုက်တာပါ"

"နင်... နင် ကြိုက်ပေမယ့် ငါမကြိုက်ဘူးသိလား ရဲရဲမှုန်း၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရောင်ကို ငါသိပ်မုန်းတယ်၊ ငါ့မျက်လုံးအောက်မှာ အဲဒီ အရောင် ဘယ်တော့မှ မရှိစေရဘူး၊ ကဲ... ဒီလောက်တောင်ဖြစ် တာ သွားဟာ သွားဟာ"

"ဟာ... မလုပ်ပါနဲ့"

"မုန်းတယ်၊ အဲဒီအရောင်ကို ငါ အရမ်းမုန်းတယ်"

"အဟင့်... ဟင့်... "

သူမကို မတရားအနိုင်ကျင့်နေတဲ့ ရဲရဲချစ်။

သိပ်ချစ်တဲ့ ကော်ဖီရောင်လေးတွေကိုမှ အိပ်ရာပေါ်ကနေ မွစာကြဲသွားအောင် ဆွဲချပစ်ပေါက်နေပြီ။ မနက်က ကော်ဖီရောင် လေးတွေ ဆင်နေခဲ့တုန်းကတော့ ကြေကွဲမှုလေးတွေနဲ့အတူ ပျော် ရွှင် ရင်ခုန်ရမှုလေးတွေနဲ့ ရင်ထဲမှာ လှိုက်ဖြာနေခဲ့ရတာလေ။ မဖြစ်နိုင်မှန်းသိပေမယ့် သူများ နောက်တစ်ခါ ဒီအခန်းကလေး ထဲကို မှားပြီးရောက်လာမလားဆိုတဲ့ မျှော်လင့်ချက်ရှူးရှူးလေးနဲ့ စိတ်ကူးလိုက်မိလို့ပါ ကိုရယ်။

"အဟင့်... ဟင့်... "

"နင် နင်မငိုနဲ့နော် ရဲရဲမုန်း၊ ကိုနဲ့ငါ လက်ထပ်ပြီးသွားရင် ကိုက ငါတို့ရဲ့ အိမ်ကလေးကို အကြီးကြီး ပြန်ဆောက်ပေးမှာ၊ အဲဒီအခါကျရင် ဘယ်ကော်ဖီရောင်မှ အိမ်မှာမထားဘူး၊ အခု ကတည်းက ကော်ဖီရောင်မှန်သမျှ အကုန်ရှင်းပစ်ရမယ်၊ ဒါပဲ၊





ငါပြောတဲ့အတိုင်း နင်လုပ်ရမယ်"

ရဲရဲမုန်း...

ကြေကွဲဝမ်းနည်းလို့ မဆုံးတော့ပါ။

"အရေးကြီးတာ နောက်တစ်ခု နင့်ကို ပြောရဦးမယ်၊ ကို အိမ်ကိုလာလည်တာနဲ့ နင်ထွက်ပြေးရမယ်၊ နင့်ကို တွေ့သွားလို့ မဖြစ်ဘူး၊ နင့်ကြောင့် ငါလိမ်ထားတာတွေ အကုန်ပေါ်ရင် နင် အသိပဲ၊ ငါပြောတာ နင်ကြားတယ်နော်"

"ငါ... ငါ နားလည်ပါတယ်ဟာ"

သူမ...

ရဲရဲချစ်ကို တမင်အရှုံးပေးလိုက်တာပါ။

သူမလေးရင်ထဲမှာ ကြိတ်ပြီးခံစားနေရတဲ့ ခံစားချက်တွေ ကို အရှုံးလေးပေးပြီး ကွယ်ရာလေးမှာ ဖြေသိမ့်နိုင်အောင် ကြိုး စားရတော့မယ့် အခြေအနေလေးမို့ အတိုက်အခံ မပြောတော့ တာဘဲ ဖြစ်သည်။

"နောက်တစ်ရက် နှစ်ရက်ဆိုရင် စေ့စပ်တဲ့ရက်နဲ့ လက် ထပ်မယ့် ရက်ကလေးကို နှစ်ဖက်လူကြီးတွေ တွေ့ဆုံပြီး ရွေး တော့မယ်လို့ ကိုကပြောတယ်၊ ငါ့ယောက္ခမလောင်းတွေ အိမ်ကို ရောက်မလာခင် နင်ပါ အေးအေးနဲ့တွဲပြီး အိမ်သန့်ရှင်း ရေးတွေ လုပ်ပေးရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ... ငါ သိပါတယ် ရဲရဲချစ်ရယ်"

ဝမ်းနည်းစွာနဲ့ပဲ ရဲရဲမုန်း ပြန်ဖြေလိုက်မိသည်။

ရဲရဲချစ် ပြန်ထွက်သွားတော့ တစ်ယောက်တည်း ရှိုက်ငို နေမိတဲ့ ရဲရဲမုန်းနားကို ရောက်လာတာ အိမ်ဖော်မလေး အေးအေး။

"ဟင်... မမကြီး ငိုနေတယ်"

"နင်... နင် ဘာလာလုပ်တာလဲ အေးအေး"

"မေမေကြီးက အကင်စားချင်တယ်ဆိုပြီး ပြောနေလို့ မမကြီးနဲ့အေးအေး ကုက္ကိုင်းဘက်ကိုထွက်ပြီး သွားဝယ်ရမှာလေ၊ အဲဒါ မမကြီးကို လာပြောတာ၊ မမ... မမကြီးက ဘာဖြစ်လို့ ငိုနေတာလဲ"

"နင် မသိပါဘူး အေးအေးရယ်"

"ဟွန်း... မမကြီး ခံစားနေရတာ အေးအေး သိတယ်နော်၊ မပြောချင်လို့"

"ဟင်... နင်ဘာသိတာလဲ"

"အိမ်ကိုလာတဲ့ အစ်ကိုလေးလေ"

"အေးအေးနော်၊ နင် ပေါက်ကရတွေ လျှောက်မပြောနဲ့"

"ဟား... ဟား... "

အေးအေးက တဟားဟားရယ်ပြီး ပြန်ဆင်းသွားပြီ။ ခဏနေတော့...





မေမေ စားချင်တဲ့အကင်ကို ကုက္ကိုင်းဖက် အကင်ဆိုင်မှာ ဝယ်ဖို့ထွက်လာခဲ့တဲ့ ရဲရဲမုန်း။

"ဟာ... မမကြီး"

"ဘာလဲဟင်"

"ဟို... ဟိုမှာ အစ်ကိုလေး"

"ဟင်... "

မထင်မှတ်ဘဲ အကင်ဆိုင်ထဲမှာ တစ်ယောက်တည်း ထိုင်နေတဲ့ သူ့ကို တွေ့လိုက်ရတာနဲ့...

"လာ... အေးအေး မဝင်နဲ့... မဝင်နဲ့"

ရဲရဲမုန်း ထွက်ပြေးဖို့ ခြေလှမ်းကလေး ပြင်လိုက်တာပါ။ အေးအေးကလည်း ကြောက်အားလန့်အားနဲ့ နောက်က ပြန်ပါလာခဲ့၏။

"ဘုရား... ဘုရား... ကံကောင်းလို့"

"ကံမကောင်းနဲ့ မမကြီး၊ မမကြီးကို အစ်ကိုလေး တွေ့သွားပြီ"

"ဟင်... "

"နောက်ကတောင် လိုက်လာနေပြီ မမကြီးရဲ့"

"ဘုရားရေ... "

ရဲရဲမုန်း မျက်နှာလေး သွေးမရှိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း အေးစက်သွားရပြီ။

ရှေ့ကို ကြည့်လိုက်တော့ အင်းလျားကန်ဘောင်ကြီး။

"လာ... အေးအေး ပြေးမယ်"

"ဟင်... "

"ကိုယ်ရောင်ဖျောက်ကြတာပေါ့"

မပြေးလို့လည်း မရတော့ပါ။ လူတွေရှုပ်နေတဲ့ ကစားကွင်းထဲ ဝင်လိုက်တော့မှ ခြေရာပျောက်သွားတော့မှာလေ။ အတွေ့ခံလို့ကလည်းမဖြစ်။ ကိုက မကြာခင် ရဲရဲချစ်နဲ့ စေ့စပ်ကြတော့မှာ။

"အို... အို...."

အထဲကို ရောက်သွားတော့လည်း ဘယ်ကိုဆက်ပြေးရမှန်းမသိ။ သူမလေး ခြေထောက်မှာ စီးထားတဲ့ ဖိနပ်ကလေးကလည်း အဖြူရောင် ဒေါက်ကလေး ဖြစ်နေတာမို့ ခပ်သွက်သွက် ခပ်မြန်မြန်ကြီးလည်း မပြေးနိုင်ပါ။

"ဘယ်... ဘယ်ကိုပြေးရင် ကောင်းမလဲဟင် အေးအေး"

"လာ မမကြီး၊ ချားရဟတ်ကြီးတွေရှိတဲ့ မြက်ချွန်းသာဖက်ကို ပြေးမယ်"

"ငါ... ငါ အရမ်းမလျှောက်နိုင်တော့ဘူး"

"လာပါ မမကြီးရဲ့၊ ရှေ့နားဆို ရောက်တော့မယ်"

"စိတ်... စိတ်ညစ်လိုက်တာ အေးအေးရယ်၊ သူနဲ့မှ တိုက်





တိုက်ဆိုင်ဆိုင် လာတွေ့ရတယ်လို့ အဟင့်... ဟင့်... "

ရဲရဲမှန်း ငိုချင်နေမိပြီ။

"မမကြီး"

"ဟင်... အေးအေး"

"အစ်ကိုလေး မီလာတော့မယ်၊ အေးအေးတို့ ပြေးလို့မလွတ်တော့ဘူး၊ ချား... ချားရဟတ်ကြီးပေါ် မမကြီးတက်လိုက်တော့"

အေးအေး ပြောတဲ့အတိုင်း ထွက်တော့မယ့် ချားရဟတ်ကြီးပေါ်ကို ကြောက်အားလန့်အားနဲ့ ရဲရဲမှန်း ပြေးတက်လိုက်မိသည်။

"ဟား... ဟား... မိပြီကွ၊ ဘယ်ရမလဲ"

"အို... "

တွေ့တာနဲ့ သူမလေးရဲ့ ကိုယ်လုံးဖူးဖူးလေးကို ဘာမပြောညာမပြောနဲ့ကို တအားဖက်လိုက်တော့တာ။

"လူစုံပြီဟေ့၊ ရဟတ်ကြီးကို စလှည့်လိုက်တော့"

"ဟေး... ဟေး... "

သွားပါပြီ။

ရဟတ်ကြီးပေါ်မှာ ကိုနဲ့ ရဲရဲမှန်း။ မလှုပ်သာ မလှန့်သာ မောလည်းမော၊ ရှက်လည်းရှက်နေတဲ့ မျက်နှာရဲရဲလေးနဲ့ ရဲရဲမှန်း



www.burmeseclassic.com

www.burmeseclassic.com



ပါသွားခဲ့ရပါပြီ။

"အဟွန်း… ဒီလိုထွက်ပြေးလို့ ဘယ်ရမလဲမုန်းရယ်၊ ကိုယ့်ကို အခုမှ မင်းဘာဖြစ်လို့ ရှက်နေရတာလဲဟင် မုန်း"

"အား… ကြောက်တယ် အဟင့်… ဟင့်… "

"အို… "

"အို… "

သူမ

ရဟတ်ကြီးက အဆက်မပြတ်ကို တအားလည်နေတော့တာမို့ ကြောက်ကြောက်လန့်လန့်နဲ့ပဲ ကို့ရဲ့ ကိုယ်လုံးနွေးနွေးကြီးကို တအားပြန်ဖက်ထားလိုက်မိတော့တာလေ။

ကိုကလည်း သူမရဲ့ ကိုယ်လုံး ဖူးဖူးတင်းတင်းလေးကို တအားဖက်ထားတော့ မျက်နှာလေးကိုတောင် မဖော်နိုင်တော့ပါ။

"ဟား… ဟား… ဘာအခုမှ ကြောက်နေတာလဲ၊ ဘာလဲ၊ အခုတစ်ခေါက် အိမ်ကခိုးထွက်လာပြီး ရည်းစားဟောင်းတွေ လာရှာတာလား မုန်းရဲ့၊ မုန်း မနက်ကပြောသွားတော့ ဒီနေ့ ဘယ်ကိုမှ မသွားတော့ဘူးဆို"

တွေ့လား…

ရဲရဲချစ်နဲ့ပဲ သူမကို မှားနေတော့တာ။

ခေါ်တော့ဖြင့် မုန်းတဲ့။





အင်းလေ…

ရဲရဲချစ်က သူ့ကိုသူ ရဲရဲမုန်း ဟန်ဆောင်ထားခဲ့တာကိုး။ ဒါကြောင့်မို့လည်း ရဲရဲချစ်ပဲထင်ပြီး ခပ်ကြမ်းကြမ်းကိုပဲ ပွေ့ဖက်နေတော့တာပေါ့။ ခံနေရတဲ့ သူမလေး ရဲရဲမုန်းခမျာမှာတော့ ကြောက်ကလည်းကြောက်၊ ရှက်ကလည်း ရှက်နေတော့တာမို့ ဖူးစင်နေတဲ့ မျက်နှာလေးမှာ ပန်းသွေးရောင်ကလေးတွေနဲ့ လှိုက်ဖြာစိုရဲ နေခဲ့ရပြီ။ ရင်ထဲမှာ တသိမ့်သိမ့်နှင့် မျက်နှာလေး မထားတတ်တော့ဘဲ အေးစက်တုန်ရင်နေရတော့တာပါ။

"ချစ်တယ် မုန်းရယ်"

"အို… "

သူမ မျက်နှာလေးပေါ်ကို ကိုက အတင်းငုံ့ပြီး ဘေးစောင်းအနေအထားလေးနဲ့ပဲ ခေါင်းမဖော်နိုင်အောင် ဖြစ်နေတဲ့ သူမလေးကို အနမ်းမိုးလေးတွေ ရွာချလိုက်ပြန်ပြီလေ။

"ဟေး… ဟေး… "

"ရဟတ်ပေါ်မှာ ရပ်ရှင်ရိုက်နေတယ်ဟေ့"

"အရမ်းလိုက်တဲ့ စုံတွဲလေးကွာ"

"အို… "

ရဟတ်ကြီးကလည်း ရပ်သွားပြီ။

အရှက်မျက်နှာကလေးကလည်း ရဲပြီးရင်း ရဲသွားရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး… "

ခေါင်းကလေးဖော်ပြီး မျက်တောင်လေးတွေကို ဖွင့်ကြည့်လိုက်တော့ ဟိုးအပေါ်ဆုံးထိပ်မှာ ရဟတ်ကြီးက ရပ်နေတော့တာလေ။ သူမ အသည်းလေး အေးသွားရသလို ကိုကလည်း တအားဖက်ထားတာလေးကို မလွှတ်ပေးတာမို့

"အို… လွှတ်… လွှတ်နော်၊ ဟိုမှာ အောက်ကလူတွေ ဝိုင်းကြည့်ကုန်ပြီ"

"ကြည့်ပစေ… ဘာဖြစ်လဲ၊ ကိုယ့်ချစ်သူလေးကို ကိုယ်သိပ်ချစ်လို့ ဖက်တာပေါ့၊ ဟွန်း… တစ်သက်နဲ့တစ်ကိုယ် ဒီလိုနေရာမျိုးလေးမှာ မဖက်ဘူးတော့ ရင်လည်းခုန်တယ်၊ ပျော်လည်းပျော်တယ်၊ မုန်းကရော ကိုယ့်လိုပဲ ပျော်ရဲ့လား"

"ပျော်… ပျော်ပါတယ်"

"ဟင်… မုန်း ကိုယ့်မျက်နှာကို ရဲရဲကြည့်လေ၊ ဘာဖြစ်လို့ ခေါင်းလေးကို ပြန်ငုံ့လိုက်ရတာတုန်းဗျာ"

အို…

မချင့်မရဲဖြစ်သွားတဲ့ အသံလေးနဲ့ အားမလို အားမရလေး ဖြစ်ကာ သူမရဲ့ အရှက်သည်းနေတဲ့ မျက်နှာလေးကို အတင်းပြန်မော့အောင် လုပ်နေတော့ သူမလေးကလည်း စိတ်ကလေးကို ရအောင်ထိန်းကာ –





"ကို… ကိုကမှ ကျွန်မကို ခုထိမလွှတ်သေးတာ၊ ကျွန်မ… ကျွန်မ… "

"အမလေးနော်၊ ခုမှပဲ ရှက်တတ်နေလိုက်တာ၊ ဟင်း… လူတွေရှေ့မှာမို့လို့ပေါ့ဗျာ"

ကိုက မလွှတ်ချင်လွှတ်ချင်နဲ့ ပခုံးလေးပေါ်ကနေ ဖြစ်ညှစ်ပြီး သိုင်းဖက်ထားတာလေးကို လွှတ်လိုက်ပေမယ့် သူမရဲ့ လက်ဖဝါးလေးကိုတော့ သူ့ရဲ့ လက်ကလေးနှစ်ဖက်နဲ့ စကိုင်လိုက်ပြီး မေးဖျားလေးမှာ စုထောက်လိုက်ကာ သူမရဲ့ လက်ဖမိုးလေးကို နှုတ်ခမ်းလေးနဲ့ထိကာ နမ်းလေတော့ သူမလေးရင်မှာ ငြိမ့်ငြိမ့်လေးနဲ့ ကို့ကိုလည်း မြတ်နိုးမဆုံးအောင် ချစ်သွားရပါပြီ။

"မုန်းရယ်၊ မုန်း အခုဝတ်လာတဲ့ ဝတ်စုံလေးကလည်း မုန်းနဲ့ အရမ်းလိုက်ဖက်တာပဲနော်၊ မုန်းရာ ကိုယ့်ဆီကိုလာတိုင်း အဲလို ရိုးရိုးလေးနဲ့ ယဉ်ယဉ်လေး လှတဲ့ဝတ်စုံလေးတွေကိုပဲ ဝတ်ပါကွာ၊ ပြီးတော့ အိမ်မှာ စေ့စပ်တဲ့ညကျရင် မုန်းနဲ့ကိုယ်နဲ့ စတွေ့တဲ့ညက မုန်းဝတ်လာခဲ့ ကော်ဖီရောင် ဝမ်းဆက်လေးကိုပဲ ဝတ်နော်"

"ကျွန်မ… ကျွန်မ… "

"မုန်းရယ်၊ မုန်း စကားပြောတာ အသံလေးတွေ တုန်နေသလိုပဲ၊ မုန်း အခုထိ ရှက်နေတုန်းပဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ငိုချင်တယ် ကိုရယ်"

"ဟောဗျာ... "

"အဟင့်... ဟင့်... "

"ဟာ... မုန်း တကယ်ငိုတယ်"

ရဲရဲမုန်း ဘယ်လိုမှ စိတ်ကို ထိန်းချုပ်မထားနိုင်တော့ပါ။ ချစ်ရသူရဲ့ မြတ်နိုးစွဲလမ်းမှုလေးတွေကို ခွဲခြားသိလာရတော့ ရင်ထဲမှာ တအားလှိုက်ဖြာပြီး စိတ်ထိခိုက်ကာ ငိုချလိုက်မိခြင်း ရယ်ပါ။

ကိုကတော့ မသိပါ။

ကြောင်ငေးနေတဲ့ မျက်ဝန်းကလေးတွေနဲ့ ချစ်ရသူလေးကို စိုက်ကြည့်ရင်း နားလည်ရခက်သွားခဲ့သည်။

"ကျွန်မ... ကျွန်မ သွားတော့မယ်"

"ဟင်... "

ရဟတ်ထိုင်ခုံလေး မြေပြင်ကိုရောက်တာနဲ့ လှည့်ထွက်သွားဖို့ ကြိုးစားလိုက်တာ ရဲရဲမုန်း။

"ကိုယ်လိုက်ပို့မယ်လေ"

"ဟာ... မပို့ပါနဲ့"

အေးအေးက ပြုံးပြုံးလေးပဲ ကြည့်နေမိ၏။

အစ်ကိုလေး လူမှားနေပြီဆိုတာ အေးအေးက သိနေပြီလေ။





မမကြီးက အစ်ကိုလေးကို အလိုက်အထိုက်လေး ဆက်ဆံလိုက်ပြီဆိုတာ အေးအေး နားလည်နေသည်။

ဟွန်း... ပြောပြချင်လိုက်တာ ပါးစပ်ကို ယားနေတာပဲ။

အင်းလေ...

ဒီလို လူမှားတယ်ဆိုတာ အမြဲတမ်း ဘယ်လောက် မှားနိုင်မှာလဲ။ တစ်နေ့ကျရင် အစ်ကိုလေး သိသွားမှာပဲ။ သိသွားတဲ့နေ့မှာ အစ်ကိုလေး အရှမ်းကို ခံစားသွားရတော့မှာ။ အစ်ကိုလေး တကယ်ချစ်တာ မမကြီး ရဲရဲမုန်းကို ချစ်တာလေ။ အိမ်ရှေ့အထိ တောင် ကားကြီးနဲ့လိုက်လာပြီး အေးအေးကို လာမေးဖူးတဲ့ဥစ္စာ။ မမလေး ရဲရဲချစ်က မမကြီး အင်္ကျီအဝတ်အစားတွေ ခိုးခိုးပြီးဝတ်သွားလို့ အစ်ကိုလေးက မမကြီးထင်ပြီး မမလေးနဲ့ ကြိုက်သွားတာ။

မမလေး မတရားပါဘူး။

ဟင်း ... အေးအေးကတော့ အစ်ကိုလေးကို မမကြီးနဲ့ပဲ သဘောတူတယ်။ မမကြီးက အရှမ်းအေးပြီး ရိုးတာလေ။

အခုလည်း ...

အစ်ကိုလေးကို ထားခဲ့ပြီး မမကြီး အတင်းထွက်လာခဲ့ပြီ။

"အဟင့် ... ဟင့် ..."

အငှားကားလေးပေါ်ရောက်တော့ မမကြီး ငိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးအေးကလည်း ဘယ်လိုချော့ရမှန်း မသိပါ။

အိမ်ရောက်တော့ မသက်ာတဲ့ မျက်လုံးတွေနဲ့ မမကြီးကို စောင့်ကြည့်နေတဲ့ မမလေး။

"အခုပဲ ကိုဆီက ဖုန်းလာသွားတယ်"

"ဟင် ..."

ရဲရဲမှန်း ရင်ထိတ်သွားရပြီ။

"နင် တော်တော်သွက်နေတယ်ပေါ့လေ ရဲရဲမှန်း"

"ငါ ... ငါ ..."

"ငါ့မှာတော့လေ မိသွားမှာစိုးလို့ ဖုန်းထဲကနေ မနည်းလိမ်လိုက်ရတာ၊ ကိုပြောတဲ့စကားကို သံယောင်လိုက်ပြီး မြို့ထဲက အခုပဲ ပြန်ရောက်လာသလိုလို ဟန်ဆောင်လိုက်ရတာ၊ နင်က ... နင်က ငါ့ကွယ်ရာမှာ ငါ့ကို ဖော်ကောင်လုပ်ချင်နေတာပေါ့လေ"

မကျေမနပ်ဖြစ်နေတာက ရဲရဲချစ်။

ကို ဖုန်းဆက်တော့ ရဲရဲချစ် ကြောင်နေသေးသည်။ ရုတ်တရက် ကို ဘာကိုပြောနေမှန်း နားမလည်အောင် ဖြစ်သွားရတာလေ။ နောက်မှ ရဲရဲမှန်းနဲ့ တွေ့သွားပြီဆိုတာ သဘောပေါက်လိုက်တာနဲ့ ကို့စကားကို ဖော်လိုလိုက်ပြီး အင်းအဲနဲ့ပဲ ဖုန်းကလေးကို ချပစ်လိုက်ရတာ။

လူမှားနေတာ ကို မရိပ်မိသွားလို့ တော်သေးတာပေါ့။





"ငါ ... ငါ မတော်တဆ တွေ့ ... တွေ့သွားလို့ ဟန်ဆောင် ဟန်ဆောင်လိုက်တာပါ ရဲရဲချစ်ရယ်"

"ဟား ... ဟား ... နင်ပြောတာ ငါမယုံဘူး ရဲရဲမှန်း"

"သူ ... သူသိသွားမှာစိုးလို့ ငါလေ ... အဟင့် ... ဟင့်"

ရဲရဲမှန်း ဆက်ပြီး ရှင်းမပြနိုင်တော့ပါ။

ရှိုက်ငိုနေရင်းနဲ့ပဲ အပေါ်ထပ်အခန်းလေးရှိရာကို ပြေးတက်လာခဲ့ရပြီလေ။ ပြီးတော့ ရဲရဲချစ် မတရားစွပ်စွဲနေမှာကို ကြောက်ပြီး တံခါးဂျက်ကလေးကို ထိုးထားလိုက်မိသည်။

"ဟဲ့ ... အေးအေး"

"ရှင် ... မမလေး"

"သူတို့တွေ့ပြီး ဘာတွေလုပ်ကြလဲ၊ နင် ... နင် ငါ့ကို မလိမ်နဲ့နော်"

"ဟို ... ဟိုလေ အစ်ကို ... အစ်ကိုလေးကိုတွေ့တော့ မမကြီးက ထွက်ပြေးတာ"

"ဟင် ..."

"အဲဒါ ... အဲဒါ ..."

အေးအေး ဆက်လည်းမပြောရဲပါ။

လိမ်လည်း မလိမ်ရဲပါ။ အဲ ... မပြောလို့ကလည်း မဖြစ်ပြန်။ မမလေးက ဂျောင်ပိတ်ပြီးတော့ကို အတင်းမေးနေတော့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အစ်ကိုလေးကလည်း အိမ်ကိုစိတ်ပူပြီး ဖုန်းဆက်ထားတယ်ဆိုတော့ အဖြစ်မှန်တွေကို မမလေး သိထားလောက်ပြီပေါ့။

"ဟဲ့ ... မြန်မြန်ဖြေလေ၊ ဘာ အထစ်အထစ် လုပ်နေတာလဲ"

"ဟို ... ဟို ထွက်ပြေးရင်းနဲ့ မြကျွန်းသားထဲ ရောက်သွားတာ၊ အဲဒါ ... အဲဒါ ပြေးလို့မလွတ်တော့တာနဲ့ ချား ... ချားရဟတ်ကြီးပေါ် တက်ထိုင် ..."

"ငါသိပြီ၊ ဆက်မပြောနဲ့တော့"

ရဲရဲချစ် ဒေါသတွေက အကြီးအကျယ် ပေါက်ကွဲသွားရပြီ။

အဲဒါ ရဲရဲမှန်း အစစ်မှန်း ကို မသိလိုက်လို့။

ရဲရဲချစ်ကလည်း သူပါဆိုပြီး ကို့ကို ခပ်တည်တည် လိမ်လိုက်လို့။ သိသွားလို့ကတော့ ...

ကိုက သူ့ရဲ့ ကော်ဖီရောင်မလေး ရဲရဲမှန်းကိုပဲ အရှုံးအမှုးဖြစ်သွားတော့မှာ။

အခု ...

အရေးကြီးနေတာက ရဲရဲမှန်း။

ချားရဟတ်ကြီးပေါ်မှာ သူတို့ ဘာတွေဖြစ်ခဲ့ကြသလဲ။

ဘယ်လောက်ထိတောင် ပူးပူးကပ်ကပ် စီးခဲ့ကြပြီလဲ။

ဟွန်း ...

ဒီအတိုင်း ဆက်ထားလို့ကတော့ ဖြစ်မှာမဟုတ်တော့ဘူး။





ကို့ကို အမြန်ဆုံး လက်ထပ်နိုင်မှ ဖြစ်တော့မယ်။

ကို့ကို အမြန်ဆုံး လက်ထပ်ရမယ်။

သဝန်တိုတဲ့စိတ်ကလေးနဲ့ သူမရဲ့ နှုတ်ခမ်းကလေးကိုပဲ ရဲရဲချစ် ဖိကိုက်ထားလိုက်မိရပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်ခြောက်)

"မေမေရေ ... မေမေတော့ပွပြီ"

"ဘာ ..."

"ကိုက တိုက်တစ်လုံး၊ ကားတစ်စီး၊ စိန်တစ်ဆင်စာနဲ့ တင်တောင်းတော့မှာ မေမေရ၊ ဟား ... ဟား ... မေမေတော့ အရမ်းချမ်းသာပြီ၊ မေမေ့ကို နောက်ဆုံးပေါ် ကားသစ်ကြီးနဲ့ မြန်မာပြည်က ဘုရားတွေစုံအောင် သမီးက လိုက်ပို့ဦးမှာ၊ ပြီးတော့ လက်ဖွဲ့ရမယ့် တိုက်သစ်ကြီးရဲ့ အိမ်ဦးခန်းမှာလည်း တင်ထားပြီးတော့ ကျွေးဦးမှာ၊ ဟား ... ဟား ... ထောပြီကွ၊ ထောပြီ"

ရဲရဲချစ် ...

ကို့ဆီက ဖုန်းလာပြီးပြီးချင်း အူကလေးမြူးကာ အနားမှာရှိနေတဲ့ မေမေ့ကို တအားဖက်ပြီး ကြွားပစ်လိုက်သည်။ မနက်ဖြန်ဆိုရင်ပဲ ကို့ဖက်ကလူကြီးတွေ အိမ်ကို ရောက်လာတော့မှာလေ။





"ဒုက္ခပဲ ... ဒုက္ခပဲ၊ သူတို့က တိုက်တွေ၊ ကားတွေနဲ့ တင်တောင်းတာ အကြောင်းမဟုတ်ဘူး၊ အိမ်သန့်ရှင်းရေး မလုပ်ရသေးတာခက်တယ်၊ ဟဲ့ ... အေးအေးရေ"

ဒေါ်မြသွေးချယ် ပျာယာခတ်ရပြီ။

"ရှင် ... မေမေကြီး"

"ဟဲ့ ... ရဲရဲမုန်းကိုခေါ်ပြီး တစ်အိမ်လုံးကို ရှင်းထားကြစမ်း၊ ငါနဲ့ ရဲရဲချစ် မြို့ထဲပြေးပြီး ကိတ်နဲ့ အချိုရည်ဗူးတွေ ပြေးဝယ်လိုက်ဦးမယ်"

"စိတ်ချပါ မေမေကြီး၊ အေးအေးတို့ ရှင်းထားလိုက်ပါ့မယ်"

"ရဲရဲချစ် ... ညည်းက ငါနဲ့လိုက်ခဲ့"

မေမေနဲ့ လိုက်ရမယ်ဆိုတော့ ရဲရဲချစ်ကလည်း အိမ်အပေါ်ထပ်ကို ပြေးတက်ပြီး ရဲရဲမုန်းကို မှာရပြီပေါ့။

"နင်နော် အိမ်ရှေ့ခြံထဲမှာ ကားရပ်သံကြားတာနဲ့ အိမ်ထဲမှာ ပုန်းနေရမယ်၊ လုံးဝထွက်တွေ့စရာမလိုဘူး၊ ကိုနဲ့ ငါနဲ့ လက်ထပ်ခါနီးမှာ နင့်ကြောင့် ပျက်ရတာမဖြစ်စေနဲ့၊ နင့်ကို ရဲရဲမုန်းအစစ်မှန်း ကို သိသွားလို့မဖြစ်ဘူး၊ နင် ... နင် ငါပြောတာကြားတယ်နော် ရဲရဲမုန်း"

"ကြားပါတယ် ရဲရဲချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... နင့်ကိုကြည့်လိုက်ရင် အမြဲငိုထားသလိုပဲ၊ အဟက် ... ဟက် ... လုပ်မနေနဲ့၊ နင်က ကံဇာတာကောင်းတဲ့ မိန်းမမဟုတ်ဘူး၊ ငါက ကံဇာတာကောင်းတဲ့မိန်းမ၊ ကို ... ကိုကလေ တိုက်တစ်လုံး၊ ကားတစ်စီး၊ စိန်တစ်ဆင်ဆာနဲ့ တင်တောင်းမှာတဲ့ဟ၊ ဟား ... ဟား ... နင် ငါ့လို ကံကောင်းပါစေဟာ"

အထက်စီးကနေ ဂုဏ်ယူဝင့်ကြွားစွာပြောပြီး အပြင်ကို ပြန်ထွက်သွားတဲ့ ရဲရဲချစ်။ အောင်မြင်တဲ့ အပြုံးတွေက သူမရဲ့ နှုတ်ခမ်းဖူးဖူးလေးပေါ်မှာ မခံချင်စရာကောင်းလောက်အောင် တွဲခိုလို့။

ငယ်ငယ်လေးကတည်းက သူမကို အမြဲအနိုင်ကျင့်လာခဲ့တဲ့ ရဲရဲချစ်။

နောက်ဆုံးမှာတော့ မျက်ရည်လေးတွေဝဲပြီး သူမ အရှုံးပေးလာခဲ့ရတာပါ။

"အဟင့် ... ဟင့် ..."

"မငိုပါနဲ့ မမကြီးရယ်၊ မမကြီးငိုရင် အေးအေးလည်း စိတ်မကောင်းဘူး သိလား၊ ပေး ... ပေး ... မမကြီးလက်ထဲက ကြမ်းတိုက်ဝတ်လေး အေးအေးကိုပေး၊ အေးအေးပဲ ပြောင်အောင် ဆက်တိုက်မယ်"





အေးအေးက သူမလက်ထဲက ကြမ်းတိုက်အဝတ်ကလေးကို အတင်းဆွဲလုနေ၏။

"ပေးပါ မမကြီးရဲ့"

"ရပါတယ် အေးအေးရယ်၊ အေးအေးပဲ ညေ့ခန်းလေးတစ်ဝိုက်ကို ရှင်းလိုက်နော်၊ မမကြီး ဒီနေရာလေးကို ပြီးအောင် ဆက်တိုက်လိုက်ပါ့မယ်"

"အဲဒါဆို မမကြီး မငိုနဲ့"

"အင်း ... အင်းပါ"

အေးအေးရဲ့ အပြစ်မဲ့တဲ့ မျက်ဝန်းလေးတွေထဲမှာ စာနာမှုနဲ့ ကရုဏာတရားလေးတွေက ထင်ရှားစွာ အရောင်တွေ တဖျတ်ဖျတ် လက်လို့။

"လာတောင်းမယ့်သူတွေက အရမ်းချမ်းသာတဲ့လူတွေဆိုတော့ အေးအေးတို့ အိမ်ကလေးက နည်းနည်းလေးတော့ သပ်ရပ်နေမှဖြစ်မှာနော် မမကြီး၊ တော်ကြာ အထင်သေးသွားရင်"

"တီ ... တီ ..."

"ဟာ ... မမကြီး ဟို ... ဟိုမှာ အစ်ကိုလေးလာပြီ"

"ဘာ ..."

ဝုန်းခနဲ ထရပ်လိုက်တာ ရဲရဲမုန်း။

အိမ်ရှေ့ခန်းလေးမှာ သူမနေလို့ မဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ ..."

"ပြေး ... ပြေး မမကြီးပြေးတော့"

"အဟင့် ... ဟင့်"

နောက်ဖေးခန်းကလေးထဲကို သူမ အသည်းအသန် ပြေးခဲ့ရပြီ။ ပြေးရင်းနဲ့ နောက်ဖေးက စတိုခန်းကလေးထဲမှာ ဝင်ပုန်းလိုက်သည်။

"ဟင် ... တစ်ယောက်မှလည်း မရှိကြပါလား"

သူ ...

လက်ထဲမှာ ပစ္စည်းတွေ တပွေ့တပိုက်နှင့်။

"ဟာ ... အစ်ကိုလေး"

"ဩော် ... အေးအေး၊ နင်တစ်ယောက်တည်းလား"

သူ အေးအေးကို ဧည့်ခန်းထဲဝင်လာတော့မှ တွေ့သွားသည်။ အေးအေးတစ်ယောက်တည်း ကြက်မွေးလေးကိုင်ပြီး သန့်ရှင်းရေးတွေလုပ်လို့။

"အားလုံး မြို့ထဲသွားကြတယ်လေ"

"ဟင် ... ဘာသွားလုပ်တာလဲ၊ အပျင်းပြေ ရဟတ်လျှောက်စီးကြပြန်ပြီလား"

သူ ...

မနေ့က အဖြစ်ကလေးကို သတိရစွာနဲ့ ကြည်နူးစွာပြုံးရင်း





မေးလိုက်မိ၏။

"ဟဲ ... ဟဲ ... မဟုတ်ပါဘူး အစ်ကိုလေးရာ၊ မနက်ဖြန် လူကြီးတွေလာရင် ဧည့်ခံလို့ရအောင် မေမေကြီးနဲ့ မမလေးရဲရဲ အဲ ... အဲ ... မမလေး ရဲရဲမှုန်း စားစရာ သောက်စရာတွေ ထွက်ဝယ်ကြတာ"

"ဟာ ... အစ်ကိုလေးက ဒီမှာဝယ်လာတာလေ"

"ဟယ် ... အများကြီး ပေး ... ပေး အစ်ကိုလေး အေးအေး ကူသယ်ပေးမယ်"

"ရော့ ... အေးအေးက တစ်ဝက်ကိုင်၊ အစ်ကိုလေးက တစ်ဝက်ကိုင်ပြီး နောက်ဖေးခန်းမှာ သွားထားမယ်"

ပြောလည်းပြော နောက်ဖေးခန်းထဲ တောက်လျှောက်ဝင်သွားဖို့ကိုလည်း အစ်ကိုလေးက ခြေလှမ်းပြင်နေပြီ။

"ဒုက္ခပါပဲ"

အေးအေး စိတ်ပူသွားရ၏။

မမကြီးက သူ့ကိုမမြင်အောင် နောက်ဖေးခန်းမှာ ဝင်ပုန်းနေတာလေ။ တွေ့သွားတော့ ဘယ်လိုလုပ်မလဲ။ တွေ့ရင် မမလေးထင်ပြီး အစ်ကိုလေးက ချားရဟတ်ပေါ်မှာလို တအားဖက်နေဦးမှာ။ ပြီးတော့လည်း မမကြီးက မမလေးလို ယောကျ်ားလေးတွေနဲ့ ထိတွေ့ဆက်ဆံဖူးတဲ့ အတွေ့အကြုံ ရှိတာမဟုတ်။ မမကြီး



www.burmeseclassic.com

www.burmeseclassic.com



အသည်းက နုနုလေးရယ်။

ကြာရင် ခက်ရချည်ရဲ့။

ကြောက်ကြောက်နဲ့ပဲ နောက်ဖေးမီးဖိုခန်းဆီကို ပစ္စည်းထုတ်တွေမရင်း အစ်ကိုလေးနဲ့အသွား

"အဟင့် ... ဟင့်"

"ဟာ ..."

သူ့ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားရပြီပေါ့။

သူ မမျှော်လင့်ဘဲ ကြားလိုက်ရတာ သူဖြတ်သွားတဲ့ ဘေးခန်းလေးဆီက ကြားလိုက်ရတဲ့ ရှိုက်သံသဲ့သဲ့လေး။ တဟင့်ဟင့်နဲ့ ငိုကြွေးနေတဲ့ အသံတိုးတိုးလေး။

"ဒီ ... ဒီအခန်းထဲမှာ ဘယ်သူ ... ဘယ်သူငိုနေတာလဲ အေးအေး၊ စောစောက ငိုနေတဲ့အသံလေးကို အစ်ကိုလေး ကြားလိုက်တယ် သိလား"

"ရှင် ..."

"ဘယ်သူလဲဆိုတာ အစ်ကိုလေးကိုပြောစမ်း"

အေးအေး မျက်လုံးပြူးရပြီ။

အေးအေး အသက်ရှူမှားသွားရပြီ။

"ဟို ... ဟို ... အိမ် ... အိမ်ကို အသစ်ရောက်လာတဲ့ အိမ်ဖော် ... အိမ်ဖော်မလေး ငိုနေတာပါ အစ်ကိုလေးရာ၊ မေ ... မေမေကြီးက





ဆူသွားလို့"

"ဟင် ... အိမ်ဖော်မလေး ဟုတ်လား"

"ဟုတ်တယ် အစ်ကိုလေး၊ ဟုတ်တယ် ... ဟုတ်တယ်"

"ဟာ ... သနားဖို့ကောင်းလိုက်တာ၊ ရော့ ... ရော့ ... ဒီမှာ အစ်ကိုလေး ချောကလက်တွေ ဝယ်လာတယ်၊ ယူပြီးသွားကျွေးလိုက်"

"ဟင် ..."

တော်ပါသေးရဲ့။

အေးအေးကို သွားကျွေးခိုင်းနေလို့ အစ်ကိုလေးကိုယ်တိုင် အခန်းထဲကို စွတ်ခနဲဝင်ပြီး သွားမကျွေးတာကံကောင်း။ ဟွန်း ... သွားကျွေးလို့ကတော့ ဖြစ်ချင်ရာဖြစ် ဟိုအပေါက်ကနေ အေးအေးတို့ကတော့ ချောင်းပြီးသားပဲ။

ဟား ... ဟား ...

အခုမှ စိတ်ထဲပေါ့သွားပြီး ရင်ထဲကနေပဲ အေးအေးရယ်လိုက်မိသည်။ မလွယ်ပါလား မမကြီးရယ်။ မမကြီးတို့ ဇာတ်လမ်းလေးက ရင်တွေ တထိတ်ထိတ်နဲ့ သိပ်ကိုကြေကွဲရတဲ့ ဇာတ်လမ်းလေးပဲနော်။

"ကျွေးလိုက်ပြီလား"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့လို့ ပြောလိုက်နော် အေးအေး၊ နောက်ဖေးမှာ ချော ကလက်တွေ အများကြီးကျန်သေးတယ်လို့ ဟင်း ...ဟင်း ..."

သဘောကောင်းပြီး စိတ်ထားဖြူစင်တဲ့ အစ်ကိုလေးက အိမ်ဖော်မလေးကို သနားနေသည်။ တကယ်လို့သာ ငိုနေတဲ့ ကောင်မလေးဟာ အေးအေးပြောသလို အိမ်ဖော်မလေး မဟုတ်ဘဲ အစ်ကိုလေးကို ဘယ်သူမှမသိအောင် တိတ်တိတ်လေး ခိုးချစ်နေ တဲ့ ကော်ဖီရောင်မလေး ရဲရဲမှန်းအစစ်ဆိုတာ အစ်ကိုလေး သိများ သိလိုက်ရင်တော့လား။

ဟွန်း ...

ဒီပွဲရဲ့အပြေက ပြောင်းပြန်တွေ ဖြစ်ကုန်မှာသေချာတယ်။

အင်းလေ ...

အဲဒီလို ဖြစ်ပါစေလို့ပဲ အေးအေးကတော့ ဆုတောင်းနေရ တော့မှာပေါ့လေ။ ဒါပေမဲ့ မမကြီးရယ် အေးအေး ဘယ်လောက်ပဲ ဆုတောင်းဆုတောင်း မနက်ဖြန်ဆိုရင်တောင် အစ်ကိုလေးနဲ့ မမလေးတို့က လူကြီးစုံရာရှေ့မှာ တရားဝင် စေ့စပ်ကြတော့မှာ မဟုတ်လား။ အချိန်က နှောင်းနေပါပြီ။ အရာရာဟာ နောက်ကျ သွားခဲ့ပါပြီ မမကြီးရယ်။

အစ်ကိုလေး ပြန်သွားတော့မှ မမလေးတို့ ပြန်ရောက်လာ ကြ၏။





အစ်ကိုလေး လာသွားတယ်ပြောတော့ မမလေး မျက်လုံး ပြူးသွားသည်။

"ဟင် ...သူ ...သူနဲ့ ရဲရဲမှန်း တွေ့သွားသေးလား"

"မတွေ့ပါဘူး မမလေးရယ်၊ အစ်ကိုလေးလာတာ မြင် တာနဲ့ မမကြီးက နောက်ဖေးက စတိုခန်းလေးထဲမှာ ဝင်ပုန်းနေ တာလေ"

"ဟူး ...မောလိုက်တာနော်"

"ဟဲ့ ...နင်တို့နှစ်ယောက် တိုးတိုးတိုးတိုးနဲ့ ဘာတွေပြော နေကြတာလဲ"

မေမေကြီးကမြင်တော့ မေးပြီ။

"ဘာ ...ဘာမှမဟုတ်ပါဘူး မေမေကြီး၊ ဟို ...ဟို အစ်ကို လေး လာသွားတာကို မမလေးက မေးနေလို့"

"မေးတာနောက်မှမေး၊ အရေးကြီးတာ မနက်ဖြန်အတွက် ဒီညတစ်ညလုံး တို့အိမ်လေးကို လှအောင်ဆင်ရမယ်၊ မောင်ကြယ် စင်သာတို့ဖက်က လာမယ့်အသိုင်းအဝိုင်းတွေက အားလုံး ဒိတ် ဒိတ်ကြီးတွေ"

"ဟာ ...မေမေကြီးကလည်း အစ်ကိုလေးက အဲဒါကိုသိလို့ ကြိုတင်ပြင်ဆင်လို့ ရအောင်ဆိုပြီး ပစ္စည်းတွေအများကြီး ယူလာ ပေးတာလေ၊ ဟိုမှာ အထုပ်လိုက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာတွေလဲ"

ကို လာပေးတာဆိုတော့ ရဲရဲချစ် စိတ်ဝင်စားသွားသည်။ အထုပ်ကြီးကို ချက်ချင်း ဖွင့်ကြည့်လိုက်တော့ ...

"အမလေး ..."

အထုပ်ထဲက ထွက်လာတဲ့ ပစ္စည်းတွေကိုကြည့်ပြီး သူမ ရင်ထဲ မနာလိုစွာ စူးခနဲ အောင့်တက်သွားရသည်။

"ဟယ် ... လှလိုက်တာ ကြည့်စမ်း၊ လိုက်ကာလေးတွေ၊ စားပွဲခင်းလေးတွေ၊ အပူအအေးထည့်မယ့် ဖန်ခွက်ကလေးတွေက အစ ကော်ဖီရောင်လေးတွေချည်းပဲ၊ မောင်ကြယ်စင်သာရယ် မင်း စိတ်ကူးလေးကိုတော့ အန်တီ အရမ်းပဲ သဘောကျသွားရပြီ၊ လှလိုက်တဲ့ စိတ်ကူးလေး၊ ကဗျာဆန်လိုက်တဲ့ စိတ်ကူးလေး၊ ဟင်း ... ဟင်း ... ကြည့်ပါဦး အေးအေးရယ်၊ စီးကရက်ပြာခွက်ကလေးကအစ ကော်ဖီရောင် ပြာခွက်လှလှလေးနော်"

"ဟုတ်တယ် မေမေကြီးရာ၊ အရမ်းလှတာပဲ"

"ဒေါက် ..."

သွားပြီ။

အေးအေးရဲ့ ငယ်ထိပ်လေးကို မမလေးက ဒေါက်ခနဲနေ အောင် ခေါက်ထည့်လိုက်ပြီ။

"အား ... နာပါတယ် မမလေးရဲ့"





"နင် ... နင် ဘာမှမသိဘဲနဲ့ ဝင်ဝင်ပြောမနေနဲ့ အေးအေး၊ အဲဒီအရောင်ကို ငါအရမ်းမုန်းတယ်၊ ဟောဒီကမ္ဘာလောကကြီး တစ်ခုလုံးထဲမှာ ငါမကြိုက်ဆုံးအရောင်ဟာ အဲဒီအရောင်၊ မသုံးနဲ့၊ အားလုံးစုပြီး နောက်ဖေးက အမှိုက်ပုံးထဲ ပစ်ထည့်လိုက်"

"ဟင် ..."

"ကဲဟာ ... ရှုပ်ပါတယ်၊ အကုန်လုံး ခွဲပစ်လိုက်တာ အေး တယ်"

"ဟဲ့ ... သမီးငယ် နေ့နောက်ဆုတ်စမ်း"

မေမေ ... သူမရှေ့က ပိတ်ကာထားသည်။

ဒါတောင် လက်သွက်လက်မြန်လွန်းတဲ့ သူမကြောင့် ကော်ဖီရောင် အပွင့်ကလေးတွေပါတဲ့ ဖန်ခွက်တစ်လုံး ခွမ်းခနဲ ကြမ်းပြင်နဲ့ထိကာ ကျကွဲသွား၏။

"ဟဲ့ ... ဟဲ့ ... အို ... ဒုက္ခပါပဲ၊ ညည်း ... ညည်း ..."

"သမီး ... သမီးမှ အဲဒီအရောင်ကို မကြိုက်တာ"

အသံတွေကြားလို့ အပေါ်ထပ်ကနေ ပြေးဆင်းလာတဲ့ ရဲရဲမုန်း။

"အို ..."

သူမကို ချာခနဲ လှည့်ကြည့်လိုက်တဲ့ ရဲရဲချစ်ရဲ့ မျက်ဝန်း တွေထဲမှာ အမုန်းတွေ၊ ဝန်တိုမှုတွေနဲ့ လက်လက်ထလို့။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်လေးထက်မှာတော့ ကော်ဖီရောင် ဖန်ခွက်ကလေးက တစ်စစီ ကျကွဲလို့နေခဲ့ရပြီလေ။

●



## အခန်း (တစ်ဆယ့်ခုနစ်)

"ဟဲလို ... ချစ်လား"

"ဟင် ... ရှင်ဘယ်သူလဲ"

"ငါပါ ဝဏ္ဏထွန်းပါ"

"ဩော် ... ဝဏ္ဏထွန်း၊ ကဲ ... ပြော နင်ဘာပြောမှာလဲ"

"နင် ဒီမနက်ဘဲ စေ့စပ်တော့မယ်ဆို"

"ဟုတ်တယ်"

ရဲရဲချစ် ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေလိုက်သည်။

"ဟား ... ဟား ... ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်နဲ့ စေ့စပ်ရမယ့်ပွဲကို နင်ဒီလို လွယ်လွယ်လေး လုပ်လို့ရမှာတဲ့လား ရဲရဲချစ်ရဲ့၊ နင့်အသည်းခွဲခဲ့တဲ့ ယောကျ်ားလေးတွေ အားလုံးက နင့်ကို ပြန်ပြီး အသည်းခွဲဖို့ စောင့်နေကြတာ နင် နည်းနည်းလေးမှ ထည့်မတွက်တော့ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ် ဝဏ္ဏာထွန်း"

"စွဲမက်စရာကောင်းတဲ့ နင့်အလှတွေဗန်းပြ၊ နင့်ကို ချစ်ရေးဆိုမိတဲ့ ယောက်ျားလေးတွေကို ကြည့်လို့မရလို့ဆိုပြီး အလကားနေရင်း ချစ်ဟန်ဆောင်ပြီးတော့မှ တစ်ယောက်ပြီးတစ်ယောက်ကို အသည်းတွေခွဲ၊ အဲဒါတွေ နင်လုပ်ခဲ့တာလေ"

"နင် အပိုတွေ ဘာမှလာပြောမနေနဲ့ ဝဏ္ဏာထွန်း၊ ငါ့မှာ နင်နဲ့ ပြောဖို့အချိန်မရှိဘူး"

"ဒီမှာ ရဲရဲချစ်"

"ဘာလဲ"

"အခု နင်နဲ့ စေ့စပ်မယ့်လူကိုကျတော့ နင်ဘာဖြစ်လို့ အသည်းမခွဲတော့တာလဲ၊ လက်ထပ်ဖို့အထိ နင်ဘာဖြစ်လို့ ခေါင်းညိတ်လိုက်ရတာလဲ၊ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်မို့ မျက်စိစုံမှိတ်ပြီး နင်ချစ်ပစ်လိုက်တာလား၊ ငွေမမက်ပါနဲ့ ရဲရဲချစ်ရယ်"

"ဝဏ္ဏာထွန်းနော်၊ နင်စကားပြောတာ မစော်ကားနဲ့နော်"

ရဲရဲချစ် အသံကလေးက ဒေါသကလေးစွက်ပြီး ဖုန်းကလေးထဲကို လှိုက်လှိုက်တုန်တုန်ကလေး ရောက်သွားသည်။

"နင့်ကို နောက်ဆုံးတစ်ခုတော့ ငါပြောလိုက်မယ် ရဲရဲချစ်၊ နင့်ကြောင့် ငါရယ်၊ နန္ဒရယ်၊ အာကာယံရယ် အသည်းကွဲခဲ့ရသလို နင်လည်း ငါတို့လို အသည်းပြန်ကွဲစေရမယ်၊ နင်ဟားတိုက်





ရယ်ခဲ့ဖူးတဲ့ နင့်ရဲ့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ နင်အခုပြန်ပြီး ငိုကြွေးစေရမယ်၊ အခု နင့်ယောက်ျားမလောင်းတွေဆီကို ငါတို့ဖုန်းဆက်ဖို့ အဆင်သင့်ဖြစ်နေပြီ ဟား ... ဟား ..."

"ဟာ ... ဝဏ္ဏာထွန်း နင်တို့မဆက်နဲ့နော်၊ ဒီနေ့ပဲ ကိုနဲ့ ငါ စေ့စပ်တော့မှာနော်"

"ဝဏ္ဏာထွန်း"

"ဝဏ္ဏာထွန်း"

"ဟဲလို ... ဟဲလို ..."

"တောက် ... သွားပြီ၊ ဖုန်းချသွားပြီ"

ရဲရဲချစ် ဘာမှမတတ်နိုင်တော့ပါ။

သူမ သူတို့ကို အသည်းခွဲခဲ့စဉ်တုန်းက ဟားတိုက်ရယ်မောခဲ့တဲ့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ အခုတစ်ခါ ပြန်ပြီးငိုကြွေးစေရမယ်တဲ့။ ဝဏ္ဏာထွန်း ချိမ်းခြောက်သွားတာ။

"ဟဲ့ ... သမီးငယ် တယ်လီဖုန်းနားမှာရပ်ပြီး ဘာငိုင်နေတာလဲ၊ အလှအပတွေ ပြင်တော့လေ"

မေမေက သတိပေးနေပြီ။

မကြာခင် ကိုတို့ အသိုင်းအဝိုင်းတွေ ရောက်လာကြတော့မည်။

အေးအေးနဲ့ ရဲရဲမှန်းက ဧည့်ခန်းလေးကို အလှဆင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲက အမှိုက်တွေကို သွားလှည်းနေသည်။ တစ်မနက်လုံး အလုပ်တွေ ဆက်တိုက်လုပ်လိုက်ရသဖြင့် ရဲရဲမှုန်း မောနေ၏။ ခြေလက်တွေကိုပင် မသယ်ချင်တော့။ ဟော ... ညှော့သည်တွေ လာပြန်တော့လည်း သူမလေးမှာ ထွက်တွေ့ခွင့်မရှိပါ။ အခန်းတံခါးလေးကိုပိတ်ပြီး အပေါ်ထပ်မှာ တစ်ယောက်တည်း ကြေကွဲနေရတော့မှာလေ။

"မောလိုက်တာ အေးအေးရယ်"

"ဟင် ..."

"ငါ ... ငါ ခဏထိုင်လိုက်ဦးမယ်နော်"

မျက်နှာလေးက ချောင်ကျနေပြီး နှုတ်ခမ်းကလေးတွေပါ ဖြူလျော်လျော်ကလေး ဖြစ်ချင်နေတဲ့ ရဲရဲမှုန်း။ ခရေပင်ကြီးအောက်က ခုံတန်းကလေးမှာ သူမရဲ့ ကိုယ်လုံးဖူးဖူးလေးကို မှီပြီးထိုင်လိုက်ရ၏။

"မမကြီး ..."

"ဟင် ..."

"မမလေးက အရမ်းပျော်နေတာပဲနော်"

"သူက ကံကောင်းတာကိုး အေးအေးရဲ့"

"ဒါပေမဲ့ မမကြီးရာ အစ်ကိုလေး တကယ်ချစ်တာက မမကြီးကို တကယ်ချစ်တာ၊ မမလေးက မမကြီး ဟန်ဆောင်ထား





ပြီး အစ်ကိုလေးဆီက အချစ်တွေကို မတရားသိမ်းပိုက်ထားတာ"

"ဟင် ... နင် အဲဒါတွေ ရဲရဲချစ်ရှေ့မှာ သွားမပြောနဲ့နော်"

"အခုလည်း အစ်ကိုလေးယူလာတဲ့ ကော်ဖီရောင်ပစ္စည်းလေးတွေကို အတင်းဖယ်ပြီး သူကြိုက်တဲ့ အရောင်တွေနဲ့ ညှော့ခန်းကို ပြင်ခိုင်းတော့ မလှတော့ဘူး ဖြစ်သွားတာပေါ့၊ မမလေးက အရမ်းရက်စက်တာပဲနော်၊ အစ်ကိုလေးကဆို ငိုနေတဲ့ အိမ်ဖော်မလေးကိုတောင် ချောကလက်တွေ ကျွေးခိုင်းပြီး ..."

"ဟဲ့ ... အေးအေးနော်"

"ဟား ... ဟား ... အခန်းထဲကို အစ်ကိုလေးဝင်သွားရင် ဓာတ်လမ်းတွေက အကုန်ရှုပ်သွားမယ်၊ မမကြီးလည်း ဆက်ငိုနိုင်မှာ မဟုတ်တော့ဘူး၊ ဟို ... ဟို ... အသံလေးတိတ်ပြီး ဟား ... ဟား"

အေးအေးကတော့ ပြောလေကဲလေ ဖြစ်နေရပြီ။

သူမကလည်း ရှက်ပြီး ခေါင်းကလေးကိုသာ အေးအေးရှေ့မှာ ငုံ့ထားလိုက်ရတော့၏။

အချိန်တွေသာ ကုန်သွားသည်။

ညှော့သည်တွေက ရောက်မလာခဲ့ပါ။

"ဟဲ့ ... သမီးငယ်၊ သူတို့ တစ်နာရီအတိမှာ လာမယ်ဆို၊ ခု နှစ်နာရီတောင်ထိုးသွားပြီ၊ မောင်ကြယ်စင်သာ့ဆီကို ဖုန်းဆက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



မမေနေလို့ မရတော့ပါ။

ဒီမှာက တစ်အိမ်လုံး အဆင်သင့်ပြင်ဆင်ထားပြီး စောင့်နေကြတာလေ။ ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်လို့ ဒီလောက်တောင် နောက်ကျနေတာလဲ။ ရဲရဲချစ်ကလည်း ဂဏှာမငြိမ်။ ခြံဝလေးကို ထွက်ကြည့်လိုက်၊ ကားသံလေးတွေကို နားစွင့်လိုက်နှင့် ထိုင်ရတော့မလို ထရတော့မလို ဖြစ်နေသည်။

စိတ်ထဲထင့်မိတာ ဝဏ္ဏထွန်း။

ကို့မာမီဆီကို သူတို့သုံးယောက်ပေါင်းပြီး ဖုန်းဆက်လိုက်ကြပြီလား။

မနေသာတော့တဲ့ အဆုံးမှာတော့ ကို့ဆီကို ဖုန်းဆက်ပြီး လှမ်းမေးလိုက်ရတော့၏။

"ဟဲလို ... ကိုလား"

"ကို ဘာဖြစ်လို့ နောက်ကျနေတာလဲ"

"မာမီ ... မာမီ ရုတ်တရက် သွေးတိုးသွားလို့"

"ဟင်"

"ဒါပေမဲ့ ကို ရောက်အောင်လာခဲ့မယ်နော်၊ စိတ်မပူနဲ့နော် မုန်း"

"လူကြီး ... လူကြီးတွေရော ပါလာမှာလားကို"

"အာ ... ပါမှာပေါ့မုန်းရဲ့"





"ဟင်း ... ဒါပဲနော် ကို"

ပါမယ်တဲ့။

ဒါဆို အခြေအနေက ထင်သလောက် မဆိုးသေးပါဘူး။

သို့သော် ...

တကယ်တမ်း ရောက်လာတော့ လူကြီးတွေ တစ်ယောက်မှ ပါမလာခဲ့ပါ။ အခြေအနေတွေကို ပြောပြချင်လို့ဆိုပြီး သူမ တစ်ယောက်တည်းကိုသာ ကိုက ကားကလေးနဲ့ ခေါ်ထုတ်သွားခဲ့၏။

"ဟာ ... အဲလို ကြားကမနာလိုတဲ့လူတွေ သွေးထိုးတိုင်း ပွဲကပျက်ရတော့မှာလား၊ ကျွန်မ လက်မခံနိုင်ဘူးနော် မရဘူး၊ တရားရုံးမှာသွားပြီး နှစ်ဦးသဘောတူ တစ်ခါတည်း လက်မှတ်ထိုးမယ်၊ ဒါပဲ၊ အဲဒါဆို ကိုနဲ့ ကျွန်မကို ဘယ်သူမှ ခွဲလို့မရတော့ဘူး၊ လက်မှတ်ထိုးပြီးမှ လက်ထပ်ပွဲကိစ္စကို ဆက်စဉ်းစားမယ်"

"မုန်းရယ်"

သူကလည်း မုန်းနဲ့ မခွဲနိုင်တော့ပါ။

ကြားထဲက ဖုန်းသူရဲတွေ နှောင့်ယှက်လို့ မာမီနဲ့တောင် ပြဿနာတွေ ဖြစ်ခဲ့ရသေးတယ်လေ။ ရည်းစားများတဲ့ မိန်းကလေး တစ်ယောက်ကို မာမီက လုံးဝသဘောမတူဘူးတဲ့။

နောက်ဆုံးမှာတော့ မုန်းရဲ့ဆန္ဒလေးကို လိုက်လျောတဲ့ အနေနဲ့ ဗဟိုတရားရုံးက မိတ်ဆွေတရားသူကြီး တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းပြီး နှစ်ဦးသဘောတူ လက်မှတ်လေးထိုးပြီး လက်ထပ်ပစ်လိုက်ရတော့၏။

"ဟင် ... မုန်း စာချုပ်လေးမှာ လက်မှတ်ထိုးတာ ရဲရဲမုန်း လည်း မဟုတ်ဘူး၊ ရဲရဲချစ်တဲ့"

လက်မှတ်ထိုးပြီးတော့မှ သူ စာချုပ်လေးကို အသေအချာ ကြည့်လိုက်မိတာလေ။

"ဟာ ... ကိုရာ အဲဒီ ရဲရဲမုန်းဆိုတဲ့ နာမည်ကြီးကို မကြိုက် လို့ ရဲရဲချစ်ဆိုတဲ့ နာမည်လေးကို ပြောင်းလိုက်တာလေ ကိုရဲ့၊ ဟင်း ... ဟင်း ... အခု ကိုနဲ့ လက်ထပ်စာချုပ်လေးမှာ တရားဝင် လက်မှတ်ထိုးပြီး နှစ်ဦးသဘောတူ လက်ထပ်လိုက်တာ ရဲရဲမုန်း မဟုတ်ဘူး၊ ရဲရဲချစ် ... ရဲရဲချစ်"

"မုန်းရယ်၊ ကိုယ်က ရဲရဲမုန်းဆိုတဲ့ နာမည်လေးကို သိပ် ချစ်ပြီး စွဲလမ်းနေတာ၊ ရဲရဲမုန်းကိုပဲ ကိုယ်ချစ်ပါရစေနော်၊ လာ ကွာ ရဲရဲမုန်းဆိုတဲ့ နံမည်လေးနဲ့ပဲ ပြောင်းပြီး လက်မှတ်ထိုးမယ် ကွာ"

"မရတော့ဘူး၊ ရှင်လက်ထပ်လိုက်တာ ရဲရဲချစ်"

"မင်း ... မင်းကွာ"

"ရဲရဲချစ်ဟာ ရှင့်ရဲ့ အသည်းနှလုံးကိုပိုင်တဲ့ သူတစ်ယောက် မဟုတ်တော့ဘူး၊ ရှင့်ဘဝတစ်ခုလုံးကိုပါပိုင်တဲ့ ရဲရဲချစ်ဖြစ်သွားပြီ၊





ကဲ ... ဘယ်သူတွေခွဲကြမလဲ၊ ခွဲကြလေ၊ ဒီကမ္ဘာပေါ်မှာ ဘယ်သူ့ ကိုမှ ဂရုစိုက်နေစရာ မလိုတော့ဘူး၊ နိုင်ပြီ၊ အားလုံးကို ရဲရဲချစ် နိုင်သွားပြီ၊ ဟောဒီမှာ ကိုနဲ့ လက်ထပ်လိုက်တဲ့ လက်ထပ်စာချုပ် ကလေး ဟား ... ဟား ..."

အရူးအမူးကလေး ပျော်နေတဲ့ သူမကိုကြည့်ကာ နားမလည် နိုင်တဲ့ မျက်ဝန်းကလေးတွေနဲ့ ရိုးသားစွာ ငေးစိုက်ကြည့်နေခဲ့တာ ကိုရယ်လေ။ သနားဖို့ကောင်းလိုက်တဲ့ ကို။ ခုထိ ရဲရဲမုန်းဆိုတဲ့ နာမည်လေးကို စွဲလမ်းတမ်းတနေရသလား ကိုရယ်။ ရှင့်ရဲ့ အသုံးမကျတဲ့ ကော်ဖီရောင်ကို မေ့ပစ်လိုက်စမ်းပါရှင်။ ဒီနေ့၊ ဒီရက်၊ ဒီအချိန်ကစပြီး ကို့ဘဝထဲမှာ ဒီကော်ဖီရောင်ဆိုတာကြီးကို ရင်ထဲ အသည်းထဲကနေ မောင်းထုတ်ပစ်လိုက်စမ်းပါ။

"မုန်း"

"ဟာ ... ဒီနာမည်ကြီးကို မခေါ်နဲ့တော့လေ၊ အခု ချစ်ဖြစ် သွားပြီ၊ ကိုခေါ်ရင် ချစ်လို့ပဲခေါ်တော့"

ကို့လက်မောင်းတွေကို မြတ်နိုးစွာတွဲလိုက်ပြီး ဖူးတင်းနေတဲ့ ကိုယ်လုံးလှလှလေးကို နွဲ့နွဲ့ကလေးလှုပ်ကာ တရားရုံးပေါ်ကနေ ပျော်ရွှင်လွတ်လပ်နေတဲ့ ခြေလှမ်းကလေးတွေနဲ့ ရဲရဲချစ် ပြန်ဆင်း ခဲ့ပါပြီ။

"ကိုယ့်ရင်ထဲမှာ တစ်မျိုးကြီးပဲ မုန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကို ... ကို ဘယ်လိုဖြစ်နေတာလဲ၊ ဒီနာမည်ကြီးကို မခေါ်ပါနဲ့ဆိုတာ ပြောလို့မရတော့ဘူးလား"

"ကိုယ်သိပ်ချစ်ခဲ့တဲ့ ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ သိပ်ကို တည်တင်းပြီးတော့ သိပ်ကိုလှပတဲ့ ရဲရဲမှုန်းဆိုတဲ့ ကောင်မလေး တစ်ယောက်ကို ချစ်ခဲ့တာပါကွာ၊ အဲဒီ ရဲရဲမှုန်းဆိုတဲ့ နာမည်လေးကလွဲရင် တခြားဘယ်နာမည်ကိုမှ ကိုယ့်နှလုံးသားတွေက လက်ခံနိုင်မှာ မဟုတ်ပါဘူး၊ ကိုယ် ရဲရဲမှုန်းဆိုတဲ့ နာမည်လေးကိုပဲ ချစ်တယ်၊ မနေ့ကလည်း ဧည့်ခန်းမှာ ပြင်ဆင်လို့ရအောင် ကော်ဖီရောင်ပစ္စည်းလေးတွေချည်းပဲ တမင်ဒုက္ခခံပြီး ဝယ်ခဲ့တာ လေ၊ ခုတော့ ကြည့်ပါဦး၊ တစ်ခန်းလုံး အနီရဲရဲတွေချည်းပဲ၊ ကြည့်ရတာ ခေါင်းတောင်မူးတယ်၊ အန်တီ့ကိုမေးတော့ အဲဒါ မင်းကောင်မလေး စီစဉ်တာတဲ့"

"ဘာလဲ၊ ကိုက အဲဒါကို မကြိုက်ဘူးလား"

"မကြိုက်ဘူး၊ ကိုယ်ဘယ်လောက်ထိ ကော်ဖီရောင်ကလေးကို ချစ်သလဲဆိုရင် ကိုယ် မင်းကို လိုက်ပြမယ်"

"ဟင် ... ဘယ်ကိုလိုက်ပြမှာလဲ"

"ကိုယ် သိပ်ချစ်တဲ့ ကော်ဖီရောင်မလေး ရဲရဲမှုန်းနဲ့အတူတူ နေရမယ့်တစ်နေ့ကို မျှော်မှန်းပြီးတော့ ငွေအားလူအားသုံးပြီး အားချင်းပြင်ဆင်ခဲ့ရတဲ့ ကိုယ့်ရဲ့ ပြင်ဆင်မှုတွေကိုလေ"





ကို လိုက်ပြတဲ့ နေရာလေးကိုကြည့်ပြီး ရဲရဲချစ် အသက်ရှူမှားခဲ့ရပြီ။

"ကို ဒါ ... ဒါ ..."

"မင်း ... မင်းသိပ်အံ့ဩသွားပြီလားဟင် မှုန်း၊ ဒီခြံနဲ့ ဒီတိုက်ဟာ ကိုယ့်ရဲ့ ကော်ဖီရောင်မလေးနဲ့ အတူနေဖို့ ကိုယ်ကြိုးစားပြီး ပြင်ဆင်ထားခဲ့တာလေ၊ တစ်တိုက်လုံး ကော်ဖီရောင်ပစ္စည်းလေး တွေချည်းပဲ ကိုယ်သုံးထားခဲ့တာ၊ ကြည့်စမ်းပါဦး၊ ဧည့်ခန်းလေး တစ်ခုလုံးကလည်း ကော်ဖီရောင်၊ နံရံမှာချိတ်ထားတဲ့ အရုပ်ကလေး တွေကလည်း ကော်ဖီရောင်၊ အို ... အိုကွာ ... ဧည့်ခန်းလေးထဲမှာ တို့နှစ်ယောက် အတူတူစီးရမယ့် ဖိနပ်ကလေးတွေကလည်း ကော်ဖီရောင် ဖိနပ်ကလေးတွေလေ"

မထင်ထားခဲ့ပါ။

ကိုဟာ ကော်ဖီရောင်ကို ဒီလောက်တောင် ရူးသွပ်လိမ့်မယ် လို့ သူမ မယုံကြည်ထားခဲ့ခြင်းဖြစ်သည်။ ခုတော့ သူမရဲ့ လျှော့တွက်မှုတွေ၊ ကော်ဖီရောင်ကို အထင်သေးခဲ့ရမှုတွေဟာ တက်တက် စင်အောင် လွဲချော်ခဲ့ရပြီ။

"လာ မှုန်း၊ ဟိုဘက်က နှစ်ယောက်အိပ်ခန်းကလေးကို လည်း မင်း ဝင်ကြည့်လိုက်ပါဦး"

"မကြည့်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ …"

"အဲဒီအရောင်ကို ကျွန်မ သိပ်မုန်းတယ်"

"မင်း …"

"အဲဒီအရောင်ကို ကျွန်မ အရမ်းစိတ်နာတယ်"

"ဟာ … မုန်းရယ်၊ မင်း ဘယ်လိုပြောလိုက်တာလဲ"

"ရှင် ကျွန်မကို မုန်းလို့မခေါ်ပါနဲ့"

"ဟာ … ဟာကွာ …"

"ဒီဇာတ်လမ်းမှာ ရှင့်မိဘတွေ၊ ရှင့်အသိုင်းအဝိုင်းတွေ အားလုံးက ကျွန်မကို ရည်းစားများတဲ့ကောင်မလေး၊ ရှုပ်တတ်ပွေတတ် ယောကျ်ားလေးတွေကို အသည်းခွဲတမ်း ကစားတတ်တဲ့ ပေါ့ပေါ့ပျက်ပျက် ကောင်မလေးဆိုပြီး အထင်သေးလို့ စေ့စပ်ပွဲကို မလာတော့တာ ကျွန်မသိပါတယ်၊ ဒီမှာ ရှင့်မာမီကို ပြောလိုက်ပါ၊ မာမီတို့ သဘောမတူတဲ့ ကောင်မလေးကို သားတော့ မခွဲနိုင်လို့ လက်မှတ်ထိုး လက်ထပ်လိုက်ပါပြီဗျာလို့ မျက်နှာငယ်ငယ်လေးနဲ့ ရှင်ပြောလိုက်တော့လေ"

ရဲရဲချစ် မခံစားနိုင်တော့ပါ။

သူချစ်ခဲ့တာ ကော်ဖီရောင်မလေး ရဲရဲမုန်းပါဆိုပြီး အခုထိ သူက တမ်းတနေခဲ့တာကို ကော်ဖီရောင်မလေး ဟန်ဆောင်ထားတဲ့ ရဲရဲချစ်က ဘယ်လိုလုပ်ပြီး ခံစားနိုင်ပါတော့မလဲ။ ပြီးတော့





သူ့မိဘ အသိုင်းအဝိုင်းတွေ အားလုံးအထင်သေးကုန်ကြပြီလေ။

ဟွန်း … ဒီကလည်း ရဲရဲချစ်ပဲ။

ကိုယ်လိုချင်တာကို ရအောင်ယူလိုက်ရမှ ပျော်ရွှင်ကျေနပ်နေတတ်တဲ့ မိန်းမ။

"မုန်းရယ်၊ မင်းက အဲဒီနာမည်လေးကို မခေါ်နဲ့ဆိုပေမယ့် ကိုယ်ဘယ်လိုမှ ရင်ထဲကနေ ဖျောက်ဖျက်လို့ မရနိုင်တော့ဘူးကွာ၊ ကိုယ်ခေါ်ပါရစေနော်၊ အဲဒီနာမည်လေးကိုပဲ ကိုယ်အမြဲခေါ်ပါရစေ၊ ကိုယ့်ကို ခွင့်ပြုပါကွာ"

"ကျွန်မ မကြားချင်ဘူး ကို"

သူမကို အတ္တကြီးတယ်ပဲပြောပြော၊ နှလုံးသားမရှိဘူးလို့ဘဲ ထင်ထင် သူမဘက်ကတော့ လုံးဝမလျှော့နိုင်တော့ပါ။ ကိုအမြဲချစ်နေရမှာ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ကိုပါပဲ။ ချစ်ဆိုတဲ့ နာမည်လေးတစ်လုံးကိုပဲ တစ်သက်တာထာဝရ ကို ခေါ်ရတော့မှာလေ။

"ဒီမှာ ကို၊ ကို့ကို ရှင်းရှင်းပဲ ကျွန်မပြောမယ်၊ အဲဒီ ရဲရဲမုန်းဆိုတဲ့နာမည်ကို ကို့ဘဝထဲကနေ အပြီးအပိုင် ဖျောက်ဖျက်ပစ်လိုက်ရမယ်၊ ကိုနဲ့ ကျွန်မကြားမှာ မုန်းဆိုတာ ဘယ်တော့မှ မရှိစေရဘူး၊ ကိုအခု လက်ထပ်လိုက်တာ ရဲရဲချစ်၊ ခေတ်မှီတဲ့ ခေတ်ဆန်တဲ့ အဝတ်အစားတွေကို မက်မက်မောမော ဝတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ရဲရဲချစ်၊ ကို ရှင်းပါတယ်နော်"

"အဲဒါ ကိုယ်လက်မခံနိုင်ဘူး"

"ဟင် ..."

"ကိုယ်ချစ်ခဲ့တာ ရဲရဲမုန်း၊ ယဉ်ကျေးသိမ်မွေ့တဲ့ ကော်ဖီရောင် ဝတ်စုံလေးနဲ့ ညမီးရောင်အောက်မှာ သိပ်ကိုလှပနေတဲ့ ကောင်မလေးတစ်ယောက်ကို ချစ်ခဲ့တာ"

"ရှင် ... ရှင် ..."

"ဟား ... ဟား ... အခုမှတော့ ကိုယ်ဘယ်လိုမှ ပြန်ပြင်လို့ မရတော့ဘူးလေ၊ ကိုယ်သိပ်ချစ်ခဲ့တဲ့ ရဲရဲမုန်းဟာ ကိုယ်အသက် ရှင်နေသရွေ့၊ ကိုယ့်အနားမှာ အမြဲရှိနေမယ်။ ရဲရဲချစ်ဆိုတဲ့ နာမည်ဟာ ကလက်တက်တက်နဲ့၊ ပြီးတော့လည်း အဲဒီနာမည်က ကိုယ့်ရင်ထဲမှာ ဘယ်တော့မှ အမြစ်တွယ်မလာနိုင်တဲ့ နာမည်၊ ဟွန်း ... မုန်းတယ်ကွာ"

ရဲရဲချစ် ...

သူမ နှုတ်ခမ်းဖူးဖူးလေးတွေကိုပဲ တင်းနေအောင် ဖိကိုက် ထားလိုက်မိရပြီ။

"ဒါဆို ရဲရဲချစ်ကို ကို ဘယ်တော့မှ မချစ်ဘူးပေါ့"

"လုံးဝပဲ၊ ကိုယ်သိပ်ချစ်တာ ရဲရဲမုန်း"

"အဲဒါဆို ကျွန်မပြန်မယ်"





"ဟင် ..."

"ကျွန်မနာမည် ရဲရဲချစ်"

"မုန်းရယ်၊ မုန်း ဘာတွေ လျှောက်ပြောနေတာလဲကွာ၊ မုန်းပြောနေတာတွေ ကိုယ် ဘာမှနားမလည်တော့ဘူး"

"ဟာ ... ရှင် ကျွန်မလက်ကို မကိုင်ပါနဲ့"

သူ့လက်တွေကို စိတ်နာနာ ရင်နာနာနဲ့ပဲ ရဲရဲချစ် ပုတ်ချ ပစ်လိုက်သည်။

အသည်းနာဖို့ကောင်းလိုက်တာ။

သူသိပ်ချစ်ခဲ့တာ ကော်ဖီရောင်မလေး ရဲရဲမုန်းတဲ့။ ဘာလုပ် တော့မှာလဲ။ ရဲရဲချစ်ဆိုတဲ့ သူမကို သူဟာ ဘယ်တော့မှ ချစ်လာ နိုင်တော့မှာ မဟုတ်တော့ပါ။ မျှော်လင့်ခဲ့ရတဲ့ရက်တွေ များခဲ့ပြီ။ တိတ်တိတ်လေး ရင်ခုန်ခဲ့ရတဲ့ရက်တွေလည်း လွန်ခဲ့ရပြီ။ စာချုပ် လေးမှာ လက်မှတ်လေး ရေးထိုးပြီးသွားခဲ့တဲ့ အချိန်ထိ သူ့ရင် ထဲမှာ ကော်ဖီရောင်မလေး ရဲရဲမုန်းကိုပဲ တမ်းတစွဲလမ်းလို့ နေခဲ့ တာပါလား။

သူမကတော့ ရဲရဲမုန်းဆိုတာကို မေ့လျော့သွားခဲ့ပြီ။ ခေတ် မှီမှီလေး ခပ်သွက်သွက်လေးနေတတ်တဲ့ ရဲရဲချစ်ကို ချစ်လာမလား ဆိုပြီး မျှော်လင့်လာခဲ့ရတာလေ။

တစ်နေ့တစ်နေ့ ကော်ဖီရောင်ကလေး ဝတ်မလာရင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကောက်၊ မျက်နှာလေး သုန်မှုန်ပြီး စိတ်ပျက်လက်ပျက် အမြဲဖြစ်နေတတ်တဲ့သူ။ စကားပြောတာ နေတာထိုင်တာ သွားတာ လာတာကအစ မျက်စေ့ထောက်ထောက်ကြည့်ပြီး အမြဲဆုံးမချင်နေတဲ့သူ။

အဲဒါဘာဖြစ်လို့လဲ။

ကော်ဖီရောင်မလေးရဲ့ သိမ်မွေ့ညင်သာတဲ့ စတိုင်လ်ကလေးကိုပဲ နှစ်သက်မြတ်နိုးနေခဲ့လို့ပေါ့။ သိပါပြီ။ ဒီလောက်ဆို ရဲရဲချစ် နားလည်ပါပြီ။ သူမကို ရဲရဲချစ်မုန်း သိသွားတဲ့တစ်နေ့မှာ သူ အမုန်းကြီး မုန်းတော့မယ်ဆိုတာ မသိဘဲရော နေမှာတဲ့လား။ ခုတောင် မနည်းဖုံးဖိနေရတာလေ။

"ဒီမှာကို"

"ဟင် ..."

"မင်္ဂလာပွဲကျင်းပမယ့် လက်ထပ်ရက်ကလေးကိုပဲ ရှင့်ဘက်က အမြန်ဆုံးရွေးလိုက်ပါ၊ ကျွန်မနဲ့ သဘောမတူလို့ ရှင်တို့ဖက်က အသိုင်းအဝိုင်းတွေ တစ်ယောက်မှ မလာချင်နေပါစေ၊ ကျွန်မဖက်က အသိုင်းအဝိုင်းတွေနဲ့ပဲ ပျော်စရာကောင်းတဲ့ လက်ထပ်ပွဲလေးကို ကျွန်မတို့စီစဉ်မယ်၊ အဲဒါ တစ်ပတ်အတွင်းနော်၊ ဒီနေ့ကစပြီး ကို စလုပ်တော့"

သူမ လက်ထပ်ရက်လေးကို တစ်ဖက်သတ်ဆန်စွာပဲ





ပြတ်သားစွာ တောင်းဆိုပစ်လိုက်ပြီ။

"မုန်းရယ်၊ ကိုယ့်မာမီက ဘေးလူတွေဝင်နှောင့်လို့ ခဏ စိတ်ဆင်းရဲသွားတာပါ၊ ကိုယ်အခုချော့လိုက်ရင် တစ်ခါတည်း ပြီးတယ်"

"ရှင် ... ရှင် ဒီနာမည်ကို ခေါ်ပြန်ပြီ"

"ဟား ... ဟား ... ကိုယ့်နှုတ်ကျိုးနေပြီကွာ၊ ဘယ်တော့မှ လည်း ပြန်ပြင်လို့ရမှာ မဟုတ်တော့ဘူး၊ ခေါ်မယ်နော်၊ မုန်းလို့ပဲ ကိုယ်အမြဲ ခေါ်ပါရစေနော် မုန်း"

"ရှင့်ပါးစပ်ကို တဆိတ်လောက် ကျေးဇူးပြုပြီး ပိတ်ထား လိုက်ပါတော့"

နာကျည်းစွာ အော်ပစ်လိုက်လေတဲ့ ရဲရဲချစ်။

ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားခဲ့ပြီး အသည်းတွေ ခွဲခဲ့စဉ်တုန်းက မျက်နှာထားမျိုးလေးနဲ့။

မျက်ဝန်းတွေက အရောင်ကလေးတွေ တဖျတ်ဖျတ်လက် လို့။ နှုတ်ခမ်းလေးတွေက မာကြောစွာ တင်းစေ့လို့။

အမုန်းတွေ၊ မနာလိုမှုတွေ၊ အတ္တကြီးမားရမှုတွေနဲ့ လောက ကြီးတစ်ခုလုံးကို စိန်ခေါ်ပြီး အနိုင်မခံ အရှုံးမပေးလိုမှုတွေနဲ့ လက်ထပ်ရတော့မယ့် လက်ထပ်ပွဲကြီးတစ်ခု။

ဟွန်း ...



www.burmeseclassic.com

www.burmeseclassic.com



သူကမှ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးကို မချစ်တာ၊ ရဲရဲချစ်ကရော သူ့ကို ပြန်ချစ်နေဖို့ လိုအပ်သေးလို့လား။

●



## အခန်း (တစ်ဆယ့်ရှစ်)

"ဒီ … ဒီဝတ်စုံလေးက ငါနဲ့လိုက်ရဲ့လားဟင် အေးအေး၊ ဒီ … ဒီကော်ဖီရောင် ဇာဝမ်းဆက်ကလေးကိုပဲ ငါ ရွေးလိုက်တော့မယ်နော်"

"ဟာ … လှလိုက်တာ မမကြီးရယ်၊ ဒါ … ဒါ သတို့သမီးအရန်လေးဝတ်ရမယ့် ဝတ်စုံလေးလားဟင် မမကြီး၊ ဒီ … ဒီဝတ်စုံလေးက သတို့သမီး ဝတ်စုံလေးလိုပဲနော်၊ မမကြီးနဲ့ အရမ်းလိုက်တာပဲ၊ ရွေးလိုက်နော်၊ ဒီဝတ်စုံလေးကိုပဲ မမကြီး ရွေးလိုက်တော့"

အေးအေး ကော်ဖီရောင် သတို့သမီးအရန်ဝတ်စုံနုနုလေးနဲ့ အရမ်းလှနေတဲ့ မမကြီးကိုကြည့်ပြီး မျက်ရည်လေးတွေတောင် ကျလာရပြီ။

"ကျွန်မ … ကျွန်မ ဝတ်ကြည့်တာ အဆင်ပြေပါတယ်၊ ဒီ … ဒီဝတ်စုံလေးကိုပဲ ကျွန်မ ယူလိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး ဝတ်စုံလေးတွေ ငှားတဲ့ဆိုင်က မမကြီးက ဝတ်စုံလေးကို ဝတ်ကြည့်ပြီး အရမ်းလှနေတဲ့ ရဲရဲမုန်းကို ပီတိအပြုံးဝင့်ဝင့်လေးနဲ့ မျက်တောင်လေးမခတ်ဘဲ စိုက်ကြည့်ရင်း ...

"ညီမလေးက ဝတ်စုံလေးရွေးတာ အရမ်းတော်တယ်ကွာ၊ ညီမလေးရဲ့ အသားအရည် ဝင်းဝင်းစိုစိုလေးနဲ့ ကော်ဖီရောင်လေးကလည်း နုနုအိအိကလေးဆိုတော့ ကိုယ်လုံးကလေးကပါ တင်းကြွပြီး အရမ်းကို လှသွားတော့တာပဲ၊ ဟင်း ... ဟင်း ... အောက်မှာစီးရမယ့် ဒေါက်ကလေးကိုလည်း ဝတ်စုံကလေးနဲ့ လိုက်ဖက်သွားအောင် ကော်ဖီရောင်ကြိုးသိုင်း ဒေါက်မြင့်မြင့်လေးကိုပဲ စီးနော်"

"ဟုတ် ... မမ"

"မမရေ၊ ဒီမှာ ကိုကြယ်စင်သာ ရောက်နေတယ်၊ သူမှာထားတဲ့ သတို့သားဝတ်စုံလေး ရပြီလားတဲ့"

"ဟင် ..."

ဘယ်လိုမှ ထင်မှတ်မထားတဲ့အဖြစ်။

ဘယ်လိုမှ ယုံကြည်နိုင်စရာ မကောင်းတဲ့အဖြစ်။

သူမ မမျှော်လင့်ဘဲ နောက်ကို ချာခနဲ လှည့်ကြည့်လိုက်တော့ ...

"ဟာ ... မုန်း"

"ရှင် ... ရှင် ..."





"မုန်းရယ်၊ မုန်းအတွက် ဝတ်စုံလေးကို ကိုယ်စီစဉ်ထားပြီးပြီလေကွာ၊ ကိုယ်တိုင်လာရွေးရတယ်လို့"

"ကျွန်မ ... ကျွန်မ ..."

"ဟာ ... ဒီ ... ဒီဝတ်စုံလေးက မုန်းနဲ့ ပိုပြီးတော့တောင် လိုက်ဖက်သေးတယ်နော်၊ ကော် ... ကော်ဖီရောင် ဓာနုနုလေး၊ မုန်းရယ်၊ လှလိုက်တာကွာ၊ မုန်းပြောတော့ ကော်ဖီရောင်ကို မုန်းတယ်ဆို မုန်းရဲ့၊ အခုမှ ဘယ်လိုဖြစ်ပြီး ကော်ဖီရောင်လေးကို ချစ်သွားရပြန်ပြီလဲ"

"ဟို ... ဟို ..."

"ကဲပါ လုပ်မနေနဲ့တော့၊ ကိုယ်နဲ့တစ်ခါတည်း ပြန်လိုက်ခဲ့တော့၊ ပြီးတော့ ... ပြီးတော့ ဟောဒီ ကော်ဖီရောင် သတို့သမီးဝတ်စုံလေးကိုလည်း မချွတ်နဲ့တော့"

"အို ..."

ကိုက သူနဲ့ လက်ထပ်ရမယ့် သူ့ချစ်သူ ရဲရဲချစ်လို့ပဲထင်ပြီး ရဲရဲမုန်းရဲ့ လက်ကလေးကို ဆွဲယူလိုက်ပြီ။ သူမ ကြောက်သွားသည်။ သူမရဲ့ ဖူးနုပြီး ကြည်စင်နေတဲ့ မျက်နှာလေးပေါ်မှာ မဝံ့ရဲတဲ့ ရှက်စိတ်ကလေးတွေနဲ့ ရဲရဲချစ်က သူ့မှာ ရဲရဲမုန်းဆိုတဲ့ ရုပ်ချင်းအရမ်းတူညီတဲ့ အမြွှာအစ်မတစ်ယောက် ရှိခဲ့တာကို လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပတဲ့နေ့ကိုရောက်မှ သိစေရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ် အခါခါ မှာထားခဲ့လို့ ရဲရဲမုန်း ထူပူပြီး ရှက်နေမိရတာပါ။

အေးအေးကလည်း ကြောင်ပြီး သူမတို့နှစ်ယောက်ကို ငေးကြည့်နေလိုက်တာ။

"ဟား ... ဟား ... မုန်းနဲ့ ဒီဝတ်စုံလေးနဲ့ အရမ်းလိုက်တာပဲကွာ၊ တော်ပြီ တော်ပြီ၊ ကိုယ်ဟောင်ကောင်ကနေ တကူးတက လှမ်းမှာထားတဲ့ ဝတ်စုံလေးကို မသုံးတော့ဘူး၊ ကဲ ... ကားပေါ်တက်၊ မောင်ဇော်ရေ၊ အေးအေးကို ရှေ့ခန်းတံခါး ဖွင့်ပေးလိုက်၊ ကိုယ်နဲ့မုန်းက နောက်မှာပဲ ထိုင်လိုက်တော့မယ်"

"ဟင့်အင်း ..."

"လာပါမုန်းရယ် အရေးထဲမှာ၊ မောင်ဇော်ကို ရှက်နေတာလား၊ ရှက်မနေပါနဲ့ကွာ ဟား ... ဟား ..."

"အို ... အို ..."

သူမရဲ့ ပခုံးလေးကို သိုင်းဖက်လိုက်ပြီး ကားနောက်ခန်းကလေးမှာ အတူတူထိုင်ဖို့ ကိုက ကြိုးစားလိုက်တာလေ။

"မောင်ဇော်ရေ မုန်းက မင်းကို အရမ်းရှက်နေတယ်ကွ၊ မင်းနောက်ကို လုံးဝလှည့်မကြည့်နဲ့နော်၊ ငါကတော့ သတို့သမီးဝတ်စုံလေးနဲ့ အရမ်းလှနေတဲ့ ချစ်သူလေးရဲ့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း လိုက်ခဲ့တော့မယ်ကွာ"





"ဟင် ... ရှင် ... ရှင် ..."

"ချစ်တယ် မုန်းရယ်၊ ကိုယ်မုန်းကို အရမ်းချစ်တယ်ကွာ၊ အဲလို မျက်နှာလေးမှာ ပန်းသွေးရောင်လေးတွေစိုပြီး အရမ်းရှက်နေတတ်တဲ့ ချစ်သူလေးကို ကိုယ်က အရမ်းလိုအပ်နေခဲ့တာပါကွာ"

"အဟင့် ... ဟင့် ..."

နောက်ဆုံးမှာတော့ သူနဲ့ လက်ထပ်ရတော့မယ့် ရဲရဲချစ်လို့ပဲထင်ပြီး ရှက်စိတ်၊ ထူပူတဲ့စိတ်၊ ကြေကွဲဝမ်းနည်းနေခဲ့ရတဲ့ စိတ်ကလေးတွေနဲ့ ပူလောင်နေခဲ့ရတဲ့ သူမလေးရဲ့ ကိုယ်လုံးတင်းတင်းအိအိလေးကို သူက တအားကိုပဲ သိမ်းကျုံးပွေ့ဖက်လိုက်လေပြီမို့ သူမလေး ဘယ်လိုမှ စိတ်ကိုမထိန်းချုပ်နိုင်တော့ဘဲ အင့်ခနဲ အသံလေးထွက်ကာ ရှိုက်ငိုချလိုက်ရပါပြီ။

"အစ်ကိုလေး ... အစ်ကိုလေး သူ့ကို အဲလိုမလုပ်ပါနဲ့၊ အဲဒါ မမလေး မဟုတ်ဘူး၊ မမလေးနဲ့ ဆယ်ငါးမိနစ်ပဲခြားပြီး မွေးခဲ့တဲ့ အမြွှာညီအစ်မ ရဲရဲမုန်း၊ မမလေးက မမကြီး ရဲရဲမုန်းရဲ့ ကော်ဖီရောင် အင်္ကျီလေးတွေ ခိုးခိုးဝတ်သွားပြီး အစ်ကိုလေးကို မမကြီး ရဲရဲမုန်း ဟန်ဆောင်ပြီး ချိန်းတွေ့ခဲ့တာ"

"ဘာ ... ဘာပြောတယ် အေးအေး"

"ဒါ ... ဒါ အစ်ကိုလေးတို့ မင်္ဂလာဆည်ခံပွဲမှာ သတို့သမီး



www.burmeseclassic.com

www.burmeseclassic.com



အရန်လေးလုပ်ဖို့ ဝတ်စုံလေးလာငှားတဲ့ မမကြီးရဲရဲမုန်း အစစ်ပါ အစ်ကိုလေးရဲ့၊ အစ်ကိုလေး လူမှားနေပြီ၊ အစ်ကိုလေး လူမှားနေပြီ"

"ဟာ ... ဟာကွာ"

အေးအေးဆီက တားမြစ်မှုလေး တစ်ခုနဲ့အတူ သတိပေးအော်ပြောလိုက်တဲ့ စကားသံလေးအဆုံးမှာ သူ့ရဲ့ အသက်ရှူသံလေးတွေ ရုတ်တရက် ရပ်တန့်သွားခဲ့ရသလို မျက်ဝန်းလေးတွေပါ ပြူးကျယ်ဝိုင်းစက်ကာ ရဲရဲမုန်းဆိုတဲ့ သူမလေးကိုပဲ တအံ့တသြငေးစိုက်ကြည့်လိုက်မိတော့သည်။

"ဒါ ... ဒါဆို မင်းဟာ ကိုယ့်ရဲ့ ကော်ဖီရောင်မလေး ရဲရဲမုန်း အစစ်ပေါ့၊ ညချမ်းလေးတစ်ခုမှာ ကိုယ်စတွေ့ခဲ့ရတဲ့ ကိုယ့်ရဲ့ ကော်ဖီရောင်မလေးပေါ့"

"အဟင့် ... ဟင့်"

"သိပါပြီ၊ ဒီလောက်ဆို ကိုယ်နားလည်လို့ ရသွားပါပြီ၊ ကိုယ် ... ကိုယ် မင်းကို တောင်းပန်ပါတယ်၊ ကိုယ် သိပ်ကိုမှားသွားခဲ့ပြီကွာ၊ ကော်ဖီရောင်မလေး ရဲရဲမုန်းအစစ်ဟာ အပြင်မှာ တကယ်ရှိနေခဲ့သလိုပဲ၊ ရည်းစားများတဲ့ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာလည်း အပြင်မှာ တကယ်ရှိနေခဲ့တာ ကြာခဲ့ပြီပေါ့၊ အဟွန်း ... ကိုယ် အရမ်းကံဆိုးခဲ့ပြီ ကော်ဖီရောင်မလေးရယ်၊ ကိုယ် ...





ကိုယ် ..."

နာကျည်းခံပြင်းမှုလေးတွေနဲ့ သူ သတိရလိုက်မိတာ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်။

ရက်စက်လိုက်တာကွာ။

မင်း ... မင်း ဟန်ဆောင်ကောင်းလိုက်တာ ရဲရဲချစ်ရယ်။

ငါ့မှာတော့ ငါ့ရဲ့ ကော်ဖီရောင်မလေးပဲထင်ပြီး ချစ်လိုက်ရတာ။ အူတွေ၊ အသည်းတွေ ကြွေလုမတတ်ပါပဲ။ ခုတော့ ... ခုတော့ ငါသိပ်ချစ်ခဲ့တဲ့ ကော်ဖီရောင်မလေးရဲ့ အင်္ကျီလေးတွေ ခိုးခိုးဝတ်ပြီး ငါ့ဆီကို မင်းလာခဲ့တာတဲ့။

"အစ်ကိုလေး"

"ဟင် ... ဘာလဲ အေးအေး"

"အစ်ကိုလေးတို့ကားကို အေးအေးတို့ ဆက်စီးလို့မဖြစ်ဘူး"

"ဘာ ... ဘာဖြစ်လို့လဲ အေးအေးရယ်"

"မမလေး ရဲရဲချစ်က မှာထားတယ်၊ အစ်ကိုလေးနဲ့ မပတ်သက်ရဘူးတဲ့၊ လမ်းမှာတွေ့ရင်တောင် ရှောင်ထွက်သွားရမယ်တဲ့၊ တော်ကြာ မမလေး သိသွားရင် မမကြီးကို ရန်ရှာနေလိမ့်မယ်၊ မမကြီးက အိမ်မှာဆို မမလေးကြောင့် အမြဲငိုနေရတာပါ အစ်ကိုလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ..."

"ရှေ့နားကျရင် ကားပြန်ရပ်ပေးပါနော် အစ်ကိုလေး၊ တက္ကစီလေးငှားပြီး အေးအေးတို့ ပြန်မှဖြစ်မယ်"

အေးအေး ကြောက်နေပြီ။

မမကြီးကတော့ ဖြူနုဝင်းအိနေတဲ့ လက်ချောင်းရှည်ရှည် သွယ်သွယ်လေးတွေနဲ့ မျက်နှာလေးကိုအပ်ရင်း တသိမ့်သိမ့်နဲ့ ရှိုက်ငိုနေဆဲရယ်ပါ။

"မုန်းရယ်၊ ကိုယ်လေ ရဲရဲချစ်ကို မုန်းလို့ ထင်နေခဲ့မိတာ၊ ကိုယ်တကယ်ချစ်ခဲ့တာ မုန်းကိုချစ်ခဲ့တာပါ၊ အဲဒါကိုတော့ မုန်း ယုံပေးပါနော်၊ ကိုယ့်မျက်ဝန်းလေးထဲမှာ အမြဲပြန်မြင်နေမိတာ ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ တည်တင်းနေတဲ့ မင်းရဲ့မျက်နှာ လေးပါ မုန်းရယ်"

သူ မုန်းကိုပြောရင်းနဲ့ ကားမောင်းနေတဲ့ မောင်ဇော်ကို လှမ်းကြည့်လိုက်ပြီး ...

"မောင်ဇော်၊ ကိုယ့်ရဲ့ အိမ်ကလေးရှိတဲ့နေရာကို အမြန် မောင်းတော့ကွာ၊ ကိုယ့်ရဲ့ ခံစားမှုလေးတွေကို နောက်ဆုံးအနေနဲ့ မုန်းကို ပြလိုက်ချင်လို့၊ မင်း ... မင်းသိတယ်နော် မောင်ဇော်"

"သိ ... သိပါတယ်ဆရာ"

ကားလေးထဲမှာ ရှိုက်ငိုရင်းနဲ့ပဲ ပါလာခဲ့ရတဲ့ ရဲရဲမုန်း။





"အို ..."

ကိုခေါ်ပြတဲ့ တိုက်အိမ်ကလေးရဲ့ ပြင်ဆင်ဖွဲ့စည်းမှုလေး တွေကို ကြည့်ပြီး သူမရဲ့ ရင်ထဲမှာ တလှပ်လှပ်တုန်ရီကာ ...

"ဒါ ... ဒါ ..."

"ကိုယ် မင်းကို ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ ဒီ ကော်ဖီရောင်လေးတွေ အသိဆုံးပါမုန်းရယ်၊ ဒါ ကိုယ့်ရဲ့ စိတ် ကူးယဉ် ရူးသွပ်မှုလေးတွေပါနော် မုန်း"

တူလိုက်တာ။

မုန်းရဲ့ စိတ်ကူးလေးတွေနဲ့ပါ တစ်ထပ်တည်း တူနေလိုက် တာ ကိုရယ်။ ကြည့်ပါဦး၊ ကော်ဖီရောင် အိပ်ခန်းကလေးကို အလှပဆုံးလေး ပြင်ဆင်ထားလိုက်တာ။

"ဒါပေမဲ့ကွာ နောက်ဆုံးမှာတော့ ကိုယ့်ရဲ့ ရူးသွပ်မှုတွေ အားလုံး တစ်စစီ ပြိုကွဲသွားခဲ့ရပြီနော်၊ တကယ်ဆိုရင် ဒီ ... ဒီ ... သတို့သမီးဝတ်စုံလေးနဲ့ ဟောဒီ အိပ်ခန်းကလေးထဲကို ရင်ခုန် ခြင်းများစွာနဲ့ မင်း ရောက်လာခဲ့ရမှာ၊ နွေးထွေးမှုတွေ၊ ပျော်ရွှင်မှု တွေ၊ အကြင်နာတွေ၊ အချစ်တွေ တပွေ့တပိုက်ကြီးနဲ့ ကိုယ့်ရင် ခွင်ထဲကို မင်းရောက်လာခဲ့ရမှာ ကော်ဖီရောင်မလေးရယ်၊ ခုတော့ ခုတော့ကွာ ကြည့်စမ်းပါဦး၊ မင်း ဝတ်ဆင်ခွင့်ရလိုက်တာဟာ သတို့သမီး အငှားဝတ်စုံလေးတဲ့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ မခံစားနိုင်တော့ပါ။

သူ ဘယ်လိုမှလည်း စိတ်တွေကို မထိန်းချုပ်ထားနိုင်တော့ပါ။ သူ့ရှေ့မှာရှိနေတဲ့ ကော်ဖီရောင် အရန်သတို့သမီး ဝတ်စုံလေးနဲ့ သိပ်ကိုလှနေတဲ့ သူမလေးရဲ့ ဖူးစင်တင်းကျစ်နေတဲ့ ကိုယ်လုံးလှလှလေးကို တအားသိမ်းကျုံးပွေ့ဖက်ပြီး သူဘယ်လောက်ချစ်ခဲ့ရတယ်ဆိုတာ ဟောဒီ ကော်ဖီရောင် အိပ်ခန်းကလေးထဲမှာ ပြောပြလိုက်ချင်ပေမယ့် အခြေအနေတွေအားလုံးက သူ့ဖက်မှာ ရှိမနေခဲ့တော့ဘူးလေ။

မချင့်မရဲဖြစ်ရတဲ့ စိတ်ကလေးတွေနဲ့ ထိမ်းချုပ်ရခက်ခဲစွာ သူ့အသက်ရှူသံတွေ ခက်ခဲကြမ်းတမ်းလို့။ သူ့နှလုံးခုန်သံတွေက မောဟိုက်တုန်ရီလို့။

"ကိုယ် ... ကိုယ် မင်းကို သိပ်ချစ်ခဲ့ရပါတယ် ကော်ဖီရောင်မလေးရယ်"

"အို ... အမေ့ ..."

သူမလေးနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားအောင် သူတမင်ရွှေ့ရပ်လိုက်ပြီး ...

"အို ..."

ပြီးတော့ ခြေတစ်လှမ်း ရှေ့ကိုတိုးကာ မျက်လုံးတွေကို စုံမှတ်ပစ်လိုက်ပြီး သူမလေးကို ပွေ့ဖက်ဖို့ ကြိုးစားလိုက်စဉ်မှာ





တော့ ...

"ရှင် ... ရှင် ..."

"ဟင် ..."

"ရှင် ကျွန်မအသားကို မထိပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

ရှေ့တိုးလာတဲ့ သူ့ကိုဆန့်ကျင်စွာ တွန်းဖယ်လိုက်ဖို့ သတိဝင်လာတာ ရဲရဲမုန်းရယ်ပါ။ သူဟာ မနက်ဖြန်ဆိုရင်ပဲ သူ့ထက် ဆယ့်ငါးမိနစ်ငယ်တဲ့ သူမနဲ့ ရုပ်ချင်းခွဲမရအောင် တထေရာတည်းတူတဲ့ ညီမလေး ရဲရဲချစ်နဲ့ လက်ထပ်ရတော့မှာလေ။ သူမနဲ့ ဘယ်လိုမှ သက်ဆိုင်ခွင့်ရှိတဲ့ လူတစ်ယောက်လည်း မဟုတ်တော့ပါဘူး။ သူမဟာသူမ ကွယ်ရာမှာ သူ့ကို ဘယ်လောက်ပဲ ချစ်ခဲ့ရပါစေ၊ ဘယ်လောက်ပဲ တိတ်တိတ်လေး ကြိတ်ပြီးစွဲလမ်းခဲ့ရပါစေ အခုအချိန်မှာတော့ တည်တင်းတဲ့ မျက်ဝန်းလေးတွေနဲ့ သူ့ကို ရင်ဆိုင်ရတော့မှာပါ။

"ကိုယ် ... ကိုယ် မင်းကို သိပ်ချစ်လို့ပါမုန်းရယ်၊ ကိုယ်သိပ်ချစ်ခဲ့တာ မင်းကို သိစေချင်တယ်ကွာ၊ ကိုယ်သိပ်ချစ်ခဲ့တာ မင်းကို နားလည်စေချင်တယ်ကွာ"

"ရှင် ကျွန်မကို မေ့လိုက်ပါ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရင်ခွင်ထဲကို ဝင်ခဲ့ဖူးတာ ရဲရဲချစ်"

"အို ... အဲဒါ ကိုယ်လက်မခံဘူး၊ အစကတော့ အကောင်းစား ရေမွှေးနံ့လေးတွေ အမြဲရနေတတ်တဲ့ ရဲရဲချစ်ကိုပဲ ကိုယ့်ချစ်သူလို့ ထင်ခဲ့တာ၊ အခုတော့ ကိုယ်သိသွားပြီ၊ ရှင်မတောင်သနပ်ခါးနံ့လေး အမြဲမွှေးနေတဲ့ ကောင်မလေးတစ်ယောက် ကိုယ့်ရင်ခွင်ထဲကို ဘယ်သူမှမသိအောင် တိတ်တိတ်လေး ရောက်ခဲ့ဖူးတယ်ဆိုတာ"

"ရှင် ..."

"မညာပါနဲ့ မုန်းရယ်၊ ကိုယ့်ကို ဟန်ဆောင်ပြီး စိမ်းကားတဲ့ မျက်ဝန်းလေးတွေနဲ့ မကြည့်လိုက်ပါနဲ့နော်"

"အို ..."

သူ့ရဲ့ ညှို့မျက်ဝန်းကြီးတွေအောက်မှာ သူမလေးရဲ့ အရှက်သည်းနေတဲ့ မျက်နှာလေး ပန်းသွေးရောင်ကလေးတွေနဲ့ ရဲခဲ့ရပါပြီ။

သူကလည်း သူမလေးကို တမ်းတမွတ်သိပ်စွာ ငေးစိုက်ကြည့်လို့။

ကိုရယ် ...

အဲဒါတွေအားလုံးဟာ အတိတ်မှာ ကျန်ခဲ့ပါပြီ။ ကို့ရင်ခွင်ထဲကို တိတ်တိတ်ကလေး ရောက်ခဲ့ဖူးတဲ့ ရှင်မတောင်သနပ်ခါးနံ့လေးဟာ ကျွန်မဆီက လာခဲ့တာပါလို့ ရှင့်ကို ဝန်မခံပါရစေနဲ့





တော့။ ကျွန်မ ငြင်းပါရစေ။ ခေါင်းကလေးကို သွက်နေအောင် ခါပြီးတော့ကို ကျွန်မ ငြင်းပါရစေ။

"အဲဒါ ကျွန်မ မဟုတ်ဘူး"

"ဘာ ..."

"ရဲရဲချစ်ဟာ အိမ်မှာနေရင် ရှင်မတောင်သနပ်ခါးလေးကိုပဲ အမြဲလိမ်းတယ်"

အေးအေး နားမလည်နိုင်စွာပဲ မမကြီးကို ဆတ်ခနဲ မော့ကြည့်လိုက်မိရပြီ။ မမကြီး ဘာဖြစ်လို့ ညာလိုက်ရတာလဲ။ အိမ်မှာ မမကြီးတစ်ယောက်ပဲ ရှင်မတောင်သနပ်ခါးလေးကို အမြဲလိမ်းတာလေ။ အေးအေးကိုယ်တိုင် မမကြီး ရေချိုးပြီးတိုင်းလိမ်းဖို့ အမြဲသွေးပေးခဲ့တာလေ။

"အဟွန်း ... မင်းဘယ်လိုပဲညာညာ ကိုယ်လက်မခံပါဘူး၊ ကိုယ်သိပါတယ်၊ မင်းနဲ့ ကိုယ်နဲ့ နှစ်ယောက်ကြားက အမုန်တရားကို ကိုယ်တို့နှစ်ယောက်ရဲ့ ကိုယ့်စောင့်နတ်တွေ သိကြမှာပဲ၊ ကိုယ်ကျေနပ်ပါတယ်၊ မင်းလေး ဘာပဲပြောပြော ဒီညဟာ ကိုယ်တို့နှစ်ယောက်ရဲ့ နောက်ဆုံးတွေ့ဆုံခွင့်ရတဲ့ ညလေးတစ်ညဆိုတာ မင်းဘယ်တော့မှ မေ့မပစ်လိုက်ပါနဲ့နော် မုန်း၊ ပြီးတော့ မင်းကို ကတိတစ်ခု ကိုယ်ပေးပါတယ်၊ မင်းရဲ့ကိုယ်ပေါ်က ရှင်မတောင်သနပ်ခါးနံ့လေးတွေနဲ့ ပျံ့မွှေးကျန်နေခဲ့ရမယ့် ဟောဒီ ကော်



www.burmeseclassic.com

www.burmeseclassic.com



ရောင် အိပ်ခန်းကလေးကို ကိုယ်ထာဝရ သော့ခတ်ထားလိုက်ပါတော့မယ်၊ မင်းအတွက်ပါ၊ မင်းကို မြတ်နိုးခဲ့ရတဲ့ ချစ်ခြင်းတွေအတွက် ထာဝရသက်သေ အရာတည်စေဖို့ ...”

“ရှင် ... ရှင်ဆက်မပြောပါနဲ့တော့“”

“ကိုယ် ...”

“ကျွန်မ ... ကျွန်မ ...”

“အဟင့် ... ဟင့်”

“ဟာ ... မုန်း မငိုနဲ့လေ”

“ကျွန်မ သွားပါရစေတော့”

“မုန်း”

“မုန်း”

အင့်ခနဲရှိုက်ရင်း သူမ ပြေးထွက်ခဲ့ပါပြီ။

●



## အခန်း (တစ်ဆယ့်ကိုး)

မခံချင်စိတ်ကလေးနဲ့ နာကျည်းနေရတာ ရဲရဲချစ်။

မနက်ဖြန်ဆိုရင် ခမ်းနားကြီးကျယ်စွာ လက်ထပ်ရတော့မယ့်ဟာကို ကို့မာမီနဲ့ ကို့အသိုင်းအဝိုင်းတွေက မသိချင်ဟန်ဆောင်ပြီး သူမလေးကို ပစ်ပယ်ထားလိုက်ကြတာ။

မကျေနပ်ပါ။ ရဲရဲချစ် လုံးဝမကျေနပ်ပါ။

ကိုနေတဲ့ ခြံကြီးကို ရဲရဲချစ် လိုက်သွားခဲ့ရပြီ။

“ကိုရှိလားဟင်၊ ကျွန်မ ကိုနဲ့တွေ့ချင်လို့ပါ”

“မင်း ... မင်း ဘယ်သူလဲဟင်”

“ကျွန်မနာမည် ရဲရဲချစ်”

“အောင်မလေး ... ရဲရဲချစ်တဲ့”

ခြံတံခါးဝလေးမှာ ပန်းပင်တွေကို ရေလောင်းနေတဲ့လူကြီး



www.burmeseclassic.com

www.burmeseclassic.com



သူမလေးနာမည်ကို ကြားလိုက်တာနဲ့ လက်ထဲကရေပိုက်တောင် လွတ်ကျသွားရပြီ။

"အဲဒါ ... အဲဒါ ဘာဖြစ်တာလဲဟင် ဦးလေး၊ ကျွန်မမသိလို့ မေးတာပါနော်၊ စိတ်မရှိပါနဲ့"

"မင်း ... မင်းကြောင့် တို့တစ်ခြံလုံး စိတ်ထိခိုက်နေရတာ၊ မင်းသိရဲ့လား၊ မောင်ကြယ်စင်သာလည်း အခုပဲပြန်ရောက်လာတယ်၊ သူ့မာမီနဲ့လည်း စကားတွေများနေကြတယ်၊ မင်းဟာ သူသိပ်ချစ်ခဲ့တဲ့ ကောင်မလေး မဟုတ်ဘူးတဲ့၊ ဟန်ဆောင်ပြီး မောင်ကြယ်စင်သာရဲ့ အချစ်တွေကို ရယူခဲ့တာဆို"

"ဘာ ... ဘာပြောတယ် ဦးလေး"

"သူချစ်နေတာ ရဲရဲမှုန်းတဲ့၊ ဟို ... ဟိုမှာ မောင်ဇော် ထိုင်နေတယ်၊ မင်းသိချင်ရင် သူ့ကိုသွားမေး၊ သူရှင်းပြလိမ့်မယ်"

ဟွန်း ... ဒါဆို ရှင်တို့ အားလုံးသိသွားကြပြီပေါ့။

ဒီကလည်း ဂရုမစိုက်တော့ပါဘူး။ ရှင်ဘယ်လောက်ပဲ ရဲရဲမှုန်းကိုချစ်ချစ် ရှင်တရားဝင် လက်ထပ်လိုက်တာ ရဲရဲချစ်ပဲ။

"ကိုမောင်ဇော်"

"ဟင် ... မင်း"

"အခုလာတာ ရှင်တို့အားလုံး တမ်းတနေတဲ့ ရဲရဲမှုန်း မဟုတ်ဘူးနော်၊ ရဲရဲချစ် သိလား၊ ရဲရဲချစ်"





"သိပါတယ်ဗျာ၊ ဒီလို ခပ်ဟော့ဟော့ ဒီဇိုင်းလေး အမြဲဝတ်တတ်တဲ့မင်းကို အဝေးကမြင်တာနဲ့တင် ရဲရဲချစ်ဆိုတာ သိပါတယ်၊ ကိုယ့်ဆရာက ကမ္ဘာပေါ်မှာ မင်းတစ်ယောက်တည်း ရှိနေတယ်ထင်လို့ အဟွန်း ..."

"သူ ဘယ်မှာလဲ"

"သူ စိတ်ဓာတ်ကျပြီး တံခါးပိတ်အိပ်နေပြီ"

"ဪ ..."

"အထဲမှာ အန်တီရှိပါတယ်၊ မင်းသွားတွေ့လိုက်ပါ၊ သူ့သားကိုယ်တိုင် သိပ်ချစ်လို့ လက်မှတ်ထိုး လက်ထပ်လိုက်တဲ့ ရဲရဲမှုန်း ဟာ ... ဆောရီး ရဲရဲချစ်ဆိုတဲ့ ကောင်မလေးကို တွေ့ဖူးချင်လို့ စောင့်နေတာပါ"

"အဟွန်း ..."

သူမ နှုတ်ခမ်းကလေးကို စူတင်းပစ်လိုက်ပြီး ထည်ဝါခမ်းနားလွန်းတဲ့ တိုက်မြင့်ကြီးရဲ့ တံခါးဝကို ဆက်လျှောက်လာခဲ့ပြီ။

"ကိုရှိလားဟင်၊ ကျွန်မ ရဲရဲချစ်ပါ၊ အဟွန်း ... ဟွန်း ... ကျွန်မ ကိုနဲ့တွေ့ချင်လို့"

"ဘာ ..."

တစ်ကိုယ်လုံးမှာ စိန်တွေညွတ်နေအောင် ဝတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးတစ်ယောက်။ ရဲရဲချစ်ဆိုတဲ့ နာမည်လေးကို ကြားလိုက်တာနဲ့ မျက်လုံးတွေ ပြူးသွားလိုက်တာ။

"မင်း ...မင်းက ရဲရဲချစ် ဟုတ်လား"

"ဟုတ် အန်တီ"

"သြော် ..."

သူမကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အန်တီ့မျက်ဝန်းတွေ အရောင်မှေးဖျော့သွားသည်။ သိပါတယ်။ သူမ ဝတ်ပုံစားပုံလေးကြောင့် သူမကို အမှတ်တွေ လျော့ပစ်လိုက်ပြီဆိုတာ။ လုပ်မနေနဲ့။ ရဲရဲချစ်ဟာ ဦးကြယ်စင်သာရဲ့ တရားဝင်လက်ထပ်ထားတဲ့ မိန်းကလေး။

"မင်း တော်တော်သွက်တာပဲ"

"ရှင် ..."

"မင်းမှာ ရည်းစားတွေလည်း အများကြီးဆို"

"အဟွန်း ...အခုမရှိတော့ပါဘူး"

"သြော် ...သြော် ...ဒါဆို အရင်တုန်းက ရှိခဲ့တာကို မင်းက ဝန်ခံလိုက်တာပေါ့"

"အဲဒါ BOY FRIENDS ပါ အန်တီ၊ ခုခေတ်မှာ အဲဒါ မဆန်းပါဘူး၊ LOVER THOUNDS ONE MARRIDတဲ့၊ စကားပုံတောင် ရှိသေးတာပဲဥစ္စာ ဟင်း ...ဟင်း ..."





ရဲရဲချစ်ကလည်း တစ်လုံးမှ အပြောမခံနိုင်ပါ။

ကိုနဲ့ တွေ့ကာစတုန်းကတော့ ကို့ကို သူမ တကယ်ချစ်သွားမိခဲ့တာပါ။ ခန့်ညားချောမောတဲ့ ကို့ရဲ့ တည်ကြည်ရိုးသားမှုတွေက သူမလေးရဲ့ နှလုံးသားထဲမှာ စွဲနှစ်မြဲတ်နိုးသွားခဲ့ရတာလေ။ တစ်ရက်ကလေး ဟန်ဆောင်ဗရုတ်ကျဖို့ ရည်ရွယ်ခဲ့မိပေမယ့် မထင်မှတ်စွာဘဲ ကို့ကို တကယ်ချစ်သွားမိခဲ့တော့ သူမလေးမှာ နောက်ပြန်ဆုတ်လိုက်ဖို့ ခက်သွားခဲ့ရသည်။ ခုတော့ ဟန်ဆောင်လိမ်ညာတတ်တဲ့ ပေါ့ပျက်ပျက် မိန်းကလေးတစ်ယောက်အဖြစ်နဲ့ သူမလေး နာမည်ပျက်ခဲ့ရပြီ။

သူမ ဒါကို ဘယ်လိုမှ မခံစားနိုင်တော့ပါ။

ကိုကလည်း သူမကို နာကျည်းသွားခဲ့ပြီတဲ့။

"မင်းအခု ဒီကို ဘာလာလုပ်တာလဲဟင် ရဲရဲချစ်"

"ဒီကို ဟုတ်လား"

"ဟုတ်တယ်လေ၊ မနက်ဖြန်မှာ ကျင်းပမယ့် မင်္ဂလာဧည့်ခံပွဲကြီးကို ငါတို့ရောက်လာရင် ပြီးတာပဲမဟုတ်ဘူးလား၊ ဘာလဲ ရဲရဲချစ်၊ မင်းက စိုးရိမ်နေလို့လား၊ ငါတို့က လူကြီးလူကောင်းတွေပါ၊ လောကကြီးမှာ လူကြီးတွေ သဘောမတူပေမယ့် လက်ထပ်ပေးလိုက်ရတဲ့သူတွေ အများကြီး"

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်အတွက် တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ စိန်တစ်ဆင်စာ လက်ဖွဲ့ပေးဖို့ ငါတို့ဖက်က စီစဉ်ထားပါတယ်၊ အဲ ... မင်းသိချင်တာ ဒါပဲမို့လား၊ အဲဒါကိုသိရရင် မင်းပြန်လို့ရပြီ"

"အဟွန်း ... အဲဒါ ကျွန်မ စိတ်မဝင်စားဘူး"

"ဘာပြောတယ်"

"ကျွန်မ ကိုနဲ့တွေ့ချင်တယ်"

"ဟင်း ... မင်းကို ငါ့သားလေးက စိတ်နာနေပြီဆိုတာရော မင်းသိရဲ့လား ရဲရဲချစ်ရဲ့၊ သူ အညာခံလိုက်ရလို့တဲ့၊ သူ့အချစ်တွေကို မင်းက ဟန်ဆောင်လှည့်ဖျား ယူသွားလို့တဲ့"

"ဩော် ..."

ရဲရဲချစ် မတုန်လှုပ်တော့ပါ။

ဒါဟာ တစ်နေ့မဟုတ်တစ်နေ့မှာ သူမ ပြတ်ပြတ်သားသား ရင်ဆိုင်ရမယ့် အခြေအနေတစ်ခုပဲ။ အားလုံးကို သူမ နားလည်နေပါပြီ။ သူမကို ရည်းစားများတဲ့ ကောင်မလေး၊ ယောကျ်ားတကာနဲ့တွဲခဲ့တဲ့ ကောင်မလေးဆိုပြီး အားလုံးက အထင်သေးနေခဲ့ကြတာလေ။ သူ့ဆီမှာ အချစ်တွေကို ရဖို့ဆိုတာလည်း သူမအတွက် မလွယ်တော့ပါ။

သူမ ဘာဆက်လုပ်တော့မလဲ။

အသည်းထဲမှာလည်း နာနေသည်။ ရင်ထဲမှာလည်း နာ





နေသည်။ ပြန်တွေးမိလိုက်တိုင်းမှာလည်း စိတ်ထဲမှာ တနင့်နင့်နဲ့။ ဝမ်းလည်းနည်းမိသည်။

"သားလေးက မင်းမှာ အမြှာညီအစ်မရှိနေတာကို မသိဘဲ သူသိပ်ချစ် သိပ်စွဲလမ်းခဲ့ရတဲ့ မိန်းကလေးပဲထင်ပြီး လက်ထပ်ခဲ့မိတာတဲ့၊ သူဘယ်လိုမှ ပြန်နောက်ဆုတ်လို့မရအောင် ရှုံးခဲ့တာကို သိသွားလို့ အခန်းထဲမှာ စိတ်ဓာတ်ကျပြီး အိပ်သွားပြီ၊ အေး ... ဒါပေမဲ့ သားလေးက မင်းကိုပဲ လက်ထပ်မှာပါ၊ မင်းဘာမှ စိတ်ပူမနေနဲ့"

"ဩော် ... မင်းရောက်နေပြီလား ရဲရဲချစ်"

"ဟင် ..."

အပေါ်ထပ်ကနေ သူ ဆင်းလာပြီ။

စိတ်ဓာတ်ကျနေတဲ့ ဟန်ကလေးနဲ့ ခေါင်းကလေး ငိုက်စိုက်ကျလို့။ မျက်ဝန်းကလေးတွေကလည်း ရီဝေလို့။

"ကျွန်မ ရှင့်ကို တွေ့ချင်လို့လိုက်လာတာ"

သူမလေးကို ဖျတ်ခနဲ မော့ကြည့်လိုက်တဲ့ ကို့မျက်ဝန်းတွေဟာ အရင်ကနဲ့မတူတော့ဘဲ တည်ငြိမ်အေးစက်နေလိုက်တာ။

"လာ ... ရဲရဲချစ်၊ တို့နှစ်ယောက် အပြင်ကိုသွားတာ အကောင်းဆုံးပဲ"

"အဟွန်း ... ကျွန်မကို သွားခွင့်ပြုပါဦး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြွ … ကြွ"

သူ့မာမီက အလိုမကျတဲ့ ဟန်ကလေးနှင့် နှုတ်ခမ်းကလေး တွေက မသိမသာကလေး မဲ့သွားလိုက်သေး၏။

ကားပေါ်ကိုရောက်တော့ –

"ငါ့ရဲ့ ကော်ဖီရောင်မလေး ရဲရဲမှုန်းကို ငါတွေ့ခဲ့ပြီ ရဲရဲချစ်၊ ကဲ … မင်း ငါ့ကို ဘာတွေဆက်လိမ်ဦးမလဲ၊ ဘယ်လိုအမူအရာ မျိုးတွေနဲ့ မင်း ငါ့ကို ဆက်ပြီးဟန်ဆောင်ဦးမလဲ"

"ရှင် ခွင့်မလွှတ်ဘူးလား"

"လုံးဝခွင့်မလွှတ်ဘူး"

"မုန်းတယ်ပေါ့"

"အဟား … မေးနေဖို့တောင် လိုသေးလား ရဲရဲချစ်ရယ်၊ မုန်းရုံတင်မဘူး၊ ဖြစ်နိုင်ရင် မင်းတစ်ကိုယ်လုံးကို ကိုင်မြှောက်ပြီး ကမ္ဘာမြေဆုံးတဲ့အထိ ရောက်အောင် ပစ်ပေါက်လိုက်ချင်တာ"

"အို … အဲဒီလောက်တောင် …"

ပေါ့ပျက်ပျက် အမူအရာလေးနဲ့ ဘာကိုမှ ဂရုမစိုက်သလို လုပ်ပြီးပြောနေတဲ့ ရဲရဲချစ်။ သိပါပြီ။ ဒီလောက်ဆို သူမ နားလည် နေပါပြီ။ သူမဟာ ရည်းစားများတဲ့ ကောင်မလေးတစ်ယောက် ဆိုပြီး ကိုက အထင်သေးပစ်လိုက်တာ။

"ဟား … ဟား …"





"မင်း … မင်း ငါ့ရှေ့မှာ အဲလိုအသံမျိုးနဲ့ မရယ်နဲ့နော် ရဲရဲချစ်၊ အရင်တုန်းက ငါသိပ်ချစ်ခဲ့တဲ့ ကော်ဖီရောင်မလေးပဲ ထင်ပြီး မင်းကို ငါ ခွင့်လွှတ်နိုင်ပေမယ့် အခုတော့ အဲဒါတွေ ငါ့ရင်ထဲမှာ တစ်ခုမှမရှိတော့ဘူး"

"ဒီမှာ … ဒီမှာ"

"ကဲ … ပြော"

"ကျွန်မကြောင့် ရှင် အသည်းကွဲရတယ်ဆိုရင် ကျွန်မ ကျေနပ်ပြီ"

"ဘာပြောတယ်"

သူ ပေါက်ကွဲစွာ အော်ဟစ်လိုက်မိသည်။

"ကျွန်မကြောင့် ရှင့်ကို ခံစားစေချင်တာလေ"

"မင်း … မင်းကွာ"

"ရှင်ကမှ ကျွန်မကို မချစ်ခဲ့တာ"

"မင်း ဆက်မပြောနဲ့တော့ ရဲရဲချစ်၊ ဒီလောက်ဆို မင်း စိတ်ဓာတ်အမှန်ကို ငါသိပြီ၊ မင်းဟာ သိပ်ကိုအတ္တကြီးတဲ့မိန်းမ၊ မင်းဟာ သိပ်ကို ကြောက်စရာကောင်းတဲ့မိန်းမ၊ ဒါကြောင့် မောင်ဖော်ကတောင် ငါ့ကို ဒီနေ့ပဲပြောလိုက်တာ"

"ဘာပြောတာလဲဟင်"

"ဆရာ လျှော်ကြေးပေးလိုက်ရပြီတဲ့၊ အဲဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ဆရာ့ဆီက လျော်ကြေးကို တစ်နေ့နေ့မှာ ပြန်တောင်းရလိမ့်မယ်လို့ ကြံမိမ်းသွားခဲ့တာ၊ ဆရာ မမှတ်မိတော့ဘူးလားတဲ့”

“ဟား ... ဟား ... ကိုမောင်ဇော် အရမ်းတော်တယ်၊ ရှင်သူ့ကို ဘောက်ဆူးချသင့်တယ်၊ ဟုတ်တာပေါ့၊ အဲဒါ ရပ်ကွက်ထိပ်က စတိုးဆိုင်လေးရှေ့မှာ ရှင်တို့စီးလာတဲ့ကားနဲ့ ကျွန်မရဲ့စက်ဘီးလေး တိုက်မိတဲ့ညက ကျွန်မပြောခဲ့တာလေ၊ ရှင် ကျွန်မကို နည်းနည်းလေးမှ ဂရုမစိုက်ခဲ့လို့၊ ကိန်းခန်းကြီးပြီး ပဲတွေစွတ်များနေလို့၊ အမြင်ကတ်ကတ်နဲ့ ကျွန်မပြောခဲ့တာ ဟုတ်တယ်၊ ရှင့်အသည်းကိုခွဲဖို့ ကျွန်မ ဟန်ဆောင်ခဲ့တာ”

“ဟား ... ဟား ... အခုတော့ ကျွန်မကြောင့် ရှင်ခံစားသွားရပြီမို့လား၊ နောက်ပြန်ဆုတ်လို့လည်း မရတော့ဘူးလေ၊ ကဲ ... အခုတော့ ရှင်ဘာတတ်နိုင်သေးလဲ၊ ဟုတ်တယ်၊ ကျွန်မဟာ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားတတ်တဲ့ ရဲရဲချစ်၊ ထားခဲ့တဲ့ ရည်းစားတွေကိုလည်း တစ်ယောက်ပြီးတစ်ယောက် အသည်းခွဲခဲ့တဲ့ ရဲရဲချစ်၊ အခု ရှင့်အလှည့်၊ ကျွန်မကြောင့် ရှင့်အသည်းတွေ ကွဲရမယ်၊ ကွဲအက်နေတဲ့ နှလုံးသားတွေနဲ့ ရှင်သိပ်မုန်းတဲ့ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးကိုပဲ ရှင်လက်ထပ်စေရမယ်၊ ဟား ... ဟား ... ဖိတ်စာတွေလည်း ဝေပြီးပြီ၊ မနက်ဖြန်မနက်ဆိုရင်ဘဲ ခမ်းနားကြီးကျယ်တဲ့ မင်္ဂလာဆောင်ပွဲတစ်ခုမှာ





အသည်းကွဲနေတဲ့ သတို့သားတစ်ယောက်ရဲ့ လက်ကိုဆွဲပြီး ရဲရဲချစ်အောင်ပွဲခံမယ်”

“မင်း ... မင်း ရက်စက်လှချည်လား ရဲရဲချစ်ရယ်”

“ဟား ... ဟား ...”

ပြောပြီး ကိုယ်ကလေးတွေ တသိမ့်သိမ့် လှုပ်ခါသွားတဲ့အထိ ရဲရဲချစ် ရယ်ချလိုက်ပါပြီ။

မနက်ဖြန် မင်္ဂလာဆောင်ခံပွဲကြီး ကျင်းပရတော့မယ့်နေ့။

အိမ်ကို ပြန်ရောက်လာတဲ့ အချိန်မှာတော့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာရပ်ပြီး ရဲရဲချစ်တစ်ယောက် ဟားတိုက်ရယ်မောလို့မဆုံးအောင် ကျေနပ်ပျော်ရွှင်နေခဲ့ရပါပြီ။

“မမကြီး ... မမကြီး”

“ဟင် ... ဘာလဲ အေးအေး”

“မမလေး ဘာဖြစ်လာတာလဲ မသိဘူး”

“ဟဲ့ ... ရဲရဲချစ် ဘာဖြစ်လာလို့လဲ”

“ဟို ... ဟို သူ့အခန်းထဲက ကိုယ်လုံးပေါ်မှန်ကြီး ရှေ့မှာရပ်ပြီး တဟားဟားနဲ့ အော်ရယ်နေတာ”

“ဘာ ...”

“အစ်ကိုလေး အစ်ကိုလေးနဲ့ တစ်ခုခုဖြစ်လာပြီထင်တယ်မမကြီး၊ အဲဒါ မမကြီး သွားကြည့်ပါဦး၊ အိမ်ထဲဝင်လာကတည်းက



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကြီးကိုက်ပြီး ဝင်သွားတာ"

"ဟာ ... ငါမကြည့်ရဲပါဘူး"

"ချောင်း ... ချောင်းကြည့်လို့လည်း ရတယ်လေ မမကြီးရဲ့"

"ဟုတ်လား"

"လာ မမကြီး၊ အေးအေးလိုက်ပြမယ်"

အေးအေးက သွက်သလားမမေးနဲ့။ ချောင်းကြည့်လို့ရတဲ့ နေရာကိုတောင် ဒင်းကလေးက သိနေတော့တာလေ။

"ဟား ... ဟား ..."

"အသည်းနှလုံးမရှိတဲ့လူကြီး"

"ဘာလုပ်ရမှာလဲ"

"သွားစမ်းပါ"

"ရဲရဲချစ်ဆိုတဲ့ ကောင်မလေးမှာ ချစ်ရမယ့်ရည်းစားတွေ အများကြီး"

"အရေးကြီးတာ ရှင်အသည်းကွဲရင် ရဲရဲချစ်ကျေနပ်ပြီ"

"ဟား ... ဟား ..."

ညမီးရောင်လေးအောက်မှာ သိပ်လှနေတဲ့ ရဲရဲချစ်။

ကိုယ်လုံး ဖူးဖူးတင်းတင်းလေးကို နွဲ့ကာနွဲ့ကာနဲ့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ တစ်ယောက်တည်းရပ်ပြီး စကားတွေပြောလိုက်၊ ဆံပင်လေးတွေ လေထဲလွှင့်သွားအောင် တဟားဟား အော်ရယ်





လိုက်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေတော့တာလေ။

အရေးကြီးတာ ရှင်အသည်းကွဲရင် ရဲရဲချစ် ကျေနပ်ပြီတဲ့။

ရဲရဲချစ် ဘာတွေလုပ်လာခဲ့ပြီလဲ။

ရဲရဲချစ်နဲ့ ရဲရဲမှန်းကို ခွဲခြားပြီး အဖြစ်မှန်တွေ အားလုံးကို သိသွားလို့ သူနဲ့များ ပြဿနာတွေ ဖြစ်ခဲ့ပြီလား။

ရဲရဲမှန်း မနေနိုင်တော့ပါ။

"ငါ ... ငါ သူ့ဆီကို တစ်ခါတည်း ဝင်သွားလိုက်တော့မယ် အေးအေး၊ နင် အောက်ပြန်ဆင်းပြီး မေမေ့အနားမှာ သွားနေလိုက်"

"ဟုတ်"

အေးအေး ပြန်ဆင်းသွားတော့မှ ရဲရဲချစ် အခန်းတံခါးကို သူမ ခေါက်လိုက်သည်။

"ရဲရဲချစ်ရေ ..."

"ဒေါက် ... ဒေါက် ..."

"ရဲရဲချစ်"

"တံခါးဖွင့်စမ်း"

"ရဲရဲချစ်"

"ဂျောက် ..."

တံခါးပွင့်သွားသည်။

"နင် ... နင်တစ်ယောက်တည်း ဘာတွေဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟက် ... ငါပျော်နေပါလေ ဟား ... ဟား ..."

"နင် ပျော်နေတယ်၊ ဟုတ်လား"

"သူ ... သူအသည်းတွေကွဲပြီး ပြန်သွားပြီ"

"ဘာ ..."

"ငါ့နာမည် ရဲရဲချစ်လေ၊ သိတယ်မို့လား၊ ငါ့ကို အထင်သေးတဲ့ယောကျ်ား၊ ငါ့ကို ဂရုမစိုက်တဲ့ယောကျ်ား၊ အဲဒီယောကျ်ားမျိုးကိုမှ တမင်ရွေးပြီး ရဲရဲချစ်တို့က အသည်းခွဲတမ်း ကစားလိုက်ချင်တာ"

"နင် ... နင်ပြောတော့ သူ့ကို အရမ်းချစ်တယ်ဆို"

"တော်ပြီ၊ အခုမချစ်တော့ဘူး"

"ဟင် ..."

ရဲရဲမှုန်း မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်လို့ သွားခဲ့ရပြီ။

"ရဲရဲချစ်ရယ်၊ နင်ဘာတွေ လျှောက်လုပ်နေတာလဲ၊ မနက်ဖြန်ဆိုရင်ပဲ လက်ထပ်ပွဲလေး ကျင်းပရတော့မယ့်ဥစ္စာ၊ နင် သူ့ကို အသည်းမခွဲလိုက်ပါနဲ့၊ သူ့မှာ အပြစ်မရှိပါဘူး၊ တကယ်တမ်း အပြစ်ရှိတာက နင်"

"ဘာပြောတယ် ရဲရဲမှုန်း"

"နင်ဘာဖြစ်လို့ သူ့ကို ဟန်ဆောင်ပြီးချစ်ခဲ့သလဲ၊ နင့်





ကိုယ်နှင့် ကော်ဖီရောင်မလေး ရဲရဲမှုန်းပါဆိုပြီး သူ့အချစ်တွေကို လိမ်ညာလှည့်ဖျားပြီး ယူခဲ့သလဲ"

"အဲဒါ ငါလုပ်နေကြလေ"

"ဟင် ..."

"ဖြစ်နိုင်ရင် သူ့အသည်းတွေ ကွဲနေတာလေးကို တစိမ့်စိမ့် ထိုင်ကြည့်နေချင်လို့ လက်ထပ်ရက်ကလေးကိုတောင် နောက်ဆုတ်လိုက်ချင်သေးတယ်၊ ဟား ... ဟား ... သူကလည်း စိတ်အရမ်းထိခိုက်နေတဲ့ မျက်နှာလေးနဲ့ ငါ့ကိုပြောသေးတယ်၊ လက်ထပ်ရက်လေး နောက်ဆုတ်ပေးပါတဲ့"

"နင် ... နင် ..."

"ငါကလည်း ပြောလိုက်ပါတယ်၊ ဒီပွဲမှာ ငါအနိုင်ယူရမှဖြစ်မှာလို့၊ အသည်းကွဲပြီး ခံစားနေရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ကိုဆွဲပြီး မင်္ဂလာစင်မြင့်ကြီးပေါ်ကနေ ဂုဏ်ယူတဲ့အပြုံးတွေနဲ့ လူတွေအားလုံးကို နှုတ်ဆက်လိုက်ချင်တာလေ ရဲရဲမှုန်းရဲ့၊ အခု ငါနိုင်သွားပြီ၊ ဘာလဲ နင်ကရော ကော်ဖီရောင်ချစ်သူလေးကြောင့် ခံစားနေရပြီလား၊ နင်ဘယ်တော့မှ အရှုံးမထစမ်းပါနဲ့ ရဲရဲမှုန်းရယ်၊ နင် ငါ့ကို ဘယ်တော့မှ မနိုင်ပါဘူး၊ နင့်လောက်ကို ရဲရဲချစ် စာမဖွဲ့ဘူး ဟား ... ဟား ..."

ရဲရဲချစ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါလေ နင့်ကို ငယ်ငယ်လေးကတည်းက အရှုံးပေးလာခဲ့ရတဲ့ မိန်းမတစ်ယောက်ပါဟာ။ ကို့ကို ငါချစ်ခဲ့ရတဲ့ အချစ်ဆိုတာကလည်း တိတ်တိတ်ကလေး ဝေမျှခံစားလိုတဲ့ အချစ်ကလေးနဲ့ပဲ ချစ်ခဲ့ရတာပါ။

အခုနေ ကိုက ငါ့ကို တရားဝင်ချစ်တယ်လို့ ပြောလာခဲ့ရင်တောင် သူ့အချစ်တွေကို အကြေကွဲရဆုံး နှလုံးသားတွေနဲ့ ငါပယ်ချလိုက်မှာပါ။

ရဲရဲချစ် အခန်းကလေးထဲကနေ ရဲရဲမုန်း ပြန်ထွက်လာခဲ့ချိန်မှာတော့ သူမရဲ့ မျက်ဝန်းအိမ်ကလေးထဲမှာ မျက်ရည်စလေးတွေက ဝေ့ဝဲလို့။ သူမရဲ့ အခန်းထဲက ကော်ဖီရောင် အိပ်ရာခင်းလေးပေါ်မှာပဲ သူမ အင့်ခနဲ ငိုချလိုက်မိပါပြီ။

●



**အခန်း (နှစ်ဆယ်)**

"မင်းကိုမုန်းတယ် ရဲရဲချစ်"

"မင်း ငါ့အနားကို မလာပါနဲ့"

"မင်း ထွက်သွား"

"ငါ့အခန်းထဲကနေ အခုချက်ချင်း မင်းထွက်သွား"

"မင်း ... မင်းဟာ အရှမ်းရက်စက်တဲ့မိန်းမ"

သူ အခန်းထဲဝင်လာတဲ့ သတို့သမီးဝတ်စုံလေးနဲ့ ပွဲထွက်ဖို့ အဆင်သင့်ဖြစ်နေတဲ့ ရဲရဲချစ်ကို နာကျည်းစွာ အော်ဟစ်မောင်းထုတ်နေမိတာပါ။ သူ့အသည်းထဲမှာလည်း နင့်နေအောင် နာနေသည်။ ကြေကွဲရမှုတွေနဲ့လည်း သူ့ရင်ထဲမှာ ပြောင်းဆန်နေသည်။

ခုတော့ သူ အမှန်တကယ် ချစ်မြတ်နိုး စွဲလမ်းခဲ့ရတဲ့ ကော်ဖီရောင်မလေး ရဲရဲမုန်းနဲ့ အဝေးကြီးဝေးရတော့မယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ နာကျည်းရမှုတွေဟာ သူ့ရင်ထဲမှာ ဒီရေလှိုင်းတွေလို တလိပ်လိပ်တက်လို့။ သူ မဖြေနိုင်တော့ပါ။ သူ ဘယ်လိုမှလည်း ဖြေသိမ်းနိုင်စွမ်းတွေ ရှိလာမှာမဟုတ်တော့ပါ။ အဟွန်း ... ခုတော့ ကြည့်စမ်းပါဦး။ အရှက်မဲ့လိုက်တာ။ ကော်ဖီရောင် သတို့သမီး ဝတ်စုံ ဇာနုနုလေးနဲ့။ လက်ထဲမှာလည်း ကော်ဖီရောင် စက္ကူပန်း ခြင်းကလေးကို ကိုင်လို့။

"ဟား ... ဟား ... အဲဒီဝတ်စုံအရောင်လေးဟာ မင်းနဲ့တန်လို့လား ရဲရဲချစ်ရယ်၊ ဘာလဲ ရဲရဲချစ်၊ ငါက သတို့သမီးအရန်လေး လုပ်မယ့် ရဲရဲမုန်းရဲ့ ကော်ဖီရောင်ဝတ်စုံလေးကို ဝတ်မှာစိုးလို့ မင်းက တမင်အရွဲ့တိုက်ပြီး လိုက်ဝတ်တာလား၊ မတန်ပါဘူးကွာ၊ မင်းဘယ်လိုပဲ ရဲရဲမုန်းနဲ့တူအောင် လိုက်ဝတ်လိုက်ဝတ်၊ ငါသိပ်ချစ်တဲ့ ကော်ဖီရောင်လေးက မင်းနဲ့ တခြားစီပဲ၊ မုန်းတယ်၊ မင်းကို ငါ အရမ်းမုန်းတယ် ရဲရဲချစ်၊ မင်း ထွက်သွားပါကွာ၊ ဟန်ဆောင်လိမ်ညာပြီး ငါ့အချစ်တွေယူ၊ ငါ့အသည်းနှလုံးတွေကို မင်းရဲ့ မထေမဲ့မြင် ဟားတိုက်ရယ်မောမှုတွေအောက်မှာ မီးပုံရှို့ခဲ့တဲ့ မင်းကို ဘယ်လိုအကြောင်းမျိုးနဲ့မှ ငါ ခွင့်မလွှတ်နိုင်တော့ဘူး၊ သွား ...မင်းအခုချက်ချင်း ဒီအခန်းထဲကထွက်သွား ..."

"အဟင့် ...ဟင့်"

"ဟား ...ဟား မင်းအခုမှ မျက်ရည်ခံထိုးပြီး ငါ့ကို အသနား





ခံဖို့ မကြိုးစားနဲ့နော် ရဲရဲချစ်၊ လုပ်မနေနဲ့၊ မင်းကို ငါ တစ်သက်လုံး မချစ်ဘူး၊ ငါတို့နှစ်ယောက်ရဲ့ လက်ထပ်ပွဲဟာ နှလုံးသားထဲက တောင်းဆိုမှုတွေမပါတဲ့ လက်ထပ်ပွဲ၊ အသက်မဲ့နေတဲ့ အလှဆုံး ကော်ပတ်အရုပ်လေးနှစ်ခုရဲ့ လက်ထပ်ပွဲ၊ ငါ ဒါပဲပြောမယ်"

ဘယ်လိုမှ စိတ်တွေကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ပါ။ ဒီအချိန်ဟာ မင်္ဂလာဆည့်ခံပွဲကြီး ကျင်းပရမယ့် နောက်ဆုံးနာရီမိနစ်တွေကို ရင်နာခြင်းများစွာ၊ စိတ်တွေ တုန်လှုပ်ထိခိုက်ရခြင်းများစွာနဲ့ ဖြတ်လျှောက်နေရတဲ့ အချိန်ကာလတွေပါ။ မှန်ထဲမှာ မြင်နေရတဲ့ သတို့သားတစ်ယောက်ရဲ့ မျက်နှာသည် ချောက်ချားထိတ်လန့်ရမှုတွေ များစွာနှင့်။ ချွေးစက်တွေဟာ သူ့နဖူးပြင်လေးထက်မှာ သုတ်ခါချလို့မနိုင်အောင် တစိမ့်စိမ့်ထွက်လို့။ သူ့မျက်ဝန်းတွေကရော ဖြူဆုတ်ပြီး အသက်မဲ့နေလိုက်တာ။ သူ့နှုတ်ခမ်းတွေကတော့ သွေးရောင်မဲ့ပြီး ပြာနှမ်းနေခဲ့သည်။ အဲဒါဟာ သိပ်ကိုလှပတဲ့ ရဲရဲချစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ခမ်းနားကြီးကျယ်တဲ့ မင်္ဂလာပွဲကြီးကို ဆင်နွှဲရတော့မယ့် သတို့သားတစ်ယောက်ရဲ့ မျက်နှာတဲ့လား။

ဟား ...ဟား ...သိပ်ကိုနာကျည်းဖို့ ကောင်းလိုက်တာကွာ။

မင်းထွက်သွားပါ ရဲရဲချစ်ရယ်။ ကော်ဖီရောင်ဇာဝမ်းဆက်ဝတ်စုံနုနုလေးဝတ်ပြီး ငါ့ရှေ့မှာ မင်းလာရပ်နေလို့ အပိုပါပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းကမှ ငါ့ကို မဆွဲဆောင်နိုင်တာ။

"ဆရာရယ်၊ ဒီအချိန်မှာ ဆရာ့စိတ်တွေကို လျှော့ချပစ်လိုက်တာ အကောင်းဆုံးပါပဲ၊ ညှိခံပွဲစဖို့ အချိန်ကလည်း အရမ်းနီးနေပြီ၊ အခမ်းအနားမှူးလုပ်မယ့် ဦးကျော်စိုးဦးတို့၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင်မယ့် ဦးစိုင်းဘုန်းထူးတို့ အခန်းအပြင်မှာ ဆရာထွက်လာမယ့်အချိန်ကို စောင့်နေကြပြီဆရာ၊ ဆရာတို့စုံတွဲလေး အခန်းအပြင်ကိုထွက်တာနဲ့ ဓာတ်ပုံဗီဒီယိုတွေ စရိုက်ကြတော့မှာ ဆရာရဲ့"

"ဆရာတို့စုံတွဲလေး ဟုတ်လား မောင်ဇော်၊ ဟား ... ဟား ... ဘယ်စုံတွဲလေးလဲ၊ ဟန်ဆောင်လိမ်ညာမှု အသချော်နဲ့ နှလုံးသားမပါ၊ အသည်းဗလာနဲ့ လက်ထပ်ပွဲကြီးကို ဆင်နွှဲရတော့မယ့် စုံတွဲလေးကို ပြောနေတာလား၊ မလိုပါဘူးကွာ၊ ဘာမှတ်တမ်း၊ ဓာတ်ပုံတွေမှ ရိုက်နေစရာမလိုဘူး"

သူ မူယာမာယာတွေများပြီး ရှိုက်ငိုနေတဲ့ ရဲရဲချစ်ကို နာကျည်းနေတဲ့ မျက်ဝန်းကလေးတွေနဲ့ တစ်ချက်ဝင့်ကာ ကြည့်လိုက်ပြီး နှုတ်ခမ်းတွေကို ဆတ်ခနဲ တွန့်ကွေးပစ်လိုက်သည်။

မလွဲသာလို့သာ မိတ်ကပ်ဆရာတွေနဲ့ ကြည့်ကောင်းအောင် သူပြင်နေရတာပါ။ သို့သော် ပြင်ချင်စိတ်တွေက လုံးဝမရှိပေ။

ဘယ်လိုပဲပြင်ပြင် သွေးရောင်မဲ့ပြီး ဖြူဆုတ်နေတဲ့ သူ့





မျက်ဝန်းတွေကို ဘယ်လိုမိတ်ကပ်ပညာရှင်က စိုပြည်တောက်ပသွားအောင် ပြင်ဆင်ပေးနိုင်မှာမို့လို့လဲ။

"အဟွန်း ... တော်ပါပြီဗျာ၊ ဒီလောက်ဆိုရပါပြီ"

သူ ဘယ်လိုမှ စိတ်ကိုထိန်းချုပ်ပြီး ပြင်ဆင်မနေချင်တော့။

လူတွေအားလုံး တက်ရောက်လာကြတဲ့ ဂုဏ်သရေရှိ ညှိ့ပရိသတ်တွေအားလုံးကို ဟန်ဆောင်ပြီး ပြုံးပြနေရမယ့်ဒုက္ခ။ သူ သည်းမခံနိုင်တော့တာနဲ့ မှန်တင်ခုံရှေ့ကနေ ထရပ်လိုက်သည်။

"ကဲ ... သွားမယ်"

"ဟာ ... နေဦးလေ၊ သတို့သားဝတ်စုံလေးမှာ နှင်းဆီလေးတစ်ပွင့် ထိုးပေးချင်သေးလို့"

"မလိုတော့ပါဘူးဗျာ"

သူခေါင်းခါပြီး အပြတ်ငြင်းဆန်ပစ်လိုက်၏။

အဟွန်း ...

သူ နာကျင်စွာ ကြည့်လိုက်မိတာ ရဲရဲချစ်။

"ကို"

"မင်း ... မင်း ငါ့လက်ကို မတွဲနဲ့နော်"

"ရှင် ..."

"လူတွေကြားထဲမှာ မင်းကိုငါ တွဲမလျှောက်ချင်ဘူး"

သူ နာကျည်းစွာပဲ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ...သတို့သားနဲ့ သတို့သမီး ထွက်လာပြီ"

"လှလိုက်တာ"

"ကော်ဖီရောင်နုနုလေးတွေနဲ့ အရမ်းလိုက်ဖက်တာပဲ"

"ဟင်း ...ဟင်း ..."

အပြုံးလေးတွေ။ အားပေးချီးမြှင့်မှုလေးတွေ။

"ဖျောက် ..."

"ဖျပ် ...ဖျပ် ..."

ကင်မရာမီးတွေ တဖျပ်ဖျပ်နဲ့ ဝင်းလက်သွားသည်။ သူ မပျော်နိုင်တော့ပါ။ တည်တင်းနေတဲ့ မျက်နှာလေးပေါ်မှာ မှုန်မှိုင်းနေတဲ့ မျက်ဝန်းလေးထဲကအရိပ်ကို လူတွေ မသိစေချင်တော့ဘူးလေ။

ကံကြမ္မာရယ် တရားမျှတမှုမရှိတဲ့ စီရင်ချက်တစ်ခုကို အပြီးသတ်အမိန့်ချပြီး မင်း ငါ့ကို ရက်စက်လိုက်ပြီလားကွာ။

သူတွေးရင်း တိတ်တိတ်လေး ကြိတ်ရှာနေမိတာက သတို့သမီးအရန်လေးလုပ်မယ့် ချစ်ရတဲ့ ရဲရဲမှုန်းလေးကိုပါပဲ။

ဟင် ...

သတို့သား သတို့သမီးစုံတွဲလေးနောက်မှာ ဖျတ်ခနဲဝင်လာတဲ့ အပြုံရောင်အရိပ်လေးတစ်ခု။ သူမ ရဲရဲမှုန်း။ သူ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့ပါ။ နောက်ကို ချာခနဲ လှည့်ကြည့်လိုက်မိရပြီ။





"အို ..."

"မုန်းရယ်"

"မင်းဘာလို့ အပြုံရောင်ဝတ်စုံလေးကို ဝတ်လိုက်ရတာလဲကွာ"

"ကိုယ် မင်းနဲ့ နောက်ဆုံးတွေ့ခဲ့တာ ကော်ဖီရောင်ဝတ်စုံလေးနဲ့လေ"

သည်စကားတွေက သူ့နှုတ်ဖျားကထွက်ကျလာတဲ့ စကားတွေတော့ မဟုတ်ခဲ့ပါ။ သူ့ရင်ထဲမှာ ပဲ့တင်သံတစ်ခုလို ကြိမ်ဖန်များစွာ ရိုက်ခတ်လာနေခဲ့သော အသံများသာဖြစ်သည်။

သူမ မျက်လုံးအိမ်ကလေးထဲမှာ မျက်ရည်စလေးတွေက ရစ်ဝဲလို့။ မျက်ဝန်လေးရဲ့ အောက်မျက်ခမ်းလွှာလေးထဲမှာ မျက်ရည်ဥလေးတွေက ပြုတ်ကျမလာဘဲ ဝေ့ဝဲနေတော့တာလေ။ ကြေကွဲနေတဲ့ မျက်ဝန်းတွေနဲ့။ သူစိုက်ကြည့်မိလို့ မျက်လွှာလေး သိမ်းပြီး ခေါင်းကလေးကို ငုံ့ချပစ်လိုက်တာလားကွာ။

ကိုယ် မင်းကို မကြည့်ရက်တော့ပါဘူး မုန်းရယ်။

မင်းရဲ့ နှုတ်ခမ်းဖူးဖူးလေးတွေကို ခပ်တင်းတင်းလေးစေ့ပြီး သည်မင်္ဂလာဧည့်ခံပွဲကြီးရဲ့ အလယ်မှာ သတို့သမီးအရန်လေး ရဲရဲမုန်းအဖြစ်နဲ့ ကိုယ့်ကို ပြုံးစင်စွာ ချီးမြှင့်အားပေးခဲ့တာလေးကို ကိုယ် ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို နားလည်ပေးပါ ကော်ဖီရောင်မလေးရယ်။

ကိုယ် ရှောင်လွှဲမရတော့လို့ ရဲရဲချစ်ကို လက်ထပ်လိုက်ရတာပါ။

"လူကြီးတွေ အားလုံးစုံပြီဆိုရင် အခမ်းအနားလေး စလိုက်တော့မယ်နော်"

"စုံပြီ စုံပြီ"

"ဟော ..."

မင်္ဂလာစင်မြင့်ပေါ်က တီးခတ်နေတဲ့ တီးလုံးသံလေး ပြောင်းသွားပြီ။ အဆိုတော် ရီရီသန့်ရဲ့ မင်္ဂလာတေးသံလေးက သာယာငြိမ့်ညောင်းစွာ ခန်းမကျယ်ကြီးထဲမှာ ပျံ့လွင့်လို့လာခဲ့ပြီ။

"ဟွန်း ... မင်းငါ့ကို မဆွဲနဲ့နော်"

သူ ခပ်တိုးတိုး ပြောလိုက်သည်။

လုပ်မနေနဲ့။

မင်္ဂလာစင်မြင့်ပေါ်ကို ဒီအတိုင်းတက်မယ်။

"အို ... အဲဒါ ကြည့်လို့မကောင်းပါဘူး"

"ဆောရီးပဲ ရဲရဲချစ်၊ အရေးကြီးတာ မင်းကိုငါ အတင့်တယ်ဆုံးနဲ့ အခမ်းနားဆုံး လက်ထပ်လိုက်ဖို့ပဲ၊ ရှင်းတယ်နော်၊ မင်း ငါ့ကို ဘာမှထပ်မပြောနဲ့တော့၊ ဒီအခမ်းအနား မြန်မြန်ပြီးပါစေလို့ ငါဆုတောင်းနေတာ"





"အဟွန်း ..."

သူမနှုတ်ခမ်းလေး ကွေးသွားတာကိုတော့ သူ မမြင်လိုက်တော့ပါ။

အခမ်းအနားစပြီ။

ပန်းကြဲတဲ့ မော်ဒယ်လ်မိန်းမ လှလှလေးတစ်ယောက်ကလည်း ပန်းဖြူဖြူလက်လက်လေးတွေကို ကတ္တီပါကော်ဇောနီကြီးပေါ်ကို ကြွကြွရွရွလေးလှမ်းရင်း ညာဖက်လက်ကလေးနဲ့ ဟန်ပါပါလေး ပစ်ပေါက်ဖြန့်ကြဲနေပြီ။

"ဟယ် ... သတို့သမီးလေးက လှလိုက်တာ"

"တော်တော်လိုက်ဖက်တဲ့ စုံတွဲလေး"

လူအုပ်ထဲက မကြားတကြားလေး ပေါ်ထွက်လာတဲ့ တီးတိုးဝေဖန်သံလေးတွေ။

သူ မျက်နှာလေးက နည်းနည်းလေးတော့ လျှောင်ရိပ်ကလေး သမ်းသွားသည်။

အဟွန်း ...

ဟား ... ဟား ...

ဒါလားလိုက်ဖက်တာ၊ အချစ်မပါဘဲ လက်ထပ်ရတဲ့ စုံတွဲလေးပါဗျာ။

ခင်ဗျားတို့ အားမကျလိုက်ပါနဲ့။ ဒီသတို့သမီးလေးက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီက အချစ်တွေကို လိမ်ညာလှည့်ဖျားပြီး ယူသွားတဲ့ သတို့သမီးလေးပါ။ ကျွန်တော် သိပ်ချစ်ခဲ့တဲ့ ကောင်မလေးက အရန်သတို့သမီးလေး နေရာကနေ ခေါင်းကလေး ငိုက်စိုက်ချပြီး မျက်ဝန်းလေးထဲမှာ မျက်ရည်လေးတွေနဲ့ ဝေ့ဝဲနေတဲ့ ကောင်မလေးပါဗျာ။

သူ့ကို ကြည့်လိုက်တာနဲ့ သူ ဘယ်လောက်ထိ ခံစားသွားရတယ်ဆိုတာ သိသာနေပါတယ်။ သူ့ကိုပဲ ကြည့်နာအားပေးတဲ့ မျက်ဝန်းလေးတွေနဲ့ ဝိုင်းကြည့်ပြီး ဂုဏ်ယူပေးကြပါနော်။

သိပ်ကိုသနားဖို့ကောင်းတဲ့ အရှုံးသမား မိန်းကလေးတစ်ယောက်ပါဗျာ။

"စင်ပေါ်ကိုတက်ရင် ဖြည်းဖြည်းတက်နော်"

"အဟင်း ... ဟင်း ..."

သူ မပြုံးချင်ပါ။

ရှေ့ဆုံးတန်းမှာထိုင်နေတဲ့ နှစ်ဖက်သောမိဘတွေကို ပြုံးပြရမယ့်တာဝန်က သူ့ရဲ့တာဝန်လေ။

သူ ခြောက်ခြောက်သွေ့သွေ့လေး ပြုံးပြရင်း စင်ပေါ်ကို တက်ဖို့ ခြေလှမ်းပြင်လိုက်တော့ ...

"အို ... သတို့သမီးလေးကို လက်ဆွဲပြီးတက်လေ သတို့သားရဲ့"





"အဟင့် ..."

ပဲများနေတဲ့ ရဲရဲချစ်။

သူ့ကို လက်ကမ်းပေးနေသည်။ မျက်နှာလေးကလည်း ငိုမဲ့မဲ့လေးဖြစ်နေသည်။

"မင်း ... မင်းကွာ"

"တောက် ..."

သူ့စိတ်ထဲမှာ မကျေမနပ်ဖြစ်ရမှုတွေက ပွဲပြီးခါနီးလေ ပေါက်ကွဲချင်လေ ဖြစ်နေရပါပြီ။ သူ ဒေါ်ပွပွနှင့်ပဲ ရဲရဲချစ်လက်ကလေးကို ခပ်ဆောင့်ဆောင့်လေး လှမ်းဆွဲပစ်လိုက်သည်။

"အဟွန်း ..."

လူပုံအလည်မှာ ဖြစ်နေလို့ပေါ့။

ဓာတ်ပုံဆရာတွေ၊ ဗီဒီယိုကင်မရာသမားတွေ ရှေ့မှာမို့ သူမကိုထိန်းပြီး ဟန်မပျက်လေး ဆွဲတင်လိုက်ရပေမယ့် သူ့မျက်ဝန်းလေးကတော့ နောက်ကပါလာတဲ့ ချစ်ရတဲ့သူလေး ရဲရဲမှုန်းဆီကိုပဲ ဝေ့ခနဲ ရောက်သွားမိသည်။

သူမလေးကတော့ သူ့ကို အရေးစိုက်ခြင်းမရှိ။ တည်ငြိမ်စွာနဲ့ပဲ စင်ပေါ်ကို တစ်လှမ်းချင်း တက်လာတော့တာလေ။

ကော်ဖီရောင်မလေးရယ် ဒီလက်ထပ်မင်္ဂလာပွဲဟာ သိပ်ကို ကြေကွဲရင်နင့်ဖို့ကောင်းတဲ့ လက်ထပ်မင်္ဂလာပွဲလေးပါကွာ။ ငါ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ခဲ့တာ တည်တင်းနေတဲ့ မင်းရဲ့ မျက်ဝန်းလေးတွေကိုပဲ ချစ်မြတ်နိုးခဲ့တာပါ။

ခုတော့ မင်းကို လက်လွှတ်ဆုံးရှုံးစေဖို့ ပြန်နောက်ဆုတ်လို့ မရတော့တဲ့ ခြေလှမ်းတွေနဲ့ ငါ ရှေ့ဆက်လှမ်းရတော့မယ်ကွာ။

အချိန်တွေ ကုန်သွားသည်။

ကြွရောက်လာတဲ့ ဧည့်ပရိသတ်တွေကို လိုက်နှုတ်ဆက်နေတဲ့အချိန်မှာ ဟန်ဆောင်ရမှုတွေ၊ မျိုသိပ်ထိန်းချုပ်ရမှုတွေ အပြည့်နဲ့လေ။ သူစတင်ပြီး ပေါက်ကွဲရတဲ့အချိန်ကတော့ သတို့သား၊ သတို့သမီးစီးတဲ့ နောက်ဆုံးပေါ်ဆလွန်းကား အိအိစက်စက်လေးရဲ့ နောက်ခန်းထဲကိုရောက်ပြီး မှန်တံခါးတွေ အလုံပိတ်လိုက်တဲ့ အချိန်မှာပဲ သူ စိတ်တွေကို မထိန်းနိုင်စွာ ပေါက်ကွဲသွားခဲ့ရတော့တာပါ။

"ဖယ်စမ်း ရဲရဲချစ်၊ မင်း ငါ့လက်ကိုမကိုင်နဲ့"

"အို ..."

ကားလေးကို တာဝန်ယူ မောင်းပေးမယ့် တပည့်ကျော်မောင်ဇော်က အခြေအနေကိုသိပြီး ဆီဒိုးနားဟိုတယ်ရှေ့ကနေ ကားလေးကို အမြန်မောင်းထွက်လိုက်သည်။

"ဟား ... ဟား ... အခုမှပဲ ဟန်ဆောင်ရတဲ့ဝဋ်က ကျွတ်သွားရတော့တယ်ကွာ၊ ကဲ ... မရွှေရဲရဲချစ်၊ မင်းကျေနပ်ပါတယ်နော်၊





ငါ့အသည်းကို ခွဲလိုက်ရလို့ အောင်မြင်မှုတွေ တပွေ့တပိုက်နဲ့ မင်းရဲ့ ကိုယ်လုံးပေါ်မှန်ကြီး ရှိတဲ့နေရာကိုပြန်ပြီး ဟားတိုက်ရယ်မောလို့ ရပါပြီနော်၊ မင်းဘာလုပ်ချင်သလဲ ငါ့ကိုပြောပါ"

"ဟို ... ဟို ရှင်ဘာလုပ်ချင်သလဲ"

"ငါ့အသည်းကို အရက်ခွက်ကလေးထဲမှာပဲ စိမ်ထားလိုက်ချင်တယ်၊ နားလည်လား ဟား ... ဟား ..."

"ဟိုလေ ကော်ဖီရောင် အင်း ... ကော်ဖီရောင် တိုက်အိမ်ကလေးဆီကိုပဲ မောင်းလိုက်ပါနော် ကိုမောင်ဇော်"

"ဟင် ..."

ဲကော်ဖီရောင် တိုက်အိမ်ကလေးဆီကိုပဲ မောင်းလိုက်ပါတဲ့။

သူ မသွားချင်ပါ။

သို့သော် မသွားလို့ကလည်းမရ။

အခုလောလောဆယ်မှာ အဲဒီတိုက်ကလေးမှာပဲ သူတို့နှစ်ယောက် နေရတော့မှာလေ။

"ဘာလဲ ရဲရဲချစ်၊ ငါပြင်ဆင်ထားတဲ့ ငါ့ရဲ့ ကော်ဖီရောင်အိပ်ခန်းလေးကို မင်းက တစ်စစီဖြစ်အောင် ဖျက်စီးချင်နေလို့လား၊ အဟွန်း ... ဝမ်းနည်းတယ်ကွာ၊ ငါ့ရဲ့အခန်းထဲကို ဘယ်သူ့ကိုမှ ပေးမဝင်တော့ဘူးလို့ ငါဆုံးဖြတ်ပြီး သော့တွေနဲ့ ထာဝရ ပိတ်ထားလိုက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို ကျွန်မ ... ကျွန်မက ဘယ်အခန်းမှာ အိပ်ရမှာလဲရှင့်"

"နှစ်ယောက်စလုံး အိမ်ရှေ့ဧည့်ခန်းနားက ကြမ်းပြင်ပေါ်မှာပဲ အိပ်မယ်"

"ရှင် ..."

"အဲဒီနေရာဟာ မင်းနဲ့ အထိုက်တန်ဆုံးနေရာပဲ ရဲရဲချစ်"

နာကျည်းစွာ ပြောနေမိတဲ့ ကြယ်စင်သာ။

သူ့နှုတ်ခမ်းလေးပေါ်မှာ မချိပြုံးလေးတစ်ခုက နာကျင်စွာ ခိုတွဲလို့။

"အဟင့် ... ဟင့် ..."

သူမလေး မျက်ရည်ကျရပြန်ပါပြီ။

သူကတော့ လှည့်မကြည့်တော့ပါ။ သူ့မျက်ဝန်းထဲမှာ အရိပ်ထင်ပြီး ပြန်မြင်နေမိတာ ကော်ဖီရောင်ဝမ်းဆက်လေးနဲ့ သူ့နှလုံးသားထဲမှာ စွဲနစ်ခဲ့ရတဲ့ ရဲရဲမုန်းဆိုတဲ့ တည်ငြိမ်လွန်းတဲ့ ကောင်မလေး တစ်ယောက်ကိုပါပဲ။

"မင်း အခုမှငိုမနေပါနဲ့ ရဲရဲချစ်ရယ်၊ မင်းကြောင့် ငါ့နှလုံးသားတွေ တစ်စစီ ဖြစ်ခဲ့ရပြီဆိုရင် မင်း ကျေနပ်လောက်ပါပြီ၊ ဒီမှာ မင်းနားထောင်စမ်း၊ မင်းကိုငါ တစ်ခုလောက်ပြောချင်လို့၊ **တစ်သက်မှာ နှစ်ခါပြန်စိုက်ခွင့်မရှိတဲ့ သစ်ပင်ဆိုတာ ရင်ထဲမှာ**





**စိုက်ရတဲ့ သစ်ပင်လေးပါ**၊ ခု အဲဒီသစ်ပင်လေးကို ငါ့နှလုံးသားထဲက ဆွဲလှန်ပြီး အမြစ်ပါမကျန်အောင် မင်းက ဆွဲနုတ်ယူလိုက်ပြီလေကွာ၊ ငါ့ဘဝမှာ ဘယ်တော့မှ ပြန်လည်ရှင်သန်ခွင့် မရနိုင်တော့မယ့် သစ်ပင်လေးကို မင်းက ရက်ရက်စက်စက် ဖျက်ဆီးပစ်ခဲ့ပြီဆိုတော့ မင်းကျေနပ်သင့်ပါပြီ ရဲရဲချစ်ရယ်"

သူမ တသိမ့်သိမ့်လေး ရှိုက်ငိုနေရပြန်ပါပြီ။

"ကဲ ... ရောက်ပြီ ရဲရဲချစ်၊ မင်းဆင်းလိုက်တော့"

သူမကိုပင် မစောင့်တော့ဘဲ ကြယ်စင်သာတစ်ယောက်တည်း ကားပေါ်က အရင်ဆင်းလိုက်သည်။ သူ တံခါးရှိရာကို သွားပြီး သော့တွေကို ဖွင့်လိုက်၏။

"ဟာ ... ဟား ... ကော်ဖီရောင်လေးတွေနဲ့ ငါတစ်ယောက်တည်း စိတ်ကူးတွေယဉ်ပြီး ဆင်ထားခဲ့တဲ့ အလှတွေအားလုံး မင်းကြောင့် ပျက်စီးသွားခဲ့ရပြီလေ ရဲရဲချစ်ရဲ့၊ ခုတော့ အဲဒါတွေ ဘာလုပ်ရတော့မှာလဲ၊ အားလုံး ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး၊ ဟွန်း ... အဲဒါ မင်းကြောင့်၊ အဲဒါ မင်းကြောင့်"

"ရှင် ..."

ဝေ့ဝဲနေတဲ့ မျက်ရည်လေးတွေကိုသုတ်ပြီး သူ့ကိုငေးကြည့်နေတဲ့ ရဲရဲချစ်။ သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်ချိန်မှာ တည်တင်းနေတဲ့ အကြည့်လေးတွေနဲ့ ဆုံမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်တယ်၊ အားလုံးကို တစ်စစီဖြစ်အောင် ဖျက်ဆီးပစ်လိုက်တာ အကောင်းဆုံးပဲ၊ မင်းကလည်း ဖျက်ဆီးချင်နေမှာပဲလေ၊ ငါ့ရဲ့ကော်ဖီရောင်လေးဆိုရင် မင်းက အရမ်းမုန်းနေတယ်ဆိုတော့ကဲ ..."

"ဟာ ... ကိုရယ် မလုပ်ပါနဲ့"

သူ အိမ်ရှေ့ဧည့်ခန်း ဆက်တီစားပွဲလေးပေါ်မှာ ပန်းအလှလေး ထိုးစိုက်ထားတဲ့ ကော်ဖီရောင်ပန်းအိုးလေးကို လက်ကကိုင်မြှောက်ပြီး ပစ်ပေါက်ရိုက်ခွဲဖို့ ကြိုးစားလိုက်စဉ်မှာပဲ သူမလေးက ထိတ်ပြာနေတဲ့ မျက်ဝန်းလေးတွေနဲ့ သူ့ကို အလန့်တကြားလေး လှမ်းကြည့်လိုက်ရင်း သူ့ဆီကို ခြေလှမ်းသွက်သွက်ကလေးနဲ့ အပြေးလာခဲ့လေပြီ။

ပြီးတော့ ... ပြီးတော့ ပန်းအိုးလေးကို သူ့လက်ထဲက အတင်းဆွဲလုပါလေတော့ သူနဲ့ နှစ်ယောက်သား လုံးထွေးထိကပ်သွားသည်။

"မင်း ... မင်း ..."

"အဟင့် ... ဟင့် ...၊ ဒီ ... ဒီကော်ဖီရောင် ပန်းအိုးလေးကို ရိုက်မခွဲလိုက်ပါနဲ့ ကိုရယ်၊ ကျွန်မ ... ကျွန်မ တောင်းပန်ပါတယ်၊ ဒီ ... ဒီအရောင်လေးဟာ ကျွန်မသိပ်ချစ်တဲ့ အရောင်လေး ဖြစ်နေလို့ပါ"





"ဘာပြောတယ် ရဲရဲချစ်၊ ဒီ ... ဒီအရောင်လေးဟာ မင်းသိပ်ချစ်တဲ့ အရောင်လေးဖြစ်နေလို့ပါ၊ ဟုတ်လား၊ ဟား ... ဟား ... မင်းရယ်စရာဟာသတွေ လျှောက်မပြောနဲ့ကွာ ရဲရဲချစ်၊ ဟား ... ဟား ... ငါအရမ်းရယ်မိတော့မယ်ကွာ၊ ဒီမှာ ... ဒီမှာ ဒီကော်ဖီရောင်လေးကို ချစ်ပြပြီး မင်းငါ့ကို ဟန်ဆောင်လိမ်ညာချင်သေးလို့လား ရဲရဲချစ်၊ ပြောစမ်း၊ အညာအချွဲစရာတွေနဲ့ တီတီတာတာတွေပြောပြီး ငါ့ကို မျက်လှည့်ပြဖို့ အကွက်ဖန်နေတာလား"

"အဟင့် ... ဟင့် ... ကိုရယ်၊ ကျွန်မ မညာပါဘူး၊ ကိုက ကော်ဖီရောင်လေးကို သိပ်ချစ်သလို ကျွန်မကလည်း သိပ်ချစ်ပါတယ် ကို၊ ကျွန်မ ... ကျွန်မကို အိပ်ခန်းနုသာ့လေး ပေးပါကိုရယ်၊ ကျွန်မ ... ကျွန်မ အဲဒီအခန်းကလေးထဲဝင်ပြီး အရမ်းငိုချင်နေလို့ပါ"

"ဟာ...အဲဒီအခန်းက မင်းနဲ့လုံးဝပတ်သက်မှုမရှိတဲ့ အခန်းလေး ရဲရဲချစ်ရဲ့၊ မင်း အိပ်ရမယ့်နေရာက ဟောဒီမှာ၊ ဟောဒီကြမ်းပြင်ပေါ်မှာ မင်းအိပ်ရမယ် နားလည်လား ဟွန်း ..."

နာကျည်းစွာနဲ့ပဲ သူမရဲ့ဆန္ဒတွေကို ခါးခါးသည်းသည်း ငြင်းဆန်နေမိတဲ့သူ။ မျက်နှာလေးတောင် ဒေါသလေးတွေ နာကျင်လိုက်ဖြာရမှုလေးတွေနဲ့ ပြည့်လျှမ်းလာခဲ့ရတာမို့ သွေးရောင်လေးတွေနဲ့ရဲပြီး နီစွေးတောက်ပ နေရတော့တာပါ။

"ကိုရယ်၊ ရှင် ကျွန်မကို မချစ်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ကျွန်မကိုချစ်ရင် ကော်ဖီရောင်အိပ်ခန်းသော့လေး ကျွန်မကို ပေးပါ"

"ဟား ... ဟား ... မင်းတော်တော်ခက်ပါလား ရဲရဲချစ်ရာ၊ ငါနဲ့ တရားဝင် မင်္ဂလာဆည်ခံပွဲကြီးတောင် လုပ်ပြီးခဲ့ပြီဆိုတော့ ဘာလဲ၊ ဘယ်တော့မှ ပြန်ဖြည်လို့ မရနိုင်တော့မယ့် ကြိုးတွေနဲ့ မင်းငါ့ကို အထပ်ထပ် ချုပ်နှောင်ပစ်ချင်နေတာလား၊ မင်း ငါ့ကို စိန်မခေါ်နဲ့နော်၊ ငါ့ရဲ့ ဆူပွက်နေတဲ့ ဒေါသတွေအောက်မှာ မင်းဟာ တစစီ ဖဲ့ချွေခံလိုက်ရတဲ့ ပန်းပွင့်လေးတစ်ပွင့် ဖြစ်သွားလိမ့်မယ်၊ မင်းဘယ်လောက်ပဲ ရည်းစားတွေများများ၊ ယောကျ်ားတွေရဲ့ အသည်းကို မင်းဘယ်လိုပဲ ခွဲခဲ့ခွဲခဲ့ မင်းဟာ မိန်းကလေး"

"ဟင့်အင်း ... ကို၊ ကျွန်မ ကော်ဖီရောင်အိပ်ခန်းကလေးထဲကိုပဲ သွားချင်တယ်"

"ကဲကွာ ... ဒီလောက်တောင် ပြောလို့မရတာ"

"အို ..."

သွားပြီ။

ဒေါသတွေဖြစ်ဖြစ်နဲ့ ကြမ်းတမ်းစွာ သူ ပေါက်ကွဲခဲ့ရပြီ။ သူ ရုတ်တရက် ဆောင့်ဆွဲလိုက်တဲ့ လက်တွေထဲမှာ သူမရဲ့ လက်မောင်းသား အိအိတင်းတင်းလေးတွေ ပါလာခဲ့သည်။





သူ မညှာနိုင်တော့ပါ။

ကော်ဖီရောင် အိပ်ခန်းသော့ကလေးကို ပေါက်ကွဲနေတဲ့ ဒေါသအရှိန်တွေနဲ့ ဆွဲဖွင့်လိုက်ပြီး သူမလေးကိုတော့ ခါးကနေ သိမ်းကျုံးပွေ့ဖက်ယူလိုက်ကာ အိစက်နေတဲ့ ကော်ဖီရောင် မင်္ဂလာ အိပ်ရာလေးထက်ဆီသို့ သူ ကြမ်းတမ်းစွာ ခေါ်ဆောင်လာမိခဲ့ပြီ။

"မင်း ... မင်း ငါ့ကို လှော့တွက်နေတာလားဟင် ရဲရဲချစ်၊ နှလုံးသားထဲက ဆန္ဒတွေမပါတဲ့ အသည်းဗလာနဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်လိုက်ရရုံနဲ့ မင်းကိုမင်း အောင်ပွဲတွေ ခံနိုင်ပြီလို့ မင်းယုံကြည်နေခဲ့တာလား ကဲ ... ဒါဆို"

"ဟာ ... ကို"

"ကဲကွာ ... ကဲကွာ ..."

"အဟင့် ... ဟင့် ..."

ကြမ်းတမ်းစွာ ကျရောက်သွားတဲ့ သူ့ရဲ့ အသက်မပါတဲ့ အနမ်းတွေ၊ အထိန်းအချုပ်မဲ့စွာ ပွေ့ဖက်တင်းကြပ်လိုက်တဲ့ သူ့ရဲ့ ကြမ်းတမ်းစွာ ထိတွေ့သွားရမှုတွေ။

"မင်း ... မင်း ..."

ကော်ဖီရောင် မွေ့ရာလေးထက်မှာ ရုတ်တရက် သူ အသက်ရှူရပ်သွားသလို ခံစားလိုက်ရသည်။ သူ့ရင်ထဲ နှလုံးသားထဲထိ မမျှော်လင့်စွာ မထင်မှတ်စွာ တိုးဝင်လာခဲ့ရတဲ့ ရနံ့ကလေးက



www.burmeseclassic.com

www.burmeseclassic.com



ရှင့်မတောင်သနပ်ခါးနဲ့ သင်းသင်းမွှေးမွှေးလေး။ သူ့မျက်ဝန်းတွေ အံ့သြရလောက်အောင် ပြူးကျယ်ဝိုင်းစက်သွားခဲ့ရပါပြီ။

"မင်း ရဲရဲချစ် မဟုတ်ဘူး"

"ရှင် ..."

"မင်း ငါ့ကို မလိမ်နဲ့နော်၊ ရဲရဲချစ်က နိုင်ငံခြားကလာတဲ့ အကောင်းစား ရေမွှေးကိုပဲသုံးတာ၊ ဒီ ...ဒီရှင့်မတောင် သနပ်ခါးနံ့လေးက ..."

"ကိုရယ်"

"မင်း မလိမ်ပါနဲ့နော်၊ မင်း ... မင်းဟာ ကိုယ်သိပ်ချစ်ခဲ့ရတဲ့ ကော်ဖီရောင်မလေး ရဲရဲမုန်း၊ ဟုတ်တယ်၊ ဒီရှင့်မတောင် သနပ်ခါးနံ့လေးကို နှစ်ကြိမ်တိတိ ကိုယ်ရခဲ့ဖူးတယ်၊ တစ်ခါက မင်းတို့အိမ်ရဲ့ အပေါ်ထပ်က အိပ်ခန်းကလေးထဲမှာ၊ တစ်ခါက ချား ... ချားရဟတ်ကြီးပေါ်မှာ၊ ဟုတ်တယ်၊ အရမ်းသေချာတယ်၊ မုန်း ... မင်းဟာ ကိုယ့်ရဲ့ ကော်ဖီရောင်မလေး မုန်း"

"အဟင့် ... ဟင့် ..."

"ဟာ ..."

သူ တုန်လှုပ်ချောက်ချားခြင်းများစွာဖြင့် အငမ်းမရဖြစ်ကာ ရှင့်မတောင် သနပ်ခါးနံ့တွေနဲ့ ပျံ့မွှေးနေတဲ့ မုန်းရဲ့ ကိုယ်လုံးဖူးဖူးတင်းတင်းလေးကို တအားသိမ်းကျုံးလို့ ပွေ့ဖက်ထားလိုက်





မိပါပြီ။

"မုန်းနော်၊ မင်းဟာ ကိုယ့်ရဲ့ မုန်းကလေး ဟုတ်ပါတယ်နော်"

မုန်း ပြန်မဖြေတော့ပါ။

သူ့ရင်ခွင်ထဲမှာ ကိုယ်လုံးကလေး မြုပ်နေအောင် မုန်းက ဝင်ထားလိုက်ပြီး မျက်နှာလေးကိုပါ ရှက်ရှက်နဲ့ မုန်းက ဖွက်ထားလိုက်တော့တာလေ။

"မုန်းရယ်၊ ဘယ်လိုဖြစ်ပြီး သတို့သမီးနေရာလေးကို မုန်းရောက်လာတာလဲဟင်၊ ကိုယ်များ စိတ်တွေစွဲလမ်းပြီး အိပ်မက်မက်နေတာလား၊ ရဲရဲချစ်တော့ မဟုတ်တာသေချာတယ်၊ မင်းဟာ မုန်းအစစ်၊ ကိုယ်သိပ်ချစ်ရတဲ့ မုန်းအစစ်၊ ဟုတ်တယ်နော် မုန်း"

"ရဲရဲချစ်က ခွင့်ပြုလိုက်တာပါ ကိုရယ်"

"ဘာ ..."

"သူ့ကိုမချစ်တဲ့ ယောကျ်ားတစ်ယောက်ကို သူကလည်း အောက်ကျခံပြီး ဘယ်တော့မှ ပြန်မချစ်ဘူးတဲ့လေ၊ သိန်းပေါင်းများစွာ ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခွင့်လေး လွဲခဲ့ရလို့ သာမန်ဝန်ထမ်းလေးဘဝနဲ့ ဆင်းရဲချင် ဆင်းရဲရပါစေတဲ့၊ သူ့ကိုမချစ်တဲ့ ယောကျ်ားဆိုရင် ဘယ်တော့မှ လက်မထပ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မာနလေးနဲ့ သူ နောက်ဆုတ်သွားခဲ့တာပါ၊ မုန်းဆီမှာ သူ့ဖက်က လက်မှတ်ထိုးပေးထားတဲ့ ကွာရှင်းလိုမှုစာချုပ်လေး ပေးထားတယ်လေ၊ သူ့ကြောင့် ဘယ်သူမှ စိတ်အနှောင့်အယှက် မဖြစ်အောင်လို့တဲ့၊ စာချုပ်လေးမှာ လက်မှတ်ထိုးပြီး လက်ထပ်ခဲ့တာကလည်း သူ့ကို အထင်သေးနေတဲ့ အသိုင်းအဝိုင်းကို မခံချင်လို့ တမင်အရွဲ့တိုက်ပြီး တကယ်မချစ်ဘဲနဲ့ လက်ထပ်ခဲ့တာတဲ့"

"မုန်းရယ်၊ ကိုယ်ကတော့ မုန်းနဲ့ တကယ်ဝေးရပြီ ထင်နေတာ၊ အဲလိုထင်နေမိလို့လည်း လက်ထပ်ရက်လေး နောက်ဆုတ်ပေးပါလို့ အချိန်တိုင်း၊ နာရီတိုင်း၊ စက္ကန့်တိုင်းမှာ တောင်းဆိုနေမိတာလေ၊ အခုတော့ဗျာ ..."

"ဟာ ... ကို"

"ချစ်လို့ပါ မုန်းရယ်"

"ဟာ ... မလုပ်နဲ့လေ"

"ကော်ဖီရောင်မလေးရယ်၊ ဒီတစ်ခါတော့ ကိုယ့်ကိုထားခဲ့ပြီး မင်းဘယ်ကိုမှ ထွက်မပြေးပါနဲ့တော့ကွာ"

"ကိုနော်၊ မုန်း အရမ်းရှက်တယ်နော်"

"မုန်းကို သိပ်ချစ်တယ်"

"ဟာ ... ကို"



(ရင်နင့်အောင်ချစ်တတ်သော)

လွန်းတမီ



BURMESE CLASSIC .com
www.burmeseclassic.com